www.burmeseclassic.com

ဒေါက်တာမတင်ဝင်း
( ပညာရေးတက္ကသိုလ် )

# အဖေ နဲ့ အမေ



BURMESE CLASSIC

www.burmeseclassic.com

အဖေနဲ့အမေ
ပထမအကြိမ်၊ ၂၀၀၂ ခုနှစ် မေလ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ   သန်းမြင့်အောင်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၂၉/ ၂၀၀၂(၅)နှင့် စာမူ ခွင့်ပြုချက်အမှတ် ၃၃၁/ ၂၀၀၂(၄)တို့အရ ဦးတင်ရှိန် (၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/ ၁၇၇၊ မေခလမ်း၊ ဝေဘာဂီ မြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်သင်း(၀၅၈၂၉) သံလွင်ဦး ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် က ပုံနှိပ်သည်။

တန်ဖိုး ၆၅၀ ကျပ်

ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးဈေးတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ပြင်ဦးလွင်
E-mail: paramibk@myanmar.com.mm

## မာတိကာ

စာရေးသူ့အမှာ ၆
၁။ ဇာတ်တော်နိပါတ်တော်များထဲက အဖေနဲ့အမေ
(၁) နကုလပိတာနှင့် နကုလာမာတာ ၁၁
(၂) သမီးအတွက် အဖေ့လက်ဆောင် ၁၇
(၃) အမေ့သွန်သင်နည်းများ ၂၂
(၄) သားကလေး လွတ်အောင်ပြေးကွယ် ၂၆
(၅) သားသမီး ထီးလား မီးလား ၃၁

၂။ ရာဇဝင်ထဲက အဖေနဲ့အမေ
(၁) ဘမျိုးဘိုးတူ ၃၇
(၂) ချစ်သော်လည်း မကြည်နိုင် ၄၁
(၃) အမေတူသား ၄၅
(၄) မိဘဆိုတော့လည်း ၄၉
(၅) သိပ်တော်တဲ့ တောင်ဆောင်တော်မိဖုရား ၅၃
(၆) သားသမီးမကောင်းတော့လည်း မိဘခေါင်းပေါ် ၅၇
(၇) စိတ်ဒဏ်ရာ ၆၂
(၈) ကျွန်စစ်သားနဲ့ ရာဇကုမာရ ၆၆
(၉) ဗညာဦး ငိုရတဲ့ပွဲ ၇၀
(၁၀) ရာဇာဓိရာဇ် ဘာဖြစ်လို့ ရက်စက်ရပါလိမ့် ၇၅

၃။ အဖေနဲ့အမေ
(၁) နှစ်ယောက်ပေါင်းမှ တစ်ဘဝ ၈၁
(၂) နောက်ဆုံးတော့လည်း အတူတူပါပဲလေ ၈၆

www.burmeseclassic.com




(၃) မသိနားမလည်ခြင်းမှသည် ၉၁

(၄) သူ့အလှည့် ကိုယ့်အလှည့် ၉၆

(၅) တူတူပဲ ချစ်တယ် ၁၀၀

(၆) အဖေနဲ့လိုက်မယ် ၁၀၅

(၇) မွေ့လျော်ဖွယ်ကောင်းတဲ့ အမေ့အိမ် ၁၀၉

(၈) လူသားအုပ်မ ၁၁၄

(၉) အသက်ကိုရင်း၍ ရှင်ခြင်းကိုပေးသူ ၁၁၈

(၁၀) အဖေ့နာကို မည်သုံးရတာ ကျေးဇူးကြီးတယ် ၁၂၂

(၁၁) အမေ့ကို သနားလိုက်တာ ၁၂၇

(၁၂) အဖေ့ကို အမေလို့မှတ်လိုက်ပါ ၁၃၁

(၁၃) တို့လည်းကာ အစာခွံ့ပေးကြတယ် ၁၃၅

(၁၄) ကျွန်တော့မေမေက ဆရာမ ၁၃၉

(၁၅) မေမေ စိတ်နေမြင့်လွန်းတယ် ၁၄၃

(၁၆) အဖေတို့များ အဲသည်လို ၁၄၈

(၁၇) သားသမီးအပေါ်ထားတဲ့ စေတနာကြောင့် အပင်ပန်းခံနိုင်တာ ၁၅၂

(၁၈) သားသမီးအားကို ယူခဲ့ရတယ် ၁၅၇

(၁၉) သစ္စာမဲ့ရင်ဖြင့် ကြေကွဲစရာ ၁၆၁

(၂၀) သားတွေကိုတောင် မချီခဲ့ရင် မြေးကိုမချီချင်နဲ့ ၁၆၅

(၂၁) ဘဝတစ်ခြမ်းပဲ့ မိန်းကလေး ၁၆၉

(၂၂) ဒုတိယတန်းစား နိုင်ငံသားလေး ၁၇၃

(၂၃) အဖေက သဘောကောင်းတာတော့ မှန်ပါရဲ့ ၁၇၇

(၂၄) ဝါးစပ်ဝါရင် ရှာရောက်တယ် ၁၈၂

(၂၅) အဖေအမေတို့ရဲ့ ချစ်ခြင်းပြယုဂ် ၁၈၆

(၂၆) ရေနည်းငါး ၁၉၀

(၂၇) ကျွေးချင်ပါလျက် အကျွေးခက် ၁၉၅





(၂၈) နေရာတိုင်းမှာ သားမျက်နှာ ၁၉၉

(၂၉) အမေကွဲ၍ စိတ်လွဲကြသူနှစ်ဦး ၂၀၄

(၃၀) သားသမီးကို ချစ်တတ်ပါ ၂၀၉

(၃၁) ချစ်လို့နိုင်းတာ ၂၁၃

(၃၂) ငြင်းဆိုခြင်းသတ္တိ ၂၁၈

(၃၃) မျိုးစေ့လည်းမှန် အပင်လည်းသန့်ပါ ၂၂၃

(၃၄) အမေ့ကို နောက်ဆုံးစကားပြောခြင်း ၂၂၈

(၃၅) တစ်ဖက်စောင်းနင်း ၂၃၃

www.burmeseclassic.com

## စာရေးသူ့အမှာ

ကျွန်မသည် စာအုပ်အမည်ပေးရာတွင် အဆန်းတကြယ်ဖြစ်ရန် မကြိုးစားသည့်တိုင် စိတ်ဝင်စားမှုကို လှုံ့ဆော်နိုင်သော အမည်များကို ရွေးလေ့ရှိပါသည်။ ယခုစာအုပ်ကိုမူ 'အဖေနဲ့အမေ' ဟု အလွန်ရိုးစင်းစွာ အမည်ပေးလိုက်ပါသည်။ ဤအမည်သည် ကျွန်မရေးသားထားသော အကြောင်းအရာများနှင့် တိုက်ရိုက်သက်ဆိုင်သည်။ အပိုအလိုမရှိ ကွက်တိဝင်သည်ဟုလည်း ပြောနိုင်ပါသည်။

'အဖေနဲ့အမေ' ဟူသော အမည်သည် စာဖတ်သူများ၏ စိတ်ဝင်စားမှုကို လှုံ့ဆော်နိုင်ခြင်း ရှိမရှိဆိုသည့်အချက်ကို မေးလာသူများရှိပါက ဤအမည်သည် ရိုးစင်းသည့်တိုင် စိတ်ဝင်စားမှုကို လွန်စွာလှုံ့ဆော်နိုင်မည့် အမည်ဖြစ်သည်ဟု ကျွန်မက ယုံကြည်စွာ ဖြေဆိုမည်ဖြစ်ပါသည်။ အကြောင်းမှာ ကမ္ဘာကြီးသည် ဤကဲ့သို့ တိုးတက်ခြင်း ပြောင်းလဲခြင်းတို့ဖြင့် အသက်ဝင်ရှင်သန်နေခြင်းသည် အဖေနှင့်အမေတို့ မရှိလျှင် မဖြစ်နိုင်သောအရာ ဖြစ်သည်။ လူတိုင်းသည် သားသမီးအဖြစ် မွေးဖွားလာကာ လူအဖြစ်ကို ရကြရသည်။ အနည်းငယ်သော ခြွင်းချက်မှအပ ထိုသူတို့သည်လည်း အချိန်တန်လျှင် မိဘများဖြစ်လာကြရသည်။ ဤကဲ့သို့ လူတိုင်းနှင့်မကင်းနိုင်သော အဖေနဲ့အမေ (အမိအဖ) ဆိုသည့် အမည်သည် စိတ်ဝင်စားဖွယ် အမည်ဖြစ်လာပါလိမ့်မည်။

ဤစာအုပ်တွင် အပုဒ်ပေါင်း ၅၀ ပါဝင်ပါသည်။ ထိုစာပုဒ်တို့ဖြင့် ကျွန်မသည် မိဘနှင့်သားသမီးကြားတွင်သာ ဖြစ်ပွားပေါ်ပေါက်နိုင်သော မေတ္တာစေတနာများကိုလည်း ဖော်ကျူးရန် ကြိုးစားထားပါသည်။ မိဘများကသာ ပေးနိုင်သော ပြုစုခြင်း ပျိုးထောင်ခြင်းတို့ကိုလည်း



အလေးပေးကာ တင်ပြထားပါသည်။ အကြောင်းမှာ သားသမီးများသည် မိဘက မွေးပြီးနောက် ကြီးပြင်းလာသည်အထိ ပြုစုပျိုးထောင်ခဲ့သည့် နည်းစနစ်များ ပုံစံများအလိုက် လူဖြစ်လာတတ်ကြသည်ဖြစ်ရာ မိဘများ၏ ပြုစုပျိုးထောင်ပုံကို အလေးပေးကာ မဖော်ပြဘဲ နေ၍မဖြစ်နိုင်ပါ။ လူလောက၏ ဖွဲ့စည်းတည်ဆောက်ပုံမှာ မိဘများ၏ အမှားနှင့်အမှန် ခွဲခြားနိုင်ခြင်းပေါ်တွင် များစွာတည်မှီနေကြောင်းကို ဖော်ပြမှသာ ဖြစ်ပါမည်။ ထို့ပြင် သမိုင်းစဉ်ထဲက သာဓကများဖြင့် သူ့ခေတ်နှင့်သူပင် ဖြစ်သော်လည်း သားသမီးနှင့်မိဘတို့၏ ဆက်သွယ်မှုသည် သားသမီး၏ ဘဝကို နက်နဲစွာ သိမ်မွေ့စွာ ကြာရှည်ကြာများ လွှမ်းမိုးနိုင်ကြောင်း တင်ပြထားပါသည်။ ဤသို့သော သမိုင်းစဉ်ထဲက သာဓကများသည် မိဘက သားသမီးများမှတစ်ဆင့် ကမ္ဘာလောကကြီးကို လွှမ်းမိုးနိုင်သော အားတစ်ပါးဖြစ်သည်ဆိုသည့် အချက်ကိုလည်း ဖော်ကျူးခြင်း ဖြစ်ပါသည်။

ထို့ပြင် မြန်မာ့လူမှုရေးနှင့် ပတ်သက်၍ မကင်းဘဲ ကျေးဇူးပြုနေသော ဓာတ်တော်နိပါတ်တော်များတွင် ပါဝင်သည့် အဖေနှင့်အမေတို့၏ အကြောင်းကိုလည်း တင်ပြထားပါသေးသည်။ ထိုအကြောင်းကို တင်ပြထားခြင်းသည်ပင်လျှင် ကျွန်မကို မွေးမြူလိုက်ကြသော မိဘများ၏ လွှမ်းမိုးမှုကို ဖော်ပြရာရောက်ပါသည်။

ကျွန်မသည် 'ရေကြည်ချမ်းမြ' ဟူသော အမည်ဖြင့် စာအုပ်တစ်အုပ်ကို ထုတ်ဝေပြီးဖြစ်သည်။ ထိုစဉ်က မိသားစုဘဝကို သားသမီးဘက်မှကြည့်ကာ ရေးသားထားခြင်း ဖြစ်ပါသည်။ သားသမီးကို ရေကြည်ချမ်းမြဖြင့် တင်စားသည်မှာ မြန်မာတို့တွင် ဆန်းလှသည်မဟုတ်တော့ပါ။ ထိုအမည်ဖြင့် သားသမီးနှင့်မိဘအကြားရှိ မေတ္တာကို ဖော်ထုတ်ထားပြီးဖြစ်သည်။ 'အဖေနဲ့အမေ' တွင်မူ မိဘများဘက်မှ ကြည့်ကာ ရေးသားသည်ဟု ဆိုသော်လည်း ထိုခေါင်းစဉ်နှစ်ခုအောက်တွင် ထွေထွေ

www.burmeseclassic.com



ပြားပြား ခြားခြားနားနားဖြစ်အောင် ရေးခြင်းဟာ မတတ်နိုင်ပါ။ သားသမီးနှင့်မိဘဆိုသည်မှာ ရွှေဒင်္ဂါးပြားတစ်ပြား၏ ခေါင်းနှင့်ပန်းကဲ့သို့ ခေါင်းဖြစ်သည်၊ ပန်းဖြစ်သည်ဟု ခွဲခြားကာပြောနေရသော်လည်း ထိုနှစ်ခုကို သီးခြားခွဲထုတ်ရန် မတတ်နိုင်သကဲ့သို့ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤစာအုပ်တွင် မိဘတို့အကြောင်းကို ဖော်ပြရေးသားထားသည်ဟု ဆိုသော်လည်း ထိုအမည်ကိုရရှိစေသော သားသို့မဟုတ် သမီးတို့၏အကြောင်းသည်လည်း ပန်းနှင့်ဝတ်မှုန်တွဲလျက် ပါနေသကဲ့သို့ ပါနေမည် ဖြစ်ပါသည်။

အဖေနဲ့အမေ ဟူသောခေါင်းစဉ်အောက်တွင် အဘယ်ကြောင့် အပုဒ်ရေငါးဆယ်မျှသာ ရေးထားပါသနည်း။ နည်းမနေဘူးလားဟု မေးမည်ဆိုက မေးလောက်ပါသည်။ ဟုတ်ပါသည်။ အဖေနှင့်အမေ၏ အကြောင်းကို ပြည့်စုံအောင်သော်လည်းကောင်း၊ ပြီးဆုံးအောင်သော်လည်းကောင်း ရေးရန်အလွန်ခက်ခဲပါသည်။ မိမိတို့၏မိဘများအကြောင်းကိုရေးကြည့်လျှင်ပင် စိတ်ဝင်စားဖွယ်ရာများလှသည်ကို သိလာရပါလိမ့်မည်။ အမိအဖတို့၏အကြောင်းကို ပြောရင်းပြောရင်းဖြင့် မပြောရသေးသည့်အကြောင်းအရာများ ထပ်ခါထပ်ခါ ပေါ်လာသည်ကိုလည်း တွေ့ရပါလိမ့်မည်။ ကျွန်မရေးသည်မှာ အဖေဟုအခေါ်ခံရသူများကို ယေဘုယျအားဖြင့် ညွှန်းဆိုရေးသားသလို အမေဟုအခေါ်ခံရသူများကိုလည်း ယေဘုယျအားဖြင့် ညွှန်းဆိုသည်ဖြစ်ရာ ပို၍ပင်ကျယ်ပြန့်လှသော နယ်နိမိတ်သတ်မှတ်ချက် ဖြစ်နေပါသည်။ ကျွန်မကလည်းမိဘများ၏မေတ္တာစေတနာများကြောင့် သားသမီးများ၏ ဘဝနောင်ရေး ကောင်းမွန်လှပလာသည်ကို ရေးသားသကဲ့သို့ မိဘများ၏အမှားကြောင့် အချို့သော သားသမီးများ၏ဘဝတွင် စိတ်ဒဏ်ရာ အနာတရ ဖြစ်သွားစေခဲ့သည်ကိုလည်း ထည့်သွင်းရေးသားပါသည်။

အချို့သောစာပုဒ်များတွင် ရေးသားသောအကြောင်းအရာများ



သည် မိဘများဘက်မှ အမှားများကို ထောက်ပြထားသည်ဖြစ်ရာ အမည်များ လွှဲပြောင်းရေးသားထားပါသည်။ မည်သူ့ကိုမှ ထိခိုက်စေလို၍ ရေးသားခြင်း မဟုတ်ပါ။ သို့သော် မိဘဖြစ်လာသည်နှင့် မိမိတို့က အစပြုကာ မှားယွင်းပါက နောင်လာနောက်သားများ အစဉ်အဆက်လိုက်ပါမှားယွင်းတော့မည်ဖြစ်ကြောင်း သိထားမှသာ ဆင်ခြင်နိုင်မည်ဖြစ်ပါသည်။ ထိုသို့သော အပြုသဘောစေတနာဖြင့် စိတ်ဆင်းရဲဖွယ်ကြေကွဲဖွယ်ဖြစ်သော အကြောင်းအရာများကို ကျွန်မရေးသားခဲ့ပါသည်။

ကျွန်မသည် ဤစာအုပ်ကိုရေးသားနေရင်း စိတ်ပျော်ရွှင်နေခဲ့သည့် အချိန်များကိုလည်း ဖြတ်ကျော်ရပါသည်။ စိတ်ပျော်ရွှင်နေရာမှ လွမ်းဆွတ်ဖွယ်ကောင်းသည်တို့ကို တွေးတောမိကာ လွမ်းဆွတ်နေခဲ့မိပါသည်။ စိတ်သည် ပျော်ချည်တစ်ခါ ရွှင်ချည်တစ်လှည့် ဖြစ်နေသလို လွမ်းဆွတ်သည်တစ်နည်း ကြေကွဲသည်ကတစ်ဖုံလည်း ကြုံခဲ့ရပါသည်။ ထို့ကြောင့် ရေးသည့်အကြောင်းအရာတို့သည် ခြောက်သွေ့နေမည် မဟုတ်ပါ။ ကျွန်မသည် ဤစာအုပ်ကိုရေးရင်း မိမိရေးခဲ့သော သားနဲ့မိဘ၊ ရေကြည်ချမ်းမြတို့ကဲ့သို့ပင် ဖတ်ရှုသူလူငယ်များအဖို့ သတိတရားကြီးစွာ ထားမိသွားစေသော စာအုပ်တစ်အုပ်ကို ထပ်မံကာ ရေးမိပြန်ပြီဟု တွေးကာ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်ရပါသည်။

ဤကဲ့သို့သော စာမျိုးကိုရေးရန် ဝါသနာပါနေသည်မှာလည်း မိဘကောင်း ဆရာသမားကောင်းများနှင့် ကြုံခဲ့ရ ဆုံခဲ့ရသည့် ကံပါလာသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဘဝဘဝမှ မိဘတော်စပ်ခဲ့ဖူးသော ကျေးဇူးရှင်များကိုလည်းကောင်း၊ ဘဝအဆက်ဆက်က ဆရာတော်စပ်ခဲ့ဖူးသော ကျေးဇူးရှင်များကိုလည်းကောင်း ဤစာအုပ်ဖြင့် ကန်တော့လိုက်ပါသည်။

www.burmeseclassic.com

# ဇာတ်တော် နိပါတ်တော်များထဲက အဖေနဲ့အမေ

## ၁။ နကုလပိတာ နကုလမာတာ

ကျွန်မတို့ ငယ်ငယ်ကတည်းက မိဘအပြင် ချစ်ခင်တဲ့သူတွေ အများကြီး ရှိခဲ့ဖူးပါတယ်။ တချို့ဆိုရင် ထူးထူးခြားခြားကို ချစ်ခင်တာဖြစ်ပါတယ်။ ကျွန်မအမေငယ်ငယ် အပျိုအရွယ်ကတည်းက မိသားစုတစ်စုက သိပ်ပြီးချစ်ခင်ပါတယ်တဲ့။ သူတို့ရဲ့သားဖြစ်သူနဲ့ ကျွန်မမိခင်ကို ထိမ်းမြားပေးချင်တဲ့ အပြောအဆို အမူအရာများလည်း ပြခဲ့ပါတယ်တဲ့။ သို့ပေမယ့် အမေ့ကို အမေအဖြစ်နဲ့ပဲ သိပ်ချစ် သိပ်ဂရုစိုက်ကြပါတယ်တဲ့။ အဲသည်လိုနေကြရတာကို တစ်အိမ်သားလုံးက လိုလိုချင်ချင်ဖြစ်နေခဲ့ပါတယ်တဲ့။ အမေက အဖေနဲ့အိမ်ထောင်ပြုသွားပြန်တော့လည်း သူတို့မိသားစုက ကျွန်မအမေကို ချစ်ခင်မြဲ ချစ်ခင်တာပါပဲတဲ့။

ကျွန်မကိုမွေးတော့ သူတို့က မြေးဦးကလေးတစ်ယောက် မွေးလာသလို ဂရုစိုက်ကြပြန်ပါလေရောတဲ့။ ကလေး နေမကောင်းဘူးဆိုရင် အဲဒီအိမ်က အဘွားဖြစ်သူက ကျွန်မကို ပခက်ထဲကနေပြီး မသွားတော့တာပါပဲတဲ့။ ညနေ အဖေ အလုပ်ပြန်တဲ့အချိန်ကျမှ သူတို့အိမ်ကိုသွားရင် ကျွန်မဟာ အုပ်ဆေးတွေကြောင့် အဖျားကျပြီး ကြည်ကြည်လင်လင်နဲ့ နေကောင်းနေပါပြီတဲ့။

သူတို့မိသားစုနဲ့ပတ်သက်ပြီး အမေပြန်ပြောတာကလည်း ကိုယ့်မိဘအကြောင်းကို ပြန်ပြောသလိုပါပဲ။ စစ်အတွင်းမှာ ကျွန်မအတွက် ပုံပြင်များကတော့ အဲသည်မိသားစုရဲ့အကြောင်းပဲ ဖြစ်ပါတယ်။ စစ်ပြီးတော့ ပြန်တွေ့ကြပေမယ့် ကိုယ့်အလုပ်နဲ့ကိုယ်လည်းဖြစ်ပြန် တစ်မြို့စီလည်း ကွဲနေပြန်ဆိုတော့ မကြာခဏတွေ့ဖို့ ခက်နေပါတယ်။ သူတို့အိမ်က သမီးအကြီးဆုံးဖြစ်တဲ့ ကျွန်မအဒေါ်အရွယ် ဒေါ်လေးသိန်းအေးက

www.burmeseclassic.com



တော့ အိမ်ကိုရောက်လာတာနဲ့ သနပ်ခါးကို ကျောက်ပျဉ်တစ်ချပ်စာ ရအောင်သွေးပြီး မျက်နှာပြောင်နဲ့နေတတ်တဲ့ ကျွန်မကို လိမ်းစမ်း အမှုန် ဖုန်နေအောင် လိမ်းစမ်းပါအေ့လို့ ပြောတတ်ပါတယ်။ သူနေတဲ့အချိန် ကို တိုတယ်လို့ပဲ ကျွန်မတို့က ထင်ပါတယ်။ သူပြန်ခါနီးရင် မပြန်ဖို့ တောင်းပန်ရင်းနဲ့ ပြန်သွားတော့လည်း လွမ်းကျန်ရစ်ခဲ့ကြရပါတယ်။ ဘိုးဘိုးနဲ့ဘွားဘွားက ကျွန်မ မကွေးကောလိပ် တက်တော့မယ်ဆိုတော့ တကူးတကလာပြီး သူတို့စုထားတဲ့ ငွေဒင်္ဂါးကလေးတွေကို ပေးခဲ့ပါ သေးတယ်။

အဲသည်လို သံယောဇဉ်ဟာ တစ်ဘဝနှစ်ဘဝက လာတဲ့သံယော ဇဉ်မဟုတ်ဘူး။ ဘဝဆိုတာ မရေမတွက်နိုင်လောက်အောင် များပြားတာ ကြောင့် သံသရာဘဝအဆက်ဆက်ကတည်းက ဆွေမျိုးတော်စပ်ပြီး ပါရမီဖက်များ ဖြစ်ခဲ့ကြရင် တစ်ဦးနဲ့တစ်ဦး မြင်တာနဲ့ ချစ်ခင်နိုင်တယ်၊ ကြည်ဖြူနှစ်လိုနိုင်တယ်။ လောကမှာ မတော်စပ်ဖူးတဲ့သူဆိုတာ မရှိဘူး။ ဒါကြောင့် လူအချင်းချင်း ချစ်ခင်လေးစားစိတ်နဲ့ ဆက်ဆံရမယ်ဆိုတာက ကျွန်မအမေ ပြောဆိုဆုံးမတတ်တဲ့ စကားများဖြစ်ပါတယ်။

အမေက ကျောင်းတက်ပြီး စာမသင်ဖူးပေမယ့် အိမ်မှာစာသင် ပေးတဲ့ အစ်ကိုရှိတာကြောင့် စာတတ်ပါတယ်။ သူကိုယ်တိုင်က ပိဋက ဇာတ်စာပေများကို ကျေညက်အောင် ဖတ်တတ်မှတ်တတ်ပါတယ်။ အမေဟာ ကျွန်မတို့အတွက် စွယ်စုံကျမ်းကြီးတစ်ဆူပါပဲ။ အဲသည်လို ဇော်မှတ် ရအောင်းထားတာရှိတဲ့ အမေက မတော်စပ်ဖူးတဲ့သူဆိုတာ မရှိဘူးဆိုတဲ့ သွန်သင်မှုကို သာဓကနဲ့ ပြပါတယ်။ အမေပြတဲ့သာဓကေ ကတော့ နကုလပိတာနဲ့ နကုလမာတာတို့ ဖြစ်ကြပါတယ်။

နကုလပိတာနဲ့နကုလမာတာတို့ဟာ မြတ်စွာဘုရား ပွင့်ထွန်း တော်မူတဲ့အချိန်မှာ ဘဂ္ဂတိုင်းအပါအဝင် သုသုမာဂိရိမြို့က သူဌေးမျိုး နွယ်မှာ လာပြီးဖြစ်ကြပါတယ်။ သူတို့ဇနီးမောင်နှံနှစ်ဦးစလုံးဟာ နကုလ



အမည်ရှိတဲ့သားကြောင့် နကုလပိတာ နကုလမာတာလို့ တွင်လာပါ တယ်။ ဖိုးချိုတို့ဖေ ဖိုးချိုတို့မေလို့ သားအမည် ဖိုးချိုကိုစွဲပြီး အမည်မှည့် သလိုပါပဲ။ တစ်နေ့မှာ မြတ်စွာဘုရားက နကုလပိတာနဲ့ နကုလမာတာ တို့နေထိုင်တဲ့မြို့အနီးက တောအုပ်တစ်ခုကို ရဟန်းများနဲ့အတူကြွချီ တော်မူပြီးတော့ သင့်တင့်တဲ့နေရာမှာ သီတင်းသုံးနေတော်မူပါသတဲ့။ မြို့သူမြို့သားလူအပေါင်းကလည်း တောအုပ်ထဲမှာ သီတင်းသုံးနေတော် မူတဲ့ မြတ်စွာဘုရားကို သွားရောက်ဖူးမြော်ကြပါတယ်။ အဲသည်လူအုပ် ထဲမှာ နကုလပိတာနဲ့ နကုလမာတာ ဇနီးမောင်နှံတို့ ပါဝင်ပါတယ်။

မြတ်စွာဘုရားကို အဲသည်ဇနီးမောင်နှံက မြင်တာနဲ့ ဤမြတ်စွာ ဘုရားဟာ ငါတို့သားကြီးပဲလို့ စိတ်ထဲမှာ စွဲစွဲမြဲမြဲ ခံစားသွားကြပါသတဲ့။ သူတို့နှစ်ဦးစလုံးဟာ ငါ့သား သည်လောက်အချိန်ကြာကြာ ငါတို့ကို ပစ်ထားခဲ့ပြီး ဘယ်နေရာမှာသွားနေတာလဲလို့ ပြောဆိုရင်း မြတ်စွာ ဘုရားခြေတော်များကို ဆုပ်နယ်ပြီး ဝမ်းနည်းဝမ်းသာ ပြောကြားကြ ပါတယ်တဲ့။ မြတ်စွာဘုရားက သူတို့နှစ်ယောက် ချစ်ချစ်ခင်ခင်နဲ့ မြတ် စွာဘုရားအနီးမှာ ရင်းနှီးစွာနေတာကို မတားမြစ်ပါဘူး။ စိတ်ရှိသလောက် နေကြစေဖို့ အခွင့်ပေးခဲ့ပါတယ်။ နောက် သူတို့ဘာသာသူတို့ စိတ်ထိန်း နိုင်သွားတဲ့အခါမှာ သူတို့သဘာဝနဲ့ လိုက်လျောတဲ့တရားကို ဟောတော် မူပါတယ်တဲ့။ အဲသည်တော့မှ နှစ်ဦးစလုံး သောတာပန်အရိယာတွေ ဖြစ်ကြပါတယ်တဲ့။

မြတ်စွာဘုရားဟာ သုဒ္ဓေါဒနမင်းကြီးနဲ့ မယ်တော်မာယာရဲ့ သားတော်ဖြစ်တာကို သိကြတဲ့သူများဟာ ဒီပုဏ္ဏားသူဌေးကြီး ဇနီး မောင်နှံက ဘယ့်နှာတွေကို လာပြီးပြောနေရတာလဲဆိုတဲ့ သဘောနဲ့ ပြောကြဆိုကြ အချင်းချင်းမေးမြန်းကြတဲ့အခါမှာ မြတ်စွာဘုရားက အားလုံးစိတ်ရှင်းသွားအောင် အတိတ်ကာလတုန်းက ဤပုဏ္ဏားကြီး ဇနီးမောင်နှံနဲ့ ဘယ်လိုတော်စပ်ခဲ့တယ်ဆိုတာကို ဟောတော်မူခဲ့ပါတယ်။

www.burmeseclassic.com



နကုလပိတာဟာ မြတ်စွာဘုရားအလောင်းတော်ရဲ့ ဖခမည်းတော်အဖြစ် ဘဝ ၅၀၀ ဖြစ်ခဲ့ပါတယ်။ ဘကြီးအဖြစ် (အဖေ့အစ်ကို) ဘဝ ၅၀၀ ဖြစ်ခဲ့ပါတယ်။ ဘထွေး (အဖေ့ညီအဖြစ်) ဘဝ ၅၀၀ ဖြစ်ခဲ့ပါတယ်။ ဦးကြီး (အမေ့မောင်) အဖြစ် ဘဝ ၅၀၀ ဖြစ်ခဲ့ပါတယ်။

နကုလမာတာဟာ ဘဝ ၅၀၀ ပတ်လုံး မြတ်စွာဘုရားအလောင်းတော်ရဲ့ မယ်တော်ဖြစ်ခဲ့ပါတယ်။ ဘဝ ၅၀၀ ပတ်လုံး မိကြီး (အမေ့အစ်မ တစ်နည်းဆိုသော် ဒေါ်ကြီး) ဖြစ်ခဲ့ပါတယ်။ မိထွေး (အမေ့ညီမ တစ်နည်းဒေါ်လေး) အဖြစ် ဘဝ ၅၀၀ ဖြစ်ခဲ့ပါတယ်။ အရီး (အဖေ့နှမ) အဖြစ် ဘဝ ၅၀၀ ဖြစ်ခဲ့ပါသတဲ့။ အဲသည်လောက် ရင်းရင်းနှီးနှီး တော်စပ်ချစ်ခင်ခဲ့ရလေတော့ မြတ်စွာဘုရားကို မြင်မြင်ချင်း သားအမှတ်နဲ့ ချစ်ခင်စိတ် ပြင်းပြစွာ ဖြစ်ခဲ့ကြတာပါပဲ။

နကုလပိတာနဲ့နကုလမာတာတို့ဟာ မြတ်စွာဘုရားနဲ့ ပါရမီဖက်များလည်း ဖြစ်ခဲ့ပါတယ်။ မြတ်စွာဘုရားနဲ့ အကျွမ်းတဝင် ချစ်ခင်ရင်းနှီးသော စကားတို့ကို ပြောကြားနိုင်တဲ့အရာမှာ အသာဆုံးအဖြစ် ဧတဒဂ်ရခဲ့ကြပါတယ်။ သူတို့နှစ်ယောက်ဟာ မြတ်စွာဘုရား နောက်တစ်ကြိမ် ကြွလာတော်မူတော့ သူတို့အိမ်ကို မြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေးချင်ပါတယ်လို့ ရိုသေစွာ ပင့်ဖိတ်ခဲ့ကြပါတယ်။ မြတ်စွာဘုရားကလည်း ကြွတော်မူခဲ့ပါတယ်။ မြတ်စွာဘုရားကလည်း သူတို့နှစ်ဦးကို ချီးမြှင့်သောအားဖြင့် ဖွယ်ဖွယ်ရာရာ ကပ်လှူသောဆွမ်းကို ဘုဉ်းတော်မူပါတယ်။ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးတဲ့အချိန်မှာ မြတ်စွာဘုရားအနီးကို နကုလပိတာနဲ့ နကုလမာတာတို့ ဆည်းကပ်လာကြပါတယ်။ အခွင့်သင့်တဲ့အရပ်မှာ နေကြပြီးတဲ့နောက် နကုလပိတာက အရှင်လျှောက်ပါတယ်။ အရှင်ဘုရား တပည့်တော်ငယ်ရွယ်စဉ်က အလွန်ငယ်ရွယ်တဲ့ နကုလမာတာသူဌေးမကို ထိမ်းမြားယူဆောင်ခဲ့ပါတယ်။ အဲသည်အချိန်ကစပြီး နကုလမာတာမှလွဲလို့ တခြားတစ်ပါးသော မိန်းမ



ကို စိတ်နဲ့သော်မျှ မလွန်ကျူးခဲ့ပါဘူးဘုရား။ နှုတ်ဖြင့် ကိုယ်ဖြင့် လွန်ကျူးဖို့ဆိုတာ ဝေးပါတယ်ဘုရား၊ တပည့်တော်တို့ဟာ ယခုဘဝမှာလည်း အချင်းချင်း ရှုမြင်လိုကြပါတယ်။ နောင်ဘဝများမှာလည်း အချင်းချင်း ရှုမြင်လိုကြပါတယ်ဘုရားလို့ လျှောက်ထားပါသတဲ့။ နကုလမာတာကလည်း နကုလပိတာနဲ့ ထပ်တူထပ်မျှ စိတ်ထားတဲ့အကြောင်းကို လျှောက်ထားခဲ့ပါတယ်။

မြတ်စွာဘုရားကလည်း နကုလပိတာနဲ့ နကုလမာတာတို့ကို အကြောင်းပြုပြီး ယခုဘဝမှာလည်း အချင်းချင်းရှုမြင်လိုကုန်တဲ့ နောင်ဘဝမှာလည်း အချင်းချင်းရှုမြင်လိုကြတဲ့ ဇနီးမောင်နှံတို့ဟာ

၁။ တူမျှတဲ့ သဒ္ဓါတရားရှိရမယ်။

၂။ တူမျှတဲ့ သီလရှိရမယ်။

၃။ တူမျှတဲ့ စွန့်ကြဲမှုရှိရမယ်။ တူမျှတဲ့အသိပညာရှိရမယ်။

ဤကဲ့သို့ တူမျှတဲ့ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ တူမျှစွာ ထားရှိကြမယ်ဆိုရင် ဇနီးမောင်နှံတို့ဟာ ယခုဘဝမှာလည်း အချင်းချင်း ရှုမြင်ကြရတယ်။ နောင်ဘဝမှာလည်း အချင်းချင်း ရှုမြင်ကြရမယ်လို့ မိန့်တော်မူပါတယ်။

မြတ်စွာဘုရားကို နကုလပိတာနဲ့ နကုလမာတာတို့ လျှောက်ထားတဲ့စကားကို စေ့စေ့စပ်စပ် လေ့လာသုံးသပ်ခဲ့ရင် သူဌေးကြီး ဇနီးမောင်နှံတို့ဟာ မြတ်စွာဘုရားကို သားအရင်းအဖြစ် အလွန်ကို ကျွမ်းဝင်ရင်းနှီးတဲ့စိတ်ထား၊ အားထားခင်မင်တဲ့စိတ်ထား ရှိကြတဲ့အတွက် မိမိတို့စိတ်တွင်းမှာ ရှိနေသမျှကို ရင်းရင်းနှီးနှီးကြီး လျှောက်ထားခဲ့ကြတယ်ဆိုတာကို သိနိုင်ပါတယ်။ နကုလပိတာ နကုလမာတာတို့ဟာ အကျွမ်းတဝင် ခင်မင်ရင်းနှီးတဲ့စကားကို ပြောကြားနိုင်တဲ့နေရာမှာ အသာဆုံးဆုကို ရခဲ့နိုင်တာကလည်း ဆက်တိုက်ဆိုသလို မြတ်စွာဘုရားရဲ့ အမိအဘနဲ့ အမိအဘနဲ့တန်းတူ ရင်းနှီးတဲ့ဘကြီး ဘထွေး ဦးကြီးဦးလေး မိကြီး

www.burmeseclassic.com



မိထွေး ဒေါ်ကြီးဒေါ်လေးများအဖြစ် တော်စပ်ခဲ့တာကြောင့် များစွာရင်းနှီးကျွမ်းဝင်တဲ့စိတ်ထား ရှိခဲ့တာကြောင့် ဖြစ်ပါတယ်။

မိဘနဲ့သားသမီးဆို ချစ်ခင်ရုံမျှမက အစစအရာရာကို ပွင့်လင်းစွာ ဝေမျှခံစားနိုင်ရပါမယ်။ အချင်းချင်းလည်း တစ်ယောက်အကျိုးကိုသာ တစ်ယောက်မျှော်ကိုးပြီး ချစ်ခင်ကြင်နာနိုင်ကြရပါမယ်။ ဘဝကံကပေးလို့သာ တော်စပ်ရတယ်။ တစ်ယောက်အကျိုးကိုလည်း တစ်ယောက်က မကြည့်နိုင်ဘဲ ကိုယ်ကျိုးစီးပွားကိုသာ ကြည့်ပြီး နေတတ်ကြရင်တော့ နကုလပိတာနဲ့နကုလမာတာတို့လို ပါရမီဖက်များ ဖြစ်နိုင်ကြမှာမဟုတ်ပါဘူးလို့ ဆိုရတော့မှာ ဖြစ်ပါတယ်။

## ၂။ သမီးအတွက် အဖေ့လက်ဆောင်

ဝိသာခါကျောင်းအမကြီးနဲ့ ကျွန်မတို့မြန်မာများ အလွန်ရင်းနှီးကြပါတယ်။ ဝိသာခါအကြောင်းကို လူကြီးမိဘများက နည်းအမျိုးမျိုးနဲ့ ပြောပြတတ်ပါတယ်။ အခုတင်ပြချင်တာကတော့ ဝိသာခါကို မိဂါရသူဌေးသားနဲ့ ထိမ်းမြားပေးပြီးတဲ့နောက် သူဌေးသားနောက်ကို ထည့်လိုက်ရတော့မယ်ဆဲဆဲ သမီးကို ဖခင်ဖြစ်သူ ဓနဉ္စယသူဌေးကြီး ပေးလိုက်တဲ့ အဆုံးအမ ဖြစ်ပါတယ်။ သာသနာရေးနဲ့ ရင်းနှီးကျွမ်းဝင်တဲ့ မြန်မာမိခင်ဖခင်များကလည်း ဝိသာခါကျောင်းအမကြီးကို အဖေဆုံးမတဲ့နည်းကို ယူပြီး ဆုံးမလေ့ရှိကြပါတယ်။

ဝိသာခါနဲ့မိဂါရသူဌေးသားတို့ ထိမ်းမြားတော့ သူဌေးသားနဲ့ ပါလာတဲ့ ဘုရင်မင်းမြတ်နဲ့တကွ မင်းပရိသတ်များနဲ့ ဟိုဘက်ကမြို့သား ဒီဘက်ကမြို့သားစတဲ့ ပရိသတ်များစွာကို မညည်းမညူဘဲ ရက်ရက်ရောရောကြီး ကျွေးမွေးဧည့်ခံပြီး သမီးကိုလည်း ဓနဉ္စယသူဌေးက ပေးလိုက်တဲ့ပစ္စည်း ဥစ္စာများက မနည်းပါဘူး။ အဲ့သည်လို များပြားတဲ့ သက်ရှိ သက်မဲ့ ပစ္စည်းဥစ္စာများထက် အဖိုးတန်တာကတော့ ဓနဉ္စယသူဌေးကြီးက ဝိသာခါကို ပေးလိုက်တဲ့အဆုံးအမ ဖြစ်ပါတယ်။ အဲသည်အဆုံးအမထဲမှာ အချက် ၁၀ ချက်ပါပါတယ်။ အချက်တစ်ခုချင်းကို တင်ပြပါမယ်။

၁။ အိမ်တွင်းကမီးကို အပြင်မထုတ်ဆောင်ရ၊

၂။ အပြင်အပအိမ်ကမီးကို မိမိအိမ်တွင်းသို့ မသွင်းဆောင်ရ၊

၃။ ပြန်ပေးသောသူတို့အားသာ ပေးရမည်၊

www.burmeseclassic.com



၄။ ပြန်မပေးသောသူတို့အား မပေးရ၊

၅။ ပေးသော်လည်းကောင်း မပေးသော်လည်းကောင်း ပေးရမည်၊

၆။ ချမ်းသာစွာ ထိုင်ရမည်၊

၇။ ချမ်းသာစွာ စားရမည်၊

၈။ ချမ်းသာစွာ အိပ်ရမည်၊

၉။ မီးကို ရှိသေစွာ ပြုစုလုပ်ကျွေးရမည်၊

၁၀။ အိမ်တွင်းနတ်တို့ကို ရှိခိုးရမည်။

အဲသည်လို ဆုံးမစကားကို ဖခင်ဖြစ်သူက သမီးဝိသာခါကို ပေးခဲ့ပါတယ်။ ဒါ့အပြင် သမီးဖြစ်သူ ယောက္ခမများနဲ့များ အဆင်မပြေဖြစ်ခဲ့ရင် ပိုင်းဝန်းစောင့်ရှောက်ဖျန်ဖြေပေးဖို့ သာဝတ္ထိမြို့က သူဌေးရှစ်ဦးကိုလည်း အကြီးတော်ကြီးများအဖြစ် နေရာထားကာ သမီးကိုအပ်ခဲ့ပါတယ်။

ဝိသာခါလို ချောမောလှပပြီး ပစ္စည်းဥစ္စာ ရတနာရွှေငွေများသာမက အနိုင်အစေ ကျွန်ယောက်ျား ကျွန်မိန်းမများနဲ့ လာခဲ့သူ ချွေးမကို ရထားတာတောင်မှ မိဂါရသူဌေးကြီးနဲ့ ပြဿနာပေါ်ဖြစ်အောင် ပေါ်ပါတယ်။ မိဂါရသူဌေးကြီးက ရှေးလည်းဆန်ပါတယ်။ ညကြီးမင်းကြီး ကျွန်မများကို အဖော်ခေါ်ပြီး အာဇာနည်မြင်းမ မွေးဖွားတာကို သွားရောက်ကြည့်ရှုတဲ့ ဝိသာခါကို မကြိုက်ပါဘူး။ သူကိုးကွယ်တဲ့ တိတ္ထိဆရာကြီးများကို ချွေးမက ထွက်မတွေ့တာကိုလည်း မကျေနပ်ပါဘူး။ ပေါက်ကွဲသွားတဲ့အချိန်ကတော့ သူက ဗုဒ္ဓဘာသာရဟန်း ဆွမ်းရပ်တာကို မလောင်းလှူဘဲနေတာကို ဝိသာခါက ကန်တော့ဆွမ်းပါဘုရားလို့ ရိုးရိုးမလျှောက်ဘဲ တပည့်တော်၏ယောက္ခမသည် အဟောင်းကိုသာစားနေသူဖြစ်ပါတယ်လို့ လျှောက်လိုက်ပါတယ်။ အဟောင်းကိုသာ စားတယ်ဆိုတာကို မိဂါရသူဌေးက မစင်စားသူအဖြစ် ငါ့ကိုပြောတယ်ဆိုပြီး စိတ်ဆိုးပါတော့တယ်။ အဲသည်တော့ ချွေးမကိုပြောဆိုပြီး နှင်ထုတ်ပါ



တယ်။ ဝိသာခါကလည်း သူဟာ အခုအတိုင်းတော့ဖြင့် ထွက်မသွားနိုင်ပါဘူး။ ဖခင်ဖြစ်သူ အပ်ထည့်လိုက်တဲ့ သူဌေးရှစ်ယောက်ကို ခေါ်ပေးပါ။ သူတို့က ကျွန်မမှားတယ်လို့ဆိုရင် ကျွန်မဆင်းမှာပေါ့လို့ပြောတော့ မိဂါရသူဌေးက သူဌေးရှစ်ယောက်ကို ခေါ်ပေးပါတယ်။ ဝိသာခါက မှော်ဥယသူဌေးကြီး အဆုံးအမများကို သူဌေးရှစ်ယောက်ရှေ့မှာ ရှင်းပြပါတယ်။

၁။ အတွင်းမီးကို အပြင်မထုတ်ရဆိုတာဟာ ပကတိမီးကို ပြောတာ မဟုတ်ပါဘူး။ အိမ်တွင်းမှာဖြစ်တတ်တဲ့ ယောက္ခမကအစ အိမ်သားများရဲ့ လျှို့ဝှက်ချက်ကို မိမိကျေးကျွန်ကစ သူတစ်ပါးတို့ကို မပြောရဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

၂။ အပြင်မီး အထဲမသွင်းရ ဆိုတာက အပြင်ကလူများနဲ့ ပတ်သက်တဲ့ မကောင်းစကားများကို အိမ်တွင်းမှာ မပြောကြားသင့်ပါ။ ပြောကြားခဲ့သော် အိမ်တွင်းမှာ ခိုက်ရန်ဖြစ်ပွားခြင်းများ ဖြစ်တတ်ပါတယ်။

၃။ ပြန်ပေးသောသူများကိုသာ ပေးရမည်ဆိုတာက မိမိတို့အိမ်က အသုံးအဆောင်များ အဝတ်အစားများကို ငှားရမ်းပြီး ပြန်ပေးတတ်သူများကိုသာ ပေးရမည်လို့ ဆိုလိုပါတယ်။

၄။ ပြန်မပေးသောသူတို့ကို မပေးရလို့ဆိုရာမှာလည်း ငှားရမ်းပြီး ပြန်မပေးသူ ချေးငှားပြီးပြန်မဆပ်သူများကို မပေးရလို့ ဆိုလိုပါတယ်။

၅။ ပေးသော်လည်းကောင်း မပေးသော်လည်းကောင်း ပေးရမည်လို့ ဆိုတာကတော့ ဆင်းရဲနွမ်းပါးတဲ့ ဆွေမျိုးမိတ်သင်္ဂဟများကို သူတို့က ပြန်ပေးရင်ဖြစ်ဖြစ် မပေးရင်ဖြစ်ဖြစ် ပေးရမည်လို့ ဆိုလိုပါတယ်။

၆။ ချမ်းသာစွာထိုင်ရမည်ဆိုတာကတော့ ယောက္ခမများ လူကြီးသူမများ လာရင် ကိုယ်က ထပေးရမယ့်နေရာမှာ ထိုင်မနေသင့်ဘူးလို့ ဆိုလိုတာဖြစ်ပါတယ်။

www.burmeseclassic.com



၇။ ချမ်းသာစွာစားရမည် လို့ဆိုတာကတော့ ယောက္ခမများနဲ့ ခင်ပွန်းသည်တို့ စားသောက်ပြီး ထမင်းဟင်းအခြေအနေကို ကိုယ်တိုင်သိပြီးမှ စားသုံးသင့်တယ်လို့ ဆိုလိုပါတယ်။

၈။ ချမ်းသာစွာ အိပ်ရမည်ဆိုတာကတော့ အိမ်မှာ ယောက္ခမများနဲ့ ခင်ပွန်းသည်တို့ကို ဝတ်ကြီးဝတ်ငယ်ပြုစုရာများကို စေ့စေ့အောင်ပြုပြီးမှ ကိုယ်က အိပ်ရမယ်လို့ ဆိုလိုတာပါပဲ။ အိပ်နေတုန်း တစ်ခုခုလုပ်ပေးဖို့လိုလို့ ထရမယ်ဆိုတာမျိုးမဖြစ်အောင် သွန်သင်တဲ့စကားဖြစ်ပါတယ်။

၉။ မီးကို ရိုသေစွာ လုပ်ကျွေးရမည်ဆိုတာကလည်း ယောက္ခမများနဲ့ ခင်ပွန်းသည်တို့ကို လုပ်ကျွေးပြုစုတဲ့အခါ ရိုရိုသေသေ လုပ်ကျွေးပြုစုရမယ်လို့ ဆိုလိုတာပါပဲ။

၁၀။ အိမ်တွင်းနတ်ကို ရှိခိုးရမည်ဆိုတာကတော့ အိမ်ထောင်ရှင်ဖြစ်လာတဲ့အခါ မိမိအိမ်တံခါးဝသို့ ကြွလာတဲ့ရဟန်းများကို ကောင်းစွာရှိခိုးပြီး လှူဒါန်းရမယ်လို့ ဆိုလိုတာပါပဲလို့ ဝိသာခါက ရှင်းပြပါတယ်။

အဲသည်နောက် ယောက္ခမဟာ အဟောင်းကိုသာ စားနေသူလို့ ပြောတာဟာဖြင့် မရှိမသေနဲ့ မစင်ကိုစားနေသူလို့ မဆိုလိုပါကြောင်း၊ ကုသိုလ်ကံဟောင်းက ပေးသမျှကိုသာ ခံစားစံစားပြီး ကောင်းမှုအသစ်များကို မပြုလုပ်ဘဲနေသူလို့သာ ဆိုလိုပါကြောင်းစသည်ဖြင့် ရှင်းပြပါတယ်။

အဲသည်တော့ သူဌေးရှစ်ယောက်ကလည်း မိဂါရသူဌေးကို သူဌေးကြီး ငါတို့သမီး ရှင်းပြသည်ကို အသင်လက်ခံပါရဲ့လားလို့ မေးပါတယ်တဲ့။ မိဂါရသူဌေးကြီးက လက်ခံပါတယ်လို့ ပြောတဲ့အချိန်မှာ ဝိသာခါက သူဌေးကြီးရှစ်ယောက်ကို ပြောတာကတော့ ကျွန်မကို ယောက္ခမ နှင်ထုတ်တုန်းက ကျွန်မမှာ အပြစ်မရှိဘူးဆိုတာကို ရှင်းမပြရသေးလို့ ထွက်မသွားသေးတာပါ။ အခုတော့ ထွက်သွားလို့ရပါပြီလို့



ဆိုပါသတဲ့။ ပြီးတော့ သူ့လူများကို လှည်းများပြင်စေပါသတဲ့။ မိဂါရသူဌေးကြီးက အဲသည်တော့ ဝိသာခါကို တောင်းပန်ပြီး မသွားဖို့ရာ တားမြစ်ပါတယ်။ ဝိသာခါကလည်း ကျွန်မ မသွားစေချင်ရင် ကျွန်မစိတ်ကြိုက် မြတ်စွာဘုရားနှင့်တကွ ရဟန်းတော်များကို ဆွမ်းလုပ်ကျွေးကာ ဆည်းကပ်ခွင့်ပေးမှပဲ နေနိုင်ပါ့မယ်လို့ အခွင့်အရေးတစ်ခုကို တောင်းခဲ့ပါတယ်၊ မိဂါရသူဌေးကလည်း သူ့ဘက်က မှားနေတာကြောင့် ဝိသာခါတောင်းတဲ့ဆုကို ပေးခဲ့ရပါတယ်။

ဝိသာခါက မြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေးတော့ မြတ်စွာဘုရားက တရားဟောတော်မူပါတယ်။ မိဂါရသူဌေးကြီးက သူကိုးကွယ်တဲ့ တိတ္ထိဆရာကြီးများရဲ့ အကြံပေးချက်အရ တင်းတိမ်ကာရံထားတဲ့နောက်မှာ နေပြီး ချွေးမတောင်းပန်ထားတဲ့အတိုင်း တရားနာပါတယ်။ သို့ပေမယ့် သူ့ပါရမီစံကလည်း ကောင်းတာကြောင့် မိဂါရသူဌေးဟာ သောတာပန် ဖြစ်သွားပါတယ်။

ကျွန်မ တင်ပြချင်တာကတော့ ဝိသာခါရဲ့အဖေ ဓနဉ္စယသူဌေးကြီးဟာ ဝိသာခါကို ပစ္စည်းတွေ မရေမတွက်နိုင်အောင် ပေးခဲ့ပါတယ်။ ပစ္စည်းတွေ ဒီလောက်တောင်ရှိမှ ပြီးရောပေါ့လို့ သူမထင်ပါဘူး။ သူဟာ သမီးကို ရဲရင့်အောင် အစွမ်းအစရှိအောင် ပညာဉာဏ်နဲ့ပြည့်စုံအောင် သွန်သင်ခဲ့ပါတယ်။ အခုခေတ် အဖေအမေတွေထဲက တချို့က သားသမီးကို ပစ္စည်းဥစ္စာပေးရုံနဲ့ ပြည့်စုံပြီလို့ ထင်နေတတ်ပါတယ်။ ပစ္စည်းများ လိုအပ်တာကို မငြင်းလိုပါဘူး။ သို့သော် ပညာရဲရင့်မှသာ အခက်အခဲ အမျိုးမျိုးကို ကျော်လွှားနိုင်မှာပေါ့။ ပညာရဲရင့် ပွဲလယ်တင့်ဖို့ အဖေနဲ့အမေတို့က သွန်သင်ရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

## ၃။ အမေ့ သွန်သင်နည်းများ

ကျွန်မတို့အမေက ကျွန်မတို့ဖတ်ဖူးတဲ့ သမိုင်းများကို မဖတ်ဖူးပါဘူး။ အဲသည်တော့ ပိဋကတ်တော်လာ ငရဲခန်းကောက်နုတ်ချက်များနဲ့ အမိန့်တော်တမ်းရေးထားတဲ့ ကျွဈာမင်းအမိန့်တော်တမ်းအကြောင်းကို မသိရှာပါဘူး။ ကျွဈာမင်းက သူ့အမိန့်တော်တမ်းကို ကျောက်မှာရေးထိုးထားပြီး အိမ်ခြေ ၅၀ မှာ တစ်တိုင်ကျ စိုက်ထူစေပါတယ်တဲ့။ ပြီးတော့ လပြည့်လကွယ်နေ့များမှာ ရွာသူရွာသားများဟာ ပန်းနံ့သာ လက်မှာစွဲပြီး ကျောက်တိုင်ဆီကိုသွားကာ ကျောက်တိုင်မှာရေးထိုးထားတဲ့ အမိန့်တော်တမ်းကို ဖတ်ကြရပါတယ်တဲ့။ အကြောင်းကတော့ သာသနာရေး အဆုံးအမမှာ ရွာသားများတည်စေပြီး ခိုးမှုဆိုးမှုတွေကို မကျူးလွန်မိအောင် သွန်သင်တဲ့သဘောပါပဲ။ ကျောက်တိုင်စိုက်ရုံ စိုက်ထားရင် ဘယ်ရွာသားမှ အခုတ်တရ ဖတ်ဖြစ်မှာ မဟုတ်ပါဘူး။ မင်းမိန့်နဲ့ ဖတ်ဖြစ်တော့ တစ်ကြောင်းဝင်ဝင် တစ်လုံးတစ်ပါဒဝင်ဝင် စိတ်နှလုံးထဲကို ဝင်မယ်လို့ ကျွဈာမင်းကြီးက မျှော်လင့်ပုံပေါ်ပါတယ်။

ကျွန်မအမေကတော့ ကျွန်မတို့ အလွန်ငယ်သေးတဲ့အရွယ် ကျွန်မက ၇ နှစ် ၈ နှစ်လောက်၊ မောင်လေးက ၄ နှစ် ၅ နှစ်လောက် အရွယ်မှာ ဥပုသ်နေ့များကျရင် ဝတ်ကောင်းစားကောင်း ဝတ်ဆင်ပေးပြီး ဆင်ဖြူကျွန်းမှာ အဲသည်အချိန်တုန်းက ရှိနေသေးတဲ့ ဂူဘုရားငယ်များရှိရာကို ခေါ်သွားပါတယ်။ အဲသည်ဂူဘုရားများမှာ နံရံဆေးရေးပန်းချီများ ရှိပါသေးတယ်။ အဲသည်ပန်းချီများထဲမှာ ငရဲခန်းများ ပါပါတယ်။ အဲသည် ငရဲခန်းများကို အမေကပြပြီး အဲသည်လို ငရဲကျတဲ့သူများဟာ သူများအသက်သတ်သူ၊ သူများဥစ္စာကိုခိုးသူ၊ ကာမဂုဏ် လွန်ကျူးသူ၊ မဟုတ်



မမှန်တာကို ပြောဆိုသူ၊ အရက်သေစာ သောက်စားသူများ ဖြစ်တယ်။ မိဘစကားကို နားမထောင်ဘဲ မကောင်းမှုကို ကျူးလွန်တဲ့သူများလည်း ငရဲကျတတ်တယ်လို့ ပြောပါတယ်။ အဲသည် ငရဲခန်းများကို ကြည့်ပြီး တိုင်း တော်တော်လိမ်လိမ်မာမာ ရှိသွားတတ်တယ်လို့ အမေက ပြောဖူးပါတယ်။

အဲသည်လို သင်နည်းအထောက်အကူတွေကို အားပြုကာ သာသနာရေးဆိုင်ရာ အသိပညာပေးဖို့အတွက် ရည်ရွယ်ပြီး ရှေးကလူကြီးတွေက စဥ့်ကွင်းတို့ အုတ်ခွက်တို့ နံရံဆေးရေးတို့မှာ ဗုဒ္ဓဝင်များ ဇာတ်တော်များကို ထည့်သွင်းထားခဲ့တာ ဖြစ်ပါတယ်။

အမေနဲ့အဖေတို့ ပြောပြတဲ့ပုံတွေထဲမှာ သားသမီးနဲ့ မိဘတို့ရဲ့ ဝါရမိဖက်အဖြစ် ပြည့်ပြည့်ဝဝ ကောင်းမှုကုသိုလ်များ ပြုကြတဲ့အကြောင်းတွေကို ထင်ရှားစေတဲ့ပုံပြင်များ ပါပါတယ်။ သုဝဏ္ဏသာမဇာတ်တော်ဆိုရင် အမေ အပြောကောင်းလွန်းလို့ ကျွန်မတို့မျက်စိထဲမှာ မြင်နေတတ်ပါတယ်။ သုဝဏ္ဏသာမဆိုရင် ရေခပ်ဆင်းရာက ပီဠိယက္ခမင်းရဲ့ မြားမှန်လို့ မိန်းမောသွားတဲ့အခန်းကို ကျွန်မတို့အမေက သေသေချာချာ ပြောပါတယ်။

မိဘကိုလုပ်ကျွေးနေတဲ့ သုဝဏ္ဏသာမဟာ သူ့ကိုမြားမှန်ပြီဆိုတာလည်းသိရော တစ်ခါတည်း သတိကိုကြီးကြီးထားပြီး အဖေနဲ့အမေ သောက်မယ့် ရေအိုးကို မကွဲအောင်ထိန်းပြီး သဲပေါ်မှာ ချထားပါတယ်။ ဤနေရာဟာဖြင့် အမေနဲ့အဖေတို့ နေတဲ့အရပ်ပဲလို့ မှန်းကာ အဲသည်ဘက်ကို ခေါင်းပြုဖြစ်အောင် ကြိုးစားပြီး လဲကျသွားပါသတဲ့။ အဲသည်လို လူမျိုးဟာ ဆိပ်လူးမြားမှန်တာတောင်မှ မသေတာ အံ့သြစရာမဟုတ်ဘူးဆိုတာကို ကျွန်မတို့အမေက ကျွန်မတို့ကို သိမြင်စေပါတယ်။

သစ္စာဆိုခန်းနဲ့ပတ်သက်လို့လည်း အမေက အခြားသောအကြောင်းအရာများထက်ပိုပြီး ဂရုတစိုက်ပြောပါတယ်။ သုဝဏ္ဏသာမဇာတ်တော်မှာ

www.burmeseclassic.com



သုဝဏ္ဏသာမရဲ့ အမေနဲ့အဖေအပြင် အရင်ဘဝများစွာက မိခင်တော်စပ်ခဲ့ဖူးတဲ့ တောစောင့်နတ်သမီးပါဝင်ပြီး သစ္စာဆိုတာကို အမေက အလေးအနက်ပြောပါတယ်။ ကြည့်စမ်း၊ အမိအဖြစ်တော်စပ်ခဲ့ဖူးတဲ့ နတ်သမီးဟာ မိခင်တစ်ယောက်ရဲ့ခံစားမှု မိခင်တစ်ယောက်ရဲ့ စေတနာတို့ကို ဘဝများစွာလွန်ပြီးတဲ့အထိ မပြယ်သေးဘဲ သစ္စာဝင်ပြီးဆိုပေးရတယ်။ အနာဂတ်မှာ တော်စပ်တဲ့မိခင်ဖခင်သာမက ဘဝအဆက်ဆက်က တော်စပ်ခဲ့ဖူးတဲ့ မိဘများကိုလည်း ကျေးဇူးတင်ရမယ်။ အမျှအတန်း ပေးဝေရမယ်လို့ အမေက သွန်သင်ပါတယ်။

အမေက ပါရမီဖက် ဝဋ်ဖက်ဆိုတဲ့ စကားကို မကြာခဏသုံးပြီး သားသမီးနဲ့မိဘဖြစ်သော်လည်း စေတနာမထားတတ်ရင် ဝဋ်ဖက်ဖြစ်သွားတတ်တယ်။ သတိထားရမယ်လို့ ဆိုပါတယ်။ ပါရမီဖက်များဖြစ်တဲ့ဝေဿန္တရာဇာတ်တော်ထဲက ဝေဿန္တရာမင်းကြီးရဲ့သားတော် ဇာလီတို့အကြောင်းကို ပြောပြတာ အမေက သိပ်ခေတ်မီတာပါပဲ။ သားသမီးများကို လှူတာဟာ ဘုရားအလောင်းတို့အနေနဲ့ ကျင့်ကိုကျင့်ရမယ့် အဆင့်တစ်ခု ဖြစ်တယ်။ အဲသည်လို သားသမီးကို လှူတယ်၊ မညှာတာဘူးဆိုတဲ့ အယူအဆအမှားတွေ ဝင်တယ်ဆိုတာ စာမနှံ့လို့ပဲလို့ အမေက ပြောပါတယ်။ တကယ်တော့ ခမည်းတော်ဖြစ်သူ လှူနိုင်ဖို့အတွက် ကဏှာနဲ့ဇာလီတို့က ပါရမီဖြည့်ဆည်းခဲ့ရတာ အကြာကြီးပါပဲ။ ခမည်းတော် ဝေဿန္တရာမင်းကြီးကိုယ်တော်တိုင်က ပါရမီဖြည့်ထားတာ အရင့်မာဆုံးသောဘဝကို ရောက်နေသလို သားသမီးများအဖြစ် အလှူခံနိုင်အောင် ပါရမီဖြည့်ထားသူများအနေနဲ့လည်း ပါရမီဖြည့်ထားတာ အရင့်မာဆုံးဘဝကို ရောက်နေကြပြီလို့ အမေက ဆိုပါတယ်။ တကယ်တော့ မြတ်စွာဘုရားတစ်ပါးပွင့်ဖို့ရာ ပါရမီတော်ဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်ရတာ အလွန်ခက်ခဲပါတယ်။ ပါရမီဖက်များအနေနဲ့လည်း ပင်ပန်းပါတယ်။ သို့ပေမယ့် ပါရမီဖက်ဖြစ်ပါ၊ ကူညီပြီး ပါရမီဖြည့်ပေးပါလို့



မြတ်စွာဘုရားအလောင်းတော်က လိုက်ပြီးစည်းရုံးနေရတာ မဟုတ်ဘူး။ ပါရမီဖက်ဖြစ်လာတဲ့သူများဟာ သူတို့ကိုယ်တိုင် သဒ္ဓါတရား ပြည့်စုံစွာနဲ့ ဆုပန်ခဲ့ကြတာချည်းပဲ။ ဆုပန်ပြီးတော့လည်း ခက်ခဲတဲ့ပါရမီများကို ဖြည့်ဆည်းခဲ့ကြတာပါပဲ။ သားသမီးနဲ့ မိဘတို့ဟာ တူညီတဲ့သဒ္ဓါတရားရှိမှသာ ပါရမီဖက်များ ဖြစ်နိုင်ကြတယ်။ အဲဒါကြောင့် မိဘနဲ့ သားသမီးများဟာ တူညီတဲ့ပါရမီဖက်များဖြစ်အောင် ကြိုးစားရမယ်လို့ အမေက ပြောလေ့ရှိပါတယ်။

အမေ့သွန်သင်နည်းများကတော့ တစ်ခုချင်းသာပြောရင်ဖြင့် တစ်အုပ်စာတော့ အသာကလေးပါပဲ။ အမေဟာ ခေတ်ပညာတတ် မဟုတ်ပါဘူး။ ကျောင်းတောင်မှ မနေဖူးပါဘူး။ အစ်ကိုဖြစ်သူက အိမ်မှာတွင် စာသင်ပေးပြီးတဲ့နောက် အခြေခံ အရေးအဖတ် တတ်လာတဲ့အခါမှာ သူ့ဝါသနာအရ ဇာတ်တော်နိပါတ်တော်များကို မပြတ်ဖတ်ခဲ့ပါတယ်။ အမေက သူကြိုက်တဲ့ တရားစာအုပ်ကို လိုချင်လွန်းလို့ လက်ရေးနဲ့ကူးယူတာကိုလည်း ကျွန်မသတိရပါတယ်။

အသက်ကြီးလာတော့ အမေ့လို နည်းအမျိုးမျိုးနဲ့ သွန်သင်ခဲ့တဲ့ အမေတစ်ယောက်ကြောင့်သာ ကိုယ်ဟာ အောင်မြင်တယ်လို့ ဆိုနိုင်တဲ့ အခြေအနေတစ်ခုကို ရခဲ့တာပါလား။ ဒါတောင်မှ အမေ့စံနဲ့မကိုက်ညီတာတွေ အများကြီးရှိနေပါလားလို့ တွေးမိပါတယ်။ သားသမီးများကို လိမ္မာစေချင်ရင် နိပါတ်တော် ဇာတ်တော်များကိုသာ သင်ရိုးအဖြစ်သုံးပါ။ တကယ့်ကို လိမ္မာစေနိုင်ပါတယ်လို့ တစ်ပါတည်း တင်ပြလိုပါတယ်။

www.burmeseclassic.com

# ၄။ သားကလေး လွတ်အောင်ပြေးကွယ်

ကျွန်မတို့ မြန်မာဗုဒ္ဓဘာသာဝင်များဟာ မြတ်စွာဘုရားဖြစ်တော်စဉ်ထဲက သုဝဏ္ဏသာမလို ဝေဿန္တရာလို ဇာတ်တော်များနဲ့ ရင်းနှီးကျွမ်းဝင်ကြပါတယ်။ အဲသည်လို မြတ်စွာဘုရားအလောင်းတော်များ မိဘကို ရိုသေမြတ်နိုးကြပုံကို သိထားကြသလို သာဝကကြီးများ မိဘကျေးဇူး အထူးသိတတ်ပုံကိုလည်း သိထားကြပါတယ်။ လက်ျာတော်ရံ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးဟာ ပရိနိဗ္ဗာန်ပြုတော်မူခါနီးမှာ မယ်တော်ပုဏ္ဏေးမကြီးအိမ်ကို ပြန်ပြီး မယ်တော်ကို ဗုဒ္ဓသာသနာမှာ သက်ဝင်ယုံကြည်အောင် ဆောင်ရွက်တော်မူပြီးမှ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပါတယ်။ လက်ျာတော်ရံ အရှင်သာရိပုတ္တရာဟာ အမိရဲ့ကျေးဇူးကိုဆပ်ရန် ဤမျှအားထုတ်တော်မူခဲ့ပါတယ်။

လက်ျာတော်ရံ သာဝကကြီးရဲ့ အကြောင်းကိုသာ ကျွန်မတို့ ဗုဒ္ဓဘာသာဝင်များ ရင်းနှီးစွာသိသည်မဟုတ်ပါ။ လက်ဝဲတော်ရံ တန်ခိုးတော်တွင် အသာဆုံး ဧတဒဂ်ဆုရ အရှင်မဟာမောဂ္ဂလန် အရှင်မြတ် ပရိနိဗ္ဗာန်ဝင်တော်မူရရှာပုံကိုလည်း ကျွန်မတို့သိကြပါတယ်။ လက်ဝဲတော်ရံအရှင်မြတ်မှာ တန်ခိုးတော်ရှင်ဖြစ်ပါလျက် ပရိနိဗ္ဗာန်ပြုရပုံက ဆိုးရွားပါတယ်။

ကျွန်မတို့ငယ်ငယ်က မိဘဆရာသမားများဟာ သားသမီးများ တပည့်များကို မကောင်းမှုမှ ရှောင်ကြဉ်ရန် မကောင်းမှုမှ ဝေးစွာရှောင်ကြဉ်ရန်အတွက် နေ့စဉ် မတတ်နိုင်ရင်တောင်မှ မကြာခဏဆိုသလို သိသင့်တဲ့ ဇာတ်တော်ကောက်နုတ်ချက်များကို ပြောပြလေ့ရှိကြပါတယ်။ ကျွန်မကို အမေကရော အိမ်နီးချင်းအဘွား အမေငွေကရော ပြောပြတာ



ကတော့ အရှင်မဟာမောဂ္ဂလန်ဟာ အင်မတန်တန်ခိုးကြီးတယ်။ တစ်ခါတုန်းက ကျောင်းအမကြီးဝိသာခါ ဆောက်လုပ်လှူဒါန်းတဲ့ ပုဗ္ဗာရုံကျောင်းတော်ကြီးပေါ်မှာ ရဟန်းငယ်များဟာ မြတ်စွာဘုရားရဲ့ အလိုတော်နဲ့ ဆန့်ကျင်တဲ့စကားများကို ပြောဆိုနေကြပါတယ်တဲ့။ အရှင်မဟာမောဂ္ဂလန်ဟာ မြတ်စွာဘုရားရဲ့ ခွင့်ပြုတော်မူချက်အရ အဲသည်ရဟန်းငယ်များကို ဆုံးမပါတယ်။ ဘယ်လိုဆုံးမသလဲဆိုတော့ ကျောင်းတော်ကြီးရဲ့အောက်က မြေပြင်ဟာ ရေပြင်ဖြစ်စေသတည်းလို့ အဓိဋ္ဌာန်ပြုလိုက်ပြီးတဲ့နောက် ကျောင်းတော်ကြီးရဲ့ ထုပိကာကို အရှင်မြတ်က ခြေမနဲ့ခတ်လိုက်ပါသတဲ့။ အဲသည်တော့ ကျောင်းတော်ကြီးဟာ တစ်ဖက်ကို လဲကျသွားပါတယ်တဲ့။ အရှင်မြတ်ကတစ်ခါ နောက်တစ်ဖက်ကို ခြေမနဲ့ပဲ ပုတ်ခတ်လိုက်တဲ့အခါ နောက်တစ်ဖက်ကို ထောင်တက်သွားပါသတဲ့။ အဲသည်လို တန်ခိုးတော်ပြလိုက်တဲ့အခါမှာ ရဟန်းငယ်များဟာ ကြောက်လန့်တကြားနဲ့ ကျောင်းတော်ပေါ်ကဆင်းပြေးပြီး မြတ်စွာဘုရားထံတော်ကို ချဉ်းကပ်ကြပါတယ်။ မြတ်စွာဘုရားက ရဟန်းငယ်တို့ကို တရားဟောကြားတော်မူပါတယ်။ ရဟန်းငယ်များဟာ ထိုက်သင့်တဲ့အားလျော်စွာ မဂ်ဉာဏ်အဆင့်ဆင့် ပွားသွားကြပါတယ်တဲ့။

အရှင်မဟာမောဂ္ဂလန် တန်ခိုးသိပ်ကြီးတယ်ဆိုတဲ့အကြောင်းကို ကျွန်မတို့ဟာ တစ်နေ့တည်းနဲ့ နားထောင်လို့ မပြီးခဲ့ပါဘူး။ ဇာတ်ကြောင်းက ရှည်လို့ ညစဉ်ဆက်ပြီး နားထောင်ရပါတယ်။ လူ့ပြည်မှာ တရားနာပြီး နတ်ပြည်ပြန်သွားတဲ့ သိကြားမင်းကြီးဟာ နတ်စည်းစိမ်နဲ့လည်းတွေ့ရော တရားကိုလည်း မေ့သွားပါလေရောတဲ့။ အရှင်မဟာမောဂ္ဂလန်က တရားပွဲကပြန်သွားတဲ့ သိကြားမင်းနောက်ကို လိုက်ပြီးတော့ အခုနက နာခဲ့တဲ့တရားကို ပြန်ပြောပါလို့ မေးတော်မူပါတယ်။ နတ်စည်းစိမ်မှာ ယစ်မူးလို့ သတိမေ့နေတဲ့သိကြားက သူ့အောင်မြင်မှုတွေ သူ့စည်းစိမ်တွေအကြောင်းကိုပဲ လျှောက်ထားနေလေတော့ အရှင်မဟာမောဂ္ဂလန်ဟာ သိကြားမင်းရဲ့ ဝေဇယန္တာနန်းပြာသာဒ်ကြီးရဲ့ ထုပိကာကို

www.burmeseclassic.com



ခြေမနဲ့ခတ်ပြီး ယိမ်းယိုင်စေပါတယ်တဲ့။ အဲသည်တော့ နန်းပြာသာဒ်ကြီးက ယိမ်းယိုင်တာပေါ့လေ။ အဲသည်တော့မှ သိကြားမင်းက ထိတ်လန့်ပြီး သံဝေဂရကာ တရားကို ပြန်ပြီးသတိရပါတော့တယ်။ အဲသည်လို ဇာတ်ကြောင်းကို ကြားတဲ့အခါမှာ ပြောတဲ့သူကလည်း အပြောကောင်းလို့ ကျွန်မတို့မှာ အရှင်မဟာမောဂ္ဂလန်ရဲ့အမေးကို မဖြေဆိုနိုင်တဲ့ သိကြားမင်းကြီးကို မြင်ယောင်ကာ ရယ်မောကြရပါတယ်။

အရှင်မဟာမောဂ္ဂလန်ဟာ နန္ဒောပနန္ဒနဂါးမင်းလို တန်ခိုးတေဇော်ကြီးမားတဲ့ နဂါးမင်းကိုလည်း ချွတ်တော်မူခဲ့သူ ဖြစ်ပါတယ်။ အဲသည်လို တန်ခိုးကြီးမားတော်မူတဲ့ အရှင်မဟာမောဂ္ဂလန်ဟာ တိတ္ထိများက ငွေပေးပြီး သတ်ခိုင်းလိုက်တဲ့ သမဏဂုတ္တဦးစီးတဲ့ ဓားပြအဖွဲ့ရဲ့ ရိုက်နှက်သတ်ပုတ်ခြင်းကို ခံခဲ့ရပါတယ်။ အဲသည်ဓားပြများဟာ အရှင်မဟာမောဂ္ဂလန် သီတင်းသုံးတော်မူတဲ့ ဂူနားက ကာဠသိလာကျောက်ဖြာမှာ လာပြီးစောင့်နေတာကိုသိလို့ အရှင်မြတ်က ဂူခေါင်မိုးကို ဖောက်ထွက်ပြီး ရှောင်ခဲ့တာ ၆ ရက်တောင်မှ ရှိပါသတဲ့။ နောက်မှ အရှင်မြတ်ဟာ ငါ့မှာ ပရိနိဗ္ဗာန်မပြုမီ ချေရဦးမယ့်ဝဋ်တစ်ခု ရှိတယ်၊ ဓားပြများကို အတွေ့ခံမှဖြစ်မယ်လို့ ဆုံးဖြတ်တော်မူပြီး အတွေ့ခံလို့သာ အရှင်မြတ်ကို သူတို့တွေ့နိုင်ပြီး ရိုက်ပုတ်ညှဉ်းဆဲနိုင်ကြတာပေါ့။ အမေတို့ ပြောပြတဲ့အထဲမှာ ရိုက်လိုက်တာ ဘယ်လောက်ပြင်းထန်သလဲဆိုတော့ အရှင်မြတ်ရဲ့အရိုးတော်များဟာ ဆန်ကွဲစေ့တွေလို အစိတ်စိတ်အပိုင်းပိုင်း ကျိုးကြေသွားတာပါပဲတဲ့။

တကယ်လို့သာ သာမန်လူတစ်ယောက် အဲသည်လို အရိုက်ခံရရင် တစ်ခါတည်း အသက်ကုန်မှာပေါ့။ သို့ပေမယ့် အရှင်မဟာမောဂ္ဂလန်ကတော့ သတိကိုဖြစ်စေပြီး ဖွဲအိတ်လိုဖြစ်နေတဲ့ ကိုယ်ခန္ဓာကို တန်ခိုးတော်နဲ့ ပြန်လည်ဖွဲ့စည်းကာ မြတ်စွာဘုရားထံကို ဈာန်နဲ့ပျံသွားတော်မူပါသတဲ့။ မြတ်စွာဘုရားထံတော်ရောက်တဲ့အခါ ပရိနိဗ္ဗာန်ပြုခွင့်ပေးပါဘုရားလို့ ခွင့်တောင်းတော်မူပါတယ်။ မြတ်စွာဘုရားကလည်း



ခွင့်ပေးတော်မူပါတယ်။ အရှင်မဟာမောဂ္ဂလန်ဟာ ထန်းတစ်ဆင့် နှစ်ဆင့် သုံးဆင့်စသည်ဖြင့် မြင့်အောင် ကောင်းကင်သို့ပျံတက်ပြီး ထန်း ၇ ဆင့်မြင့်တဲ့အထိ ရောက်တဲ့အခါ တရားဟောတော်မူပါတယ်။ ပြီးတော့မှ မြတ်စွာဘုရားကို ရှိခိုးကန်တော့ပြီး ကာဠသိလာကျောက်ဖြာရှိရာကို ပျံတော်မူလာပြီး ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့ပါတယ်။

ကျွန်မတို့ကို ပုံပြောပြတဲ့သူများဟာ ကလေးသူငယ် စိတ်ပညာကို ကောင်းစွာတတ်ကျွမ်းတဲ့သူများ ဖြစ်ပါတယ်။ အရှင်မဟာမောဂ္ဂလန်ရဲ့ တန်ခိုးတော်ကြီးမားပုံကို စိတ်ဝင်စားဖွယ် ပြောပြပါတယ်။ ပြီးတော့ အရှင်မြတ်ဟာ တန်ခိုးတော်နဲ့ ဓားပြများကို ရှောင်နိုင်ပါလျက် မရှောင်တော့ဘဲ အမိခံလိုက်ရတာ ဘာကြောင့်လဲဆိုတာ နားထောင်နေတဲ့ ကလေးများ သိပ်စိတ်ဝင်စားလာတဲ့အခါကျမှ အရှင်မြတ် နစဉ်အခါက မှားခဲ့တဲ့အမှားကို ပြောပြပါတယ်။

အရှင်မြတ်ဟာ နစဉ်ဘဝတစ်ခုမှာ မျက်မမြင်မိဘနှစ်ပါးရဲ့ သားဖြစ်ခဲ့ပါသတဲ့။ သူဟာ အရွယ်ရောက်တဲ့အခါမှာ အိမ်ထောင်ပြုပါတယ်။ အိမ်ထောင်ဖက်ဖြစ်သူ မိန်းမက စိတ်သဘောထားဆိုးလေတော့ မိဘနှစ်ပါးကို သတ်ဖြတ်ပစ်ဖို့အထိ သွေးဆောင်ပါတယ်တဲ့။ ပထမတော့ အရှင်မြတ်အလောင်းအလျာဟာ မိန်းမပြောစကားကို မလိုက်နာပါဘူး။ နောက်တော့ အမြဲတစေတိုက်တွန်းနေတဲ့ မိန်းမစကားကို နားဝင်ပြီး အဖေနဲ့အမေကို လှည်းနဲ့တင်ကာ တောထဲကိုခေါ်ဆောင်သွားပါတယ်။ တောထဲတစ်နေရာမှာ လှည်းကိုရပ်ထားပြီး နေခဲ့ကြဦး၊ ဟိုဘက်နားကို သွားလိုက်ဦးမယ်လို့ ပြောပြီး တစ်ဖက်ကိုထွက်သွားလေဟန် လုပ်ပါတယ်။ နောက်တော့ အသံဖျက်ပြီး ဓားပြယောင်ဆောင်ကာ မိနဲ့ဘကို ဝင်ပြီးရိုက်ပါတယ်တဲ့။

မျက်မမြင်မိဘနှစ်ပါးဟာ ဓားပြယောင်ဆောင်ထားတဲ့ သားဖြစ်သူက ရိုက်တာကို တကယ့်ဓားပြအစစ်က ရိုက်တာလို့ ထင်ကြတာပေါ့။ အဲသည်တော့ သူတို့နာတာ ကျင်တာများကို သတိမထားမိဘဲ ကိုယ့်သား

www.burmeseclassic.com



နားကိုထွက်သွားတဲ့ သားဖြစ်သူ သူတို့ဘက်ကို ပြန်လာရင် ဓားပြအရိုက်ခံရတော့မယ်လို့ တွေးပူကြပါသတဲ့။ အဲသည်တော့ သားရေ လူကလေး အမေတို့အဖေတို့ဆီ မလာခဲ့နဲ့။ လွတ်အောင်ပြေးကွဲ့လို့ အော်ဟစ်ကြပါသတဲ့။ သားဖြစ်သူက သတ်ဖို့အထိ စိတ်မာန်သွင်းပြီး ရိုက်နက်နေရာက အမိအဖတို့က သူတို့အတွက် သူတို့စိတ်မပူဘဲ သူ့အတွက် စိတ်ပူနေတာကိုလည်းသိရော နောင်တရလာတဲ့အတွက် သူပြန်လာလို့ ဓားပြပြေးလေဟန်၊ သူက အခုပဲပြန်ရောက်လေဟန်နဲ့ အမိအဖများကို ခြေကိုင်လက်ကိုင် ဆုပ်နယ်ပေးပြီး အမိတို့ အဖတို့ သားပြန်ရောက်လာပြီ။ မပူကြနဲ့တော့ ကဲ ကဲ အိမ်ကိုပြန်ကြမယ်ဆိုပြီး အိမ်ကိုပြန်ခေါ်သွားပါတယ်တဲ့။

အဲသည်အကြောင်းကို ဟန်ပန်လေသံထည့်ပြီး ပြောပြတဲ့ အမေတို့ အဘွားတို့ကြောင့် နားထောင်နေကြတဲ့ ကလေးများဟာ ငိုကြပါတယ်။ သနားစရာကောင်းတဲ့ မျက်မမြင်မိဘဟာ သားအတွက် စိတ်ပူပန်လို့ အော်ဟစ်နေကြတာကို ကြားယောင်လာကြလို့ပါပဲ။ နောက်တော့ အမေတို့ အဘွားတို့က အမိအဖကို နာကျင်အောင်ပြုမိတဲ့ အရှင်မဟာမောဂ္ဂလာန် အလောင်းအလျာဟာ ငရဲမှာခံပြီးပေမယ့် ဝဋ်တော်ကိုတော့ ရှောင်လို့မလွတ်နိုင်ဘဲ ပရိနိဗ္ဗာန်စံမယ့် နောက်ဆုံးအချိန်အထိ ဓားပြရိုက်တာကို ခံတော်မူသွားရတယ်။ ကံတကာ့ကံမှာ ကံကြီးထိုက်တာဟာ အဆိုးဆုံးပဲလို့ ပြောရင်း နိဂုံးချုပ်ကြပါတယ်။

နိပါတ်တော် ဇာတ်တော်များထဲမှာပါတဲ့ သတိကိုဖြစ်စေတဲ့ အသိမှာကိုတိုးစေတဲ့ အကြောင်းအရာများကို ပြောပြခဲ့တဲ့ မိဘများဟာ အလွန့်အလွန်ကို ကျေးဇူးကြီးမားကြပါတယ်။ ဇာတ်တော်များထဲက အမိအဖကို ပြုစုလုပ်ကျွေးသူနဲ့ နှိပ်စက်သူများရဲ့ အကျိုးပေးကွာခြားပုံကိုလည်း သိနားလည်တဲ့အပြင် ကိုယ့်ကိုယ်ကိုထိန်းပြီး မိဘကျေးဇူးကို အထူးသိမြင်လာနိုင်ပါတယ်။

## ၅။ သားသမီး ထီးလား မီးလား

သားသည်အမေများနဲ့ စကားပြောခဲ့ပေါင်း များပါပြီ။ ဘယ်ကလေးကိုပဲမွေးမွေး ကလေးက တစ်ခါမှ မနာမဖျားဘူး။ သိပ်ကျန်းမာတာပဲလို့ ပြောတဲ့သူ မရှိပါဘူး။

တစ်ခါက သားသည်အမေနဲ့ သားသည်အဖေတို့ဟာ သူတို့သမီးကလေးကိုခေါ်ပြီး ကျွန်မတို့အိမ်ကို လာလည်ပါတယ်။ ကလေးက ကျန်းမာလိုက်တာ၊ ငိုတာလည်းမရှိ။ ပကတိကြည်လင်ရွှင်လန်းတဲ့မျက်နှာကလေးနဲ့ ဆော့နေပါတယ်။ ကလေးအဖေက သူ့သမီးအကြောင်းကို ဝမ်းမြောက်ဝမ်းသာ ပြောပြနေပါတယ်။ အစားလည်း ကောင်းကောင်းစားတယ်။ ကျန်းမာတယ်။ မနက်ပိုင်းမှာ အဖေအိပ်ရာကနိုးတဲ့အထိ သူက အသံဝူးဝူးဝါးဝါးလုပ်ရင်း အဖေ့ကိုကြည့်ကာ စောင့်နေတယ်၊ အဖေထမှ လှုပ်လှုပ်ရှားရှားနဲ့ အခေါ်နိုင်းတယ်။ နည်းနည်းမှ ဒုက္ခမပေးဘူးလို့ ပြောပါတယ်။ အဲသည်လို ရှားရှားပါးပါး ကျန်းမာတယ်ဆိုတဲ့ ကလေးလည်း ကျွန်မတို့အိမ်ကိုလာပြီး မကြာခင် အတော်ကလေးဖျားလို့ အဖေရောအမေပါ သိပ်စိတ်ဆင်းရဲကြရပါတယ်။ ကလေးနေကောင်းကောင်း ကျွန်မတို့ သွားမေးတော့ ကလေးအမေခမျာ သိပ်ပိန်နေတာပါပဲ။ စိတ်ဆင်းရဲလွန်းလို့လို့ ပြောရှာပါတယ်။

ကျွန်မငယ်ငယ်ကလည်း အတော်ချူချာပါတယ်။ အဖေဆိုတာ လစထုတ်တာနဲ့ ဒီဆရာဆေးဆိုင်ကိုတန်းပြီး သွားရတာပါပဲတဲ့။ ပြီးတော့ ကလေးအတွက်ဆိုရင် ကောင်းမယ့်ဆိုတဲ့ဆေးကို ဝယ်တာပါပဲတဲ့။ ကျွန်မက နေမကောင်းရင်လည်း တအင်အင်နဲ့ညည်းနေတတ်ပြီး နေလို့ကောင်းသွားရင်လည်း စကားတွေဝူးဝူးဝါးဝါးနဲ့ ပြောနေတတ်ပါတဲ့

www.burmeseclassic.com



အဲသည်လိုဆိုရင်လည်း အဖေက နောက်တစ်နေ့မှာ အလုပ်သွားရမှာပေမယ့် မအိပ်ဘဲ သမီးကိုထမ်းပြီး လျှောက်နေရပါတယ်တဲ့။

အသက်ငယ်တဲ့သူတွေက အဖေနဲ့အမေတို့ရဲ့ ကျေးဇူးဂုဏ်ကို ဘယ်မှာနှံ့နှံ့စပ်စပ် သိနိုင်ပါ့မလဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ဘဝနဲ့ပတ်သက်တာတွေကို အများကြီးမှ မသိသေးဘဲကိုး။ ကျွန်မတို့ကတော့ ကိုယ်ကိုယ်တိုင်တောင်မှ အသွားအရွယ်ကို ရောက်ခဲ့ပြီဆိုတော့ အမိအဖတွေရဲ့ ဒုက္ခသုက္ခများလှတဲ့ သားသည်အမေ သားသည်အဖေဘဝကို ကောင်းစွာ စာနာနားလည်ပြီး ကွယ်လွန်သွားပြီဖြစ်တဲ့ မိဘများကို များစွာလွမ်းဆွတ်ပြီး ကျေးဇူးလည်း အလွန့်အလွန် တင်ပါတယ်ဆိုတဲ့အကြောင်းကို နည်းအမျိုးမျိုးနဲ့ ပြောချင်မိပါတယ်။

ကလေးများအနေနဲ့ တစ်နေ့ရွှေ တစ်နေ့ငွေဖြစ်ပြီး ကျန်းမာလာရင် အမေတွေခမျာ ဘယ့်လောက်ပဲ မအိပ်ရသည်ဖြစ်စေ စိတ်ချမ်းသာ ပျော်ရွှင်သွားနိုင်ပါသေးတယ်။ တကယ်လို့ ကလေးက သေဆုံးသွားခဲ့ရင် ကလေးမိဘများဟာ ရူးမတတ်ဖြစ်သွားတတ်ကြတာကို တွေ့ရဖူးပါတယ်။ အဲသည်လို ကလေးကို ဆုံးရှုံးရတဲ့အခါ ကလေးရူးရူးတယ်လို့ ပြောရလောက်အောင် တွေ့သမျှကလေးတွေကို လိုက်ချစ်နေတတ်တာ၊ မြင်သမျှကို သူ့ကလေးနဲ့တူတယ် ထင်တတ်တာတွေကို ကျွန်မတို့ ပတ်ဝန်းကျင်မှာ ခဏခဏတွေ့ရတတ်ပါတယ်။ ဇာတ်တော်နိပါတ်တော်များထဲမှာ ကလေးဆုံးလို့ ရူးနောက်သွားတဲ့ အမျိုးသမီးနှစ်ယောက်ကို သတိရကြမယ် ဖြစ်ပါတယ်။ တစ်ချိန်တုန်းက ကိကီမင်းကြီးရဲ့ သမီးတော်များ ဖြစ်ခဲ့ကြပြီး ဘိက္ခုနီမများကို အားကျကာ ဆုတောင်းခဲ့ကြ၊ ပါရမီဖြည့်ခဲ့ကြပါလျက် သံသရာတစ်လျှောက်မှာ အမျိုးမျိုးသော ဝဋ်လိုက်စရာ ကိစ္စများကို ကျူးလွန်ခဲ့ကြတာကြောင့် နောက်ဆုံးဘဝမှာ သတိလက်လွတ် ဖြစ်သွားခဲ့ကြပါတယ်။ တစ်ဦးကတော့ ပဋာစာရီထေရီမ အလောင်းအလျာ ဖြစ်ပါတယ်။ သူကတော့ ခင်ပွန်းနဲ့ သား



နှစ်ယောက်ကို လက်လွှတ်ဆုံးရှုံးခဲ့ရပါတယ်။ နောက် မိဘနဲ့ မောင်တို့ ကိုလည်း ဆုံးရှုံးလိုက်ရပါတယ်။ အားလုံးဟာ အသေဆိုးနဲ့ချည်း သေခဲ့ ကြရတာကြောင့် ပဋာစာရီခမျာ အင်မတန်မှ စိတ်လွတ်လက်လွတ်နဲ့ ဆင်းတာကာ လျှောက်သွားနေခဲ့တဲ့အထိ ဖြစ်ခဲ့ပါတယ်။

နောက်တစ်ယောက်ကတော့ ကိသဂေါတမီဆိုတဲ့ အမျိုးသမီး ဖြစ်ပါတယ်။ သူ့အကြောင်းက အလွမ်းအဆွေးတစ်မျိုးနဲ့ ကြုံရတာပါပဲ။ သူငယ်ငယ်ကတည်းက မိဘကိုဆုံးခဲ့ရပါတယ်။ အရွယ်ရောက်တဲ့အချိန် မှာ ထူးခြားတဲ့ကိစ္စတစ်ရပ်နဲ့ ကြုံရပါတယ်။ အဖြစ်ကတော့ သာဝတ္ထိ ပြည်က သူဌေးကြီးတစ်ယောက်ဟာ မကောင်းမှု အကျိုးပေးနေတဲ့အချိန် ဖြစ်တဲ့အတွက် သူစုထားတဲ့ ရွှေတုံးတွေဟာ မီးသွေးတွေဖြစ်သွားတာနဲ့ ကြုံရပါတယ်တဲ့။ ပညာရှိတဲ့သူတစ်ယောက်က သူ့ကို အကြံတစ်ခုပေးပါ တယ်။ ဈေးထဲမှာ မီးသွေးတွေကို ချရောင်းပါ။ တစ်စုံတစ်ယောက်က ရွှေတုံးတွေ တစ်တုံးဘယ်လောက်လဲလို့ မေးလိုက်တာနဲ့ မီးသွေးတွေက ရွှေပြန်ဖြစ်သွားမယ်လို့ အဲသည်ပညာရှိက ပြောပါတယ်။ အဲသည် အကြံအတိုင်း ဖြစ်လာတာပါပဲ။ သည်ရွှေတုံးတွေက တစ်တုံး ဘယ် လောက်လဲလို့ မေးတဲ့သူက ပါးလျတဲ့ကိုယ်ပိုင်ရှင် ကိသဂေါတမီ ဖြစ် ပါတယ်။ မီးသွေးက ရွှေတုံးပြန်ဖြစ်တာကို ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား တဲ့ သူဌေးကြီးက ကိသဂေါတမီကို ချွေးမဖမ်းလိုက်ပါတယ်။ ကိသ ဂေါတမီဟာ သူဌေးချွေးမဖြစ်ပြီး မကြာခင်မှာ သူဌေးကြီးတို့က ကျေးဇူး တို့ မေ့သွားပြီး အပြစ်မြင်ကာ ငြိုငြိုငြင်ငြင်နဲ့ ဆက်ဆံတာကို ခံရပါ တယ်။ အဲသည်အချိန်မှာပဲ ကိသဂေါတမီကလေးဟာ သားကလေး တစ်ယောက် ဖွားမြင်ခဲ့ပါတယ်။ ကိသဂေါတမီအတွက် ဝမ်းမြောက် ဝမ်းသာနဲ့ သားကလေးကို ပုံပြီးချစ်ခဲ့ပါတယ်။ သားကလေးဟာ သူ့အသ သူ့မျှော်လင့်ချက်ဖြစ်လာခဲ့ပါတယ်။

အဲသည်လိုဖြစ်နေတုန်းမှာ ကလေးက ရုတ်တရက်ဆိုသလို ဖျား

www.burmeseclassic.com



နာပြီး ဆုံးပါးသွားပါတော့တယ်။ ကိသဂေါတမီက အဲသည်အဖြစ်ကို လက်မခံလိုပါဘူး။ လက်မခံချင်တိုင်း ကလေးကိုပိုက်ပြီး ဟိုလူသည်လူဆီမှာ ကလေးကိုပြပြပြီး သူ့ကလေး မသေသေးပါဘူး။ ကုပေးပါလို့ တောင်းပန်နေတော့တာပါပဲ။ တကယ်တော့ သတိကွာပြီး စိတ်ကမှုမမှန် ဖြစ်သွားတာပါပဲ။ အဲသည်အချိန်မှာ သူတော်ကောင်းတစ်ယောက်နဲ့တွေ့ပြီး မြတ်စွာဘုရားထံမှာ ဆေးကောင်းရှိတယ်၊ သွားတောင်းချည်လို့ လမ်းညွှန်လိုက်ပါတယ်။ ကိသဂေါတမီလည်း မြတ်စွာဘုရားထံကို အပြေးအလွှားသွားပြီး ဆေးတောင်းခဲ့ပါတယ်။ မြတ်စွာဘုရားက ချစ်သမီး၊ အသင်သည် လူတစ်ယောက်မှ မသေဖူးတဲ့ အမျိုးအနွယ်များနေတဲ့အိမ်က မုန်ညင်းစေ့ လက်တစ်ဆုပ်ကို တောင်းချေလို့ စေခိုင်းတော်မူလိုက်ပါတယ်။ ကွင်းဆင်းပြီး လေ့လာနိုင်းတဲ့နည်းကို သုံးတော်မူလိုက်တာပါပဲ။

ကိသဂေါတမီဟာ တစ်အိမ်တက်ဆင်း မုန်ညင်းစေ့ တောင်းခဲ့ပါတယ်။ အိမ်တိုင်းက မုန်ညင်းစေ့ပေးဖို့ လိုလိုချင်ချင် ရှိကြပါတယ်၊ သို့ပေမယ့် ရှင်တို့အမျိုးအနွယ်ထဲမှာ လူသေဖူးသလားလို့ မေးလိုက်တိုင်း ဟဲ့ ကလေးမရဲ့၊ လူဆိုတာ သေမျိုးပဲ။ သေဖူးတာပေါ့ကွယ်လို့ တစ်အိမ်ပြီးတစ်အိမ်က ပြန်ပြောတာကို ကြားရပန်များတော့မှ ကိသဂေါတမီလည်း သတိရလာပါတယ်။ အဲသည်နောက် ရင်ခွင်မှာ ပိုက်ထားတာ ကြာပြီဖြစ်တဲ့ သားသေရုပ်အလောင်းကို သွားရောက်မြှုပ်နှံပါတယ်။ ပြီးတော့မှ မြတ်စွာဘုရားကျောင်းတော်ကိုသွားပြီး ဘိက္ခုနီဝတ်ခဲ့ပါတယ်။ ဖော်ပြခဲ့တဲ့ အမျိုးသမီးနှစ်ယောက်စလုံးဟာ အရင်အမာဘဝ နောက်ဆုံးဘဝရောက်တာတောင်မှ သားသမီးနဲ့ပတ်သက်လာရင် စိတ်လွတ်သွားတတ်ကြပါတယ်။ အင်မတန်ဆိုးရွားတဲ့ ဒုက္ခမျိုးစုံကို ခါးစည်းခံလာခဲ့ပေမယ့် သားသမီးကို ဆုံးရှုံးတာလောက် ပြင်းထန်တဲ့ ပရိဒေဝမရှိဘူးလို့တောင်မှ ဆိုနိုင်ပါတယ်။



ကျွန်မတို့အမေက အဲသည်အကြောင်းတွေကို ပြောရင်း ကျွန်မတို့ကို မိဘတွေဟာ သားသမီးများကို ဘယ်လောက်ချစ်ခင်တယ် တွယ်တာတယ်ဆိုတာကို သိနားလည်စေခဲ့ပါတယ်။ သားသမီးကို ဆုံးရှုံးရတဲ့သူများအပေါ်မှာလည်း မေတ္တာထားတတ်သွားပါတယ်။ များမကြာခင်ကပဲ လူအများကြည်ညိုတဲ့ ဆရာတော်တစ်ပါးရှေ့မှာ အင်မတန်မှရိုသေလေးစားစွာထိုင်ပြီး တရားရှုမှတ်နေတဲ့ ဇနီးမောင်နှံနှစ်ယောက်ကို တွေ့ခဲ့ပါတယ်။ ခင်ပွန်းဖြစ်သူက တက္ကသိုလ်ကဆရာဖြစ်တဲ့အတွက် ကျွန်မသိပါတယ်။ တစ်ချိန်တုန်းက အင်မတန်ပျော်ရွှင်တတ်တဲ့ လူပေါ်ကြွတစ်ယောက်ပါပဲ။ အခုတော့ သမီးကလေးတစ်ယောက်သာ အဖတ်တင်ရာက သမီးကလေးကိုပါ ဆုံးလိုက်ရလို့ တစ်ခါတည်း ဘဝပြောင်းသွားလိုက်တာ ကြည်ညိုလေးစားဖွယ်ကောင်းတဲ့ ဥပါသကာတစ်ယောက်ဖြစ်နေပါတယ်။ တစ်နည်းဆိုရင်တော့ ဖြည့်ဆည်းခဲ့ဖူးတဲ့ ပါရမီဓာတ်ခံကောင်း ရှိတယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။

သားသမီးဟာ မီးလည်းဖြစ်သလို ထီးလည်းဖြစ်နိုင်ပါတယ်။ ပါရမီဓာတ်ခံနဲ့ အသိဉာဏ်ပေါင်းလိုက်နိုင်ရင်တော့ ထီးပေါ့။ သို့မဟုတ်လို့ကတော့ မီးစင်စစ်ပါပဲလေ။

www.burmeseclassic.com

# ရာဇဝင်ထဲက အဖေနဲ့အမေ

## ၁။ ဘမျိုးဘိုးတူ

ဘမျိုးဘိုးတူ ချိုနဲ့ ဆိုတဲ့စကားကို ကျွန်မတို့အမေက ခဏခဏ ပြောတတ်ပါတယ်။ အဲသည်လိုပြောတတ်လွန်းလို့ ကျွန်မက အဓိပ္ပာယ်ကို မေးမိပါတယ်။ အမေက မျိုးရိုးဆိုတာ လိုက်တတ်တယ်။ အမူအရာ၊ ကိုယ်လုံးကိုယ်ပေါက်၊ အပြောအဆို၊ ဉာဏ်ရှည်ဉာဏ်သွေးဆိုသလိုပေါ့။ အဲသည်လို ပြောလို့မကောင်းတာ တော်လှန်မပစ်နိုင်ဘူးလို့ မထင်လေနဲ့။ ကိုယ့်မှာ မကောင်းတဲ့အကျင့်ရှိရင် ကြိုးစားပြီး ပြုပြင်ပြောင်းလဲရတယ်။ နို့မဟုတ်လို့ကတော့ သားသမီးတွေက လိုက်ပြီး အတုခိုးတတ်တယ်။ မကောင်းတာကို အတုခိုးပြီး သားသမီး မြေးမြစ်အထိ လိုက်ပြီဆိုရင် အမေပြောသလို ဘမျိုးဘိုးတူ ချိုနဲ့ ဆိုတာမျိုး ဖြစ်သွားတော့မှာပေါ့လို့ အမေက ပြောပါတယ်။

ကျွန်မက အမေအဲသည်လိုပြောတော့ ရယ်လိုက်ပါတယ်။ အမေလည်း လိုက်ပြီးရယ်ပါတယ်။ အမေက ဘုရားတရားကို သိပ်ကြည်ညိုပါတယ်။ မမှန်တဲ့စကား ကြမ်းတမ်းတဲ့စကားကို မပြောပါဘူး။ အနှစ်မဲ့တဲ့စကားကိုလည်း မပြောပါဘူး။ သို့ပေမယ့် ယောင်ယမ်းရင်တော့ တော်တော်ညစ်ပတ်တဲ့ ယောင်နည်းမျိုးနဲ့ ယောင်တတ်ပါတယ်။ အမေက မရင်ရယ် မင်းနှယ်ကွယ်၊ ဘုရားတရားကြည်ညိုပြီး မဟုတ်တာတွေ ယောင်တယ်လို့ပြောတော့ အမေကရှက်ပြီး မျက်နှာများတောင် နီပါတယ်။ ကျွန်မငယ်ငယ်က မေမေယောင်သလို လိုက်ယောင်ဖို့ ကြိုးစားခဲ့တာကို သတိရပါသေးတယ်။ တံခါးခုံကလေးပေါ်မှာ ရပ်နေရင်း ချော်ကျသလိုမျိုးလုပ်ပြီး ယောင်တဲ့စကားကို နှုတ်ကရွတ်နေတာလေး အမေ [illegible] အလေး သမီးရယ်၊ မဟုတ်တာ တွေလိုက်ပြီးအတုခိုး

www.burmeseclassic.com



ပါလေနဲ့၊ မေမေတောင်မှ နှုတ်ကျင့်ပါခဲ့တာကို မနည်းပဲ ဖျောက်နေရတယ်လို့ ပြောပါတယ်။ နောက်တော့ မေမေလည်း မယောင်တော့ပါဘူး။

ဘမျိုးဘိုးတွေတာနဲ့ ပတ်သက်ပြီး ရာဇဝင်ထဲက အကြောင်းတစ်ခုကို ပြန်ပြောချင်ပါတယ်။ တချို့လည်း ဖတ်ဖူးပြီးသား ဖြစ်ကောင်းဖြစ်ပါမယ်။ သဘောတူတာတွေကို စုလိုက်ချင်လို့ ပြန်ပြီးရေးရတာ ခွင့်လွှတ်ကြစေလိုပါတယ်။ ပုဂံရာဇဝင်ထဲမှာ နရသီဟပတေ့မင်းရယ်လို့ မင်းဖြစ်လာမယ့် မင်းခွေးချေးဆိုတာ ရှိခဲ့ပါတယ်။ မင်းခွေးချေးအဖေက ဥဇနာပါတဲ့။ မင်းခွေးချေးအမေက တကယ်တော့ မောင်းမတစ်ယောက်ဖြစ်ပါတယ်။ ပန်းပွတ်သည်ဆွေမျိုးတစ်စုက ဥဇနာကို ဆက်သတဲ့ အမျိုးသမီးငယ်တစ်ယောက် ဖြစ်ပါတယ်။ အဲသည်အမျိုးက သမီးတစ်ယောက်ကို အကြောင်းပြုပြီး တိုးတက်ကြီးပွားအောင် ကြံဆောင်ချင်သူများ ဖြစ်ပါတယ်။ သူတို့က ပုဂံသမိုင်းဟာ အကျပိုင်းရောက်နေတာရော မင်းဖြစ်သူက နေပြည်တော်ကိုပစ်ပြီး ဒလသွားကာ ဆင်ဖမ်းနေတတ်တာရော ဘာကိုမှ ဂရုမစိုက်ပါဘူး။ သူတို့သမီးက မွေးတဲ့သား မင်းဖြစ်ဖို့ပဲ စဉ်းစားပါတယ်။ အဲသည်တော့ မင်းခွေးချေးကို ခမည်းတော်ရှိနေတဲ့ဒလမှာ သွားနေမှ ဟန်ကျမယ်ဆိုပြီး ဒလကို ဦးရိုးတော်ဦးဠင်းတစ်ပါးက လိုက်ပို့ပါတယ်။

ဦးဠင်းကလည်း ဘုရင့်အတွက် အရက်ကို လက်ဆောင်အဖြစ်ယူသွားပါသတဲ့။ ဘုရင်ကလည်း အရက်ကိုလက်ခံပြီး သားဖြစ်သူကို ပန်းပွတ်သည်မြေး ငခွေးချေးလို့ ခေါ်ပါသတဲ့။ ငခွေးချေးက အမတ်ကြီး ရာဇသင်္ကြန်ကိုကပ်ပြီး ခမည်းတော် ဆင်ကျွံရာက မတော်တဆမှုနဲ့ သေဆုံးတော့ မင်းဖြစ်လာခဲ့ပါတယ်။

နရသီဟပတေ့မင်းနဲ့ ပတ်သက်ပြီး ရာဇဝင်ထဲ မသိပါဘူးလို့ဆိုတဲ့ မြန်မာများတောင်မှ သိတဲ့အချက်တစ်ချက် ရှိပါတယ်။ အဲဒါက



တော့ ဟင်းခွက်သုံးရာနဲ့ ပွဲတော်တည်တယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ထယ်ငယ်တုန်းကတော့ ဒီဘုရင် ဘယ်လိုစားပါလိမ့်ပေါ့။ နောက်တော့မှ သိလာရတာက သူချည်းစားတာမဟုတ်ဘဲ သူက သားတွေသမီးတွေကို ခွဲဝေတတ်သေးတာကိုး။ မိဖုရားကမွေးတာကို ဝက်လက်ပေးရင် နောက်မိဖုရားငယ်ကျတော့ ဝက်ခြေထောက်ကို ပေးတတ်တာမျိုးလည်း ရှိပါတယ်။ ဘုရင်က သားသမီးချင်းကို ခွဲခြားတတ်သေးတာကိုး။

တစ်နေ့တော့ ဝက်ခြေကိုရနေကျမင်းသားက သူ့မိခင်ကို ပူဆာတော့ သူ့မိခင်က စားတော်ကဲကို တံစိုးလက်ဆောင်ပေးပြီး ဝက်ခြေနဲ့ဝက်လက် လဲပြီးဟောစေပါတယ်။ လူတိုင်းမှာ ပါးစပ်ရှိတာပဲ။ ပြောတာပေါ့။ ဝက်လက်ရနေကျ မင်းသားရဲ့မိခင် မိဖုရားက ပြောတာပေါ့။ အဲသည်တော့ စစ်ဆေးပြီး ဝက်ခြေကိုရနေကျမင်းသားကို ဝက်ခြေပြန်ပေးစေလို့ အမိန့်ချလိုက်ပါတယ်။ ပြီးတော့ ဘုရင်က လူမုံလယ်မှာ ဝက်လက်နိုးတဲ့မိဖုရားကို ဝက်လက်နိုးမလို့ ခေါ်ပါတယ်။ သူ့သားကိုတော့ ဝက်လက်နိုးမသားလို့ ခေါ်ပါတယ်။

အဲသည်လို သူကကြိမ်းတမ်းတဲ့ သူများအသရေကို ညှိုးစေတဲ့ အခေါ်အပြောကို သူ့ခမည်းတော် ဥဇနာထံက ရခဲ့တာလေ။ သူ့ကိုသူ့ခမည်းက ပန်းပွတ်သည်မြေး ငခွေးချေးလို့ခေါ်တာကော၊ သူကလည်း ခံရတဲ့သူ သက်သာမလား မသက်သာဘူးလား မတွေးတောဘဲ ဝက်လက်နိုးမသားလို့ ခေါ်လိုက်တော့ ပြည်စားသီဟသူဖြစ်လာမယ့် မင်းသားက အပြင်ထွက်ပြီး နှုတ်ကရေရွတ်ပါသတဲ့။

မွန်ဂိုတွေဝင်တိုက်တော့ အောက်ဘက်ကိုစုန်ဆင်းပြေးရတဲ့ နရသီဟပတေ့ဟာ စစ်ပြီးတော့ ပုဂံကိုပြန်ဆန်ပါတယ်။ ပြည်ရောက်တော့ သူ့သားတော်ချိန်လုံး ဝက်လက်နိုးမသားလို့ခေါ်ခဲ့တဲ့ ပြည်စားသီဟသူက ပွဲတော်တည်ခွင့်ပါတယ်။ ဘုရင်က ပွဲတော်စာထဲမှာ အဆိပ်ပါမှန်းသိလို့ စားဘဲနေနေတဲ့အခါ လှေပေါ်ကို သီဟသူ့ဘက်သားများက တက်လို့

www.burmeseclassic.com



ဖွေးဖွေးနဲ့ တက်လာခဲ့ပါတယ်တဲ့။ မိဖုရားစောက ဓားဘေး လှံဘေးနဲ့ အသေမခံပါနဲ့။ ပွဲတော်စာကိုသာစားပြီး အသေခံလိုက်ပါလို့ အကြံပေး လျှောက်တင်လို့ ပွဲတော်စာစားပြီး နရသီဟပတေ့ ကွယ်လွန်ခဲ့ပါတယ်။

သူ့ကိုသတ်သွားတာကတော့ သူ့နှုတ်ပဲ ဖြစ်ပါတယ်။ သူက နှုတ်ထွက်စကားကို သတိမထားဘဲ ပြောတတ်တာကလည်း သူ့ခမည်းတော် ဥဇနာရဲ့အကျင့်ကို သူယူခဲ့လို့ပါပဲ။ ဥဇနာက ပန်းပွတ်သည်မြေး ငခွေးချေးလို့ ခေါ်တာက အမှန်တွေကိုး။ ပန်းပွတ်သည်မြေးကလည်း အမှန်ပဲ။ ငခွေးချေးကလည်း သူ့ငယ်နာမည် ဖြစ်နေတာကိုး။ ဝက်လက်နိုးမတို့ ဝက်လက်နိုးမသားတို့ ဆိုတာကတော့ သူက သားချစ်မညီလို့ ဖြစ်ပေါ်လာတဲ့အမှုကို သူကပဲ သူတစ်ပါးအရှက်ရအောင် ခေါ်နေသလို ဖြစ်တာကိုး။ အဲသည်လို ခမည်းတော်ကတောင် ခေါ်နေမှတော့ အများကလည်း သရော်ပြီး ခေါ်ခဲ့ကြမှာဖြစ်ပါတယ်။ တော်တော်ဆိုးတဲ့ အကျိုးဆက်ကို ခမည်းတော်ကိုယ်တိုင် နှုတ်ထွက်ရန့်ရင်းစွာနဲ့ အကြောင်းပြုခဲ့တာကိုး။

## ၂။ ချစ်သော်လည်း မကြည်နိုင်

သားသမီးအတွက် အဖေနဲ့အမေဟာ အစားထိုးခြင်းငှာ မဖြစ်နိုင်တဲ့ လူသားနှစ်ယောက်ပါပဲ။ အဖေ့အနားမှာ အမေပဲရှိစေချင်တယ်လေ။ အမေ့အနားမှာရော အဖေပဲရှိစေချင်တာပေါ့။ တစ်ခါတလေကျတော့လည်း သားသမီးက သဘောထားကြီးသလိုလိုပဲ။ အဲသည်လို သားသမီးက သဘောထားကြီးလာပြီဆိုရင်လည်း သဘောထားက မမှန်တတ်တော့ဘူး။ တစ်ခါတုန်းက စေလိုရာစေနိုင်တဲ့ အခွင့်အာဏာ တစ်စုံတစ်ရာကို ရထားတဲ့ လူချမ်းသာကြီးတစ်ယောက်ကို သိခဲ့ဖူးပါတယ်။ သူ့သားက အဘိုးကြီးတော့ ဒါမျိုးကိုဝါသနာပါတယ်လေလို့ သူ့အဖေ အမျိုးသမီးတွေနဲ့ ရှုပ်တတ်တာကို အေးအေးဆေးဆေးပဲ ပြောပါတယ်။ အဲသည်သားကိုတော့ အဖေက ချော့ပေါင်းတာပဲလား မသိတော့ပါဘူး။ အတုန်အလိုလိုက်ရပါတယ်။ ကိစ္စတစ်စုံတစ်ရာပေါ်လာရင် ပါပါ သားကို ဆုံးမမနေနဲ့လေ။ ပြေလည်အောင်သာ ဆောင်ရွက်ပေးပါလို့ ပြောတတ်ပါသတဲ့။ အဘိုးကြီးကလည်း ဆဲဆဲဆိုဆိုနဲ့ ဆောင်ရွက်ပေးတတ်ရတော့တာပါပဲတဲ့။

အခုပြောပြချင်တာကတော့ အစားမထိုးနိုင်တဲ့ အမေ့နေရာမှာ အစားထိုးတာ မှားတဲ့ ဘုရင်ကြီးတစ်ပါးအကြောင်း ဖြစ်ပါတယ်။ ပုဂံခေတ်က ဘုရင်တစ်ပါးပါပဲ။ မြန်မာများအနေနဲ့ အင်မတန်ရင်းနှီးတဲ့ အလောင်းစည်သူမင်းကြီး ဖြစ်ပါတယ်။ မင်းကြီးက တုန်းကြီးလေတော့ ပဋိက္ကရားပြည်က သမီးကညာ ဆက်သပါတယ်တဲ့။ မင်းကြီးကလည်း ကြီးတော့ကြီးမှ ရလာတဲ့မင်းသမီးကလေးကို စွဲလမ်းပြီး နေ့နေ့ညည အတူတွဲတွဲနေပါတယ်တဲ့။ တစ်နေ့တော့ မင်းကြီးထံကို သားတော်ကြီး

www.burmeseclassic.com



မင်းရှင်စောနဲ့ မှူးကြီးမတ်ရာများ ဝင်ရောက်လာကြပါတယ်တဲ့။ မင်းကြီးက အတူတူ ပလ္လင်ပေါ်မှာထိုင်နေတဲ့ ပဋိကွရားမကလေးကို ဟဲ့ နင်ဆင်းလို့ မပြောတော့ ဟိုကလည်း မဆင်းဘူးလေ။ မှူးကြီးမတ်ရာများကတော့ ထိုင်ပြီးရှိခိုးကြပေမယ့် သားတော်ကြီးကတော့ နေမကောင်းဘူးလို့ပြောပြီး ပြန်ထွက်သွားလို့ မင်းကြီးက မကြည်ပါဘူးတဲ့။ မင်းကြီးအနေနဲ့ သားတော်ကြီးရဲ့ခံစားချက်ကို နားလည်ပေးဖို့ သင့်တာပေါ့။ ပလ္လင်ပေါ်မှာ မင်းကြီးနဲ့အတူထိုင်နေတာက သူ့မယ်တော်မှ မဟုတ်တာ။ ပြီးတော့ မင်းယောက်ျားတစ်ယောက်လေ။ ဘယ်လိုမှ ကိုယ့်ထက်မသာနိုင်တဲ့ မိန်းမတစ်ယောက်နဲ့ အတူထိုင်နေတဲ့ ခမည်းတော်ကို ရှိခိုးနိုင်မှာလဲ။ ပြီးတော့ ခမည်းတော်ကို တည်တည်ခန့်ခန့်မြင်ချင်မှာပေါ့။ လူငယ်တလေးလို မိန်းမငယ်ကလေးနဲ့ ကယုကယင် ချစ်တို့တင်နေတာကို ဘယ်ကြည့်ချင်ပါ့မလဲ။

နောက်တစ်ခါကျတော့ မင်းသားများသာ ဝတ်ရတဲ့အင်္ကျီကို အမတ်ကြီးအနန္တသူရိယက ဝတ်ထားတာကို ညီလာခံသဘင်ထဲမှာပဲ မင်းရှင်စောက ချွတ်ခိုင်းပါသတဲ့။ တကယ်တော့ အဲဒီအင်္ကျီကို မင်းကြီးက အမတ်ကြီးကို ချီးမြှင့်ထားတာပါ။ မင်းရှင်စောက စိတ်မြန်လက်မြန်နဲ့ အဲသည်လိုလုပ်လိုက်တော့ မင်းကြီးက ကြည့်စမ်း၊ ငါရှိနေတုန်းတောင်မှ မင်းရှင်စောက သည်လိုလုပ်တယ်ဆိုရင် ငါမရှိရင် ခက်ရချည်လို့ဆိုပြီး အဝေးကိုနှင်ပါတယ်တဲ့။ မင်းရှင်စောဟာ နောက်လိုက်နောက်ပါများနဲ့ အခုအောင်ပင်လယ်လို့ခေါ်တဲ့ အရပ်မှာ သွားနေပြီး လူအားနဲ့ လယ်တွေတည်ပြီး စိုက်ပျိုးနေလိုက်ကြတာ တယ်ပြီးဖြစ်ထွန်းတယ်လို့ဆိုပါတယ်။ သူ့ခမည်းတော်မင်းကြီးကို ဝေးတော့လည်း တသက်သက် ဖြစ်ဟန်တူပါရဲ့။ တစ်ပတ်တစ်ခါဆိုသလို အောင်ပင်လယ်မှာ ပွင့်တဲ့ကြာပွင့်များနဲ့ အသီးအနှံများကို လက်ဆောင်အဖြစ် ပေးပို့ဆက်သလေ့ရှိပါသတဲ့။



မင်းကြီးအနီးမှာတော့ မောင်းမတစ်ယောက်ကမွေးတဲ့ နရသူလို့ခေါ်တဲ့ သားတစ်ယောက် ကျန်ရစ်ပါတယ်။ နရသူဆိုတာက အသားညိုညို တုတ်တုတ်ခိုင်ခိုင်နဲ့ အခွင့်အလမ်းကို အမိဖမ်းဖို့ စောင့်နေတဲ့ သားတစ်ယောက်ဖြစ်ပါတယ်။ သူ့မိခင်က သာမန်မောင်းမတစ်ယောက်ပါပဲ။ သူ့အတွက်တော့ မင်းအဖြစ်ရဖို့ ကြိုးစားထားမှ ဖြစ်မယ်ဆိုတော့ မင်းကြီး ခိုင်းသမျှကို လုပ်ပေးနေခဲ့ပါတယ်။ အဲသည်အချိန်မှာ အသက်ကြီးပြီဖြစ်တဲ့ မင်းကြီးက အသည်းအသန် နာဖျားမကျန်း ဖြစ်တော့တာပါပဲ။ နရသူက မင်းကြီးရဲ့ကုသိုလ်တော်ဖြစ်တဲ့ ရွှေဂူကြီးမြတ်စွာဘုရားထဲမှာ မင်းကြီးကို သွားထားပါသတဲ့။ မောင်းမတစ်ယောက်ကိုတော့ အစောင့်အဖြစ် ထားပါတယ်။ မင်းကြီးသတိရလာတဲ့အခါမှာ ငါဘယ်ကိုရောက်နေသလဲလို့ မေးပါတယ်။ မောင်းမငယ်က ရွှေဂူကြီးမြတ်စွာဘုရားထဲမှာ ရောက်နေပါတယ်။ နရသူက လာပြီးထားတာပါလို့လည်း ပြောရော မင်းကြီးက ဒေါသထွက်လိုက်တာ တစ်ခါတည်း သေပါလေရောတဲ့။ တချို့သမိုင်းထဲမှာတော့ နရသူကိုယ်တိုင် ခေါင်းအုံးနဲ့ ဖိသတ်တယ်လို့ ဆိုပါတယ်။

မင်းကြီးမရှိတော့တဲ့အခါမှာ ရဟန်းရှင်လူများကလည်း တရားသောအတိုင်း မင်းရှင်စောဟာ သားတော်ကြီးဖြစ်တယ်။ သူ့ကို နန်းတင်ပေးသင့်တယ်ဆိုတာမျိုးတွေ ပြောကြမှာပေါ့။ နရသူက ပုံသကူမဟာထေရ်ထံကို ချဉ်းကပ်ပြီး မင်းရှင်စောကို ပင့်ပေးပါ၊ နန်းတင်ချင်လို့ပါလို့ လျှောက်တင်ပါသတဲ့။ မဟာထေရ်က အသင် သစ္စာကတိတည်မှာလား ငါတို့ဘုရားသားတော်များဟာ လောကီရေးကိစ္စများမှာ ဝင်မပါလိုဘူး အများအယွင်း တစ်စုံတစ်ရာရှိခဲ့သော် ငါတို့မှာ အပြစ်ဖြစ်တယ်လို့ မိန့်ဆိုတော်မူပါသတဲ့။ နရသူက တပည့်တော်ကိုယ်တိုင် ပခုံးနဲ့ ထမ်းပြီး နန်းတင်ပါ့မယ်လို့ လျှောက်ထားတဲ့အခါမှာတော့ ပုံသကူမဟာထေရ်က မင်းရှင်စောထံကိုကြွပြီး ပုဂံကိုလာရောက်ကာ နန်းသိမ်းဖို့ ခေါ်တော်မူပါသတဲ့။

www.burmeseclassic.com



မင်းရှင်စောကလည်းလေ၊ အမြဲတမ်း စိတ်မြန်လက်မြန် ရှိတတ်တယ်။ ပုဂံကိုလိုက်လာတာများ လှေလျှင်နဲ့ အဖော်တစ်ယောက်သာ ပါပါသတဲ့။ ပုဂံကျတော့ ရေထဲထိဆင်းပြီး နရသူက မင်းရှင်စောကို ဖန်းနဲ့ထမ်းပြီး ခေါ်ပါတယ်။ ညကျတော့သာ အဆိပ်ပါတဲ့ ပွဲတော်စာကို ခင်းခဲ့တဲ့အတွက် မင်းရှင်စော အဆိပ်မိပြီး သေပါတယ်တဲ့။ ပုံသကူမဟာထေရ်က နရသူကို အပြစ်တင်တော့ သူကတိပေးခဲ့တဲ့အတိုင်း ပန်းနဲ့ထမ်းပြီး နန်းတင်ပေးတာပဲရှို့ ခပ်ပြောင်ပြောင်ပဲလျှောက်တော့ မထေရ်မြတ်က သီဟိုဠ်ကို ကြွသွားတော်မူပါတယ်။

မင်းရှင်စောကိစ္စကိုသာကြည့်ပြီး ဝေဖန်ရရင်တော့ ခမည်းတော်မင်းကြီးဟာ သူမကြည်ညိုနိုင်တဲ့ အနေအထားနဲ့ ဖြစ်နေလို့သာပါ။ မချစ်ဘဲတော့ မနေပါဘူး။ ချစ်မှာပါပဲ။ မင်းကြီးကတော့ တဏှာပေမရဲ့ဆွဲဆောင်မှုနောက်ကို ကောက်ကောက်ပါနေတဲ့အတွက် ဖခင်တစ်ဦးအနေနဲ့လည်း မတွေး၊ မင်းတစ်ပါးအနေနဲ့လည်း ရှေ့ရေးမမျှော်ခဲ့လို့ မတော်တာတွေ ဖြစ်ခဲ့ရတယ်လို့ပဲ ပြောရမယ်ဖြစ်ပါတယ်။

## ၃။ အမေတူသား

မြန်မာမိသားစုများမှာ ဖခင်ကဦးဆောင်သူနေရာမှာ ရှိနေတတ်ပြီး မိခင်က မှီခိုသူနေရာမှာ နေတတ်ပါတယ်။ မိခင်ကိုယ်တိုင် စီးပွားဝင်ရှာတဲ့ တ်မှာတောင်မှ အမေက နေရာသိပ်မယူပါဘူး။ အိမ်ထဲမှာ ဘယ်လိုပဲ ချုပ်ကိုင်သည်ဖြစ်စေပေါ့လေ။ အဲသည်လို ယေဘုယျအားဖြင့် ဆိုရပေမယ့် လူအမျိုးမျိုး နတ်အထွေ ဆိုတယ်မဟုတ်လား။ မိခင်က သိပ်ပြီး နေရာယူတတ်တာလည်း ရှိတတ်ပါသေးတယ်။ အထူးသဖြင့် ဆောင်းတက် မာန်ကြီးတဲ့သူတွေပေါ့လေ။ ကျွန်မတို့ ပညာတတ်အသိုင်းအဝိုင်းမှာတောင်မှ မိခင်ကိုသိပ်ဦးစားပေးရတဲ့ ပညာတတ်ယောကျ်ားကြီးတွေအကြောင်းကို ကြားရဖူးပါတယ်။ ခေတ်ပညာတတ် ရာထူးကြီးဆို လက်ကိုင်ရထားတဲ့သားက အမေဖြစ်သူ ထမင်းစားစောင့်နေလို့ချိန်တိတိကျကျ အိမ်ကိုပြန်ပြီး အမေနဲ့အတူ ထမင်းစားရတယ်ဆိုတာမျိုးကို ကြားရတာ ထူးလည်းထူးဆန်းပြီး ကြည်လည်းကြည်နူးစရာ ကောင်းပါတယ်။ အခုတော့လည်း အချိန်ကို အလုပ်ပြီးမပြီးနဲ့ သတ်မှတ်တော့ မေမေကြီး ထမင်းစားစောင့်နေလည်း သားဖြစ်သူက အိမ်ပြန်လို့ မထင်ပါဘူး။

အဲသည်သားက မေမေ့သဘောတူညီချက်နဲ့ အိမ်ထောင်ပြုပါ ယ်။ ချွေးမကို မိခင်က ကျွန်သဘောက်လို သဘောထားတယ်ဆိုတာ ဆိုခေတ်ကြီးမှာ မဖြစ်နိုင်တော့ပေမယ့် အဲသည်မေမေကြီးတစ်ယောက် တော့ဖြင့် ကြိုးစားခဲ့ပါသေးတယ်တဲ့။ အရွယ်လည်းမငယ်၊ ပညာ လည်း တတ်၊ အမျိုးကောင်းသမီးလည်း ဖြစ်ပါလျက် အဲသည်မေမေ ကြီးရဲ့ ချွေးမဘဝကို ရောက်သွားတဲ့ အမျိုးသမီးမှာ အမေက ချုပ်ကိုင်ပေး

www.burmeseclassic.com



ပြီး သားက ရိုက်တာနက်တာတောင်မှ ခံနဲ့ရပါသေးသတဲ့။ သားကလေး နှစ်ယောက်ရှိပေမယ့် ဖခင်ရဲ့ ချစ်ခင်ယုယမှုကို မခံစားရဘဲ ပေါက်တာ ပေါက်တာကြောင့် ကလေးဖြစ်လျက်နဲ့ မရွှင်မလန်း ဖြစ်နေရပါတယ်။ အဲသည်လိုဆိုးတဲ့မိခင်ကြီးဟာ မြင့်မားတဲ့မျိုးရိုးက ဆင်းသက်လာတာ ဖြစ်ပါတယ်။

အဲသည်အကြောင်းကို ကြားရတဲ့အခါမှာ စိတ်အတော်ဆင်းရဲသွားပါတယ်။ ကျွန်မက သမိုင်းကိုဖတ်နေရတဲ့သူဆိုတော့ စောင်းစောင်းတက် မာန်ကြီးတဲ့ အမျိုးသမီးကြီးတွေအကြောင်း ဖတ်မိရင် အခုနအမျိုးသမီးကြီး အကြောင်းကို သတိရမိနေတတ်ပါတယ်။

ကျွန်မဖတ်ဖူးတဲ့ ရာဇဝင်ထဲက မာန်လည်းကြီး ရက်လည်းရက်စက်တဲ့ အမျိုးသမီးကြီးတစ်ယောက်ကတော့ နတ်ရှင်နောင်ရဲ့မိခင် မင်းခင်စော ဖြစ်ပါတယ်။ မင်းခင်စောက ဘုရင့်နောင်မင်းတရားကြီးနဲ့ စန္ဒာဒေဝီရှင်မိဖုရားတို့က မွေးဖွားတဲ့သူ ဖြစ်ပါတယ်။ မင်းခင်စောဟာ တောင်ငူဘုရင် မင်းရဲသီဟသူနဲ့လက်ဆက်ပြီး နတ်ရှင်နောင်ကို မွေးဖွားခဲ့ပါတယ်။ နတ်ရှင်နောင်နဲ့ မင်းရဲသီဟသူတို့ သားအဖဟာ ဟံသာဝတီကို အတူသွားပြီးတိုက်ပါတယ်။ သူတို့ရဲ့ မဟာမိတ်ကတော့ ရခိုင်ဘုရင် မင်းရာဇာကြီး ဖြစ်ပါတယ်။ ဟံသာဝတီဟာ အင်အားစုနှစ်စုက ဝိုင်းဝန်းတိုက်ခိုက်တာကို မခံနိုင်ပါဘူး။ ပထမဦးစွာ ဟံသာဝတီ အိမ်ရှေ့မင်းဖြစ်သူ မင်းရဲကျော်စွာက ဘကြီးဖြစ်သူ မင်းရဲသီဟသူထံမှာ လက်နက်ချပါတယ်။ ကျွန်တော့အသက်ကို လွှတ်ပါလို့ တောင်းပန်ထားတော့ မင်းရဲသီဟသူက မင်းရဲကျော်စွာကို မသတ်ပါဘူး။ နောက်တန်းဖြစ်တဲ့ တောင်ငူကိုပို့ဖို့ စီမံထားပါတယ်။ အဲသည်အချိန်မှာ နတ်ရှင်နောင်က သူ့ခမည်းတော်ကို ဘာဖြစ်လို့မသတ်တာလဲလို့ မေးပါတယ်။ မင်းရဲသီဟသူက ငါကမသတ်ဘူးလို့ ကတိပေးထားတယ်။ သူဟာ ငါ့တူတော်တာပဲလို့ ပြောပါတယ်။ နတ်ရှင်နောင်က တောင်ငူမှာရှိနေတဲ့ မယ်တော်မင်းခင်စောကို မင်းရဲကျော်စွာရောက်လာရင် သတ်လိုက်ပါလို့



စာရေးပြီး ပြောလိုက်ပါတယ်။ မင်းခင်စောကလည်း လက်မရွံ့ကို လွှတ်ပြီး မင်းရဲကျော်စွာကို သတ်လိုက်ပါတယ်။

သားတော်အိမ်ရှေ့မင်း လက်နက်ချပြီဆိုတော့ နန္ဒဘုရင်ကလည်း မိဖုရားကြီးနဲ့အတူ လက်နက်ချပါတယ်။ သူ့ကို မြတ်စောညီနောင်ဘုရားကျောင်းတော်ရင်းမှာ နေခွင့်သာပေးပါ။ သူဘာမှမလုပ်ပါဘူးလို့ ကတိပေးပါတယ်။ အဲသည်တော့ မင်းရဲသီဟသူကလည်း သူနဲ့ညီနောင်တော်တဲ့ နန္ဒဘုရင်ကို တောင်ငူပို့ဖို့ စီစဉ်ပါတယ်။ နတ်ရှင်နောင်ကလည်း နန္ဒဘုရင်ကို သတ်မပစ်ဘူးလားလို့ သူ့ခမည်းတော်ကို မေးပြန်ပါတယ်။ ခမည်းတော်ကလည်း မသတ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ငါ့ညီဖြစ်နေလို့ပဲလို့ ဖြေလိုက်ပါတယ်။ နတ်ရှင်နောင်ကလည်း မယ်တော် မင်းခင်စောဆီကို စာရေးပြန်ပါတယ်။ မင်းခင်စောကလည်း နန္ဒဘုရင်ကို မြတ်စောညီနောင်ခြေရင်းက သူ့တဲနန်းကထွက်ပြီး သူ့မိဖုရားကြီးတဲနန်းကို အလာမှာ လုပ်ကြံနိုင်းလိုက်ပါတယ်။

နတ်ရှင်နောင်က အဲသည်လိုရက်စက်တာမှာ စိတ်တူသဘောတူရှိလှတဲ့ မယ်တော်ရှိနေတာကိုး။ သူတို့က ခမည်းတော်ရဲ့ခံစားချက်ကိုလည်း အသိအမှတ်မပြုခဲ့ဘူးလေ။ တကယ်တော့ နန္ဒဘုရင်နဲ့ သားဖြစ်သူတို့က သူတို့ကိုလာပြီး တိုက်တာမဟုတ်ဘဲ သူတို့က သွားတိုက်တာ ဖြစ်ပါတယ်။ ဖမ်းမိတယ်ဆိုတာနဲ့ သတ်ရမယ်လို့ တရားသေသဘောထားတာဟာ ရက်စက်လွန်းလို့ပါပဲ။

နတ်ရှင်နောင်စိုးစံနေတဲ့ တောင်ငူကို အနောက်ဘက်လွန်ကတိုက်ပြီး နန်းတော်ပြာသာဒ်ပေါ်က မှန်ကင်းကိုချကာ နတ်ရှင်နောင်ကို ပြန်လည်စိုးစံစေပါတယ်။ စိတ်မာန်ကြီးတဲ့ နတ်ရှင်နောင်အနေနဲ့ လက်အောက်ခံ မင်းတစ်ပါးအဖြစ် သတ်မှတ်ခံရတာ အတော်ဆိုးမှာပါပဲ။ အဲသည်တော့ မင်းလည်း စစ်ဘုရင်၊ ငါလည်း စစ်ဘုရင်၊ တိုက်ကြဦးမယ်ဆိုပြီး ကိုယ့်မှာ အင်အားပြည့်လာတဲ့တစ်နေ့မှာ အနောက်ဘက်လွန်ကို စိန်ခေါ်နိုင်ပါတယ်။ အင်အားကို ပြည့်တင်းနေရမှာ စိတ်ရှည်နိုင်းတဲ့

www.burmeseclassic.com



နတ်ရှင်နောင်က ကြက်ရိုးပင်စားကို ကတ္တီပါအိတ်တစ်အိတ် ပေးပြီး ဇေင်ကာဆီ လွှတ်ပါတယ်။ ကတ္တီပါအိတ်ထဲမှာ စာပါတယ်ဆိုတာ ကြက်ရိုးပင်စားလည်း သိပါတယ်။ စာကို ချိပ်တံဆိပ်ခတ်နှိပ်ထားတာကြောင့် ဘာတွေရေးထားမှန်းတော့ မသိနိုင်ပါဘူး။

စာရတယ်ဆိုကတည်းက ဇေင်ကာဟာ သူ့မဟာမိတ် မုဂ္ဂလမစားနဲ့ တိုင်ပင်စီစဉ်ကာ တောင်ငူကိုချီလာပါတယ်။ ဇေင်ကာတို့ ပေါ်တူဂီတွေ ဦးဆောင်တဲ့တပ်ကြီး ဖြတ်သွားရာနေရာတိုင်း အပျက်စီးကြီး ပျက်စီးခဲ့ရပါတယ်။ တောင်ငူလည်း များစွာထိခိုက် ပျက်စီးခဲ့ရပါတယ်။ နတ်ရှင်နောင်ရဲ့မယ်တော် မင်းခင်စောကိုယ်တိုင်လည်း လှည်းတစ်စီးနဲ့ ထွက်ပြေးလိုက်တာ ဘယ်ရောက်လို့ ဘယ်ကိုပေါက်သွားမှန်းမသိ ဖြစ်ရပါတယ်။ နတ်ရှင်နောင်ရဲ့ညီတော်ရင်း မင်းရဲကျော်စွာကိုယ်တိုင် ဆင်စီးပြီး ပေါ်တူဂီတွေကို ခုခံခဲ့ပါတယ်။ သူဟာ ဆင်ဦးကင်းပေါ်မှာ အမြောက်ကျည်သင့်လို့ ကျဆုံးသွားခဲ့ပါတယ်။

နတ်ရှင်နောင်ဟာ ပေါ်တူဂီများ တောင်ငူကိုဖျက်ဆီးနေတဲ့ တစ်ချိန်လုံး ဘာလုပ်နေသလဲ၊ ဘယ်သူမှမသိပါ။ သေချာတာကတော့ ဇေင်ကာ ပြန်တဲ့အချိန်မှာ သူပါသွားတာပါပဲ။ အနောက်ဘက်လွန်က ဇေင်ကာရော နတ်ရှင်နောင်ကို ပါမိတော့ စစ်မေးပါတယ်၊ ဇေင်ကာက နတ်ရှင်နောင်ခေါ်လို့လာရပါတယ်လို့ ပြောပါတယ်။ နတ်ရှင်နောင်က ငါမခေါ်ဘူးလို့ ငြင်းပါတယ်။ ကြက်ရိုးပင်စားက သူသွားပေးရတဲ့ ကတ္တီပါအိတ်ထဲမှာ စာပါတယ်။ ဒါပေမဲ့ ဘာတွေရေးထားမှန်း မသိလို့ ပြောပါတယ်။ သေချာတာကတော့ သူ့ခမည်းကိုပင် သစ္စာဖောက်ဖူးတဲ့ ဇေင်ကာကို သူ့ဘက်က စတင်ဆက်သွယ်တာဟာ သဘောထား မရိုးပါဘူး။ ရက်စက်တဲ့သူများ ကိုယ်ကျိုးစီးပွားရမယ်ဆိုရင် ဘနဖူး သိုက်တူးဖို့ ဝန်မလေးတတ်ကြပါဘူး။ နတ်ရှင်နောင်က အဲသည်လို ကိုယ့်အမျိုးကိုယ်သစ္စာဖောက်တတ်အောင် သူ့မယ်တော်က ရေ့ဆောင်လမ်းပြပြုခဲ့ပါတယ်လေ။

# ၅။ မိဘဆိုတော့လည်း

ရာဇဝင်ဆိုတာ လူတွေအကြောင်းကို အစီအစဉ်တကျ ဖော်ပြထားတာဖြစ်ပါတယ်။ လူသားထုတစ်ရပ်လုံးအကြောင်းကို ဦးစားပေးတယ်ဆိုပေမယ့် ဦးဆောင်သူ လူတန်းစားအကြောင်းကိုတော့ အသေးစိတ် ဖော်ပြတတ်ကြပါတယ်။ အဲသည်အခါမှာ ရာဇဝင်ထဲက အဖေနဲ့အမေတို့ သားတို့သမီးတို့အကြောင်းတွေကို သိကြရတာပါပဲ။

ရာဇဝင်ထဲက အဖေနဲ့အမေတို့ဟာ သူတို့သားသမီးအတွက် ကောင်းအောင် ဘယ်လိုဆောင်ရွက်ကြတယ်။ ကောင်းမလာတဲ့အခါမှာ ဘယ်လိုခံစားကြရတယ်။ ဘယ်လို ဒုက္ခရောက်တတ်ကြတယ်ဆိုတာကို စတ်ရှုမိတဲ့အခါမှာ ခြော် ခေတ်တွေပြောင်းမယ်၊ လူမှုရေးတွေ ပြောင်းမယ်။ သို့သော် သားသမီးအပေါ်မှာထားတဲ့ မိဘရဲ့စေတနာ မိဘရဲ့ခံစားမှုတော့ မပြောင်းလဲပါကလားလို့ တွေးမိလို့ သည်စာကို ရေးမိပါတယ်။

ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံတဲ့အခါ ဟံသာဝတီပြည်ကြီးကို ဆက်ခံသိမ်းပိုက်တဲ့ သူကတော့ ငါးဆူဒါယကာလို့ ခေါ်တဲ့ နန္ဒဘုရင် ဖြစ်ပါတယ်။ နန္ဒဘုရင်က သူဘိသိက်ခံကတည်းက သားတော် မင်းကြီးစွာကို အိမ်ရှေ့အရာ ပေးခဲ့ပါတယ်။ ဟံသာဝတီပြည်ကြီးရဲ့ လက်အောက်ကမြို့တွေထဲမှာ အင်းဝက အရေးပါတဲ့မြို့တော်ဖြစ်ပါတယ်။ အဲသည်အင်းဝမှာ ဟံသာဝတီက ခန့်အပ်ထားတဲ့ ဘုရင်ကတော့ ဘုရင့်နောင်မင်းတရားကြီးရဲ့ ညီတော်အရင်းတစ်ပါးဖြစ်တဲ့ သတိုးမင်းစောဖြစ်ပါတယ်။ အင်းဝမိဖုရားကတော့ နန္ဒဘုရင်နဲ့ အဖေတူအမေတူ အရင်းအချာနှမတော် ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ဘုရင့်

www.burmeseclassic.com



နောင်နဲ့ တပင်ရွှေထီးအစ်မတော် သခင်ကြီးတို့က ဖွားမြင်သူများဖြစ်လို့ အမျိုးအားဖြင့် လွန်စွာမြတ်တယ်၊ ထက်မြက်တယ်လို့ သူ့ခေတ်နဲ့သူ အယူရှိကြပါတယ်။

အဲသည်လို အမျိုးမြတ်တယ်ဆိုတဲ့ သူတွေဟာ ဆွေချင်းထပ် မြတ်တယ်လို့ ယူဆကြလို့ သားသမီးများကို လက်ဆက်ပေးတတ်ကြပါတယ်။ နန္ဒဘုရင်နဲ့ သူ့နှမတော်ရင်း အင်းဝမိဖုရားတို့က သူတို့သားနဲ့သမီးကို လက်ဆက်ပေးဖို့ ဆုံးဖြတ်ကြပါတယ်။ အဲဒါကြောင့် မင်းကြီးစွာ အိမ်ရှေ့မင်းဖြစ်တဲ့အချိန်မှာ အင်းဝဘုရင်နဲ့ မိဖုရားတို့ရဲ့ သမီးဖြစ်သူ နတ်ရှင်မယ်ဟာ အိမ်ရှေ့မိဖုရား ဖြစ်လာပါတယ်။

ဇာတ်လမ်းက အဲသည်အထိတော့ ကောင်းနေတာပါပဲ။ သို့ပေမယ့်မင်းကြီးစွာက နတ်ရှင်မယ်ကို မချစ်ခင် မမြတ်နိုးပါဘူး။ သူချစ်ခင်တဲ့သူက ဘုရင့်နောင်မင်းတရားကြီးနဲ့ ရာဇဒေဝီရှင်မိဖုရားတို့ရဲ့ သမီးဖြစ်သူ ပင်တိုင်စံ ရာဇဓာတုကလျာ ဖြစ်နေပါတယ်။ ရာဇဓာတုကလျာက မင်းကြီးစွာကို လက်ခံတယ် လက်မခံဘူးဆိုတာ ရာဇဝင်မှာတော့ ကွဲကွဲပြားပြား မပါပါဘူး။ ရာဇဝင်မှာ ပါတာကတော့ မင်းကြီးစွာနဲ့ နတ်ရှင်မယ်တို့နှစ်ယောက် ရာဇဓာတုကလျာနဲ့ပတ်သက်ပြီး အချင်းများတဲ့အခါ မင်းကြီးစွာက ရတ်တရက်တွန်းဖယ်လိုက်လို့ နတ်ရှင်မယ် လဲအကျမှာ သလွန်စောင်းနဲ့တိုက်မိပြီး နဖူးကသွေးထွက်လာတဲ့အကြောင်းပါပဲ။ နတ်ရှင်မယ်က မာန်ကြီးတဲ့သူဆိုတော့ သူ့နဖူးကထွက်တဲ့ သွေးကို ဝတ်လဲတော်စနဲ့ သုတ်ယူပြီး ဘူးထဲကိုထည့်ပါတယ်။ ဘူးအပေါ်က တံဆိပ်ခတ်နှိပ်ပြီး စာလွှာလည်းတစ်စောင် ရေးပါတယ်။ မင်းကြီးစွာက ရာဇဓာတုကလျာကို တိမ်းညွတ်နေလို့ သူ့ကိုဂရုမစိုက်တဲ့အကြောင်း၊ သူနဲ့အချင်းများတဲ့အခါ လက်လွတ်စပယ် တွန်းဖယ်လိုက်လို့ သလွန်စောင်းနဲ့ဆောင့်မိကာ နဖူးမှသွေးကျလာသည်ကို ခမည်းတော်နဲ့မယ်တော် သိသာရန် ဝတ်လဲတော်နဲ့သုတ်ပြီး ဘူးသွတ်ကာ ပို့လိုက်ပါကြောင်းတို့ကို ရေးထားတဲ့ စာဖြစ်ပါတယ်။



အင်းဝဘုရင်နဲ့မိဖုရားတို့ဟာ အဲသည်စာကိုလက်ခံရရှိတဲ့အခါ စိတ်ဆင်းရဲသည်ကတစ်ဖက် ဒေါသမာန်ပွားသည်ကတစ်ဖက် ဖြစ်လာကြပါတယ်။ သတိုးမင်းစောဟာ ဟံသာဝတီကို ခြားနားခဲ့ပါတယ်။ ရှာ အစောပိုင်းက မခြားနားချင်ပေမယ့် သူ့မိဖုရားဖြစ်သူက အဖကောင်း သမီး၊ မောင်ကောင်းနှမ ဖြစ်ခဲ့ပေမယ့် လင်ကောင်းမယားတော့ မဖြစ်ဘူးဆိုတဲ့စကားမျိုးနဲ့ သူ့ကြင်ရာတော်ကို ပြောဆိုစွပ်စွဲလို့ ဟံသာဝတီကို ခြားနားဖြစ်ပါတယ်။ အင်းဝဘက်ကလိုက်သူ ဟံသာဝတီဘက်ကလိုက်သူစသည်ဖြင့် ပြည်တွင်းမှာလည်း အင်အားတွေ ကွဲကုန်ကြတော့တာပါပဲ။

အင်းဝနဲ့ဟံသာဝတီ တိုက်ကြတဲ့အခါ အင်းဝဘက်က အရေးနိမ့်လို့ အင်းဝဘုရင် သတိုးမင်းစော ထွက်ပြေးရပါတယ်။ အဲသည်လို ထွက်ပြေးရင်း လမ်းမှာ နာဖျားမကျန်းဖြစ်ကာ ကွယ်လွန်ပါတယ်။ ဇရင်းချုပ်လိုက်တော့ အမျက်ကြီးတဲ့သမီးဖြစ်သူရဲ့ သွေးမြေကျ ဇာတ်လမ်းနဲ့ သွေးစွန်းတဲ့ အဝတ်တစ်စကြောင့် အင်းဝနဲ့ဟံသာဝတီ ဆုံကြရပါတယ်။ စစ်မက်ဖြစ်ပွားကြရပါတယ်။ ဒါက ရာဇဝင်ကြောင်းနဲ့ ဆိုင်ပါတယ်။ မိသားစုဘဝ ကိုယ်ရေးကိုယ်တာဘဝကျတော့ သမီးကို ကောင်းစေချင်လို့ အိမ်ရှေ့မိဖုရားဖြစ်စေခဲ့တယ်။ သမီးဖြစ်သူ အနာတရ ဖြစ်တာ စိတ်ဆင်းရဲရပြီဆိုတော့ ပြည်ပိုင်မင်းတို့အတိုင်းအတာနဲ့ ပုန်စားတန်ပြုတဲ့အထိ ဖြစ်လာခဲ့ပါတယ်။ သာမန်လူဆိုရင်တော့ ကိုင်းခေါင်းလို့မှ အကြောင်းမထူးရင် ကွဲပေတော့ဟေ့ဆိုတာ စာချုပ်စာတမ်းနဲ့ ဇရင်းပြတ်အောင် ဖြတ်လိုက်ရုံသာ ရှိတော့မယ်ဖြစ်ပါတယ်။ အဖြစ်က အနှုတ်ပြသလောက် လူတွေသေကျေပြီး ခမည်းတော်ဖြစ်သူပါ ဆုတ်ခွာထွက်ပြေးရင်း အသက်ဆုံးရသလိုမျိုးထိ ဆိုးမှာမဟုတ်ပါဘူး။ ဒါပေမယ်တော့ အင်းဝဟာ ဟံသာဝတီရဲ့ သစ္စာခံမြို့တော်ဖြစ်ပါတယ်။ သမီးတော်အတွက်နဲ့ အင်းဝဘုရင်က သစ္စာဖောက်ကာ ဟံသာဝတီကို ပုန်စားရတာပါပဲ။

www.burmeseclassic.com



သားသမီးအတွက်ဆိုရင်ဖြင့် မိဘများဟာ မစဉ်းစားနိုင် မတွေးတောနိုင်တော့ပါဘူး။ ငါ့သားငါ့သမီးက အသာစီးရစေမယ်ဆိုတဲ့ စိတ်ကသာ လုပ်သမျှအလုပ်ကို ဦးဆောင်သွားတော့တာပါပဲ။ ဘယ်ခေတ်က မိဘမဆို သားသမီးအတွက် တုံ့ပြန်မှုကတော့ အတူတူပါပဲ။ တုံ့ပြန်ပုံတော့ ကွာခြားမှာပေါ့လေ။

## ၅။ သိပ်တော်တဲ့ တောင်ဆောင်တော်မိဖုရား

ဆိုဆောင်းစကားပုံတစ်ခု ရှိပါတယ်။ ‘ပုခက်လွှဲသောလက်သည် ကမ္ဘာကို ကိုင်လှုပ်နိုင်သည်’တဲ့။ တကယ်တော့ မိခင်များဟာ အစွမ်းရှိတယ်ဆိုတာကို တင်စားပြောဆိုတဲ့ စကားပုံဖြစ်ပါတယ်။ မိခင်တိုင်းတော့ ကမ္ဘာကို ကိုင်လှုပ်မှာ မဟုတ်ပါဘူး။ အမေတိုင်းလည်း အမေမမည်ဘူးလို့ ပြောတတ်ကြသလိုပေါ့။ တချို့အမေများက သားသမီးကို ချစ်ပါတယ်။ ချစ်နည်းအမှန်ကို မသိကြပါဘူး။ တချို့တော့ မိမိကိုယ်မှ လွဲပါး ဘာကိုမှသိပ်မချစ်ခင် မတွယ်တာနိုင်လေတော့ သားသမီးကိုလည်း ဖြစ်သလိုပဲ ဆက်ဆံတတ်ကြပါတယ်။ ဖြစ်သလိုပဲ ထိန်းကျောင်းတတ်ကြပါတယ်။

သားတို့သမီးတို့က သိပ်တော်တယ်။ သူတို့အဖေကဖြင့် မြင့်မားတဲ့အဆင့်ကို ရထားတယ်။ ငွေကြေးနဲ့ ပြည့်စုံတယ်။ လောကမှာ အကောင်းဆုံး အမွန်ဆုံးတွေကို ငါ့သားငါ့သမီး အခုလည်း ရနေတာပဲ။ နောင်လည်းရမှာပဲ။ ဘာမှတတ်စရာ သင်စရာမလိုပါဘူး။ သူတို့အတွက် ဆိုရင် ဘယ်သူကမဆို လုပ်ကိုင်ပေးချင်တာချည်းပဲ။ နိုင်းစားပါလေ့လို့ ခပ်တိမ်တိမ်တွေးတတ်ကြတဲ့သူတွေ အများကြီးရှိပါတယ်။ အဲသည်လို လူမျိုးတော့ လောကမှာ ဘယ်အရာမဆို အပြောင်းအလဲ ရှိတတ်တယ်ဆိုတာကို သတိမမူမိကြပါဘူး။

တချို့ကတော့ တစ်မျိုး။ သားတို့သမီးတို့ တရားမျှတတာတွေ ဘာတွေ လုပ်မနေနဲ့။ ရသင့်တာကို အဖိုးစားနားမရွေး ပေးပြီး ယူလိုက် ဆိုတဲ့ သွန်သင်မှုမျိုး ပေးတတ်ပါတယ်။ တတိယမြန်မာ့ဦးစွန်းကို တည်ထောင်တော်မူတဲ့ အလောင်းမင်းတရားကြီးနဲ့ ယှဉ်ပြိုင်ဘက် ဦးချစ်ညို

www.burmeseclassic.com



ရဲ့မိခင်က သူ့သား ဦးချစ်ညိုကို သင်တာ အဲသည်လိုသဘောမျိုး သက်ရောက်ပါတယ်။ အရှေ့လောင်းမင်းတရားဖြစ်လာမယ့် မောင်အောင်ဇေယျနဲ့ မောင်ချစ်ညိုတို့ လက်နက်ကိုင်ပြီး တိုက်ကြတဲ့အခါ မောင်ချစ်ညိုက မောင်အောင်ဇေယျကို ချက်ကောင်းရွေးပြီး မသတ်နိုင်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ညီအရင်းနဲ့ မောင်အောင်ဇေယျတို့ လုံးနေကြတော့ အောင်ဇေယျရယ်လို့ ချိန်ပြီး ဓားနဲ့ပဲခုတ်ခုတ် လှံနဲ့ပဲထိုးထိုး သူ့ညီကို ထိသွားနိုင်တာကိုး။ အဲသည်အကြောင်းကို သူ့ရွာပြန်ရောက်လို့ သူ့အမေ သိတော့ ပြောတဲ့စကားက ကြောက်စရာ။ သူ့ဗိုက်ကို သူပုတ်ပြပြီး မိုက်လိုက်တဲ့ ချစ်ညို၊ ငါကနောက်ထပ်သားတစ်ယောက်မွေးပြီး နင့်အတွက် ညီတစ်ယောက် ထပ်ပေးနိုင်တယ်။ နောက်ညီတစ်ယောက်ကို ရနိုင်တယ်။ အောင်ဇေယျကို သတ်နိုင်မယ်ဆိုရင် နင့်ညီပဲရောသေသေ သတ်လိုက်ရောပေါ့လို့ ပြောပါသတဲ့။ အဲသည်လို သွန်သင်မှုမျိုးကတော့ ကြောက်စရာပါပဲ။

တစ်ခါတုန်းက အသိတစ်ယောက်ပြောတဲ့ စကားကိုလည်း ပြန်ပြောကြည့်ချင်ပါတယ်။ စကားက ကောင်းလွန်းလို့ မဟုတ်ပါဘူး။ မကောင်းလွန်းလို့ပါဘဲ။ ငါကတော့ ငါ့သားတွေကို ရိုးသားပါ၊ ဖြောင့်မတ်ပါလို့ မသင်ဘူး။ သူတို့ခေတ်မှာ အဲသည်လိုမျိုး သွန်သင်ထားပြီး သူတို့ခေတ်မှာ သူတို့ပတ်ဝန်းကျင်တစ်ခုလုံးက မကောင်းဘူးဆိုရင် သူတို့ခံရမှာပေါ့။ အဲသည်တော့ သူတို့ခေတ်နဲ့သူတို့ ကြီးပြင်းသင့်သလို ကြီးပြင်းကြပါစေ၊ ငါကတော့ မသင်တော့ဘူးတဲ့။ အဲသည်လို အဖေဖြစ်သူက မသွန်သင်ဘဲ ကြီးလာတဲ့သူတွေချည်းပဲဆိုရင် လောကကြီးဟာ မျှော်လင့်ချက်မဲ့တဲ့ လောကကြီး ဖြစ်သွားမှာပါပဲ။

အခု တင်ပြချင်တာကတော့ သားများကို သွန်သင်တဲ့နေရာမှာ သဘာဝလည်းကျပြီး စနစ်လည်းကျတဲ့ သာယာဝတီမင်းရဲ့ တောင်ဆောင်တော်မိဖုရား အကြောင်းဖြစ်ပါတယ်။ ဘုန်းကြီးတဲ့မင်းတိုင်း ဘောင်နန်းစံမိဖုရားကြီး၊ မြောက်နန်းမိဖုရား၊ အနောက်နန်းမိဖုရား၊



အလယ်နန်းမိဖုရားဆိုပြီး မိဖုရားကြီးလေးပါးရှိရပါတယ်။ နောက်တော့ တောင်ဆောင်တော်မိဖုရား၊ မြောက်ဆောင်တော်မိဖုရား၊ တောင်ရွှေရေးဆောင်မိဖုရား၊ မြောက်ရွှေရေးဆောင်မိဖုရားရယ်လို့ ရှိရပါတယ်။ သာယာဝတီမင်းမှာ မိဖုရားကြီးကဖွားမြင်တဲ့ ပုဂံမင်းသားလည်း ရှိပြီး [illegible]သလို အလယ်နန်းမိဖုရားက ဖွားမြင်တဲ့ ပြည်မင်းသားနဲ့ ပခန်းမင်းသားများလည်း ရှိပြီးဖြစ်ပါတယ်။

တောင်ဆောင်တော်မိဖုရားအနေနဲ့ နန်းရမိဖုရားကြီးများကို ယှဉ်နိုင်ပါဘူး။ သားတော်နှစ်ပါး ဖွားမြင်ခဲ့ပေမယ့် ရှိပြီးသား မင်းသားကြီးများကို တောင်ဆောင်တော်မိဖုရားရဲ့ သားတော်များအနေနဲ့ အရွယ်အရ အရှိန်အဝါအရ ဟိတ်အရ မယှဉ်သာပါဘူး။ ဒါကတော့ အပြင်[illegible] အမြင်တွေဖြစ်ပါတယ်။ သို့သော် တောင်ဆောင်တော်မိဖုရားက [illegible]နှယ်မဟုတ်ပါဘူး။ အစဉ်းစားအဆင်ခြင်နဲ့ ပြည့်စုံတဲ့ မိန်းမသား [illegible]ယောက်၊ အမေတစ်ယောက် ဖြစ်ပါတယ်။

သူဟာ သာယာဝတီမင်းရဲ့ မင်္ဂလာအိမ်တော်မှာ စံနေတုန်း [illegible]တော်အနီးက ရတနာမဏ္ဍုဘုရားကို လူအများဟာ ဆွမ်း၊ ရေချမ်း၊ [illegible]သီး၊ ပန်းစတဲ့ လှူဖွယ်ပစ္စည်းများ သယ်ဆောင်ပြီး လာရောက် [illegible]ကြတာ အုတ်အုတ်သဲသဲ ဖြစ်နေပါသတဲ့။ အဲသည်အချိန်မှာပဲ [illegible]တော်ကြီး မင်းတုန်းမင်းသားကို ဖွားမြင်ခဲ့ပါတယ်။ တောင်ဆောင် [illegible]မိဖုရားက သူဖွားမြင်လိုက်တဲ့သားဟာ နိုင်ငံတော်အကျိုး သာသနာ [illegible]အကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်မယ့် သားဖြစ်တယ်လို့ အမေ [illegible]တစ်မှသာ မြင်နိုင်တဲ့အမြင်နဲ့ မြင်လိုက်ပါတယ်။ သူဟာ [illegible]မင်းသားကိုသာမက ကနောင်မင်းသားကိုပါ ကောင်းစွာမွေးမြူ [illegible]ပါတယ်။ ပြည်မင်းသား၊ ပခန်းမင်းသားနဲ့ ပုဂံမင်းသားတို့ရှိနေသေး [illegible]သားဟာ ဘုန်းကံကြီးမားတဲ့အလျောက် ထီးနန်းကိုရလာခဲ့ရင် [illegible] [illegible]ဖြစ်ဖို့လိုတယ်ဆိုတဲ့ ရှေ့ရေးကို မျက်စိတစ်ဆုံးကြည့်တတ်တဲ့ [illegible] [illegible] အဆုံးအမ အသွန်သင်ကောင်းတဲ့ ဆရာတော်များထံမှာ [illegible]

www.burmeseclassic.com



တယ်။ တောင်ဆောင်တော်မိဖုရားရဲ့ကျေးဇူးဟာ သားတော်ကြီး မင်းတုန်းမင်းသားအပေါ်မှာသာ ရှိတာမဟုတ်ပါဘူး။ မြန်မာနိုင်ငံအပေါ်မှာလည်း ရှိပါတယ်။ ပြည်မင်းသားက ကွပ်မျက်ခံရပြီး ပခန်းမင်းသားက လေနာနဲ့ ကွယ်လွန်ခဲ့ပါတယ်။ သူတို့နှစ်ယောက် မရှိတော့တဲ့အခါ ပုဂံမင်းသား နန်းတက်ခဲ့ပါတယ်။ နိုင်ငံဟာ ပုဂံမင်းကြောင့် အတော်နစ်နာခဲ့တာပါပဲ။ မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသားတို့က ပုဂံမင်းကို နန်းမှချခဲ့ရပါတယ်။ မင်းတုန်းမင်းသားဟာ အမရပူရထီးနန်းကို သိမ်းပိုက်ပြီးတဲ့နောက် ပုဂံမင်းလက်ထက်က ဆိုးကျိုးများကိုလည်း ပြင်ဆင်ရပါတယ်။ နိုင်ငံတော်ပြည်တစ်ဝန်းမှာ အဘက်ဘက်က အဆင်ပြေပြီး တိုးတက်အောင်လည်း ဆောင်ရွက်ခဲ့ပါတယ်။ တောင်ဆောင်တော်မိဖုရားဟာ အများတကာအမေတွေလို ကိုယ့်သားကို အထင်ကြီးရုံပဲ ကြီးခဲ့မယ်၊ ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်ပေးခြင်းမပြုဘဲ မင်းဖြစ်မယ်ဆိုရင် ဘာမဆို လုပ်ဖို့တိုက်တွန်းခဲ့မယ်ဆိုရင် မင်းတုန်းမင်း နန်းတက်လာတာနဲ့ နိုင်ငံဟာ ပိုပြီးသာဆိုးခဲ့မယ် ဖြစ်ပါတယ်။ တောင်ဆောင်တော် မိဖုရားကတော့ သားတွေကို ကျရာနေရာမှာ အကောင်းဆုံးနေဖို့သာ သွန်သင်ထားခဲ့ပါတယ်။ ကျရာနေရာမှာ အကောင်းဆုံး နေတတ်တဲ့သူဟာ တာဝန်ကြီးကြီးမားမားကို ယူရတော့မယ်ဆိုရင်လည်း တာဝန်ကျေပွန်တတ်ပါတယ်။

ကိုယ့်သားကိုယ် အထင်ကြီးတဲ့မိဖုရားတွေ ကိုယ့်သမီး ကိုယ် အထင်ကြီးတဲ့ မိဖုရားတွေ အများကြီးရှိကြတဲ့အထဲမှာ တောင်ဆောင်တော် မိဖုရားဟာဖြင့် ကိုယ်အထင်ကြီးတဲ့သားကို အများတကာက ကြည်ညိုနှစ်လိုနိုင်အောင် အရည်အချင်း ဖြည့်ပေးခဲ့ပေတယ်။ သိပ်တော်တဲ့ တောင်ဆောင်တော်ပါပဲ။

## ၆။ သားသမီးမကောင်းတော့လည်း မိဘခေါင်းပေါ်

မိသားစုဟာ လူ့အဖွဲ့အစည်းရဲ့အမြစ်တွေ ဖြစ်ပါတယ်။ မိသားစုဘဝမှာ သန့်ချက်ညီညီ ပျော်ရွှင်စွာ ကြီးပြင်းခွင့်ရတဲ့သူဟာ ဘယ်လို အသက်မွေးဝမ်းကျောင်းမှုကိုပဲရွေးရွေး သူဟာ မှန်ကန်တော်တည့်ဖို့ များပါတယ်။ အဖနဲ့အမိတို့ဟာ မှန်ကန်တော်တည့်တဲ့ သားသမီး၊ အောင်မြင်ကျော်ကြားတဲ့ သားသမီးများကို မွေးမြူဖို့ စိတ်မကူးတဲ့သူ မရှိပါဘူး။ သို့ပေမယ့် သုံးတဲ့နည်းလမ်း မှန်၏မမှန်၏အပေါ်မှာ မူတည်ပြီး သားသမီးရဲ့ စိတ်နေသဘာဝနဲ့ လုပ်နည်းကိုင်ဟန်များ ပြောင်းလဲလာရပါတယ်။ အမေဖြစ်သူက နင့်အဖေကိုက ဆိုတာမျိုးကဲ့ ခဏခဏပြောရင်း အဖေ့အပြစ်တွေကို ဖော်ပြနေရင် သားသမီးက အဖေ့အပေါ်မှာ သဘောထား မကောင်းနိုင်တော့ပါဘူး။

တစ်ခါက ကလေးအမေတစ်ယောက်က သူ့သားဟာ အဖေနဲ့ ဆုံတု မလည်ရမပတ်ရလို့ သူများအဖေတွေထက် ရာထူးကြီးမားပါလျက် သူတို့ကတော့ မလည်ရဘူးလို့ မကျေမနပ် ပြောပါသတဲ့။ ကလေးအမေကလည်း ခင်ပွန်းကို မကျေနပ်တော့ ဟုတ်တယ်။ မင်းတို့အဖေဟာ ငါတို့ကိုဆိုရင် ဂရုကိုမစိုက်ဘူးလို့ ပြောလိုက်မိပါတယ်တဲ့။ ကျွန်မက အဲသည်တော့ သားက ဘယ်လိုတုံ့ပြန်သလဲလို့ မေးပါတယ်။ ကလေးအမေက သားဟာ သူ့အဖေနဲ့စိမ်းသွားတယ်လို့ ဖြေပါတယ်။ ကျွန်မက သားသမီးဟာ အဖေ့ကို မျက်လုံးစိမ်းနဲ့ ကြည့်လာတာဟာ ကောင်းတဲ့ အလားအလာ မဟုတ်ဘူး။ တကယ်တော့ ညာတာလည်း မဟုတ်တဲ့ စကားတစ်ခွန်းကို ပြောလို့ရပါတယ်။ အဲသည်စကားကတော့ ဖေဖေက ရာထူးကြီးတော့ တာဝန်ပိုကြီးတယ်၊ တာဝန်ကြီးကြီးကို ထမ်းဆောင်

www.burmeseclassic.com



ရတဲ့သူများဟာ ကိုယ်ပိုင်အချိန်ကို ဘယ်လိုနည်းနဲ့မှ များများယူလို့ မရဘူး။ ဖေဖေလည်း လူသားပဲ၊ မိသားစုနဲ့ သွားဟယ် လာဟယ်နဲ့ နေချင်မှာပေါ့။ သူ့မှာ အချိန်ပြည့်လိုလို အလုပ်လုပ်နေရတာကို မေမေတို့က ကြင်နာရမယ်၊ လေးစားရမယ်။ ဖေဖေ မပါလည်း မေမေလိုက်ပို့မယ်။ ဖေဖေ့ကိုလည်း တတ်နိုင်သမျှ အချိန်ကိုရအောင် ကြိုးစားပြီး မိုးအားတို့နဲ့ ပျော်ပျော်ပါးပါးလည်ပတ်ရအောင် မေမေက ပြောပေးမှာပေါ့လို့ဆိုလိုက်ရင် ကလေးအနေနဲ့လည်း အဖေ့အပေါ်မှာ စိတ်ဆိုးမာန်ဆိုး မဖြစ်တော့ဘူး။

ခင်ပွန်းနဲ့စကားပြောတဲ့အခါမှာလည်း သားက ဖေဖေနဲ့လည်ပတ်ဖို့ သိပ်မျှော်လင့်နေတာကို နားလည်အောင် ပြောပြဖို့ လိုလိမ့်မယ်လို့ သတိပေးလိုက်ရပါတယ်။ ကျွန်မက ရာဇဝင်ထဲက အဖေနဲ့အမေကို ရေးနေတာဆိုတော့ အဲသည်ကလေးအမေကို သတိပေးရင်း မဟာအလက်ဇန္ဒာကို သတိရလိုက်ပါတယ်။

မဟာအလက်ဇန္ဒာဆိုရင် သိပ်ပြီးစစ်တိုက်တာ တော်တဲ့မင်းအဖြစ် လူသိများပါတယ်။ သူဟာ မက်ဆီဒိုးနီးယားက ဖိလစ်ဘုရင်နဲ့ မိဖုရား အိုလမ်ပီယပ်စ်တို့ရဲ့သား ဖြစ်ပါတယ်။ မက်ဆီဒိုးနီးယားဆိုတာ ဂရိနိုင်ငံမြောက်ဘက်ပိုင်းမှာ တည်ရှိပြီး လူမျိုးအားဖြင့်လည်း ဂရိနဲ့အနွယ်တူပါတယ်။ စကားကလည်း ဂရိနဲ့နီးစပ်ပါတယ်။ သို့ပေမယ့် သူတို့က ဂရိများလို တိုးတက်ထွန်းကားမှု မမြင့်မားခဲ့တော့ ဂရိများက အထင်သေးခဲ့ပါတယ်တဲ့။ အေသင်မြို့ပြနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေ ကျဆင်းသွားတဲ့အချိန်မှာ မက်ဆီဒိုးနီးယားက ဖိလစ်ဆိုသူ သူရဲကောင်းက မက်ဆီဒိုးနီးယားမှာရှိတဲ့ နယ်များကို စစ်ရေးစည်းရုံးမှု ပြုပါတယ်။

သူဟာ တစ်နယ်ပြီးတစ်နယ် တိုက်ခိုက်စည်းရုံးပြီးတော့ မင်းအဖြစ်ကို ခံယူပါတယ်။ သူ့သားအလက်ဇန္ဒာဟာ အလွန်ငယ်ပါသေးတယ်။ ဖိလစ်ဟာ သူကိုယ်တိုင်မနားရအောင် စည်းရုံးလှုပ်ရှားနေရင်း



သားတော်ကလေးအပေါ်မှာ များစွာမျှော်လင့်ချက်ထားခဲ့ပါတယ်။ သူကတော့ စာမတတ်ပါဘူး။ ဖိလစ်က သူ့သားတော်ကို သူလိုစာမတတ်ဆိုမတတ် မဟုတ်ဘဲ စာတတ်စေချင်ပါတယ်။ အဲဒါကြောင့် အကြီးတော်အဖြစ် နန်းတွင်းသမားတော်ကြီးရဲ့သား ပညာရှင်ဖြစ်သူ အရစ်စ်တိုတယ်ကို အလက်ဇန္ဒာရဲ့အကြီးတော်အဖြစ် ခန့်အပ်လိုက်ပါတယ်။ မဟာအလက်ဇန္ဒာဟာ စာကောင်းစွာ သင်ယူခဲ့ရပါတယ်။

ဖိလစ်ဟာ သားတော်ရဲ့ အသက် ၁၆ နှစ်လောက်ရှိတော့ သူမရှိတဲ့အခါများမှာ သူ့ကိုယ်စား နိုင်ငံအုပ်ချုပ်ရေးကို တစ်နိုင်တစ်ပိုင်ထမ်းဆောင်ဖို့ တာဝန်ပေးခဲ့ပါတယ်၊ အလွန်ကို လျော်ကန်သင့်မြတ်တဲ့နည်းနဲ့ ပညာပေးခဲ့တာပါပဲ။ အဲသည်လို သားအဖကြားမှာ များစွာအဆင်ပြေနေပေမဲ့ အလက်ဇန္ဒာရဲ့မိခင် အိုလမ်ပီယပ်စ်ကတော့ သူ့ခင်ပွန်းဖိလစ်နဲ့ အဆင်မပြေ ဖြစ်နေပါတယ်။ ဖိလစ်က မိဖုရားငယ်တစ်ပါးကို ယူလိုက်လို့ဖြစ်ပါတယ်။ အိုလမ်ပီယပ်စ်က သားကို ဘယ်လိုသင်ပေးလဲဆိုတော့ သားတော်ဟာ နတ်မင်းတစ်ပါးရဲ့သားတော်ဖြစ်တယ်။ ဆိုလိုတာက နတ်ကပေးလို့ သူ့မှာ အလက်ဇန္ဒာကို နတ်ငုံ့ရှိပြီး မွေးလာတာ ဖိလစ်ရဲ့သွေးမပါဘူးဆိုတာမျိုးကို သင်ပေးပါတယ်။ သူကိုယ်တိုင်ကလည်း နတ်ကိုးကွယ်ပြီး တိရစ္ဆာန်များရဲ့ အသွေးအသားများ၊ လူ့သွေးများနဲ့ ပူဇော်တဲ့အထိ အောက်လမ်းပညာကို လိုက်စားခဲ့ပါတယ်တဲ့။ နန်းတော်ထဲမှာတောင် မြွေတွေမွေးကာ မှော်အတတ်ကို လိုက်စားနေတဲ့ အမျိုးသမီး ဖြစ်ပါတယ်။ သူ့စိတ်က မမှန်ဘူးလို့ ပြောရမှာဖြစ်ပါတယ်။ အမေ့စိတ်က မမှန်တော့ သားစိတ်ကလည်း မမှန်နိုင်ဘူးပေါ့။ ဖိလစ်က နယ်အရပ်ရပ်မှာ အောင်ပွဲအလီလီရနေတာကို သားဖြစ်သူက မပျော်နိုင်ဘူး၊ ဂုဏ်မယူနိုင်ပါဘူး။ အဲဒါကြောင့် သူ့သူငယ်ချင်းများကို ပြောပါသတဲ့။ ငါ့အဖေက သူချည်းပဲအောင်ပွဲခံနေတာ၊ ငါ့ဖို့တောင် ကျန်မှာမဟုတ်ဘူးလို့ ပြောတာဖြစ်ပါတယ်။ လုံးလုံးကို အတွေးလွဲချော်သွားတာပါပဲ။

www.burmeseclassic.com



ဖိလစ်ဟာ သူ့သမီးတော်ရဲ့မင်္ဂလာပွဲမှာ လုပ်ကြံခြင်းခံခဲ့ရပါတယ်။ သူ့ကိုလုပ်ကြံသူကိုလည်း အသေမိပါတယ်။ ဘယ်သူနဲ့ပူးပေါင်းပြီး ခုလိုလုပ်ကြံတာလဲဆိုတဲ့ အကြောင်းကိုတော့ မသိရပါဘူး။ ထူးခြားတာက အိုလမ်ပီယပ်စ်ဟာ သူ့မိဘရပ်ဌာန်ကနေပြီး မြို့တော်ကို ပြန်လာပြီးတဲ့နောက် ဖိလစ်ကိုဂုဏ်ပြုတဲ့ အစီအစဉ်နဲ့အပြိုင် သူ့ကိုလုပ်ကြံတဲ့သူကိုလည်း ဂုဏ်ပြုဖို့ တိုက်တွန်းခဲ့ပါသေးသတဲ့။ အလက်ဇန္ဒာဟာ သူ့ခမည်းတော်ရဲ့ထီးနန်းကို သိမ်းပိုက်စိုးစံတဲ့အချိန်မှာ အသက် ၂၀ အရွယ်ပဲရှိပါသေးတယ်။ သူ့နန်းစံသက်တစ်လျှောက်လုံးကတော့ နယ်သိမ်းတိုက်ပွဲတွေနဲ့ ပြည့်နေတာပါပဲ။ မက်ဆီဒိုးနီးယားကထွက်ပြီး ဂရိကျွန်းဆွယ်အားလုံးကို သိမ်းပိုက်ခဲ့ပါတယ်။ သီးဘီးမြို့ကိုရောက်တော့ တစ်မြို့လုံးက အိမ်တွေကို ပြားနေအောင် ဖြိုချလိုက်ပါတယ်။ အိမ်တစ်အိမ်ကိုတော့ ချန်ထားလိုက်ပါတယ်။ အဲသည်အိမ်ကတော့ ကဗျာဆရာကြီးပင်ဒါရဲ့အိမ်ဖြစ်ပါတယ်။ အဲသည်ဖြစ်ရပ်ဟာ တော်တော်ဟန်ချက်မညီတဲ့ ဖြစ်ရပ်ပါပဲ။ ကဗျာဆရာကြီးအိမ်ကို ချန်ထားသည့်တိုင် သူ့ခမျာဘယ်လိုလုပ်ပြီး နေရှာမလဲ။ အလက်ဇန္ဒာဟာ အပေါ်ရံကြောလောက်သာရှုမြင်တတ်တော့တဲ့သဘောပါပဲ။ အီဂျစ်ရောက်တော့ ဘုရင်ကို နတ်တစ်ပါးလို အောက်မေ့တတ်ကြလေတော့ အလက်ဇန္ဒာဟာ အတော်ကလေး ဘဝင်မြင့်သွားပါသတဲ့။

နောက် အရှေ့အလယ်ပိုင်း တစ်ပိုင်းလုံးကို အောင်မြင်တဲ့အခါ ယဉ်ကျေးမှုအရ အဆင့်အတန်းမြင့်လွန်းလို့ မဖျက်ဆီးသင့်တဲ့ ပါဆီပိုလစ်နန်းတော်ကို အလက်ဇန္ဒာကိုယ်တိုင် မီးတင်ရှို့ပါတယ်။ သူ့လက်ကိုဆွဲပြီး မီးမရှို့ဖို့ တောင်းပန်တဲ့ရဲမက်တော်ကို သူကိုယ်တိုင်သတ်ပါတယ်။ အဲသည်ရဲမက်တော်ဟာ သူ့ဆရာ အရစ်စ်တိုတယ်ရဲ့ တူတော်ဖြစ်ပြီး အလက်ဇန္ဒာနဲ့ လေးချင်းယှဉ်ကာ တိုက်ပွဲဝင်ခဲ့တဲ့သူ ဖြစ်ပါတယ်။

နောက်တော့ အလက်ဇန္ဒာဟာ အိန္ဒုမြစ်ကြောင်းအတိုင်း စုန်ဆင်



ပြီး ပြန်လှည့်လာရတဲ့အထိ သူ့နဲ့အတူ တိုက်ပွဲဝင်နေတဲ့သူတွေက သူ့ရဲ့စစ်တိုက်လိုတဲ့ဇောကို ငြီးငွေ့သွားပါတယ်။ သူဟာ အသက် ၃၁ နှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ အဲသည်လို ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်ရတာ အရက်သောက်လွန်လို့ ဖြစ်ပါတယ်။ ထက်မြက်တဲ့လူငယ်၊ ခမည်းတော်ရဲ့ကိုးစားမှုကို ငယ်ငယ်ကလေးကတည်းက ခံယူပြီး ကောင်းစွာလေ့ကျင့်မွေးမြူခြင်းခံခဲ့ရတဲ့ အလက်ဇန္ဒာဟာ ဘာကြောင့် အဲသည်လိုဖြစ်သွားရသလဲ။ သစ်သီးပိုးများလို အတွင်းကလိုက်စားခဲ့တဲ့ မိခင်ရဲ့သွန်သင်မှုအမှားကြောင့် ဖြစ်ပါတယ်။

www.burmeseclassic.com

# ၇။ စိတ်ဒဏ်ရာ

အခုခေတ်မှာ စိတ်ကိုအတော်လေးလာတတ်ကြပြီဆိုတော့ စိတ်ဒဏ်ရာနဲ့ပတ်သက်ပြီး တော်တော်ကလေး ပြောတတ်ကြပါတယ်။ ကလေးအရွယ်မှာ ထိထိခိုက်ခိုက် ခံစားရပြီဆိုရင် ခံစားရတဲ့အချက်နဲ့ ပတ်သက်ပြီး ကလေးဟာ ကြီးပြင်းလာတဲ့အထိ ပုံမှန်မဟုတ်တဲ့ တုံ့ပြန်မှုတွေ လုပ်တတ်ပါတယ်။

အခုတင်ပြတဲ့အကြောင်းကတော့ အဋ္ဌမဟင်နရီရဲ့အကြောင်းဖြစ်ပါတယ်။ နောက်တော့မှ သူ့လိုအဖေမျိုးကြောင့် ဘယ်သူဟာ စိတ်ဒဏ်ရာ အကြီးအကျယ်ရခဲ့တယ်ဆိုတာကို စဉ်းစားကြည့်ချင်ပါတယ်။ အဋ္ဌမဟင်နရီက သတ္တမဟင်နရီရဲ့ ဒုတိယသား ဖြစ်ပါတယ်။ ပုံမှန်ဆိုရင် သူက မင်းဖြစ်ဖို့မဟုတ်ပါဘူး။ သူ့မှာ မင်းဖြစ်ဖို့ ကံပါလာတော့ သူ့နောင်တော် အိမ်ရှေ့မင်းဟာ ကွယ်လွန်ခဲ့ပါတယ်။ ကွယ်လွန်ချိန်မှာ ၇ လလောက်က ထိမ်းမြားထားတဲ့ အိမ်ရှေ့မိဖုရား ကျန်ရစ်ပါတယ်။ အိမ်ရှေ့မိဖုရားက စပိန်သူဖြစ်ပါတယ်။ အဋ္ဌမဟင်နရီဖြစ်လာမယ့် မင်းသားဟာ အရှေ့တိုင်းမှာဆိုရင်တော့ မရီးတော်ကိုလက်ဆျှာပြီး ထီးနန်းသိမ်းပိုက်တာ ဘာမှမဆန်းပါဘူး။ သို့ပေမယ့် အဲသည်အချိန်က စပိန်ရော အင်္ဂလန်နိုင်ငံပါ ရိုမန်ကက်သလစ်အယူကို လက်ခံကြပါတယ်။ လက်ထပ်ပြီးသား မင်းသမီးကို နောက်ထပ်လက်ထပ်ပေးလို့ မရနိုင်ပါဘူး။ ခြွင်းချက်အနေနဲ့ လက်ထပ်တာဟာ အထမမြောက်ပါဘူးဆိုတာ သက်သေပြနိုင်ရပါမယ်။ စပိန်ဘုရင်ကရော အင်္ဂလန်ဘုရင်ကပါ အိမ်ရှေ့မင်းသားနဲ့ မင်းသမီးတို့ ၇ လသာကြာခဲ့ရာ ဘာမှမဖြစ်ကြပါဘူးလို့ ထောက်ခံလို့ အဋ္ဌမဟင်နရီက အိမ်ရှေ့မိဖုရားဖြစ်ဖူးသူ



ကက်သရင်းကို လက်ဆက်ပြီး ခမည်းတော်မရှိတဲ့အခါမှာ နန်းသိမ်းပိုက်ပါတယ်။

ထီးနန်းစိုးစံလို့ ၂၂ နှစ်လောက်ကြာတဲ့အခါ ဟင်နရီက သူ့ထက်အသက်ငါးနှစ်ကြီးတဲ့ ကက်သရင်းကို ငြီးငွေ့လာပါတယ်။ အပျိုတော်[illegible]တဲ့ အန်ဘိုလင်ဆိုသူကလေးကို ဘုရင်က မျက်စိကျပါတယ်။ အဲသည်တော့ ကက်သရင်းနဲ့သူနဲ့ လက်ထပ်တာဟာ တရားမဝင်ဘူးဆိုတဲ့ အမိန့်ကို ပုပ်ရဟန်းမင်းက ထုတ်ပြန်ပေးဖို့ သူကကြိုးစားပါတယ်။ သို့သော် ပုပ်ရဟန်းမင်းက မထုတ်ပြန်ပေးခဲ့ပါဘူး။ အဲသည်တော့လည်း အဋ္ဌမဟင်နရီက သာသနာပြုပြင်ပြောင်းလဲရေးတစ်ရပ်ကို လုပ်လိုက်ပါတယ်။ [illegible] ရဟန်းမင်းနေရာမှာဝင်ပြီး အင်္ဂလန် ခရစ်ယာန်ကျောင်းတော်ရဲ့ [illegible]အထိပ်ပုဂ္ဂိုလ်အဖြစ် ခံယူပြီး သူ့ဘာသာသူ ကက်သရင်းနဲ့ သမီးတော်မေရီကို နန်းမှခွာစေပြီး အန်ဘိုလင်ကို ထိမ်းမြားခဲ့ပါတယ်။ အန်ဘိုလင်နဲ့ ဟင်နရီတို့ဟာ တစ်နာရီတောင်မှ မခွဲနိုင်လောက်အောင် ချစ်ကြပြီး ၉ လအကြာမှာ အန်ဘိုလင်က သမီးတော်ကလေးတစ်ပါးကို ဖွားမြင်လိုက်ပါတယ်။ ဟင်နရီက သားတော်မဟုတ်တာကြောင့် စိတ်ပျက်လက်ပျက်နဲ့ ထွက်သွားပါသတဲ့။ အဲသည်လို ထွက်ခွာသွားပြီး မိန်းမလှကလေးတွေနဲ့ ပျော်ပျော်ပါးပါး နေတော့တာပါပဲတဲ့။ နောက် [illegible]အောင်နေချိန်မှာ ဟင်နရီက ဂရုမစိုက်တော့တာကြောင့် အန်ဘိုလင်လည်း စိတ်ဆင်းရဲကာ မကျန်းမမာဖြစ်ပြီး သားလျှောသွားခဲ့ပါတယ်။ ဟင်နရီကတော့ အန်ဘိုလင်ကို သားဖြစ်တဲ့ကိုယ်ဝန်ကို မထိန်းသိမ်းလို့ လျှောသွားရတာကို အပြစ်တင်ပြီး ထွက်သွားပြန်ပါတယ်တဲ့။ နောက်တော့ အန်ဘိုလင်ကို ယူတုန်းက ဖြစ်အောင်ယူသလို ဖယ်ရှားတော့လည်း ဖြစ်အောင်ဖယ်ရှားခဲ့ပါတယ်။ မင်းညီမင်းသားတစ်ပါးနဲ့ ဖောက်ပြန်တယ်ဆိုတဲ့စွဲချက်နဲ့ အန်ဘိုလင်ကို ရုံးတင်စစ်ဆေးပြီး ခေါင်းဖြတ်ကာ သတ်စေခဲ့ပါတယ်။ အန်ဘိုလင်ဟာ အသက် ၂၉ နှစ်မှာ

www.burmeseclassic.com



အသတ်ခံရတာဖြစ်ပါတယ်။ ၁၀ ရက်အကြာမှာ ဟင်နရီဟာ ဂျိန်းဆေးမွားနဲ့ လက်ဆက်ခဲ့ပါတယ်။ ဂျိန်းဆေးမွားဟာ ၉ လအကြာမှာ သားယောကျ်ားကလေးမွေးရင်း ကွယ်လွန်ခဲ့ပါတယ်။

မျှားမကြာခင်မှာ ဟင်နရီကို ဂျာမန်မင်းသမီးတစ်ပါးနဲ့ လက်ဆက်ဖို့ မှူးကြီးမတ်ရာများက စီမံကြပြန်ပါတယ်။ အဲသည်မင်းသမီးက ရုပ်ဆိုးလွန်းလို့ ဘုရင်က ထိမ်းမြားပြီးကတည်းက အတူမနေပါဘူး။ ပြီးတော့ ပင်စင်လစာပေးကာ ကွာရှင်းပြီး ကက်သရင်းဟိုးဝပ်ဒ်ဆိုသူ အချောအလှကလေးနဲ့ လက်ဆက်ပြန်ပါတယ်။ သူကလည်း သူ့ထက်အသက် ၃၀ ကြီးတဲ့ဘုရင်ကို မချစ်ဘူး၊ သူ့ရည်းစားကိုပဲ ချစ်တယ်ဆိုတာ ပြောင်ပြောင်ပြောလွန်းလို့ ခေါင်းဖြတ်ပြီး အသတ်ခံရပါတယ်။ နောက်ဆုံးပိတ်အနေနဲ့ ကက်သရင်းပါးဆိုတဲ့ နှစ်ထပ်ကွမ်းမုဆိုးမကို ယူပြီး သူ့ကိုခေါင်းဖြတ်မသတ်နိုင်ခင် ဟင်နရီ ကွယ်လွန်သွားခဲ့ပါတယ်။

အဲသည်နောက်မှာတော့ ဟင်နရီ စီစဉ်တဲ့အတိုင်း သားတော်ကလေးက အရင်နန်းတက်ပါတယ်။ သားတော်က အသက်မရှည်ဘဲ ကွယ်လွန်သွားတော့ ပထမအိမ်ထောင်နဲ့ရတဲ့ မေရီ နန်းတက်ပါတယ်။ မေရီကွယ်လွန်မှ ပထမအယ်လီဇဘက် နန်းတက်ခဲ့ပါတယ်။ အဲသည်ဘုရင်မဟာ သူ့တစ်သက်မှာ ဘယ်သူ့ကိုမှ လက်မဆက်ခဲ့ပါဘူး။ သူ့ကို အပျိုစင်ဘုရင်မဆိုတဲ့အမည်နဲ့ တင်စားပြီး ခေါ်ဆိုကြပါတယ်။ ဘုရင်မကို လက်ဆက်ချင်တဲ့သူတွေ မျှားပါတယ်။ နိုင်ငံခြားက ဘုရင်မျှားက ကမ်းလှမ်းရင်လည်း သူကငြင်းပယ်ခြင်းလည်းမပြုသလို လက်ခံခြင်းလည်း မပြုပါဘူးတဲ့။

သူ့တစ်သက်မှာတော့ သူသဘောကျတဲ့သူကို အချစ်တော်အဖြစ်ထားတာပါပဲ။ အဲသည်အချစ်တော်များကိုလည်း မကျေနပ်တော့တဲ့အချိန်မှာ ခေါင်းဖြတ်သတ်တော့တာပါပဲတဲ့။ အဲသည်လို တစ်မူထူးခြားတဲ့ အပြုအမူမျှားရှိနေတဲ့ ပထမအယ်လီဇဘက် ဘုရင်မကို သူတို့ဆီကလူတွေ



လည်း တော်တော်လေး ဝေဖန်တဲ့စာများ ရေးကြပါတယ်။ ကျွန်မကတော့ အိမ်ထောင်ဖက်မျှားနဲ့ အဆင်မပြေတဲ့သူတွေကို ကြည့်ပြီး အိမ်ထောင်မပြုဝံ့တဲ့လူတွေ မျှားစွာရှိတာကို သိထားခဲ့ပါတယ်။ အယ်လီဇဘက်ကတော့ သူမျှားဟုတ်ပါရိုးလား၊ မိခင်ကိုယ်တိုင်လည်း ခေါင်းဖြတ်ပြီး အသတ်ခံရတယ်။ သူကိုယ်တိုင်လည်း တရားဝင်သမီး ဟုတ်မဟုတ်ဆိုတာကို ကြာရှည်ကြာမျှား စောင့်စားဆုံးဖြတ်ခြင်းကို ခံခဲ့ရပါတယ်။ အစ်မတော်မေရီက ကိုးကွယ်ယုံကြည်မှုနဲ့ပတ်သက်ပြီး အယ်လီဇဘက်ကို ထောင်သွင်းအကျဉ်းချထားပါသေးတယ်။ အနေတတ်လွန်းလို့သာ ခေါင်းနဲ့ကိုယ် အိုးစားမကွဲတာပါပဲ။ အဲသည်လောက်ဖြစ်ခဲ့ရတဲ့ အယ်လီဇဘက်ဟာ စိတ်ဒဏ်ရာ အကြီးအကျယ်ရခဲ့ပြီပေါ့။ ယောကျ်ားသားများကို အိမ်ထောင်ဖက်အဖြစ် ဆက်ဆံရမှာ မယုံရဲတော့ပါဘူး။ ယောကျ်ားများနဲ့မကင်းနိုင်ဘဲ အချစ်တော်ထားတဲ့အခါမှာလည်း သူက ဆက်ဦးအောင် သေဒဏ်ပေးလိုက်ပါတယ်။

အဲသည်အကြောင်းများကို ကြည့်ပြီး အဖေတစ်ယောက်ကြောင့် သမီးက စိတ်ဒဏ်ရာရကာ သဘာဝမကျတော့ဘဲ အဖေ့နေရာမှာ ဖြစ်နေလိုက်တော့တာပဲလို့ တွေးမိပါတယ်။

www.burmeseclassic.com

## ၈။ ကျန်စစ်သားနဲ့ ရာဇကုမာရ

ကျွန်မက ရာဇဝင်ထဲက အဖေနဲ့အမေကို ရေးနေပါလျက် ကျန်စစ်သားနဲ့ သားတော်ရာဇကုမာရအကြောင်းကို မရေးဘဲ ထားပစ်ခဲ့ရမှာ မဖြစ်နိုင်လို့ သူတို့အကြောင်းကို အခါခါရေးပြီးပါလျက် ထပ်ပြီးရေးလိုက်ရပါတယ်။ ရာဇကုမာရ ရေးထိုးတဲ့ ကျောက်စာကို ထောက်ထားပြီး ပညာရှင်များက ရာဇကုမာရကဖြင့် ကျန်စစ်သားရဲ့သား မဟုတ်နိုင်ဘူးလို့ ကောက်ချက်ချခဲ့ကြပါတယ်။ ပညာရှင်များက ဆိုတာကတော့ ရာဇကုမာရဟာ သူ့ကျောက်စာထဲမှာ ကျန်စစ်သားကို ခမည်းတော်လို့ တစ်ခါမှမညွှန်းဖူးဘူး။ သမ္ဗူလလို့တွင်တဲ့ သုံးလွှလမိဖုရား ဘွဲ့တော်ကို ပြောရင်ဖြင့် တိလောကဝဋံသကာဒေဝီ သုံးလောကဦးဆောက်ပန်း မိဖုရားက မွေးတဲ့ မယားပါသားဖြစ်နိုင်တယ်ဆိုတဲ့ အချက်အလက်များကို ညွှန်ပြပြောဆိုကြပါတယ်။

သို့သော်လည်း ပညာရှင်များက ကျောက်စာရေးထိုးသူဟာ ရာဇကုမာရ ဖြစ်တယ်။ မြင်းကပါဂူပြောက်ကြီးကို တည်ဆောက်တာဟာ ရာဇကုမာရ ဖြစ်တယ်ဆိုတာကိုတော့ လက်ခံကြပါတယ်။ ကျွန်မကတော့ ပညာရှင်များရဲ့အဆိုအမိန့်ကို လေးစားပေမယ့် ရာဇကုမာရဟာ ကျန်စစ်မင်းရဲ့ သားတော်ရင်းဖြစ်ပြီး ထီးနန်းမရလိုက်တဲ့သူ ဖြစ်တယ်ဆိုတာကို တရားဝင် ထုတ်ပြန်ငြင်းဆိုခြင်း မပြုသေးခင်မှာ ရာဇကုမာရကို ကျန်စစ်သားမင်းကြီးရဲ့သားအဖြစ် လက်ခံပြီး အခုတင်ပြချက်ကို ရေးသားမှာ ဖြစ်ပါတယ်။

ရာဇကုမာရ ထီးနန်းမရတာကိုလည်း အလာနောက်ကျလို့ မဟုတ်ဘူး။ အလောင်းစည်သူကို ထီးနန်းပေးသင့်လို့ ဖြစ်တယ်ဆိုတဲ့



[illegible]က်ကို ကျွန်မလက်ခံလိုပါတယ်။ ရာဇဝင်နဲ့ အလှမ်းကွာဝေးလှတဲ့ [illegible]များကတော့ အနည်းငယ် မျက်စိလည်ကောင်း လည်ပါမယ်။ တိုတို [illegible]တုတ် ရှင်းလင်းတင်ပြရရင် ကျန်စစ်သားက မင်းဖြစ်ဖို့ အလှမ်းကွာ [illegible]တဲ့သူ ဖြစ်ပါတယ်။ အနော်ရထာမင်းကြီး မရှိတော့တဲ့နောက်မှာ [illegible]လူးမင်းက မင်းညံ့ဖြစ်တဲ့အတွက် ခမည်းတော်ရဲ့နိုင်ငံဟာ ပျက်သုဉ်း [illegible]မတတ် ဖြစ်သွားခဲ့ပါတယ်။ အဲဒါကြောင့် မှူးမတ်များက အနော် [illegible]မင်းကြီးနဲ့ နိုင်ငံထူထောင်ဖက်ဖြစ်တဲ့ စစ်သူကြီး ကျန်စစ်သားကို [illegible]ည်တော်ကို ပြန်ပြီးခေါ်တော်မူဖို့ တိုက်တွန်းခဲ့ကြပါတယ်။ အဲဒါ [illegible]ကြောင့် ကျန်စစ်သား နေပြည်တော်ကို ပြန်ရတဲ့အခါ ကျောင်းဖြူမှာ [illegible]လဟာ ရာဇကုမာရကို နှုတ်ငုံနဲ့ ကျန်ရစ်ခဲ့ရပါတယ်။

စောလူးက သူ့ကိုပုန်ကန်တဲ့ ငရမန်နဲ့တိုက်ရာမှာလည်း ကျန်စစ်[illegible] စကားကို နားမထောင်ဘဲ စစ်ဆင်စစ်တက် နည်းမှားသွားတာ[illegible]ကြောင့် စစ်ရှုံးခဲ့ရပါတယ်။ နောက်တော့ ငရမန်ရဲ့ကွပ်မျက်ခြင်းကို [illegible]ပါတယ်။ ကျန်စစ်သားဟာ ပုဂံနိုင်ငံတော်ကို ငရမန်လက် မကျ[illegible]အောင် ဒေသခံလူများရဲ့အကူအညီနဲ့ တွန်းလှန်တိုက်ခိုက်ပြီးတဲ့နောက် [illegible]တ်အပါအဝင် အများသူငါက တိုက်တွန်းတာကြောင့် မင်းအဖြစ်ကို [illegible]ပါတယ်။ ဒါပေမဲ့ ပုဂံကိုတည်ထောင်သူ အနော်ရထာမင်းကိုမှ [illegible]ကြည်ညိုသူများလည်း ပုဂံနေပြည်တော်မှာရော နိုင်ငံတော်မှာရော [illegible]ဦးမှာပါပဲ။ ထို့အတူ ကျန်စစ်သားဆက်ကိုမှ နှစ်လိုကြည်ဖြူကြ[illegible]လည်း ရှိမှာဖြစ်ပါတယ်။ အဲသည်တော့ သမီးတော်ရွှေအိမ်သည်ကို [illegible]လူးရဲ့သား စောယွန်းနဲ့ ထိမ်းမြားပေးစားပြီးတော့ မွေးဖွားလာတဲ့ [illegible]တော်ကလေး အလောင်းစည်သူကို နန်းတင်ခဲ့ပါတယ်။ အဲသည်လုပ်[illegible]ကြောင့် ကျန်စစ်မင်းကြီးရဲ့ သဘောထားကြီးမှု သူ့ကိုချီးမြှင့်မြှောက်[illegible]တဲ့ အရှင်သခင် အနော်ရထာမင်းကြီးကို ကျေးဇူးသိတတ်မှုက [illegible]ထင်ရှားသွားပါတယ်။

www.burmeseclassic.com



အဲသည်လို ကျေးဇူးသိတတ်လိုက်တာဟာ သားတော်ဖြစ်သူ ရာဇကုမာရကို ထီးနန်းအမွေမပေးနိုင်တော့တဲ့အထိ ဖြစ်သွားတော့တာပါပဲ။ ကျွန်စစ်သားမင်းကြီးဟာ သားတော်ကို ဘယ်ပုံဘယ်နည်း သွန်သင်ခဲ့ပါလိမ့်။ သူဟာ သားတော်ကို အမှန်တကယ်ချစ်ခင်တဲ့အကြောင်း ဘယ်လိုပြသခဲ့ပါလိမ့်။

ကျွန်စစ်သားမင်းဟာ တုရွှင်းတောင်အောက်ဘက်မှာ တစ်ဖက် ဆည်ကန်တစ်ခုကို တည်ဆောက်ပါတယ်။ မြကန်လို့ ခေါ်ပါတယ်။ အဲသည်ကန်ပတ်ဝန်းကျင်မှာ ဘေးမဲ့တောတစ်တော လုပ်ပါတယ်။ သစ်ပင်အထူးအဆန်းများစွာကို စိုက်ပါတယ်။ သားကောင်များကိုလည်း ဘေးမဲ့ထားပြီး မွေးပါတယ်။ အဲသည်လို နှလုံးမွေ့လျော် ပျော်ဖွယ် ကောင်းတဲ့အရပ်မှာ သားတော်အတွက် ပိဋကတ်တိုက်တစ်တိုက်ကို ဆောက်ပါတယ်။ ပြီးတော့ သားတော်ကို စာပေပညာ သင်ကြားပေးဖို့ အကြီးတော်အဖြစ် ဆရာတော်ငါးပါးထံမှာ သားတော်ကို အပ်ပါတယ်။ သားတော်ဟာ ခမည်းတော်က အဲသည်လောက်ကလေးပဲ ချီးမြှင့်ပြီး ချစ်ခင်စွာဆက်ဆံတာကို ကျေနပ်နှစ်သိမ့်မှာလားလို့ မေးစရာရှိပါတယ်။ တကယ်လို့ ရာဇကုမာရဟာ စိတ်ရင်းစေတနာမကောင်းတဲ့ သူငယ်ဆိုရင်ဖြင့် ဘယ်မှာကျေနပ်လိမ့်မလဲ။ တစ်နည်းမဟုတ်တစ်နည်း ပုန်စားလိမ့်မယ်လို့ မျှော်မှန်းလို့ရပါတယ်။ သူငယ်ကလေးတွေ သူငယ်မကလေးတွေဟာ ငယ်စဉ်အရွယ်က ဖခင်လည်း ဝေးနေတယ်ဆိုရင် ဖခင်ကို မျှော်မှန်းတမ်းတပြီး ချစ်ခင်နေအောင် လွမ်းဆွတ်နေအောင် ပြောပေးနိုင်တဲ့သူက မိခင်ပဲဖြစ်ပါတယ်။ မိခင်ကသာ မောင့်ဖခင်ဟာ ဘယ်လိုသူရဲကောင်းကြီးဖြစ်တယ်။ သူတစ်ပါးကောင်းကျိုးကို ဘယ်လို သည်ပိုးတဲ့သူဖြစ်တယ်။ သစ္စာတရားကို အသက်ထက်တောင်မှ တန်ဖိုးထားသူဖြစ်တယ်ဆိုတဲ့စကားတွေကို နိစ္စဒူဝပြောပေးနေပါလား။ သားဖြစ်သူက ဖခင်ကို ချစ်ခင်ကြည်ညိုစွာ ကြီးပြင်းလာမှာပဲပေါ့။ အဲသည်လိုတာဝန်ကို



သမ္ဘုလက ကျေပွန်ပါလိမ့်မယ်။ ပြီးတော့လည်းလေ မထီးတူမ သမ္ဘုလတာ လောကုတ္တရာစာပေများကိုလည်း တတ်ကျွမ်းသူ ဖြစ်ပါလိမ့်မယ်။ တောကျောင်းမှာ လောကုတ္တရာစာကိုရော လောကီအဋ္ဌာရသတွေရော သင်တတ်တာကိုး။

မူလကတည်းက ဖခင်ကိုချစ်ခင်စိတ်ကလည်း ရင့်သန်ပြီးသားဖြစ်တဲ့သား၊ စာပေပညာကို နက်နဲစွာ ထိုးထွင်းသိမြင်အောင် သင်ယူခွင့်ရခဲ့တဲ့သားဟာ ဖခင်ရဲ့လုပ်ဆောင်ချက်များကို ကောင်းစွာနားလည်မှာဖြစ်ပါတယ်။ ပြီးတော့ ပညာရှင်ပီပီ လောကီစည်းစိမ်များ တောက်ပပြောင်လက်မှုများနဲ့ တွဲနေတဲ့ တောက်လောင်မှုများကို မက်မောစိတ်ကင်းတဲ့သူ ဖြစ်ပါလိမ့်မယ်။ သူ့အနေကတော့ ပိဋကတ်တိုက်ကိုနန်းမဆောင်ထက် ပိုပြီးနှစ်သက်ပါလိမ့်မယ်။ အကြီးတော်များဖြစ်တဲ့ဆရာတော်ကြီးများကို ဆည်းကပ်ရတာကို မှူးမတ်များနဲ့ တိုင်ပင်ရတာထက် ပိုပြီးလိုလားပါလိမ့်မယ်။

အဲသည်လို အမိက စိတ်ကောင်းတွေ မွေးပေးပြီး အဖက ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ပျိုးထောင်ပေးခြင်းခံရတဲ့ ရာဇကုမာရဟာ မြန်မာစာပေမှာ အလွန့်အလွန်လှပတဲ့ စာတ်ကြောင်းတစ်ခုအဖြစ် စာဖတ်သူတို့ရဲ့စိတ်နှလုံးကို ယူကျုံးစေနိုင်တဲ့ လေးမျက်နှာကျောက်စာတစ်ချပ် ရေးထိုးခဲ့ပါတယ်။ ပျူ၊ မွန်၊ ပါဠိ၊ မြန်မာဘာသာလေးမျိုးနဲ့ ရေးထိုးထားတာဟာဖြင့် စိတ်ကူးဆန်းကြယ်သလိုစာကိုတကယ်ချစ်ပြီး တကယ်လည်း စာတတ်တဲ့သူမှ စိတ်လိုလက်ရရေးထိုးနိုင်တဲ့ ကျောက်စာဖြစ်ပါတယ်။ ရာဇကုမာရဟာ သားလှရတနာပီသပါတယ်။ အဖေနဲ့အမေတို့ရဲ့ ကောင်းမြတ်တဲ့အရည်အသွေး ပြယုဂ်ဟာ ရာဇကုမာရလို့ပဲ ပြောရပါမယ်။

www.burmeseclassic.com

## ၉။ ဗညားဦး ငိုရတဲ့ပွဲ

ကျွန်မတို့နဲ့ ခင်မင်တဲ့မိသားစုမှာ မြန်မာနိုင်ငံအောက်ပိုင်းက အလုပ်လာလုပ်တဲ့ မိန်းကလေးတစ်ယောက်ရှိပါတယ်။ ရုပ်ကလေးကလည်း ချစ်စရာ၊ နာမည်ကလည်း ယမင်းတဲ့၊ အခုခေတ်တောရွာများက ကလေးမကလေးတွေ နာမည်က သိပ်လှတာပါပဲ။ ရုပ်ကလေးကလည်း ချောမှ ချောပါပဲ။ သူ့စိတ်ထားကလေးကလည်း ချစ်စရာပါပဲ။ အိမ်ရှင်နဲ့ အလုပ်သမားဆိုတဲ့စိတ်ထားမျိုး မရှိပါဘူး။ ကြီးကြီးရယ် သမီးတို့အိမ်ကလေးစားအိုးသိပ်ကြီးလာပြီ။ သမီးက တစ်ဖက်တစ်လမ်းကနေပြီး စီးပွားရှာပေးဦးမှလို့ ပြောတတ်ပါတယ်။ သမီးတို့အိမ်လို့ သူပြောတာက အလုပ်လုပ်တဲ့ အိမ်ဖြစ်ပါတယ်။ အဲသည်လို ချစ်ချင်စရာကောင်းလှတဲ့ သူကလေးကို အိမ်ရှင်တွေက ဆင်ပေးပြင်ပေးနဲ့ သမီးကလေးလို တူမကလေးလို သဘောထားပါတယ်။ ဘိုးဘိုးကြီးကလည်း သူ့ကို ကြင်နာစွာပြုစုပေးတဲ့ သမီးကလေးကို သိပ်အားကိုးပါတယ်။

တစ်နေ့မှာတော့ ရွာကသူ့အမေက အသည်းအသန်ဖြစ်နေတယ်ဆိုပြီး ဆွေမျိုးတွေက တယ်လီဖုန်းဆက်ပါတယ်။ ဘယ့်နှယ်လုပ်မလဲ။ သမီးကလေးကို ပြန်ပို့ရတော့တာပေါ့။ ယမင်းနဲ့ အဖော်တစ်ယောက် ထည့်ပေးလိုက်တာကိုတောင် အသိမပေးတော့ဘဲ တစ်ဖက်နိုင်ငံကို သူ့အမေက ပို့လိုက်ပါတယ်တဲ့။ သူ့အမေကဖြင့် ကျားကိုးစီးစားတောင်မကုန်အောင် ကျန်းမာဝဖြိုးလို့ပါတဲ့။ အဲသည်အကြောင်းကို ကျွန်မမိတ်ဆွေတို့ မိသားစုက ကြားကြရတဲ့အခါ စိတ်စက်မကောင်းဖြစ်ကုန်ကြပါတယ်။ ည ညဆိုရင် အိပ်မပျော်ဘဲ သမီးကလေးတော့ ဒုက္ခရောက်တော့မှာပဲလို့ စိုးရိမ်တဲ့သူက စိုးရိမ်လို့ပေါ့။ အသက်ကြီးတော့



ပြီးတွယ်တာအားကိုးတတ်တဲ့ ဘိုးဘိုးကြီးကိုလည်း ဖျောင်းဖျကြရပါတယ်။

တကယ်လို့ အပေါ်ယံအနေနဲ့ ပြောရင်တော့ အမေရင်းထက်များ သမီးတွေက ပိုချစ်ရဦးမလား၊ မဖြစ်နိုင်တာလို့ ပြောမယ်ဆိုရင်လည်း ပြောနိုင်ပါတယ်။ သို့ပေမယ့် အမေဖြစ်ပြီး အမေပီသဖို့ အဖေဖြစ်ပြီး အဖေပီသဖို့ဆိုတာ ပညာဗဟုသုတနဲ့လည်း ပြည့်စုံရပါမယ်။ ချင့်ချင့်ချိန်ချိန် လုပ်ဆောင်နိုင်တဲ့သူလည်း ဖြစ်ရပါမယ်။

ကျွန်မမိတ်ဆွေမိသားစုတွေ တစ်ယောက်တစ်ပေါက်ပြောနေတဲ့ အချိန်မှာ ကျွန်မကလည်း ခေါင်းထဲမှာ စာစီနေပါတယ်။ ဗညားဦးရဲ့သမီး တလမေသီရိအကြောင်း ဖြစ်ပါတယ်။

ဗညားဦးဆိုတာက ဝါရီရူဆက် မင်းတစ်ပါးဖြစ်ပါတယ်။ သူက ...ကေ ပဲခူးကိုပြောင်းပြီး မြို့တည်နန်းတည်မင်းအဖြစ် ခံယူသူဖြစ်ပါတယ်။ အဲသည်အချိန်မတိုင်မီကတည်းက ညီနောင်ဖြစ်သူ မွန်မင်းများ အပွဲကွဲအပြားပြားဖြစ်ပြီး ဗညားဦးကို ဝိုင်းဝန်းတိုက်ခိုက်ကြပါတယ်။ ဗညားဦးဟာ သူ့ကို ဗြထဗက တိုက်တော့မယ်။ အဲသည်လို တိုက်တဲ့အခါမှာ ဇင်းမယ်မင်းရဲ့အကူအညီကို ယူလိမ့်မယ်ဆိုတဲ့အကြောင်းကို သိလိုက်ပါတယ်။ ဇင်းမယ်မင်းကလည်း ဗြထဗဘက်က လာတိုက်ဖို့ စစ်တွေတောင်မှ ပြင်နေပြီဆိုတော့ ဗညားဦး စိတ်ပူသွားပါတယ်။ အခက်တလောပြဿနာကို ဖြေရှင်းဖို့ ဗညားဦးက ဇင်းမယ်မင်းကို သူ့သမီးတော် တလမေသီရိကို ဆက်သပါတယ်။ မင်းသမီးကို ဆက်သတာများ လွယ်လွယ်ကလေးလို့ မမှတ်စေချင်ပါဘူး။ ဆင်ပေါက် ဆယ်စီး ရွှေကား အချိန်တစ်ဆယ်စသည်ဖြင့် ပစ္စည်းဥစ္စာ ရတနာများကိုပါ ထည့်ပေးရသေးတာပါ။ အဲသည်လို သမီးကညာ ဆက်သတဲ့အခါမှာတော့ ဇင်းမယ်မင်းက ဗြထဗတို့ဘက်က မပါတော့ပါဘူး။ သို့ပေမယ့် တလမေသီရိကလေးကိုတော့ သိပ်နှိပ်စက်တော့တာပါပဲတဲ့။

www.burmeseclassic.com



နောက် ၆ နှစ်လောက်ကြာတဲ့အခါမှာ ဗညားဦးဟာ ပဲခူးမှာ ခြေကုပ်ယူမိပါတယ်။ မြို့သစ်နန်းသစ် တည်ပြီးတဲ့နောက် အခြေအနေ ကောင်းလာတဲ့အချိန်မှာတော့ တလမေသီရိက ဇင်းမယ်မင်းနှိပ်စက်လွန်း လို့ သေရပါတော့မယ်၊ ခမည်းတော် ကယ်ပါဦးလို့ စာရေးပြီး တောင်းပန် တော့ ဗညားဦးက သူ့ကိုဝိုင်းတိုက်နေတဲ့ ညီနောင်သားချင်းများကို ခေါ်ပြီး မင်းတို့ကိုကြောက်လို့ ငါက ငါ့သမီးကလေးကို ဇင်းမယ်မင်းထံ ဆက်သလိုက်တယ်။ အခုတော့ မင်းတို့တူမ ဒုက္ခရောက်နေပြီ။ ငါ့ကို ကယ်ပါဦးလို့ ပြောပါသတဲ့။

အဲသည်တော့ ညီနောင်များက ကျွန်တော်တို့စားရတဲ့ စားကျေး စားလက်များကို ပြန်ပြီးမသိမ်းဘူး။ ကျွန်တော်တို့ကိုလည်း မတိုက်ခိုက် ဘူးဆိုရင် ကျွန်တော်တို့ကလည်း မတိုက်ခိုက်ဘဲ ကူပါမယ်လို့ ပြောပါ သတဲ့။ အဲသည်တော့မှ ဇင်းမယ်မင်းထံက သမီးကို ရွေးဆယ်ပိဿာ ဆင်ပေါက်ဆယ်စီး ထပ်ဆောင်းပေးပြီး ရွေးယူရပြန်ပါသတဲ့။ ဗြထဗက ငါးပိဿာ ထပ်ထည့်ပေးပါသတဲ့။ ဆက်သတုန်းက အချိန်တစ်ဆယ် အခုတော့ တစ်ဆယ့်ငါးပေါ့။

တလမေသီရိကလေးဟာ ဇင်းမယ်မင်းလက်က လွတ်ပြီး ဟံသာ ဝတီ နေပြည်တော်ကို ရောက်လာတဲ့အခါမှာ ခမည်းတော် ဗညားဦးက ဝမ်းနည်းလွန်းလို့ ဆို့ပြီး သားအဖနှစ်ယောက် ဖက်ပြီးငိုကြပါသတဲ့။ ဝမ်းနည်းစရာလည်း ကောင်းပါတယ်။ တလမေသီရိဟာ ဇင်းမယ်ကို သွားတုန်းက အပျိုစင်ကလေး မင်းသမီးကလေး ဖြစ်ပါတယ်။ ဇင်းမယ် မင်းက လူကိုရော စိတ်ကိုပါ အညွန့်ကို မတက်နိုင်အောင် နှိပ်စက်လွန်း လို့ ညှိုးချုံးပြီးမှ ပြန်လည်ရောက်ရှိလာရှာတာ ဖြစ်ပါတယ်။ တကယ် တော့ တစ်ပြည်တစ်ရွာကို သူကသွားချင်လွန်းလို့ သွားရတာလည်း မဟုတ်ပါဘူး။ ခမည်းတော်က လက်တွေ့မဆန်တဲ့နည်းနဲ့ ပြဿနာကို ဖြေရှင်းချင်လို့ သူခမျာ အဲသည်လို တိုင်းတစ်ပါးမှာ ဒုက္ခရောက်ရရှာတာ



ဖြစ်ပါတယ်။ တကယ်လို့သာ သူ့ကိုဇင်းမယ်မပို့ခင် ညီနောင်များအချင်း ချင်း ညှိနှိုင်းကြရင် အဆင်ပြေနိုင်ပါတယ်။ အဆင်မပြေရင်လည်း သမီး ကလေးကို တန်ဆာခံပို့မယ့်အစား ကိုယ့်ဘာသာပဲ စွန့်စားပြီး တိုက်ခိုက် ကြရင် ပိုကောင်းပါလိမ့်မယ်။

ဗညားဦးဟာ တစ်ခါမှားပြီးတော့လည်း နောက်တစ်ခါ မှားသေး တာပါပဲ။ တလမေသီရိဟာ လူကောင်းသူကောင်းများက တယုတယ တောင်းယူ ထိမ်းမြားမယ့် အပျိုစင်မင်းသမီးအဖြစ်မှာ မရှိတော့ပါဘူး။ အဲသည်လိုအချိန်မှာ ကျဆုံးသွားတဲ့စစ်သူကြီးတစ်ယောက်ရဲ့သား လက်ရုံး ညီသမားတစ်ယောက်ဖြစ်တဲ့ သမိန်မရူးက တလမေသီရိကို တောင်းယူ ပါတယ်။ ဗညားဦးက သူ့သမီးကို သနားပါတယ်။ အဲသည်ခေတ်က ခင်ပွန်းမရှိတဲ့ အမျိုးသမီးဆိုတာ မျက်နှာမရှိတော့ သမိန်မရူးဆိုလည်း ဆိုးပါဘူးလေ။ တိုက်ရည်ခိုက်ရည်လည်း ရှိတယ်။ ကိုယ့်ထက်များစွာ နိမ့်ကျတဲ့သူဆိုတော့ သစ္စာရှိရှိပေါင်းဖက်မှာပဲလို့ ဗညားဦးက တွေးပါ သတဲ့။ အဲဒါကြောင့် ဗညားဦးက သူ့သမီးတော်တလမေသီရိကို သမိန် မရူးနဲ့ ထိမ်းမြားပေးခဲ့ပါသတဲ့။

သမိန်မရူးက နိမ့်ကျတဲ့ဘဝကလာပေမယ့် သစ္စာမဲ့ပါတယ်။ တလမေသီရိကို ရယူပြီးမှ သူကိုယ်တိုင် ဘုရင်ဖြစ်ချင်လို့ အရီးတော် မဟာဒေဝီနဲ့ ဖောက်ပြန်ပါတယ်။ သူတို့ချင်းပူးပေါင်းပြီး ဗညားနွဲ့ကို လက်ဦးမှုရယူဖို့ ကြိုးစားခဲ့တာ အကြိမ်ကြိမ်ပါပဲ။ အဲသည်တော့ ဗညားနွဲ့ မင်းဖြစ်လာတဲ့အခါ ဦးဆုံးကွပ်မျက်လိုက်သူက သမိန်မရူး ဖြစ်ပါတယ်။ တလမေသီရိကိုယ်တိုင်ကတော့ အကောက်ကြံတယ်လို့ မဆိုနိုင်ပေမယ့် မရူးရဲ့ဇနီးဖြစ်တာကြောင့် အတူတူပဲ ကွပ်မျက်ခံခဲ့ရပါတယ်။ အဲသည် အချိန်မှာ ဗညားဦး မရှိတော့ပါဘူး။ နတ်ရွာစံခဲ့ပါပြီ။ တကယ်လို့ ရှိနေသေးတယ်၊ သိနေသေးတယ်ဆိုရင်လည်း သူ့လုပ်ရပ်ကြောင့် နစ်ခါ ပြန် သေစရာ ဖြစ်တော့မှာပါပဲ။

www.burmeseclassic.com



မိဘများဟာ သားသမီးများကို ချစ်ကြတာ အားကိုးကြတာကိုတော့ သံသယရှိစရာ မလိုပါဘူး။ သို့ပေမယ့် ချစ်တဲ့နည်း အားကိုးတဲ့နည်းတော့ မှန်ကန်ဖို့လိုပါတယ်။ ငါတို့ကျေးဇူးက နည်းသလား။ ဒီလောက်တော့ ဆပ်ရမှာပေါ့ဆိုတဲ့ သဘောထားကိုတော့ ထားကြမယ်လို့ မထင်မိပါ။ မထင်မိပေမယ့် အဲသည်လို အဖြစ်မျိုးကို ရောက်အောင် အသိပညာမဲ့ကြတာတွေကို မြင်ရကြားရတော့ သိပ်ဝမ်းနည်းစရာကောင်းပါတယ်။

## ၁၀။ ရာဇာမိရာဇ် ဘာဖြစ်လို့ ရက်စက်ရပါလိမ့်

[illegible]သီရာဇ်ရဲ့ ခမည်းတော်က ဗညားဦးဖြစ်ပါတယ်။ ရာဇာမိရာဇ်ဟာ [illegible]လေးအရွယ် ငယ်ငယ်ကတည်းက အမိဆုံးပါးသွားတဲ့ ကလေး [illegible]ပါတယ်။ သူ့မိခင်က မွေ့ဒေါလို့ခေါ်ပါတယ်။ ဘွဲ့အမည်အရည် [illegible]တော့ သီရိမာယာဒေဝီ ဖြစ်ပါတယ်။ ကလေးရဲ့လျှာမှာ အစက်ပါလို့ [illegible]လို့ အမည်ပေးထားပါတယ်။ ဗညားဦးရဲ့အစ်မတော် မဟာဒေဝီ [illegible] သားအရင်းလို ချစ်ခင်စွာမွေးစားပြီး စောင့်ရှောက်ထားပါသတဲ့။ [illegible] တောက်တောက်ပြေးတတ်တဲ့အရွယ်မှာ မဟာဒေဝီက ကလေး [illegible]တော်အရောက်ရှိပြီး ခေါ်လာခဲ့ပြီးတော့ ခမည်းတော် ဗညားဦးကို [illegible]ပါတယ်။ ကလေးကိုမြင်ပြီးတဲ့အချိန်ကစပြီး ဗညားဦးက အပသံ့ငယ် [illegible]သားတော့ ဟုတ်ပါတယ်။ သူ့ရုပ်ရည်ကတော့ ငါနဲ့မတူဘူး။ [illegible] ကြီးတယ်။ ဆံကြမ်းတယ်။ ခြေသလုံးသား ကြီးတယ်။ [illegible]တ်မယ့်လက္ခဏာရှိတယ်လို့ မကြာခဏပြောပါတယ်တဲ့။

ဗညားဦးမှာ သီရိရာဇာဒေဝီလို့ခေါ်တဲ့မိဖုရားက သားတစ်ယောက် [illegible]ပါတယ်။ အဲသည်သားကို ဘောင်မုန်လို့ အမည်ပေးထားပါတယ်။ [illegible]သားက ရုပ်ရည်ချောမောပါတယ်။ ဗညားဦးက ချစ်ပါတယ်။ [illegible]အိမိဖုရားမှာတော့ တလမေဒေါဆိုတဲ့ သမီးတစ်ယောက် ဖွားမြင် [illegible]။ အဲသည်လိုနဲ့ အပသံ့အမည်နဲ့ ကလေးဟာ ခမည်းတော် [illegible]ရဲ့ ချစ်ခင်ကြင်နာမှုကိုလည်း မရ။ မိခင်ရင်းကလည်း ဆုံးပါး [illegible]သားသာဆိုတယ် နန်းတော်မှာ လူချစ်လူခင်မများလှတဲ့သူ [illegible]တ်အနေနဲ့ ကြီးပြင်းလာခဲ့ပါတယ်။ အပသံ့ လူပျိုဖြစ်လာတဲ့

www.burmeseclassic.com



အချိန်မှာ ဗညားနွဲ့ဆိုတဲ့အမည်ကို ခမည်းတော်က ပေးပါတယ်။ အဲသည်နောက် သိပ်မကြာခင်အချိန်မှာ ဗညားနွဲ့က အဖတူ အမိကွဲ နှမတော် တလမေဒေါ်နဲ့ ချစ်ကြိုက်ရည်ငံပြီး ဒဂုန်ကို ခိုးပြေး ကြပါသတဲ့။

ဗညားနွဲ့နဲ့ တလမေဒေါ်ကို မိအောင်ဖမ်းဖို့ ဗညားဦးမင်းက အမိန့်ထုတ်ပြီး ဖမ်းကြတော့ မိပါတယ်။ ဗညားဦးက သမီးတော် တလမေဒေါ်ကိုတော့ အပြစ်မယူဘဲ သားတော်ဗညားနွဲ့ကိုသာ အကျဉ်းချထားပါသတဲ့။ မဟာဒေဝီက ဗညားနွဲ့ကို လွှတ်ပေးဖို့ အကြိမ်ကြိမ် တောင်းပန်ပေမယ့် လွှတ်မပေးဘဲ သူဟာ ငါ့သားတော်ဖြစ်ပေမဲ့ ရက်စက်တဲ့သူ ဖြစ်တယ်။ ငါ့ကိုစိတ်ပူပန်အောင် လုပ်တဲ့သူဖြစ်တယ်။ သူ့ကို ငါက သားပင်ဖြစ်သော်လည်း မချစ်ဆိုတဲ့စကားကို အခါခါပြောပြီး တော်တော်နဲ့ ပြန်မလွှတ်ပါဘူးတဲ့။ မဟာဒေဝီက တောင်းပန်လွန်းမက တောင်းခံမှ ပြန်လွှတ်လိုက်ပါသတဲ့။ မဟာဒေဝီကပဲ ဗညားနွဲ့နဲ့တလမေဒေါ်ကို ထိမ်းမြားပေးပြီး အိမ်တစ်ဆောင်မီးတစ်ပြောင်နဲ့ နေနိုင်အောင် ကူညီခဲ့ပါသတဲ့။

တစ်နေ့ကျတော့ ဗညားဦးက သူ့အစ်မ မဟာဒေဝီကိုခေါ်ပြီး ငါအခု မကျန်းမမာဖြစ်နေတယ်။ တကယ်လို့ ငါသေရင် ဗညားနွဲ့ကို ထီးနန်းမပေးပါနဲ့။ သူဟာ ရက်စက်ကြမ်းကြုတ်တယ်။ ပြည်သူတွေကလည်း မချစ်ဘူး။ ငါ့သားဘောင်မှန်ဟာ ဘုန်းကျက်သရေရှိတယ်၊ ရုပ်ရည်လည်း လှပတယ်။ ပြည်သူတို့နဲ့လည်း သင့်တင့်တယ်။ ဘောင်မှန်ကို ထီးနန်းပေးပါလို့ မှာထားပါသတဲ့။

အဲသည်လို ဗညားဦးမင်းက မွေးစကတည်းက ဗညားနွဲ့ကို အရုပ်ဆိုးတယ်၊ ရက်စက်မယ့်အသွင်ရှိတယ်ဆိုပြီး မချစ်ခင်တာ။ အပြစ်ကျူးလွန်တာချင်းအတူတူ ဗညားနွဲ့ကိုသာ အပြစ်ပေးတာ။ သူ့ကို သားဖြစ်ပေမဲ့ ငါမချစ်ဆိုတဲ့စကားကို မကြာမကြာပြောတဲ့ စကားတွေဟာ ဗညားနွဲ့ဆီကို ပြန်ရောက်မှာပါပဲ။ ဗညားနွဲ့ကို ထီးနန်းမပေးဖို့



ဘောင်မှန်ကို ထီးနန်းပေးဖို့စတဲ့ မှာထားချက်များလည်း ဗညားနွဲ့နားကို ရောက်မယ့်စကားများ ဖြစ်ပါတယ်။

ဗညားနွဲ့မှာ သူ့ကိုမွေးတဲ့ မဟာဒေဝီကို ပုံပြီး ချစ်ခင်အားကိုးရမှာလည်း ခက်နေပါတယ်။ အကြောင်းကတော့ ဒီလိုပါ။ ဗညားဦးက သမီးတော် တလမေသီရိကို ဇင်းမယ်မင်းထံမှာ ဆက်သထားရာက ဇင်းမယ်မင်းက နှိပ်စက်လွန်းလို့ ဗညားဦးက ဆင်တွေ၊ ရွှေတွေကို ပေးပြီး သမီးကို ရွေးခဲ့ရပါတယ်။ အဲသည်မင်းသမီးကလေးနဲ့ ဘော်ရုံးရည်သမား သမိန်မရူးတို့ကို ဗညားဦးက လက်ထပ်ထိမ်းမြားပေးခဲ့ပါတယ်။ သမိန်မရူးဘက်က တောင်းလို့ပါပဲ။ သမိန်မရူးဟာ သုံးနှစ်လောက်ကြာတော့ ရိုးသားစွာနဲ့ တလမေသီရိကို ပေါင်းသင်းပါတယ်။ နောက်တော့ ဖောက်ပြန်တော့တာပါပဲ။ ဘယ်သူနဲ့ ဖောက်ပြန်တာလဲဆိုတော့ ဗညားနွဲ့ရဲ့အရီးတော် (မွေးစားမိခင်လည်းဖြစ်သူ) မဟာဒေဝီနဲ့ ဖောက်ပြန်တာဖြစ်ပါတယ်။ မဟာဒေဝီနဲ့ မရူးတို့ပေါင်းပြီး ဗညားနွဲ့ကို လက်ဦးအောင် ရယူဖို့တောင် ကြံစည်ကြပါတယ်။

အဲသည်တော့ ဗညားနွဲ့က ဒဂုန်ကိုထွက်ပြီး ပုန်စားမုန်ကန်ပါတယ်။ ခမည်းတော် နတ်ရွာစံတော့မယ်လို့ကြားတော့ ဗညားနွဲ့ဟာ ဟံသာဝတီကို ချီတက်လာပါတယ်။ ထီးနန်းသိမ်းယူနိုင်တဲ့အခါမှာ မဟာဒေဝီကို မွေးကျေးဖူးကြောင့် အသက်လွှတ်ပြီး မရူးနဲ့ တလမေသီရိကို ကွပ်မျက်ပါတယ်။

သူက မင်းအဖြစ်ကို ခံယူတော့ ခမည်းတော်ရဲ့သမီး သူ့ရဲ့ မယား တလမေဒေါ်ကို မိဖုရားကြီးအရာမပေးဘဲ ဒဂုန်မှာ ချစ်ကြိုက်ပြီး ကောက်ယူခဲ့တဲ့ မွေမနိက်ဆိုသူကလေးကို ပီယရာဇာဒေဝီဘွဲ့ ပေးလိုက်ပါတယ်။ သူ့သား ဘောလောကျန်းတောကိုတော့ ချစ်ခင်စွာ ထားလိုက်ပါတယ်။ တလမေဒေါ်ကိုတော့ အခေါ်ခိုင်းလိုက်ပါတယ်။ သူကတော့ တလမေဒေါ်ကို ခမည်းတော်ပေးသနားထားတဲ့ လက်စွပ်

www.burmeseclassic.com



တွေကို သိမ်းယူခိုင်းလိုက်ပါတယ်။ အဲသည်နောက်တော့ တလမေဒေါ်ကိုလည်း ကိုယ့်ကိုယ်ကို သတ်သေတော့တာပါပဲ။ ရာဇာဓိရာဇ်ဟာ ခမည်းတော်က ထီးနန်းပေးချင်တဲ့ ဘောင်မှန်ကိုလည်း သတ်ပါတယ်။ နောက်ဆုံးတော့ ခမည်းတော်အင်မတန်ချစ်တဲ့ မြေးဖြစ်သူ သူနဲ့တလမေဒေါ်ရဲ့ သားဖြစ်သူ ဘောလောကျန်းတောကိုပါ ကွပ်မျက်လိုက်ပါတယ်။ သူ့ကို ပုန်စားပုန်ကန်ပြုချင်လို့ဆိုတဲ့ စွပ်စွဲချက်နဲ့ သတ်တာပါပဲ။

ရာဇာဓိရာဇ်ဟာ စစ်ဘုရင်ဖြစ်ပါတယ်။ သူ့ရဲ့ကောင်းများကို ချစ်တတ်ပါတယ်။ ပညာရှိများကို ဆည်းကပ်ရကောင်း မှန်းသိပါတယ်။ ချီးမြှင့်မြှောက်စားသင့်တဲ့သူကိုလည်း ချီးမြှင့်မြှောက်စားပါတယ်။ သို့သော်လည်း တလမေဒေါ်ကိုရော ဘောင်မှန်နဲ့ ဘောလောကျန်းတောတို့ကိုရော ဘာဖြစ်လို့ ရက်စက်စွာ ဆက်ဆံခဲ့ရတာလဲ။

ပထမအချက်က မိခင်ငယ်စဉ်က ဆုံးပါးလေတော့ သူဟာ မိခင်ဆီကသာ ရနိုင်တဲ့ အယုယအကြင်နာကို မရခဲ့ရပါဘူး။ ငယ်စဉ်ကတည်းက သူ့ကို ခမည်းတော်က သားတော်ဖြစ်ကြောင်း လက်ခံထားပေမယ့် မချစ်ဘူး။ ရက်စက်တယ်လို့ပြောတဲ့ ထီးနန်းမပေးချင်ဘူးဆိုတဲ့ စကားတွေကို ကြားပြီး ကြီးပြင်းလာရပါတယ်။ သူဟာ ရက်စက်မယ့်ပုံလို့ ခဏခဏပြောဆိုခံရခြင်းဟာ အလွှမ်းမိုးခံရခြင်းပဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ ခမည်းတော်က မလိုချင်ဘူးလို့ ငြင်းတာကို ခံရတာပါပဲ။ မချစ်ဘူး၊ ထီးနန်းမပေးလိုဘူးဆိုတာ သူ့ရပိုင်ခွင့်ရှိတာကို ငြင်းပယ်တာပါပဲ။ မလိုချင်ဘူးလို့ အပြောခံရသလိုပါပဲ။ မယ်တော်ပမာ မွေးမြူခဲ့တဲ့ မဟာဒေဝီကလည်း မရူးနဲ့ဖောက်ပြန်ပြီး သူ့ကိုပယ်တော့မယ့် အရေးကိုလည်း မြင်ရပါတယ်။ ရာဇာဓိရာဇ်မှာ ချစ်ခြင်းမေတ္တာနဲ့ ခိုကိုးရမယ့်သူ ကိုယ်နဲ့တန်းတူ စိတ်ချရမယ့်သူ မရှိတော့ဘူးဆိုတဲ့ ခံစားမှု အတော်ပြင်းထန်ခဲ့မှာ ဖြစ်ပါတယ်။

အဲသည်တော့ ရာဇာဓိရာဇ်ဖြစ်လာတဲ့ ဗညားနွဲ့ဟာ တန်ပြန်



သဘောနဲ့ ရက်စက်ပြီပဲပေါ့။ သူ့အနေနဲ့ တလမေဒေါ်ကို မိဖုရားကြီးအဖြစ်က ပယ်တာဟာ ခမည်းတော့သမီးကို ပြန်ပြီးပယ်လိုက်တာပါပဲ။ ခမည်းတော်ချစ်တဲ့ ဘောင်မှန်ကို သတ်တာ၊ ခမည်းတော် သိပ်ချစ်တဲ့ သူ့သား ဘောလောကျန်းတောကိုပင် သတ်တာတွေဟာ ခမည်းတော်က သူ့အပေါ်မှာ ဆက်ဆံခဲ့တဲ့ သားချစ်မညီတာ၊ သားလိုမမှတ်တာတွေကို အန်ပြန်ရက်စက်တာပဲဆိုတာ စိတ်ပညာသဘောအရ စဉ်းစားလို့ ရနိုင်ပါတယ်။

တကယ်တော့ သားသမီးတိုင်းဟာ မိခင်ဖခင်တို့က ချစ်ခင်တာကို တစ်ပြေးညီ ရလိုပါတယ်။ ပိုချစ်ပြီး ပိုအလိုလိုက်တာကို ခံရတဲ့သူကတော့ ကျေနပ်ကောင်း ကျေနပ်ပါမယ်။ သားသမီးဖြစ်ပါလျက်နဲ့ ခွဲခြမ်းခြမ်းလုပ်ကာ အနှိမ်ခံရရင်တော့ ဘယ်လိုမှ ကျေနပ်နိုင်ကြမယ် မဟုတ်ပါဘူး။ တကယ်တော့ သားချစ်မညီခြင်းမှာ အပြစ်များစွာရှိပါတယ်။ သိပ်အလိုလိုက်ခံရတဲ့ကလေးဟာ ပျက်စီးသွားတတ်ပါတယ်။ သူတကာအပေါ်မှာ အသာစီးရလိုဇောနဲ့ မတရားသဖြင့် လုပ်တတ်တဲ့ သူကလေးများ ဖြစ်လာတတ်ပါတယ်။ အနှိမ်ခံရတဲ့ကလေးများကလည်း သူဟာ သူများထက်မည့်ဘူး။ သူများထက် သာတောင်မှ သာလိုက်သေးတယ် ဆိုတာကို ပြသဖို့ ရာဇာဓိရာဇ်လို ရက်ရက်စက်စက် လက်စားချေတာ လက်ဦးမှုယူတာတွေ ဖြစ်ကုန်တတ်ကြပါတယ်။

ချုံပြီးပြောရရင်တော့ သားသမီးတစ်ယောက် ပုံမှန်ထက်ကျော်ပြီးဆိုးတာ ရက်စက်တာ မညာတာတတ်တာတွေဟာ မိဘက စပါတယ်။ အထူးသဖြင့် မိတဆိုး ဖတဆိုးများဟာ ပိုပြီးဂရုစိုက်ရမယ့် ကလေးများဖြစ်ပါတယ်။ မိဘရဲ့ ချစ်ခြင်းမေတ္တာ အပြည့်အဝရပါမှ စိတ်အင်အားပြည့်တတ်တာပါ။ မိဘများဟာ မြင်းမိုရ်တောင်ဦးမက ကျေးဇူးရှင်များ ဖြစ်ကြပါတယ်။ ဒါပေမဲ့ ပုထုဇဉ်များပီပီ မှားတတ်ကြလို့ သတိကြပ်ကြပ်ထားရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

# အဖေနဲ့ အမေ

## ၁။ နှစ်ယောက်ပေါင်းမှ တစ်ဘဝ

ကလေးနှစ်ယောက်ဟာ အဖေ့နောက် တကောက်ကောက်လိုက်နေပါတယ်။ အဖေကလည်း ဆာတယ် ဆာတယ်လို့ ကလေးတွေ အော်သံကြားတဲ့အခါမှာ ချက်တဲ့ပြုတ်တဲ့အလုပ်ကို ခပ်သုတ်သုတ်လုပ်ပါတယ်။ သို့ပေမယ့် ဘယ်လိုမှအထာမကျတဲ့ လုပ်ငန်းခွင်ဖြစ်နေပါတယ်။ အမေက သန့်ရှင်းရေးကို ပိုင်ပိုင်နိုင်နိုင်ကိုင်ထားတော့ မီးဖိုချောင်က သန့်ရှင်းနေတာပါပဲ။ အဖေ့လုပ်ငန်းခွင်ကလည်း သန့်ရှင်းသပ်ရပ်တဲ့ လုပ်ငန်းခွင်အဖြစ် ချီးကျူးခံရပါတယ်။ ကောက်ကောက်ကွေးကွေး ပစ္စည်းကိရိယာများကို အစောင်းလိုက်ကလေး ညီညီညာညာ ချိတ်ထားလိုက်တော့ ထုံးထားသလိုမဟုတ်ဘဲ သပ်ရပ်လှပသွားပါတယ်။ အမေ့ မီးဖိုချောင်က သေးပါတယ်။ ပိုပြီးလည်း သပ်ရပ်ပါတယ်။ အဖေက မကျွမ်းတော့ ယောက်မကိုသုံးပြီး ဘယ်မှာချထားမှန်းမသိ ဖြစ်နေတာတို့ ဆားနဲ့နနွင်း အိုးချင်းများပြီး နှိုက်မိတာတို့နဲ့ အလုပ်က မပြီးနိုင်ပါဘူး။ အစောပိုင်းက တော့ အလုပ်ကပြန်လာပြီး ချက်ချင်းအဝတ်လဲပြီး သားတို့ သမီးတို့ စားနေကြပြီလားလို့ ကိုယ်တိုင်နှုတ်ဆက်ခဲ့တာပါပဲ။ ကလေးတွေကလည်း အဆော့မက်နေရာက အဖေပြန်လာပြီလို့ဆိုတော့ စားရတော့မယ်ဆိုတာကို သိတာနဲ့ ဆာတယ်ဆိုတဲ့စကားကို သီချင်းဆိုသလို ဆိုနေတော့တာပါပဲ။ ပြီးတော့ အဖေ့နောက်က တကောက်ကောက်လိုက်နေတော့ အဖေက သူတို့ကိုနင်းမိမှာစိုးလို့ ရှောင်နေရတာက အလုပ်တစ်လုပ်ဖြစ်တဲ့အတွက် စိတ်တိုလာပါတယ်။

စိတ်တိုတာနဲ့ ကလေးတွေကို ဟယ် ဒီကလေးတွေကလည်း တိတ်တိတ်နေစမ်း၊ ဒီမှာအလုပ်မတွင်ရတဲ့အထဲလို့ ဝေါက်လိုက်ပါတယ်။

www.burmeseclassic.com



သားနဲ့သမီးက မျက်စိသူငယ်နဲ့ ငြိမ်သွားကြတော့လည်း စိတ်မကောင်းဖြစ်ရပြန်ပါရော။ အိမ်ပေါ်ကိုတက်ပြီး ကလေးတွေအမေကို ကြည့်မယ်လို့ကြံတာတောင်မှ မကြည့်ဖြစ်ဘဲ ထမင်း ဟင်း ချက်နေရတဲ့ အဖေလည်း စိတ်ရောလူပါ ပန်းလာပါတယ်။ ပြန်ရောက်ခါစက မေမေရောလို့မေးတော့ အိပ်နေတယ်လို့ သမီးကဖြေပါတယ်။ ကလေးတွေအမေက သိပ်အပင်ပန်းခံတယ်။ အိမ်အလုပ်ကို သိမ်းကျုံးလုပ်လေ့ရှိတယ်။ ဈေးသွားရင် မြင်းလှည်းစီးသွားဖို့ ပြောတာလည်း မရပါဘူး။ ဈေးကိုဖြတ်လမ်းဖြစ်တဲ့ ဘုန်းကြီးကျောင်းဝိုင်းထဲက ဖြတ်သွားရတော့ ဖိနပ်ချွတ်သွားရတယ်လေ။ ခြေပူမိတော့ နေမကောင်းဖြစ်တာပေါ့။ ဈေးအသွားကတော့ နေမပူသေးပေမယ့် ဈေးအပြန်မှာ နေပူနေပြီ။ မင်းနှယ်ကွယ်၊ မြင်းရထားစီးပါလားလို့ပြောတော့ အိုတော် မြင်းရထားခကိုချွေတာလိုက်ရင် ကျွန်မသားသမီးတွေ မုန့်ဝဝစားရတာပေါ့တဲ့။

အဖေက ကလေးတွေကို နည်းနည်းဟောက်ထားပြီး ထမင်းဆက်ချက်နေလိုက်ပါတယ်။ ထမင်းအိုးလည်းငှဲ့ရော အငယ်ကောင်မျောက်က ထပြီးငိုပါလေရော။ ထမင်းအိုးကိုလည်း ချထားခဲ့လို့မရတော့ ဟဲ့ ဘာဖြစ်သလဲ၊ သမီး မောင်လေးက ဘာဖြစ်လို့ငိုတာလဲလို့ ထိတ်ထိတ်ပျာပျာမေးလိုက်ရပါတယ်။ မျောက်က မေးသံကြားတော့မှ ဆာတယ်ဆိုတဲ့စကားကို အသံမြှင့်ပြီးအော်ပြန်ပါတယ်။ သမီးကလည်း သူ့မောင်လေးငိုတော့ လိုက်ပြီးငိုပါလေရော။ အဖေလည်း ထမင်းအိုးကို ဆောင့်လိုက်ပြီး မီးဖိုပေါ်ပြန်တင်ပါတယ်။ မီးဖိုထဲက အိမ်ထဲကိုပြန်ဝင်လာတော့ လှေကားပေါ်မှာ ကလေးအမေက ထိုင်လို့၊ လက်ရန်းကိုအားပြုထားတယ်၊ မောလည်းမောနေပုံပဲ။ ဟဲ့ ဟဲ့ မဆင်းခဲ့နဲ့။ အခုပဲထမင်းက နပ်တော့မှာ။ ကလေးတွေကို ထမင်းနပ်တာနဲ့ ကျွေးမှာလို့ အဖေက အလန့်တကြားပြောပါတယ်။

ကလေးများကလည်း အမေ့ကိုမြင်တော့ လန့်သွားတယ်ထင်ပါ



ရဲ၊ အငိုတိတ်သွားပါတယ်။ ကလေးအမေကို စကားပြောနေတုန်း ထမင်းအိုးက တူးနံ့နံ့လာလို့ အဖေလည်း အပြေးတစ်ပိုင်းပြန်လာပြီး ထမင်းအိုးကို ချပါတယ်။ အဲသည်ညက ကလေးအမေကို ဟောလစ်နဲ့ ဘီစကွတ်ကလေးသုံးချပ်လောက်ကို ဝင်အောင်ကျွေးပြီး ဘဲဥကြော်နဲ့ ဆီဆမ်းထမင်းကို ခေါင်းမဖော်အောင်စားနေကြတဲ့ ကလေးနှစ်ကောင်ကိုကြည့်ပြီး အဖေက ပြုံးနေမိတယ်။ ကလေးအမေက အစားဝင်သွားတော့ အားရှိသွားတဲ့ဟန်နဲ့ ပြုံးနိုင်ရယ်နိုင်လာပါတယ်။ ပြီးတော့ ကလေးအဖေကို ဘာပြုံးတာလဲလို့ မေးလိုက်ပါတယ်။ ကလေးအဖေက ငါ့သားနဲ့ငါ့သမီးကို အားကျလို့ပါ။ ငါငယ်ငယ်ကဆိုရင် ဆာတယ်ဆိုရင်တောင်မှ အဲသည်လိုငိုပြီး တောင်းရဲမှာမဟုတ်ဘူးလေ။ ငါ့မှာ ၅ နှစ်လောက်ကတည်းက အဖေရောအမေရော ရှိမှမရှိတော့တာလို့ ပြောပါတယ်။ ကလေးအမေက အိုတော်လို့ စိတ်မကောင်းသံနဲ့ ပြောလိုက်မယ့် အခုတော့ ငါ့သားငါ့သမီးတွေမှာ ငါတို့ရှိပြီ မရင်ရေ၊ သူတို့ သိပ်ကံကောင်းတယ်လို့ ပြောလိုက်သံကြားတော့မှ ကလေးတွေအဖေဟာ စိတ်ငယ်နေတာမဟုတ်ဘူး။ သားသမီးဆီက အားပြန်ယူနေတာပဲလို့ သိလိုက်ရပါတယ်။

ကလေးတွေအဖေကတော့ နောက်မှအေးအေးဆေးဆေး ထမင်းစားပါတယ်။ ထမင်းစားပြီးတော့ အိုးတွေခွက်တွေကို ဆေးမယ်လုပ်တော့ အမေက မဆေးနဲ့တော့၊ ထားခဲ့လို့ပြောပါတယ်။ အဖေက နောက်ကျလည်း ဆေးရမှာပဲ၊ တစ်လက်စတည်း ဆေးလိုက်မယ်လို့ ပြောတော့ မနက်ကျ ကျွန်မနေကောင်းပြီ။ ရှင်နားတော့လို့ ပိုင်ပိုင်နိုင်နိုင်လေသံနဲ့ ပြောပါတယ်။ အဖေက စိတ်ထက်တဲ့အမေ့ကို ကြည့်ပြီး နောက်မှလည်းပြောပါ ရှင်မရယ်။ မင်းအခုမှ အဖျားကျပြီး အစားဝင်တာ၊ အားမှမရှိသေးဘဲနဲ့လို့ ပြောပါတယ်။

အမေကတော့ သိပ်သေချာနေတဲ့အသံနဲ့ သူနေကောင်းပြီလို့

www.burmeseclassic.com



ပြောတာပါပဲ။ အဖေကလည်း အမေ့ကို စိတ်စက်မချမ်းမသာ မဖြစ်စေချင်လို့ အိုးတွေ ပန်းကန်ခွက်ယောက်တွေကို မီးဖိုထဲမှာ သပ်ရပ်အောင်ပြင်ပြီး ထားခဲ့ပေမယ့်လည်း အမေ နေမကောင်းဘဲ ထပြီးအလုပ်လုပ်မှာတော့ စိုးရိမ်ပါတယ်။ မနက်ရောက်တော့ အဖေနဲ့အမေတို့ မရှေးမနှောင်းမှာ နိုးပါတယ်။ အဖေက ခပ်သုတ်သုတ်ထလိုက်တော့ အမေကရေမွေးအိုးတည်ပြီးနေပြီ။ အဖေက မျက်နှာသစ်ပြီး ကလေးတွေအမေကိုသေသေချာချာသွားကြည့်ပါတယ်။ ကလေးတွေအမေက နည်းနည်းဖျော့တော့နေသေးပေမယ့် လန်းတော့လန်းပါတယ်။ အဖေ့ကိုလည်း ကိုင်းကိုင်း ဘုရားဝေယျာဝစ္စလုပ်ပြီး ဘုရားရှိခိုးလေ။ ပြီးတော့ စားရမယ်လို့ချော့သလိုလေသံနဲ့ ပြောပါတယ်။ ကလေးတွေအဖေက ဘုရားရှိခိုးပြီးတာနဲ့ ထမင်းစားပွဲပေါ်က ထမင်းကြော် အငွေ့ထောင်းထောင်းထနေတာကို စားချင်သဖွယ် မြင်လိုက်ရပါတယ်။ ကလေးတွေကတော့မနိုးသေးပါဘူး။ ကလေးတွေအမေကလည်း ဟောလစ်တစ်ပန်းကန်ရှေ့ချထားပြီး အဖေ့ကိုစောင့်နေပါတယ်။ အဖေက အမေ့နဖူးလေးကိုစမ်းကြည့်ပြီး အဖျားတော့ မရှိတော့ပါဘူး။ သတိတော့ထားဦးနော်၊ အလုပ်တွေသိပ်မလုပ်နဲ့လို့ သတိပေးပါတယ်။

ထမင်းကြော်စားပြီးတဲ့အခါမှာ အဖေက အမေ့ကို ကျေးဇူးတင်ပါတယ်လို့ ပြောတော့ အမေက ရယ်ပါတယ်။ စကားဆန်းတွေကိုတယ်ပြီးပြောသကိုးလို့လည်း ဆိုပါတယ်။ အဖေက စကားကို ဆန်းအောင်ပြောတာ မဟုတ်ဘူး။ ကိုယ်က ငွေတွေကို ဘယ်လောက်ရှာနိုင်သည်ဖြစ်စေ မင်းသာမရှိရင် ထမင်းလည်းရှိမှာမဟုတ်ဘူး။ မိသားစုဆိုတာ တကယ်တော့ အဖေနဲ့ကလေးတွေချည်းလည်း တည်ဆောက်လို့ရတာမဟုတ်ဘူး။ အမေနဲ့ကလေးတွေချည်းလည်း တည်ဆောက်လို့မရနိုင်ဘူး။ ရသည့်တိုင်အောင် ပြီးပြည့်စုံမှာမဟုတ်ဘူး။ အေးလေ ကလေးတွေမရှိလည်း တို့နှစ်ယောက်မှာ ပြီးပြည့်စုံမှာမဟုတ်ဘူး။ ကျေးဇူးတင်



ပါတယ် မရင်။ မင်းသာမရှိရင် ကိုယ်တစ်ယောက်တည်းနဲ့ ဘဝကိုပြည့်စုံအောင် တည်ဆောက်လို့ ရမှာမဟုတ်ဘူးလို့ ဆက်ပြောတော့အမေက အဖေ့ကို ဘယ်ဝတ္ထုကိုဖတ်ပြီး လာပြောနေပါလိမ့်လို့ ပြန်ပြောလိုက်ပေမယ့် အမေ့မျက်နှာလန်းလာတာ ဟောလစ်ကြောင့်မဟုတ်ဘဲအဖေ့ဝတ္ထုထဲက နှစ်လိုဖွယ်စကားများကြောင့် ဖြစ်တဲ့အကြောင်းကိုအမေရော အဖေရော သိပါတယ်။ ကလေးတွေကြီးလာတော့လည်းသိသွားကြတာပါပဲ။

www.burmeseclassic.com

## ၂။ နောက်ဆုံးတော့လည်း အတူတူပါပဲလေ

'မဟာ' မှာ အဖေနဲ့အမေဆိုတဲ့ ဆောင်းပါးတစ်စောင် ပါသွားပြီဆို ကတည်းက တို့ကတော့ အဖေနဲ့အမေကို တူတူပဲချစ်တယ်လို့ မပြောဖူး ဘူး။ အဖေ့ကိုချစ်တယ်လို့ပဲ ပြောတယ်လို့ ပြောတဲ့သူတွေလည်း ရှိမှာ ပါပဲ။ အို တို့ကတော့ အမေပဲချစ်တယ်လို့ သူ့အကြောင်းနဲ့သူ စွဲပြီး ပြောတတ်သူလည်း များနိုင်ပါတယ်။ လူအမျိုးမျိုး နတ်အထွေထွေ ဆိုတယ်မဟုတ်လား။

စာရေးသူနဲ့ ဆွေမျိုးအရင်းကြီးဖြစ်တဲ့ ကလေးတစ်ယောက်က တော့ သူက အဖေ့ကိုပဲ ပိုပြီးဂရုစိုက်လေ့ရှိပါတယ်တဲ့။ အဖေ အလုပ် ကပြန်လာရင် သူက အဖေ မောလားလို့မေးပြီး ရေခပ်ပေးရတာနဲ့။ ယပ်တောင်ပြေးယူပေးရတာနဲ့။ အသက် ၄ နှစ်သား မပြည့်ခင်အရွယ်မှာ သူက သူ့အဖေအပေါ်မှာ အင်မတန်မှ ဝတ္တရားတွေ ကျေပွန်ခဲ့ပါတယ်။ အမေဖြစ်တဲ့သူက သားနဲ့ခင်ပွန်းတို့ ချစ်ချစ်ကြည်ကြည်ရှိနေတာကို ကြည့်ပြီး သြော် ငါကတော့ ကိုးလလွယ်ပြီး ဆယ်လမွေးဆိုသလို မွေးခဲ့ရတယ်။ သူကတော့ သူ့အဖေမှ သူ့အဖေဖြစ်နေတာကိုး။ ငါတို့ တော့ မကျေနပ်ဘူးဟေ့လို့ ချစ်စနိုးပြောတာပေါ့လေ။

အဲသည်တော့ သားကလေးက ဘာပြန်ပြောသလဲဆိုတော့ အို ကျွန်တော့ကို အဖေက မွေးခဲ့တာပါ။ ကြည့်ပါ့လား အဖေ့ဗိုက်ကြီးက ကျွန်တော့ကြောင့် သိပ်ပူနေတာလို့ ဆိုပါသတဲ့။ အဲသည်စာသားကို ဖတ်မိတဲ့သူတွေထဲမှာ အဲသည်လို ကြဲကြဲဖန်ဖန်ပြောတတ်တဲ့ ကလေးမျိုး ရှိနေကောင်း ရှိနေမှာဖြစ်ပါတယ်။ အခုနကလေးဟာ အဖေ့သား အဖေ့



နဲ့ နေလာရင်း အမေ့အပေါ်မှာ အမှန်တကယ် ချစ်ခင်ကြင်နာတတ် သူတစ်ယောက်အဖြစ် ကြီးပြင်းလာခဲ့ပါတယ်။ အဲသည်ကလေးဟာ ဝင်စားစရာ ကောင်းပါတယ်။ အမေနဲ့အဖေက ဘယ်သူ့ကိုပိုချစ်လဲ ကို မေးရင် ၃ နှစ်သားလောက်ကတည်းက သူ့ပါးစပ်ကိုသူလက် ပြီး ပြောချင်ဘူး ပြောချင်ဘူးလို့ ဆိုတတ်ပါသတဲ့။ သူက အဖေ့ကို ပါတယ်လို့တော့ ပါးစပ်ကမပြောပါဘူး။ သူဟာ သူ့အမေကိုလည်း ထားတဲ့ကလေးတစ်ယောက် ဖြစ်ပါတယ်။

သူက ကလေးပီပီ သင့်မသင့် တော်မတော် မသိလေတော့ ကလေးများကို နှိုက်နှိုက်ထားတဲ့အကျင့် ရှိပါတယ်တဲ့။ အတူတူ ကြတဲ့လမ်းက သစ်သီးသစ်ဥ ကြက်ဥ ငှက်ဥဆိုသလို ယူလို့ရတာ လေးတွေကို ယူတတ်ပါသတဲ့။ ဇကတော့ မပြောနဲ့တော့ ခါးထစ်ခွင် ရတဲ့အရွယ်မှာကတည်းက အမေ အဖေတွေနဲ့အတူ ပွဲခင်းဈေးဆိုင် ကို လျှောက်ကြတဲ့အခါ အဖေဖြစ်သူကလည်း ဟိုဟိုသည်သည် ပါလိမ့်မယ်။ ဈေးတန်းထဲမှာ သွားလို့အတော်ကြာမှ ကလေးလက်ထဲ အာတာပူစီဆိုတဲ့ မုန့်ကိုကိုင်ပြီး စားနေတာ သိလိုက်ပါသတဲ့။ သည်တော့ ဟဲ့ သား ဘယ်ကမုန့်လဲလို့ အလန့်တကြားမေးရတာပေါ့။ ကလေးက ပြုံးပြုံးကလေးနဲ့ ဟိုမှာလို့ လက်ညှိုးထိုးပြတော့ ကလေး အဖေက လှည့်ကြည့်လိုက်ပါတယ်တဲ့။ အမျိုးသမီးတစ်ယောက်က ပြုံးကြီးကြည့်ပြီး စားပါစေ၊ စားပါစေ။ ကလေးက စားချင်လို့ မလက်ထဲကနေ ဆွဲယူသွားတာပါလို့ ပြောပါသတဲ့။

ကလေးက ခိုးယူခြင်း လုယူခြင်းဆိုတာကိုတော့ နားလည်ရှာတာ တ်ပါဘူး။ သူစားချင်ရင် ဘယ်သူ့လက်ထဲကမဆို ယူမယ်။ ဘယ် ဆိုင်ကမဆို ယူမယ်။ သူက လက်မြန်တော့ သူနှိုက်တာကို ဘယ်သူမှ မြင်လိုက်ဘဲ ဖြစ်ဖြစ်နေတာနဲ့ ဆောရနကွတ်လို့ အခေါ်ခံရပါလေရော ကလေးအမေကတော့ အဲသည်လိုခေါ်ရင် စိတ်ဆိုးတာပေါ့၊ တစ်နေ့

www.burmeseclassic.com



တော့ ထမ်းတာတာလည်ပြီး ကြက်မွေးကအစ ဇာတာထည့်တဲ့ခြင်းလို ဝါးနဲ့ယက်တဲ့ပစ္စည်းများကို ဆိုင်းထမ်းနဲ့ရောင်းတဲ့ အသည်ကို ကလေး အမေက ခေါ်ပြီး ကြက်မွေးဝယ်ပါတယ်။ ကလေးကလည်း အနားမှာ ရှိပါတယ်။ အဲသည်ကြက်မွေးဝယ်ပြီးတော့ ၁၀ ရက်လောက်အကြာမှာမှ ခုတင်အောက်က ဇာတာထည့်တဲ့ခြင်းကလေးတစ်ခု ထွက်လာပါတယ် တဲ့။ ကလေးအမေက ဟဲ့ ဇာတာခြင်းက အသစ်ပါလား၊ ငါလည်း မဝယ်ဘဲနဲ့ဆိုပြီး နှုတ်ကရွတ်ရင်း ကြည့်နေတုန်းသားကလေးက လာပြီး ကျွန်တော်ယူထားလိုက်တာပါဆိုတော့ ကလေးအမေက ဘယ်တုန်း ကလဲ ဘာလဲနဲ့ မေးရတာပေါ့။ မေမေ ကြက်မွေးဝယ်တုန်းကလို့လည်း ကလေးကပြောရော ကလေးအမေက ငိုလိုက်တာ ရှိုက်ကြီးတငင်နဲ့ပေါ့။ ဈေးသည်လည်း မမြင်လိုက်၊ သူလည်းမမြင်လိုက်ဘဲ အခုလိုကလေးက ယူလိုက်နိုင်တယ်ဆိုရင် သေချာပါပြီ၊ စောရနက္ခတ်ပါပဲဆိုပြီး ဟီးတိုက် ပြီး ငိုလေတော့ သားကလေးက အမေ့ပခုံးကို လက်ကလေးနဲ့ လာဖက် ပြီး မေမေ မငိုပါနဲ့။ ကျွန်တော်နောက်ကို ဒါမျိုးမလုပ်တော့ပါဘူးလို့ ပြောရှာပါသတဲ့။ အသက် ၄ နှစ်မပြည့်တတ်သေးတဲ့ ကလေးကလေးက သူ့အမေစိတ်ဆင်းရဲတာကို နားလည်သဘောပေါက်တာများ စိတ်ဝင်စား စရာပါပဲ။ အဲသည်လိုနဲ့ ကလေးကလေးဟာ အဖေ့ကို ပိုဂရုစိုက်ပေမယ့် အမေ့ကိုလည်း ညှာတာတဲ့ကလေးကလေး ဖြစ်လာခဲ့ပါတယ်။ အဲသည် လို ကလေးကလေးဟာ သိတတ်နားလည်လာဖို့ လူဖြစ်လာဖို့ ဆောင် ရွက်သည်ပိုးတဲ့နေရာမှာ အဖေ့မေတ္တာကိုရော အမေ့မေတ္တာကိုပါ ကလေးက လေးလေးနက်နက် နားလည်သွားဖို့ အဖေရော အမေပါ ကြိုးစားခဲ့ရပါတယ်။

အဲသည်ကလေးရဲ့ အပြောင်းအလဲဟာ အမေစိတ်မချမ်းသာတာ ကို မလုပ်ရဘူးဆိုတဲ့ အသိတရားပေါ်မှာ အခြေပြုနေတာပါပဲ။ ကလေး ကလေးများကို မွေးမြူနေရတဲ့ မေမေများဟာ ကလေးများရဲ့ ကရိကထ



ကို တော်တော့ကို သည်းခံရပါတယ်။ ကလေးတစ်ယောက် လမ်းမှား ကို မရောက်လေအောင် သတိကြီးစွာနဲ့ သွန်သင်ရပါတယ်။ ကလေး ဟာ ကြီးလာတာနဲ့အမျှ သူ့အဖေကို အလေးထားသလို သူ့အမေ့သား လည်း ဖြစ်လာပါသတဲ့။

နောက်ကလေးတစ်ယောက်နဲ့ နောက်အဖေအမေတို့အကြောင်း ပြောချင်ပါတယ်။ ကလေးက အထွေးဆုံးသမီးကလေး။ သူ့ကို ငယ် ငယ်က ဘယ်လိုပြောဆိုမွေးမြူသလဲတော့ သေသေချာချာ မသိပါဘူး။ သူကတော့ အပြုအမူနဲ့သာမကပါဘူး။ နှုတ်ကပါ အဖေ့ကို ပိုချစ် တယ်လို့ ပြောပါတယ်။ အဖေ့ကိုလည်း ပိုပြီးကပ်ပါတယ်။ ပိုပြီးလည်း မြှူပါတယ်။ ကျွန်မနဲ့ အဲသည်မိသားစုနဲ့ စတင်ခင်မင်တော့ ကလေး အသက်က ၈ နှစ်ရှိပါပြီ။ သူက အဲသည်အရွယ်အထိ သူ့ကို အဖေက မွေးတာပါလို့ ပြောနေပါတယ်။ ကျွန်မတို့က ကလေးအမေကို သတိ ပေးပါတယ်။ ကလေးကို အမှန်အတိုင်း မသိအောင်၊ အမှန်အတိုင်း တွေးတတ်အောင် လူကြီးတွေကပါ အားပေးအားမြှောက်လုပ်နေလို့ ဖြစ်ဘူး။ သဘာဝကို အမှန်အတိုင်းမြင်ပါစေ။ သိပါစေပေါ့။ ပြောလို့ လည်း အလကားပါပဲ။ ကလေးကို သိပ်အလိုလိုက်ပြီး သိပ်ပစားပေး ထားရင်း သူတို့အိမ်မှာ စီးပွားရေးပြဿနာများ ပေါ်လာပြီး ဒီဘဝမှာ နာလန်မှ ပြန်ထူနိုင်ပါဦးမလားလို့ တွေးရမယ့်အခြေအနေအထိ ရောက် သွားခဲ့ပါတယ်။ ကလေးမသိစေချင်တဲ့ ကိစ္စများကို ကလေးမသိအောင် ဖုံးမထားနိုင်လောက်အောင် ဒုက္ခများခဲ့ကြပါတယ်။ ကျွန်မနဲ့ကွဲနေတာ ၇ နှစ်လောက်ကြာတော့ ပြန်တွေ့ပါတယ်။ ကလေးက အမေ့ကိုလည်း ကောင်းစွာနားလည်ပြီး အဖေ့ကိုလည်း အလွန်ချစ်ခင်တဲ့ သမီးလိမ္မာ ကလေးတစ်ယောက်အဖြစ် ကြီးပြင်းနေတာကို တွေ့ရပါတယ်။ အသက် လည်း ၂၀ သာသာရှိရောပေါ့။

အခုအချိန်မှာ သမီးကလေးဟာ ဖခင်ရဲ့လုပ်ငန်းကိုပါ ဝင်ပြီး

www.burmeseclassic.com



ကူညီနိုင်ပါပြီ။ စီးပွားပျက်ကပ်ကိုလည်း ကျော်လွှန်နိုင်ခဲ့ကြပါပြီ။ အခုနေ သမီးကို ဘယ်သူကမွေးတာလဲလို့မေးရင်း မဖြေဘဲ ရယ်နေဦးတော့ သူသိပါပြီ။ ပြီးတော့လည်း အဖေတစ်ယောက်တည်းနဲ့ သူတို့ကို လူဖြစ်အောင် မမွေးနိုင်ဘူး။ သူတို့ကို လူဖြစ်အောင် အဖေရော အမေပါ တူတူပဲ ကြိုးစားမွေးရတယ်ဆိုတာ သူသိပါပြီ။

## ၃။ မသိနားမလည်ခြင်းမှသည်

ကျွန်မရေးနေတဲ့ အဖေနဲ့အမေကို စိတ်ဝင်စားတဲ့သူ များပါတယ်။ များလည်းများသင့်ပါတယ်။ အဲသည်အကြောင်းကို ဘယ်သူပဲရေးရေး ဘယ်သူပဲဖတ်ဖတ် ကြိုက်ကြမှာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းနဲ့ ဆောင်းနိုင်တဲ့ အကြောင်းအရာ လူတိုင်းက အလေးအမြတ်ပြုရတဲ့ အကြောင်းအရာ ဖြစ်နေလို့ပါပဲ၊

ကျွန်မကို ကုန်ကြမ်းများပေးလေ့ရှိတဲ့ ကျွန်မသားတပည့် တစ်ယောက်က လုပ်ငန်းခွင်မှာ သမာသမတ်ဖြစ်အောင် အဂတိ လိုက်စားမိအောင် သူနဲ့သူ့ဇနီးတို့ ဘယ်လိုကြိုးစားကြတယ်ဆိုတာကို ပြောပြတတ်ပါတယ်။ အဲသည်သားတပည့်က ရုံးကို ထမင်းချိုင့်ယူလာ ရင် ထမင်းများများ ဟင်းများများယူလာပါတယ်တဲ့။ ရုံးကိုရောက်တော့ ထမင်းစားချိန်မှာ ပန်းကန်ပြားတစ်ချပ်ထဲ ထမင်းဟင်းနည်းနည်းလောက် ထည့်ပြီး သူက အရင်စားလေ့ရှိပါတယ်တဲ့။ ပြီးတော့မှ တပည့်များကို မင်းတို့လည်း ဆာရောပေါ့၊ စားလိုက်ကြလေ။ ငါ့ဟင်းတွေ ထမင်း တွေကို ယူစားလိုက်ကြပါ။ ညနေကျ ကောင်းမှာမဟုတ်ဘူးလို့ပြောပြီး ခွဲပေးပါသတဲ့။ သူ့တပည့်များက ဆရာ့ထမင်းဟင်းများကို ယူစား ရင်း ဆရာက ဝဝကြီး။ ဒါနဲ့တောင်မှ ထမင်းများများ မစားနိုင်ဘူးလို့ ပြောလေ့ရှိပါသတဲ့။ ကျွန်မရဲ့သားတပည့်ကြီးက အဲသည်အကြောင်းနဲ့ ဆက်ပြီးပြောပြပါတယ်။

ကျွန်တော်ငယ်ငယ်က ကျွန်တော် အမေနဲ့ထမင်းစားရင် သိပ် ဆင်ပြေတာပဲ။ ကျွန်တော်က ဝက်သားဆိုရင် အသားမှကြိုက်ပါ တယ်၊ အမေက အဆီအခေါက်မှ ကြိုက်တော့ အဆီအခေါက်ကိုပဲ

www.burmeseclassic.com



စားပါတယ်။ သားအမိနှစ်ယောက် ဘယ်သူ့ကိုမှ ဘယ်သူက ညှာစရာ မလိုတော့ဘူးလေ။ အဲသည်လိုနဲ့ သားအမိ ဝက်သားဟင်းနဲ့ ထမင်းစားလာလိုက်တာ ကျွန်တော် ကျောင်းဆရာဖြစ်တဲ့အထိပါပဲ။ ကျောင်းဆရာဖြစ်တော့ ကျွန်တော်တို့မြို့ကနေ သိပ်လည်းမဝေးလှတဲ့ ရွာကြီးတစ်ရွာမှာ အလုပ်သွားပြီးလုပ်ရပါတယ်။ တစ်နေ့တော့ မြို့နယ်ပညာရေးမှူးနဲ့ ကျွန်တော်တို့ကျောင်းက ဆရာကြီးက ကျွန်တော်တို့မြို့ကို အလုပ်ကိစ္စနဲ့ သွားမယ်ဆိုတော့ ကျွန်တော့ကိုခေါ်တာနဲ့ လိုက်သွားပါတယ်။ ကျွန်တော်တို့မြို့က မြို့နယ်ပညာရေးမှူးရုံးမှာ လုပ်စရာရှိတဲ့ကိစ္စများကို ကျွန်တော် ကူပြီးလုပ်ပါတယ်၊ အလုပ်ပြီးတော့ ကျွန်တော်က အိမ်ကိုပြန်ပါရစေလို့ ခွင့်တောင်းကာ အိမ်ကိုပြန်သွားပါတယ်။ အိမ်မှာ ထမင်းစားချိန်ဆိုတော့ ထမင်းပွဲနဲ့ တည့်တည့်တိုးတော့တာပါပဲ။ အမေရယ် ထမင်းစားနေလိုက်တာ ဝက်သားဟင်းနဲ့ပါကလား။ ဝက်သားမှ အသားချည်းကို အမေ ရွေးစားနေတာပါကလား။ ထူးဆန်းလိုက်တာလို့ ပထမတော့ ထင်လိုက်ပါသေးတယ်။ နောက်တော့မှ ဘာမှမထူးဆန်းပါကလား။ အမေက သားဖြစ်သူ ဝက်သား အသားချည်းစားနိုင်အောင် သူက အဆီအခေါက်ကို ကြိုက်ပေးနေရတာပါကလားလို့ နားလည်လိုက်ပါတယ်။ အဲသည်အချိန်မှာ ကျွန်တော့အသက်က ၂၅ နှစ်ရှိပါပြီ။ ကြည့်စမ်းပါဦး၊ အသက်အစိတ်ရောက်ခါမှ အမေက ကျွန်တော့ကို တစ်သက်လုံး ညှာခဲ့တာပါကလားလို့ သိရတယ်။ ကျွန်တော်တုံးလိုက်တာများ မပြောချင်တော့ပါဘူး။ အခုလည်း တပည့်ကျော်များက ကျွန်တော့လိုပဲ တုံးနေပြန်ပြီလေ။ သူတို့ကိုညှာလို့ပေါ့။ မညှာရင် တစ်ချိုင့်လုံး စားနိုင်လိုက်သမို၊ ဟင်းကောင်းရင် ကောင်းသလို ပိုပြီးတောင်မှ စားနိုင်သေးတယ်။ ဘယ့်နှယ် ကိုယ်က အဲသည်လိုစားလို့ဖြစ်ပါ့မလဲ။ ကျွန်တော် ဖြောင့်မှန်နိုင်အောင် သူတို့က ရိုးသားပေးကြတာကြောင့် ကျွန်တော်က ပိုယူလာပြီး လျှော့စားရင်း သူတို့ကို ကျွေးနေတာပေါ့လို့ ပြောပါတယ်။



ဒီနေရာမှာ စာရေးတဲ့သူက စာဖတ်သူများထဲက တချို့နားလည်အောင် ပြောပြချင်တာရှိပါတယ်။ ကျွန်မတို့မြေလတ် တောပိုင်းအရပ်တွေမှာ ဘာသားပဲဝယ်ဝယ် အသားချည်းပေးပါလို့ အရင်ခေတ်တုန်းကတော့ ရွေးဝယ်လို့မရပါဘူး။ ဝက်သားဆိုရင်လည်း အဆီအခေါက် အရိုးမျှပြီးထည့်ကာ ရောင်းတတ်ပါတယ်။ အဲဒါကြောင့် ကျွန်မတပည့်ရဲ့ အမေမှာ အဆီအခေါက်ကို အမြဲကန်ထရိုက်ဆွဲစားပြီး သားကို အသားချည်းကျွေးခဲ့ရတာ ဖြစ်ပါတယ်။ မြို့ကြီးပြကြီးများက လူငယ်များက အသားချည်းရွေးဝယ်ရင် ပြီးရောပေါ့လို့ ထင်မှာစိုးလို့ ပြောရတာ ဖြစ်ပါတယ်။

အခုနတုန်းက ဖြောင့်မှန်စွာ အဂတိမလိုက်စားဘဲ နေနိုင်အောင် ဇနီးသည်ကပါ ကူညီတဲ့အကြောင်း ပြောပြပြီးပါပြီ။ အဲဒါက ဒီလိုပါ။ ဇနီးသည်က တောသူဌေးသမီး၊ စီးပွားရေးကို ကိုယ်တိုင်ကိုယ်ကျ ပြင်ပြီးလုပ်ခဲ့တဲ့သူ ဖြစ်ပါတယ်။ ဘွဲ့ရပညာတတ်လည်း ဖြစ်ပါတယ်။ အခုလို ဘိုကေနောက်ကို ဆံတိုပါနေရတဲ့အချိန်မှာ သူကိုယ်တိုင် ကုန်စုံဆိုင် ထွက်ပါတယ်။ သမီးကလေးနှစ်ယောက် မိခိုသူနှစ်ယောက်လောက်ရှိတဲ့ အိမ်ထောင်စု မတောင့်မတ ဝဝလင်လင်စားသောက်နိုင်အောင် သူ့ကုန်စုံဆိုင်ကလေးက ထိန်းထားနိုင်ပါတယ်။ မိန်းကလေးများ ပင်ပန်းတော့ ပင်ပန်းတာပေါ့လေ။ သမီးကလေးနှစ်ယောက်မှာ တစ်ယောက်က ၄ နှစ်မပြည့်တတ်သေးပါဘူး။ အကြီးကလေးကတော့ နှစ်တန်းတောင် ရောက်နေပါပြီ။ အဲသည်သမီးကလေးများမှာ အမေ့ဆိုင်ရှိနေတော့ မုန့်ဝဝစားရတာပေါ့လေ။

အဲသည်လို ဇနီးသည်က တစ်ဖက်တစ်လမ်းက ရှာဖွေတဲ့အပြင် ဘာကိုဝတ်ချင်ပါတယ်၊ ဘာကိုစားချင်ပါတယ်လို့ မပူဆာတတ်တော့ ပြီးလည်း သိလစောင့်နိုင်ကြတာပေါ့။

ကလေးအမေဖြစ်တဲ့ အဲသည်မိန်းကလေးက ဈေးဆိုင်တည်ဖို့

www.burmeseclassic.com



တွင်မကဘူး။ ကလေးများကို ပြုစုဖို့ သန့်ရှင်းပေးဖို့ သွန်သင်ဆုံးမဖို့ဆိုတဲ့ မိခင်တစ်ယောက်ရဲ့တာဝန်ကိုပါ ထမ်းဆောင်ပါသေးတယ်။ တစ်နေ့တော့ သမီးကလေးနှစ်ယောက်ကို စောစောပဲ အိပ်ရာကထစေပြီးတဲ့နောက် ထမင်းကြော်ကို အတူစားရင်း သူ့သမီးကလေးများကို ဆုံးမပါတယ်တဲ့။ ဆုံးမတော့ သိပ်ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်အကြောင်းကို ဥပမာပြုပြီး ဆုံးမပါတယ်တဲ့။ သူဌေးကြီးအိမ်မှာ မောင်းတီးလိုက်ရင် အိမ်သားအားလုံး ထမင်းစားခန်းကို ဆင်းလာပြီး အတူတူစားသောက်ကြရတယ်။ သူဌေးကြီးက စားရင်းသောက်ရင်း ဆုံးမစကားများကို ပြောပြပါတယ်တဲ့။ သားသမီးများကလည်း သူဌေးကြီးဆုံးမတဲ့အတိုင်း လိုက်နာပြီး ကြိုးစားကြတော့ သူတို့လည်း ချမ်းသာကြတယ်တဲ့။ အဲသည်တော့ သားသမီးနဲ့မိဘများဟာ အစားအစာကို အတူတူစားသောက်ကြရမယ်။ မိဘများ ဆုံးမတဲ့စကားကို သားသမီးများက နားထောင်ကြရမယ်လို့ ကလေးတွေအမေက ဆုံးမစကား ပြောပါတယ်တဲ့။

အဲသည်အချိန်မှာ သမီးအကြီးက ဒါဖြင့်ရင် မေမေက ဘာဖြစ်လို့ မချမ်းသာတာလဲလို့ မေးပါသတဲ့။ ကျွန်မက အဲသည်လို ကလေးက မေးတယ်ဆိုကတည်းက တယ်လီဖုန်းကိုနားထောင်နေရာက အော်ပြီး ရယ်လိုက်မိပါတယ်၊ သားကြီးက သူကိုယ်တိုင် ရယ်ရင်း နေဦးအမေ အငယ်ကလေးပြောတာမှ ပိုဆိုးတာ။ အဲဒါကို နားထောင်ဦးလို့ဆိုပြီး ဆက်ပြောပါတယ်။ အငယ်က ၄ နှစ်မပြည့်သေးဘူးလေ။ သူက မေမေချမ်းသာရင် သမီးက မေမေ့စကားကို နားထောင်မယ်လို့ ပြောပါသတဲ့။ အဲသည်စကားကိုလည်းကြားရော ကျွန်မက တစ်ခါအော်ပြီး ရယ်မိပြန်ပါတယ်။ နောက်တစ်ခါဆိုရင်တော့ ကျန်းမာရေးအတွက် လုံလောက်အောင် ရယ်ပြီးပြီလို့ ပြောရမှာဖြစ်ပါတယ်။



ဒီကနေ့မနက် ဒီဆောင်းပါးကိုမရေးခင် သားကြီးက ဖုန်းဆက်ပါတယ်။ ကလေးတွေ သိတတ်နားလည်လာအောင် မိဘများ ဘယ်လိုပြုစု ပျိုးထောင်ပေးရတယ်ဆိုတာကို မင်းသမီးကလေးတွေနဲ့ ထင်ဟပ်ပြီး အမေရေးမလို့ လို့ပြောလိုက်ပါတယ်၊ ပြီးတော့ ကလေးတွေက သူတို့ဘာပြောလို့ ဘယ်ကိုရောက်မှန်းလည်း သိပ်မသိတန်ရာပါဘူးကွယ်လို့ ပြောမိပါတယ်။ သားကြီးက ဟုတ်တယ်အမေ ချမ်းသာတယ်ဆိုတာကိုလည်း သိတာတော့မဟုတ်သေးပါဘူးလို့ ဆိုပါတယ်။ ကျွန်မကအေး အေး မင်းတို့တော့ မသိခြင်း မတတ်ခြင်းနဲ့ သိခြင်း တတ်ခြင်းကြားကာလက သွန်သင်ခြင်း ပြုစုပျိုးထောင်ခြင်းကို အများကြီး ဆောင်ရွက်ပေးရဦးမယ်ဟေ့ လို့ တပ်လှန့်သလို ပြောလိုက်ရပါတယ်။

www.burmeseclassic.com

# ၄။ သူ့အလှည့် ကိုယ့်အလှည့်

မနေ့ညက ကျွန်မတို့သားအမိ ညဉ့်နက်မှ အိပ်ရာဝင်နိုင်ကြပါတယ်။ ညဉ့်နက်သန်းခေါင်လို့ ပြောတတ်ကြတော့ ညဉ့်နက်သန်းခေါင်လွန် မိုးလင်းပွိုင်း ၂ နာရီအထိ ကျွန်မက ဆေးသောက်ချင်လို့ သမီးက ဆေးတိုက်ပါသေးတယ်။ ပြီးတော့ အိပ်ရာဝင်ကြပါတယ်။ သမီးက အိပ်ရာထဲမဝင်ခင် နာရီနှိုးစက်ပေးဦးမှဆိုပြီး နာရီကို နှိုးစက်ပေးပါတယ်။ ကျွန်မက ဟဲ့ အိပ်ရာထဲဝင်တာတောင် ၂ နာရီကျော်ပြီ၊ ဘယ်အချိန် ထမှာလဲလို့မေးရင်း နာရီကိုနှိုးစက်မပေးနဲ့တော့လို့ ပြောပေမယ့် သမီးက မနက်ကျရင် အော့ဖ်ဆက်ကို သွားရဦးမယ်။ သမီးစာအုပ်ကို နထက်ထိ စက်မတင်သေးဘူး။ ကိုယ်တိုင်သွားဦးမှ ပြီးတော့ အိမ်ကိုလည်း ရှင်းရ ဦးမယ်။ ချက်ပြုတ်စားသောက်ရမှာနဲ့ဆိုတော့ အစောကြီးမထနိုင်တောင် ၆ နာရီထက်ကျော်လို့ မဖြစ်ဘူးစသည်ဖြင့် ပြောပြောဆိုဆိုနဲ့ အိပ်ပျော် သွားပါတော့တယ်။

ကျွန်မက မိုးလွှာလာတာနဲ့ အတွေးစထဲ မိုးကိုဆွဲထည့်လိုက်ပါတယ်။ သမီး အိပ်ရေးမဝတာက ရက်တော်တော်ကြာပြီဆိုတော့ ကား မောင်းရင်း မိုးလွှာလွှာမှာ အိပ်ငိုက်ရင် ဒုက္ခလို့ တွေးမိပါတယ်။ ပူပန် သောက ရောက်တတ်ကြသူများသာ တွေးတတ်တဲ့ စိုးရိမ်ထိတ်လန့်ဖွယ် ရာတွေကို တွေးမိပြန်ပါတယ်။ ပြီးတော့ အိပ်မပျော်လေတိုင်း အိပ်ရာ ထဲကထပြီး ဝင်လေ့ရှိတဲ့ ရေချိုးခန်းကိုဝင်ပါတယ်။ အခန်းကိုပြန်ဝင်လာ တော့ သမီးနိုးမှာစိုးလို့ မီးမဖွင့်ဘဲ ခြေထောက်ကိုရုပ်တိုက်ကာ မှန် တင်ခုံနားကို သွားပါတယ်။ ပြီးတော့ နာရီနှိုးစက်ဖွင့်ထားတာကို ပိတ်မယ်လို့ လက်အလှမ်းလိုက်မှာ တင်စားပြီးပြောရရင် ကျွန်မဟာ



[illegible]ရုပ်သွင်နဲ့ လူတစ်ယောက်ဖြစ်သွားပါတယ်။ နှိုးစက်ကို ပိတ်မိ ဆောင်စမ်းကာ ပိတ်ပြီးတဲ့နောက် အိပ်ရာထဲကိုဝင်ခဲ့တဲ့အထိ အိပ်မပျော် နိုင်တော့ပါဘူး။ တော်တော်ကြာခါမှ မေးစနဲ့အိပ်ပျော်သွားပါတယ်။ 'အိပ်ရေးကလည်း ဝလိုက်တာ၊ နိုးစက်ကလည်း မမြည်သေးဘူး။ ဘယ်လို ဖြစ်တာလဲ' ဆိုတဲ့ စကားကိုပြောရင်း သမီးနိုးလာပြီး ရေရွှတ် တော့မှ နိုးပါတယ်။

သမီးက အိပ်ရာထဲက လူးလဲထပြီးတော့ နာရီတင်ထားတဲ့ မှန်တင်ခုံနားသွားပြီး ကြည့်ပါတယ်။ ပြီးတော့ 'အို အိုး ၈ နာရီတောင်မှ ထိုးခါနီးပြီ။ ဘာဖြစ်လို့ နှိုးစက်ကပိတ်နေတာလဲ။ မြည်ပြီးမှ အမေ ကပြီးပိတ်လိုက်တာလား' စသည်ဖြင့် သမီးအမေးစကားများကို ဖြေတဲ့ အနေနဲ့ ကျွန်မက 'ဘ ၁ပဲဖြစ်ဖြစ် သမီးအိပ်ရေးဝတယ်။ အမေလည်း ကောင်းပါးအတွက် သတိရစရာ ကိစ္စကလေးများကို သတိရမိတယ်။ နောက်ကျမှနိုးပေမယ့် ကောင်းတာချည်းပဲ' လို့ ပြောလိုက်ပါတယ်။ သမီးလည်း ခပ်သုတ်သုတ်ထွက်သွားပြီး မာရသွန်စံချိန်ချိုးမယ့်သူလို အလုပ်အလုပ်တွေလုပ်ပါတယ်။ 'မိုးကရွာနေတာကိုး။ မိုးမှောင်နေတာ ကြောင့် သမီး အလင်းရောင်ကို မမြင်တာလို့' လည်း ပြောပါသေးတယ်။

ကျွန်မတို့သားအမိ မနက်အစောကြီးစာကို စားကြတဲ့အခါ နာရီက ၈ နာရီခွဲပါပြီ။ စားရင်းသောက်ရင်း စကားပြောစရာရှိတာကို ပြောကြရတဲ့ခေတ်မှာ ရှေးကပုံပြင်တစ်ခုကို ပြန်ပြောမိပါတယ်။ 'သမီး ရေ မေမေရှေးစကားပြောမယ်။ မတင်ဝင်းကလေး ဒုံ တန်းဖြေခါနီး အချိန်တုန်းကပေါ့ကွယ်' လို့ စကားကို အစချီရပါတယ်။ ဟုတ်ပါ တယ်။ ကျွန်မတို့ ၁၀ တန်းဖြေခါနီးတုန်းကလည်း ကြိုးစားကြရပါ တယ်။ သို့သော်လည်း အခုခေတ်မှာလို ကျူရှင်တွေအများ ကြီးယူရတဲ့ ထုံးစံတော့ မရှိခဲ့ပါဘူး။ အင်္ဂလိပ်စာ အားနည်းတတ်လို့ ကျောင်းက ကျောင်းအတန်းမှာသင်တဲ့ ဆရာဆီမှာ အင်္ဂလိပ်စာသွားပြီး သင်ခဲ့ရတာ တော့ရှိပါတယ်။ သူ့ခေတ်နဲ့သူ ဖြစ်ခဲ့တာကို ပြောတာပါပဲ။ ခေတ်ချင်း

www.burmeseclassic.com



ကအနှစ် ၅၀ လောက်ဝေးနေမင့်ဟာ မတူတာ ဘယ်မှာဆန်းတော့လို့ လဲ။ အဲ စာကျက်ရတာကတော့ ပိုပင်ပန်းပါတယ်။ သင်ရိုးကို အကုန် ကျက်ကြရတာကိုး။ အဲသည် ၁၀ တန်းဖြေတဲ့နှစ်မှာ နေ့တိုင်းလိုလို နာရီကို နှိုးစက်ပေးပြီး ကျွန်မအိပ်တတ်ပါတယ်။ မနက်လေးနာရီ လောက် နိုးတာနဲ့ ထပြီးမျက်နှာသစ်ကာ စာကျက်တော့တာပါပဲ။

အဲသည်လိုနဲ့ စာကျက်လာတာ ကြာလာတော့ မနက်ပိုင်းမှာ ကျွန်မ မနိုးတော့တဲ့ရက်တွေ ရှိလာပါတယ်။ မိုးလင်းမှချည်း နိုးတဲ့နေ့ တွေ များလာပါတယ်။ မနက်ကျရင် နာရီက နှိုးစက်ပိတ်ထားပြီးသား ဖြစ်ဖြစ်နေပါတယ်။ ကျွန်မက နောက်ကျမှ နိုးတာကြောင့် စိတ် မကောင်းတိုင်း တဖျစ်ဖျစ်နဲ့ပြောမိတာပေါ့။ ဖေဖေက 'သမီးလေးရယ် နာရီက အကြာကြီးနှိုးနေတာ သမီးကပင်ပန်းလွန်းလို့ မနိုးတာ။ အဲဒါ ကြောင့် ဖေဖေက ဝင်ပြီးပိတ်ပေးခဲ့ရတယ်။ ပင်ပန်းနေတာ ရက်ဆက် ဖြစ်နေပြီ။ ဒီလောက်ကျက်တာ အောင်မှာပါပဲကွယ်။ အိပ်လိုက်ပါဦး' လို့ နှစ်သိမ့်ပါတယ်။

ကျွန်မကတော့ နာရီကိုနှိုးစက်ပေးမြဲ ပေးတာပါပဲ။ နာရီက လည်း ပိတ်မြဲပိတ်နေတာပါပဲ။ ဖေဖေကလည်း ကျွန်မ မနိုးလို့ ဖေဖေ ဝင်ပြီးပိတ်ပေးရတာလို့ ပြောမြဲပြောခဲ့တာပါပဲ။ သို့ပေမယ့် ကျွန်မက သုံးရက်လောက်ရှိလာတော့ တစ်ခုခုတော့ မှားနေပြီလို့ သတိထား လိုက်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နာရီနှိုးစက်သံ မကြားလောက် အောင်မှ ကျွန်မက အိပ်ပုပ်မကြီးဘဲကိုး။ အဲဒါနဲ့ တစ်နေ့မှာတော့ နှိုးစက်ပေးတဲ့အခါ ဆွဲထုတ်ထားပြီး ပိတ်ချင်ရင် ဖိသွင်းလိုက်ရတဲ့ သော့တံကလေးကို ကျွန်မက ဖြုတ်ပြီး ခေါင်းအုံးအောက်မှာထားပြီး အိပ်လိုက်ပါတယ်။ သတိဝီရိယနဲ့ အိပ်လိုက်တာပါ။ နာရီသော့တံ ကလေးကို ဖြုတ်လို့ရတယ်ဆိုတာကိုလည်း ကျွန်မပဲသိတာပါ။

ညဉ့်နက်ပိုင်းရောက်လာတော့ ဖေဖေ့ခြေသံကို တရုပ်ရုပ်နဲ့ကြား ရပါတယ်။ ပြီးတော့ နာရီတင်ထားတဲ့ စားပွဲဆီကို သွားတဲ့အသံကို



ကြားရပါတယ်။ ဖေဖေက ကျွန်မနိုးသွားမှာစိုးလို့ မီးမဖွင့်ပါဘူး။ ပြီးတော့ နာရီမှာသော့တံကလေး တပ်လျက်သားမရှိတော့ ခဏလောက် လျှောက် ရှာနေပုံရပါတယ်။ မတွေ့တော့ နံရံတစ်ဖက်မှာရှိတဲ့ မေမေ့ကို လှမ်းပြီး ခေါ်ပါတယ်။ နံရံအပေါ်ပိုင်းက ဖွင့်ထားတော့ ကြားရတာပေါ့။ အသံ တိုးတိုးအုပ်အုပ်နဲ့ 'မရင် မရင် သော့တံကလေးကို မတွေ့ဘူးဟ' တဲ့။ အဲသည်အချိန်ကျမှ အိပ်ချင်ယောင်ဆောင်နေတဲ့ ကျွန်မက ရုတ်တရက် ထတဲ့ပြီး 'ကြည့်စမ်း၊ ကြည့်စမ်း ဖေဖေက နာရီနှိုးစက်ကို ဘယ်နှရက် အဲသည်လို သမီးမသိအောင် ထထပိတ်တာလဲ။ မေမေကလည်း သိရဲ့ သားနဲ့ ဘာဖြစ်လို့ သဘောတူရတာလဲ။ အခုတော့ သမီးမှာ စာကျက် တဲ့အချိန်တွေ နည်းသွားတာပေါ့' လို့ ရန်တွေ့မိပါတယ်။ မီးကိုလည်း ဖွင့်လိုက်ပါတယ်။ ဖေဖေက အဲသည်လို ကျွန်မပြောတော့ 'သမီးလေး ရယ်၊ သမီးလေးက အဲသည်လောက် ကြိုးစားနေတာကို မြင်တော့ မေမေနဲ့ဖေဖေ သနားလွန်းလို့ပါ။ နေထိုင်မကောင်းဖြစ်မှာလည်း စိုးရိမ်တာပေါ့။ အဲဒါကြောင့် မေမေနဲ့ဖေဖေ တိုင်ပင်ပြီး နာရီနှိုးစက်ကို ပိတ်ပိတ်ထားတာပါ စိတ်မဆိုးပါနဲ့ သမီးလေးရယ်' တဲ့။ ဪ မိဘ မေတ္တာများနော်။

ကျွန်မက မွေးချင်းနှစ်ယောက်မှာ အကြီးဖြစ်ပေမယ့် ဖေဖေက သမီးလေးလို့ပဲ ခေါ်လေ့ရှိပါတယ်။ ညတုန်းက နာရီနှိုးစက်ကို ပိတ်လိုက် တဲ့အချိန်မှာ ကျွန်မက 'ဪ ငါ့အလှည့်ရောက်လာပြီကိုးလို့ သိလိုက် ပါတယ်'

ကျွန်မက သမီးကိုပြောရပါတယ်၊ 'သမီးလေးရယ် မေမေက သမီးလေးအိပ်ရေးမဝရင် အလုပ်တွေလုပ်ရင်း အိပ်ငိုက်မှာ ကားမောင်း ရင်း အိပ်ငိုက်ပြီး အန္တရာယ်ဖြစ်မှာ စိုးရိမ်လို့ပါ။ ပြီးတော့ ဘိုးဘိုးနဲ့ ဘွားဘွားက မေမေ့အတွက် စိုးရိမ်ကြောင့်ကြကြသလိုပဲ၊ မေမေကလည်း ကိုယ့်အလှည့်မှာ ကိုယ့်သမီးအတွက် စိုးရိမ်ရတာပေါ့ကွယ်' လို့ ပြောရပါ တယ်။ တကယ်ကို လှပတဲ့ပုံပြင်ကလေးပါပဲ နော်။

www.burmeseclassic.com

## ၅။ တူတူပဲ ချစ်တယ်

အဖေနဲ့အမေ ဘယ်သူ့ကိုပိုချစ်သလဲလို့ အမေးခံရတဲ့ကလေးတွေဟာ များသောအားဖြင့် ဘယ်လိုဖြေရမှန်းမသိ ဖြစ်တတ်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မစဉ်းစားတတ်လို့ပါပဲ။ ကလေးများအဖို့ အဖေကလည်း သူတို့နဲ့ဆွေမျိုး၊ အမေကလည်း သူတို့နဲ့ဆွေမျိုးပဲလေ။ ကလေးတွေက ဆွေမျိုးလို့ပဲ စပြီးသိတတ်ကြတယ်။ တစ်ခါတလေ ကလေးတွေက သားအဖဆိုတဲ့ ဝေါဟာရအစား အဖေနဲ့ကျွန်တော်က ညီအစ်ကိုတော်တယ်ဆိုတဲ့ ရယ်စရာ ဆွေမျိုးစပ်နည်းနဲ့ စပ်တတ်သေးတာပါ။ အဲသည်လို အဖေနဲ့ရောအမေပါ ဆွေမျိုးတော်တဲ့အပြင် သူတို့ကို မုန့်တွေဝယ်ပေးတာ၊ သူတို့ကို မံမံကျွေးတာ၊ သူတို့ကို ယုယတာ ချော့မော့တာတွေကြောင့် အဖေ့ကိုရော အမေ့ကိုပါ တူတူချစ်တတ်ကြတာပါပဲ။

အဲဒါကြောင့် ငယ်ငယ်တုန်းကတည်းက ကျွန်မကို ဖေဖေနဲ့ မေမေ ဘယ်သူ့ကိုပိုချစ်သလဲလို့မေးရင် တူတူပဲချစ်တယ်လို့ ဖြေခဲ့ပါတယ်။ ကျွန်မက ကံကောင်းဖွာပဲ ဘယ်သူ့ကိုမှမပိုဘဲ ညီတူညီမျှချစ်နိုင်အောင် အဖေနဲ့အမေတို့က ညီတူညီမျှ ကောင်းခဲ့ကြပါတယ်။ အဖေက ရိုက်ခဲတယ်၊ ဆူခဲတယ်။ အမေကတော့ နီးနီးကပ်ကပ် ပိုပြီးနေရတဲ့သူကိုး။ ရိုက်လည်း ရိုက်တယ်၊ ဆူလည်းဆူတယ်၊ ခိုင်းလည်းခိုင်းတယ်။ ဒါပေမဲ့ အမေဟာ အဖေနဲ့သားသမီးများ အဆင်ပြေအောင်၊ သားသမီးများမှာ ကြုံရတတ်တဲ့ပြဿနာများကို အဆင်ပြေအောင် အစဉ်ကူညီတတ်ပါတယ်။ အဲသည်တော့ အမေဆူတိုင်းလည်း သားသမီးများက အဖေ့ကို ပိုချစ်သွားတာမဟုတ်ပါဘူး။ ဟန်ချက်က ညီမြဲညီနေတာပါပဲ။



တချို့မိသားစုမှာတော့ အမေ့ကို ပိုချစ်တယ်ဆိုတဲ့ စကားတွေကြားရတတ်ပါတယ်။ ကျွန်မတို့ အလယ်တန်းကျောင်းသူဘဝက သူငယ်ချင်းတစ်ယောက်က သူတော့ အမေ့ကိုပိုပြီးချစ်တယ်လို့ ပြောတာကိုပြီးကြားဖူးတာပါ။ သူ့အဖေက အရက်သိပ်သောက်ပါတယ်။ အဖေအရက်သောက် ပြီဆိုတော့ အရက်ဖိုးနဲ့ အမြည်းဖိုးက သိပ်ကုန်တာကိုး။ အိုးချောင်စရိတ်က မပြည့်မစုံဖြစ် သွားတော့တာပေါ့။ အဲသည်တော့ အမေက ပင်ပန်းတယ်လေ။ အမေက ပင်ပန်းလေလေ အဖေ့ကို အပြစ်တင်လေလေ မဝရေစာစားပြီး ညှိုးညှိုးငယ်ငယ်နေကြရတဲ့ ကလေးတွေက အဖေ့ကိုအပြစ်မြင်ပြီး အမေ့ကို အဖေ့ထက်ပိုပြီး ချစ်သွားတော့တာပေါ့၊ သူငယ်ချင်းက ကျွန်မကိုပြောပါတယ်။ နှင့်အဖေက သိပ်ချော်တာပဲ ပြီးတော့ ကလေးတွေမျက်နှာကို ထောက်ပြီး အရက်လျှော့သောက်ဖို့ ငါ့အဖေကို ဆုံးမတတ်တယ်။ ငါ့အဖေ့ဆီမှာ အလုပ်အပ်ပြီး ခင်များ ကလေးတွေမျက်နှာကြောင့် အလုပ်အပ်တာနော်။ ကလေးတွေကို ညှာတာပါလို့ပြောတယ်။ ငါလေ နှင့်အဖေလို အဖေမျိုးရရင် သိပ်ပျော်မှာပဲလို့ ပြောရှာပါတယ်။

အဲ့ရောလို့ ဆိုချင်ဆိုကြပေတော့ ညနေစာ ထမင်းစားတဲ့အချိန်မှာ ကျွန်မက ဖေဖေ့မျက်နှာကို သေသေချာချာကြည့်ပြီးတော့ ကြော်ကြည်ကြည် ပြောတာဟုတ်တယ်။ ဖေဖေက ချောသားပဲလို့ တွေးမိပါတယ်။ ကျွန်မပြောချင်တာက အဖေအမေချောတာ မချောတာက သားသမီးစိတ်ထဲမှာ အရေးအကြီးဆုံး အချက်မဟုတ်ဘူး။ အရေးကြီးတာက အဖေအမေက ဂုဏ်ယူလောက်အောင် ကောင်းတာက အရေးကြီးတယ်ဆိုတာကို ပြောချင်တာပါ။ ကြည်ကြည် ပြောတဲ့စကားကို အခုအထိ သတိရနေတာကတော့ ကြော် ငါ့အဖေလိုမဟုတ်တဲ့ အဖေတွေ ရှိနေသေးတာကိုးလို့ သိလာတာကြောင့်ပါပဲ။

အဖေက ကျွန်မတို့အိမ်မှာ အိမ်ထောင်ဦးစီးဖြစ်ပါတယ်။ အဖေ

www.burmeseclassic.com



ရှာဖွေကျွေးမွေးတာကို မိသားစု မှီခိုစားသောက်ရတာပါ။ အမေကလည်း အဖေဟာ ပင်ပင်ပန်းပန်းနဲ့ သားသမီးများကို အစာရေစာ ဝလင်အောင်၊ စာတတ်အောင် အလုပ်လုပ်ပြီး ကျွေးမွေးနေတယ်။ ကျေးဇူးကြီးပေတယ်လို့ဆိုပြီး အမြဲပြောတတ်ပါတယ်။ အဖေကြီးကို ဂရုစိုက်ကြနော်၊ သူ နေမကောင်းမဖြစ်အောင် ဂရုစိုက်ကြ။ အလုပ်ကပြန်လာရင် ပါလာတဲ့ လွယ်အိတ်ကအစ ယူပြီးသိမ်း၊ သောက်ရေတွေဘာတွေ ခပ်ပေး။ ပြီးတော့ ဖေဖေနေကောင်းလားလို့ မေးနော်လို့ မေမေက သွန်သင်ပေးလေ့ ရှိပါတယ်။ ကျွန်မတို့အိမ်မှာ တစ်ယောက်နဲ့တစ်ယောက် နေကောင်းရဲ့လားလို့မေးတာ တစ်နေ့ကို အနည်းဆုံးသုံးခါလောက်တော့ ရှိလိမ့်မယ်ထင်ပါတယ်။"

ဒီစာကိုရေးနေရင်း ခေတ်တွေပြောင်းလာလိုက်တာ၊ ကလေးတွေနဲ့သူတို့အဖေအမေတွေ နေ့စဉ်တွေ့ကြရတဲ့ အချိန်က နည်းနေပြီလို့ တွေးမိပါတယ်။ အဖေ့ကို အိမ်ထောင်တစ်ခုလုံးရဲ့ စားဝတ်နေရေး ဖူလုံအောင် ကြိုးပမ်းထမ်းဆောင်နေတဲ့ ကျေးဇူးရှင်ကြီးလို့ အနှစ်သာရရှိရှိ မြင်နိုင်အောင် သွန်သင်ပေးဖြစ်ကြရဲ့လားလို့လည်း တွေးလိုက်မိပါတယ်။ အဖေနဲ့အမေတောင်မှ တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖြစ်တဲ့ အိမ်ထောင်တွေ အရေအတွက်နည်းဦးမယ်လို့ မျှော်လင့်ရပေမယ့် ရှိတော့ ရှိနေပြီ ဖြစ်ပါတယ်။ အဲသည်တော့ သားသမီးများက အဖေ့ပုံရိပ်ကို မြင်တာ ရှုထောင့်မမှန်ဘဲ ဖြစ်နေတော့မှာပါပဲ။

ကျွန်မ ဘီအီးဒီတက်တဲ့အချိန်တုန်းက ခင်မင်ခဲ့တဲ့ ကျောင်းသူတစ်ယောက်ဆိုရင် ငါတို့ဘဝမှာ အမေရှိရင် ဖြစ်တယ်လို့ ပြောဖူးပါတယ်။ သူ့အဖေက အိမ်ထောင်ဦးစီး မဟုတ်ပါဘူး။ စီးပွားရေးကို မိန်းမကပဲ ဦးဆောင်ပြီး ရှာဖွေပါတယ်။ အဖေဟာ နေရာမရလိုက်တာများ ပြောပဲမပြောချင်တော့ပါဘူး။ သူ့ခမျာ အိမ်မှာသာမက သားသမီးများရဲ့ အသည်းနှလုံးထဲမှာတောင်မှ နေရာမရရှာပါဘူး။ ဘာဖြစ်လို့ အဲသည်လို



ပြောရသလဲဆိုတော့ အဖေဆုံးတာတောင်မှ သမီးဖြစ်သူက သိပ်ဝမ်းနည်းဘဲ ငါတို့က အမေရှိရင် ဖြစ်ပါတယ်။ အဖေ့ကို သနားတော့ သနားပါတယ်လို့ သနားရုံလောက်သာ အဖေ့အတွက်ခံစားတဲ့ သူငယ်ချင်းကို ကြည့်ပြီး သူ့အဖေ့ရုပ်သွင်ကို မြင်ယောင်လာတာကတော့ ဖြူဖပ်ဖြူရော်နဲ့ အားမရှိတဲ့ပုံ ဖြစ်ပါတယ်။

အဖေဆိုတာကတော့ ဦးစီးခေါင်းဆောင်ဖြစ်ထိုက်ပါတယ်။ သို့သော်မယ့် ဘဝဖြစ်စဉ်တွေက ထွေပြားပါတယ်။ အဲသည်တော့ အဖေ့ထက် အမေက ပိုပြီးအောင်မြင်တဲ့ မိသားစုတွေလည်း ရှိတတ်ကြပါတယ်။ အဲသည်လိုမိသားစုများမှာ အမေက သိပ်ပြီးသိတတ်ရပါမယ်။ ကလေးတွေအဖေကို ကလေးတွေရှေ့မှာသာမက လူတောသူတောမှာပါ သိက္ခာရှိရှိနဲ့ တင့်တောင့်တင့်တယ်ဖြစ်ဖို့ အမေဖြစ်သူကပဲ တင်ပေးရတော့မှာပါပဲ။ စီးပွားရေးလည်း အဖေ့အကြံအစည်ကြောင့်ပဲ အောင်မြင်ရလေဟန်နဲ့ အဖေ့ကိုနေရာပေးထားရင် အမေလည်း သိက္ခာပိုပြီးရှိလာတာပါပဲ။ သားသမီးများကလည်း အဖေ့ကို အရိုသေမတန်တော့ဘူးပေါ့လေ။ အဖေလည်း အဲသည်လိုနဲ့ သူ့ကိုယ်သူ ယုံကြည်မှုတွေ တိုးပွားလာပြီး အောင်မြင်နိုင်တဲ့လမ်းစကို ရသွားနိုင်ပါတယ်။

အဖေ့ဘက်ကလည်း အမေသိတတ်တာကိုလိုက်ပြီး ဟန်ချက်ညီအောင် သတိထားနေရမှာနော်။ ကိုယ်က အဖြစ်မရှိဘဲ ဟန်ခတ်သိပ်ခုတ်နေရင် သားသမီးများကလည်း ရိပ်မိသွားမှာပါပဲ။ ကိုယ့်လို မအောင်မြင်တဲ့သူတစ်ယောက်ကို လူပုံအလယ်မှာ တင့်တောင့်တင့်တယ် ဖြစ်အောင် တင်ပေးနေရှာတဲ့ ကလေးတွေအမေခမျာရဲ့ စေတနာကို လေးစားသောအားဖြင့်ပေါ့လေ၊ ကိုယ်ကလည်း နေတတ်ရပါမယ်။ ကြိုးလည်း ကြိုးစားသင့်ပါတယ်။

'လောကအလယ်မှာ တင့်တောင့်တင့်တယ်ဖြစ်ဖို့ဆိုတာ မိသားစုဘဝမှာ တစ်ဖက်စောင်းနင်းမဖြစ်ဘဲ ဟန်ချက်ညီမှ ဖြစ်မှာပါ။ အဲသည်

www.burmeseclassic.com



ဟန်ချက်ကို မစောင်းရလေအောင် တစ်ယောက်တည်းနဲ့ မစွမ်းဆောင်နိုင်ပါဘူး။ အမေရော၊အဖေပါ ဟန်ချက်ညီအောင် ပူးပေါင်းပြီး ကြိုးစားရတာပါပဲ။ အဲသည်လို ကြိုးစားလို့ အောင်မြင်တယ်ဆိုရင် ငယ်သေးတဲ့ အချိန်တစ်ချိန်မှာ ပျော်လို့ရှင်လိုစိတ်နဲ့ ဘယ်သူ့ကိုပိုချစ်သလဲလို့ မေးခဲ့တုန်းက မေမေနဲ့ဖေဖေကို တူတူပဲချစ်တယ်လို့ သားသမီးများက မေမေနဲ့ဖေဖေ့အပေါ်မှာ တူတူပဲချစ်ခင်ရှိသောကာ ပျော်ရွှင်ဖွယ်ရာ မိသားစုဘဝကို တည်ဆောက်နိုင်ပါလိမ့်မယ်။

စာမျက်နှာ ၁၀၅ ကို စာမျက်နှာ ၁၃၁ နေရာ၌ လည်းကောင်း၊
စာမျက်နှာ ၁၃၁ ကို စာမျက်နှာ ၁၀၅ နေရာ၌ လည်းကောင်း၊
ပြောင်းလဲဖတ်ရှုပါရန်။
မှားယွင်းမှုအတွက်တောင်းပန်ပါသည်။

## ၁၂။ အဖေ့ကို အမေလို့မှတ်လိုက်ပါ

ကျွန်မတို့ငယ်ငယ် တက္ကသိုလ်ကျောင်းသူဘဝက အဆောင်မှာ နေပါတယ်။ အဆောင်ဆိုတာကတော့ မြန်မာနိုင်ငံ တစ်နံတစ်လျားက လူတွေစုမိတဲ့ နေရာပဲလေ။ လူအမျိုးမျိုးနဲ့ ခင်မင်ခွင့်ရခဲ့ပါတယ်။ ဟောသုတတွေ စုံခဲ့ပါတယ်။ ဒေသိယအစားအစာကိုလည်း အမျိုးမျိုးစားရပါတယ်၊ ဖလှယ်ပြီး စားကြတာပေါ့လေ။

တစ်ယောက်အကြောင်း တစ်ယောက်ပြောကြတာလည်း ကြားရတာပါပဲ။ ကျောင်းပိတ်ပြီး ပြန်လာရင် ကြားရတာတွေက အမျိုးမျိုးပါပဲ။ သူ့မောင်ကိုယ့်မောင် မမြင်ဖူးပဲနဲ့ ပါးစပ်နဲ့ ယောက်မတော်ပြီး ယောက်မရေ ယောက်းမရေ လို့ခေါ်ကြပြောကြနဲ့ပေါ့။ တစ်နှစ်မှာတော့ ကျောင်းပြန်ဖွင့်လို့ တွေ့ရတဲ့ သူငယ်ချင်းက မရွှင်မပျလှပါဘူး။ အဲဒီတော့လည်း ဟဲ့ နင်က ဘာဖြစ်နေတာလဲ။ ရည်းစားပူမိနေတာလားလို့ ဝိုင်းပြီးမေးကြပါတယ်။ သူက နောက်တော့ အကြောင်းစုံကို နတ်သံမနှောဘဲ သွယ်စစ်စစ်နဲ့ ပြောပြတော့တာပါပဲ။

သူ့မှာ ချစ်သူရှိနေပါတယ်တဲ့။ သိပ်တော့မကြာသေးပေမယ့် ချစ်သူက အလုပ်နဲ့အကိုင်နဲ့ဆိုတော့ အိမ်ထောင်ပြုတဲ့အထိ ရည်ရွယ်ပါတယ်တဲ့။ အဲသည်အချိန်မှာ ကျွန်မတို့က အံ့အားသင့်တဲ့ပုံစံနဲ့ ဟင်ခနဲ ဟာခနဲတွေလုပ်ပြီး စကြ နောက်ကြပေမယ့် သူငယ်ချင်းက မရယ်ပါဘူး။ သူ့ချစ်သူက ဘာလုပ်သလဲလို့မေးတော့ ဆရာဝန်တဲ့။ အဲသည်ခေတ်က ဆရာဝန်ဆိုတာ ရှားသေးတဲ့ခေတ်လေ။ ကျွန်မတို့က သူ့ကို ဘယ်ဟုတ်ပါ့မလဲလို့ နောက်ကြပြန်ပါတယ်။ သူကတော့ မရယ်ပါဘူး။

သူ့ချစ်သူက အိမ်ကိုလာလာလည်ပါတယ်တဲ့။ လူကြီးလူကောင်း

www.burmeseclassic.com



ကျွန်မရဲ့ ဖေဖေက ကျွန်မကို တောကျောင်းကိစ္စကို ပြန်စဉ်းစားစမ်းလို့ ပြောလိုက်ပါတယ်။ အဲသည်လို ပြောလိုက်တာနဲ့ ကျွန်မစိတ်ကြေးမုံပြင်မှာ မြင်ကွင်းတချို့ကို ပြက်ပြက်ထင်ထင် မြင်လာပါတယ်။ အဲသည်တော့ စိတ်ပြေသွားရုံတွင်မကပါဘူး။ ကျေးဇူးတင်ပါတယ် ဖေဖေရေ၊ သမီးစိတ်အေးသွားပါပြီလို့ ပြောလိုက်ပါတယ်။ အဖြစ်ကတော့ ဒီလိုပါ။ မေမေ့ဘက်က မိသားစုထဲမှာ မြေးဦးမဟုတ်ပေမယ့် ဆွေမျိုးများက ကျွန်မကို တော်တော်ချစ်ကြပါတယ်။ ကျွန်မမှာ မောင်အငယ် တစ်ယောက်လည်း တိုးလာရော၊ မေမေ့ရင်ခွင်ကို ကျွန်မတစ်ယောက်တည်း အပိုင်မရနိုင်တော့ပါဘူး။ အဲသည်အချိန်မှာ ကလေးမြေးငယ်နဲ့ဝေးနေတာ တော်တော်ကြာပြီဖြစ်တဲ့ ဒေါ်ကြီးရင်ခွင်ဟာ ကျွန်မအတွက် နွေးထွေးတဲ့ရင်ခွင် ဖြစ်လာပါတော့တယ်။

နေမကောင်းလည်း ဒေါ်ကြီးဆီမှာပဲ၊ နေမကောင်းဖြစ်ရတာ ပိုသက်သာပါတယ်။ ကုန်ကုန်ပြောပါမယ်။ အညာနွေ နေပူပူ ညဘက်များမှာ ဖုန်တောထဲဆော့မိလို့ မျက်စိနာရင်လည်း ဒေါ်ကြီးအိမ်မှာအိပ်ရင် အဆင်ပြေပါတယ်။ အဲသည်လို မျက်စိနာရင် မနက်ကျတော့ မျက်စိဖွင့်လို့ မရတော့ပါဘူး၊ မျက်စိနှစ်လုံးအပြင်မှာ မျက်ချေးတွေ ပြင်လိုက်ပိတ်နေလို့ဖြစ်ပါတယ်။ အဲသည်အချိန်မှာ ကျွန်မက အိပ်ရာက စမ်းထပြီး အောက်ထပ်ကို လက်နဲ့စမ်းပြီးဆင်းလာရင်း အသံပေးလိုက်ရင် ဒေါ်ကြီးက ဟော အမှုန် နိုးလာပြီလား။ ဖြေးဖြေးဆင်းခဲ့နော်။ လှေကားထိပ်မှာ စံပယ်ပန်းတွေကို ဒေါ်ကြီးရေစိမ်ထားတဲ့ ကြေးဖလားရှိတယ်လို့ ပြောတတ်ပါတယ်။ လှေကားခြေရင်းက တိုင်ထိပ်ကလေးပေါ်မှာရှိတဲ့ ကြေးဖလားကို လက်နဲ့စမ်းလို့မရခင်ကတည်းက စံပယ်နံ့သင်းသင်းကို ရတတ်ပါတယ်၊ မိုးနည်းတဲ့ ကျွန်မတို့အညာက ပန်းတွေက ပိုပြီးမွှေးတာတော့အမှန်ပါပဲ။ ကြေးဖလားကို စမ်းလို့ရတော့ ကြေးဖလားထဲက ပန်းပွင့်တွေကိုဖယ်လိုက်ရင် အင်မတန်အေးတဲ့ရေကိုရပါတယ်။ ကြေး



ဖလားထဲကရေက အေးတတ်ပါတယ်။ အဲသည်ရေအေးအေးနဲ့ မျက်စိတွေပေါ်ဖုံးနေတဲ့ မျက်ချေးတွေကိုနှူးပြီး ခွာပစ်ရပါတယ်။ ပြီးမှ မျက်နှာကို ရေအေးအေးနဲ့ သစ်ရပါတယ်။ ပြီးရင်တော့ ဒေါ်ကြီး ပြင်ထားတဲ့ မနက်အစာကြီးစာကို စားရပါတယ်။

ဒေါ်ကြီးကလည်း ကျွန်မကို သမီးပါပဲ။ တွတ်တီးတွတ်တာပြောတတ်တဲ့ ကျွန်မကလည်း ဒေါ်ကြီးအသည်းနှလုံးကို ယူကျုံးနိုင်ပါတယ်။ ဒေါ်ကြီးက ဂျပန်ခေတ်မှာ တောကျောင်းကိုပြေးရတော့ ကျွန်မကိုပါခေါ်သွားပါတယ်။ တကယ်တော့ သူ့မှာလည်း အပျိုပေါက်သမီးတစ်ယောက် ရှိပြီးသားပါပဲ။ သွားလေရာရာမှာ ဒေါ်ကြီးထဘီစကို ဆွဲထားတတ်တဲ့ ကျွန်မကို ဒေါ်ကြီးက မိဘနဲ့တောင် စိတ်မချပါဘူး။ အဲသည်လိုနဲ့ တောကျောင်းကို ကျွန်မပါသွားခဲ့ပါတယ်။

အဖေတို့အမေတို့ဘက်က ဇာတ်လမ်းကတော့ နောက်ပိုင်းကျမှ အမေပြောပြလို့ ကျွန်မသိရတာပါ။ အစ်မဖြစ်သူကို မပြောရဲလို့ ကလေးခေါ်သွားတာကို ကြည့်နေလိုက်ရပေမယ့် စစ်ရေးအရ သိပ်ပြီးအရေးကြီးလာပြီလို့ သိတာနဲ့ အဖေက အမေ့ကိုပြောပါတယ်တဲ့၊ တစ်ရက်နှစ်ရက်အတွင်းမှာ စစ်ရေးအရ သိပ်အရေးကြီးမယ်။ ဒေါ်ကြီးတို့ စစ်ပြေးလုပ်နေတဲ့တောကျောင်းက ဂျပန်တွေဆုတ်ခွာတဲ့ လမ်းကြောင်းပေါ်ကို ကျနေတယ်။ အန္တရာယ်ကြီးတယ်။ သမီးကို အစ်မတို့နဲ့ ပစ်မထားနိုင်ဘူး။ ငါသွားခေါ်မယ်လို့ အဖေက အမေ့ကိုပြောခဲ့ပါတယ်တဲ့။

အဖေက အဲသည်လိုပြောနိုင်တာက အပြင်ထွက်ပြီး လှေ့လာထားလို့ ပြောနိုင်တာဖြစ်ပါတယ်။ အမေကတော့ အဖေပြောတာကို ထောက်ခံရုံမှတစ်ပါး ဘာမှမပြောတတ်ဘူးပေါ့။ သူ့အနေနဲ့က သမီးကို ပြန်ခေါ်ချင်တာပဲ ရှိပါတယ်။

အဖေက တောကျောင်းကို သမီးခေါ်ဖို့လာတာဟာ မြွေပါးကင်းပါးထက် ဆိုးရွားတဲ့ ဂျပန်တပ်များကို ရှောင်ကွင်းပြီး လာရတာ

www.burmeseclassic.com



ဖြစ်ပါတယ်။ အသက်ကိုစွန့်ပြီး လာရတာပါပဲ။ တောကျောင်းရောက်တော့ ဒေါ်ကြီးနဲ့အရင်တွေ့တာပါ။ သမီးကို ပြန်ခေါ်ချင်ပါတယ်လို့ ပြောတော့ ဒေါ်ကြီးက ခါးခါးသီးသီး ငြင်းပါတယ်တဲ့။ အဲသည်အကြောင်းတွေကို ကျွန်မ နောက်မှသိတာပါ။ နောက်တော့ ဒေါ်ကြီးက ခပ်ပိုင်ပိုင်ပဲ ပြောလိုက်ပါတယ်တဲ့။ အေး ကလေးက မင်းခေါ်လို့ လိုက်ရင် ပြန်ခေါ်သွားလို့ ပြောလိုက်တာပါ။ အဲသည်တော့မှ တောကျောင်းတစ်နေရာမှာ ကစားနေတဲ့ ကျွန်မကို အစ်မတစ်ယောက်က လာခေါ်တာပါ။ ကျွန်မမှတ်မိတာကတော့ အဖေရေ အဖေရေလို့ ကျွန်မအော်ပြီး ပြေးသွားတာရယ်၊ အဖေက ဆီးကြိုပြီး ချီလိုက်တာရယ်ပဲ ဖြစ်ပါတယ်။ ဒေါ်ကြီးက အသားညိုညိုရယ်။ စိတ်ကတိုနေတော့ ပိုပြီးညိုနေတာပေါ့။ အဖေနဲ့ဒေါ်ကြီး တစ်ယောက်နဲ့တစ်ယောက် လှမ်းကြည့်ကြပြီး အဖေက ကျွန်မကိုချီထားရာက အောက်ကိုချလိုက်ပါတယ်။ ပြီးတော့ သမီး၊ အရေးကြီးလို့ ဖေဖေက သမီးကိုလာခေါ်တာ၊ သမီးက ဖေဖေနဲ့လိုက်မလား။ ဒေါ်ကြီးတို့နဲ့နေခဲ့မလားဆိုတဲ့ မေးခွန်းကို မေးပါတယ်။ ကျွန်မကလည်း ပြတ်ပြတ်သားသား ရဲရဲဝင့်ဝင့် မှန်မှန်ကန်ကန်ပဲ ဖြေလိုက်ပါတယ်။ 'အဖေနဲ့လိုက်မယ်' လို့ပေါ့။ ဒေါ်ကြီး မျက်နှာဆိုတာ မည်းသွားတာပဲ သမီးရယ်လို့ ဖေဖေက နောက်ကျမှ ပြောပါတယ်။

တောကျောင်းကို သတိရပါလို့ ပြောလိုက်တဲ့ အဖေ့စကားဟာ သားသမီးနဲ့ မိဘတို့ရဲ့မေတ္တာလောက် ခိုင်မြဲတာ မရှိဘူး။ မိဘထက် ကိုယ့်ကိုပိုပြီး ချစ်လိမ့်မယ်လို့ မမျှော်လင့်လေနဲ့ ဆိုတဲ့စကားရဲ့ သံခိပ်ပဲ ဖြစ်ပါတယ်။

## ၇။ မွေ့လျော်ဖွယ်ကောင်းတဲ့ အမေ့အိမ်

ပြောလက်စနဲ့ ကိုယ့်အကြောင်းတွေကို ဆက်ပြီးပြောလိုက်ချင်ပါသေးတယ်။ မိသားစုဆိုတဲ့ ဘာသာရပ်ခေါင်းစဉ်အောက်မှာ ရှေးတုန်းက အကြောင်းတွေကိုပြောရင်လည်း ခေတ်ကတော့ တိမ်မသွားတတ်ပါဘူး။ အစောပိုင်းက ပြောခဲ့သလိုပါပဲ။ ကလေးတစ်ယောက်တည်း အမိအဖတို့ရဲ့အချိုအပိုး အယုအယကို ဘယ်သူနဲ့မှ မဝေမျှရဘဲ လက်ခံရရှိနေရာက မောင်လေးတစ်ယောက်ရလာပြီးတဲ့နောက် သမီးက အကြီးလေ။ သမီးရေ မောင်လေးက အငယ်လေ ညှာမှပေါ့ဆိုတဲ့ စကားတွေကို ကြားပြုလာတာကို ကိုယ်ကတယ်ပြီး မကျေနပ်ချင်ပါဘူး။

အဲသည်တော့ ကိုယ့်ထက်ငယ်တဲ့သူ မရှိတော့တဲ့ ပတ်ဝန်းကျင်မှာ မွေ့လျော်စပြုလာပါတယ်။ ညတိုင်ဆိုရင် မေမေကြီးလို့ အညာခေါ်ခေါ်တဲ့ အဘွားအိမ်ကို သွားအိပ်မလား။ ဒေါ်ကြီးတို့အိမ်ကို သွားအိပ်မလား။ တစ်ခါတလေမှာ မြို့ရဲ့ ဟိုမြောက်ဖျားက ဦးလေး ကိုမြမောင် ဒေါ်လေး မအေးခင်တို့အိမ်ကို တစ်ပတ်ဆယ်ရက် သွားနေမလား။ ကိုယ့်မှာ နေစရာတွေက အများသား။ ဒေါ်လေးမအေးခင်ကဆိုရင် ကိုယ့်ကိုမွေးစားချင်နေတာဆိုတော့ ပိုပြီးတောင်မှ အလိုလိုက်ပါသေးတယ်။ ကောင်းပေ့ဆိုတဲ့ဟင်းတွေ ချက်ကျွေးလိုက်၊ ရေချိုးပြီး သနပ်ခါးအမွှေးသား လိမ်းပေးလိုက်နဲ့ပေါ့။

တစ်ညမှာတော့ ဦးလေး ဒေါ်လေးတို့နဲ့အတူ ပွဲသွားကြပါတယ်။ ပွဲက ဘာတွေကပြီး ဘယ်ဇာတ်တွေခင်းနေမှန်းလည်း ကိုယ်မသိပါဘူး။ ကိုယ်ကပျော်နေတာကတော့ အင်မတန်ကြိုက်တဲ့ ကြာခွက်တွေကို ကိုယ်စားနေတုန်း ဦးလေးဒေါ်လေးတို့ မိတ်ဆွေတွေက ထပ်ထပ်ပြီး

www.burmeseclassic.com



ယူလာပေးလို့ မကုန်နိုင်မခန်းနိုင်အောင် စားနေရတာကြောင့်ပါပဲ။ အဲသည်လို ပွဲကြည့်ရင်း ဒေါ်လေးက အိပ်ချင်လို့ အရင်ပြန်သွားပါတယ်၊ ဦးလေးက အမှုန်ရေ ပြန်မလိုက်နဲ့ဦးနော်လို့ ပြောတော့ ကိုယ်ကကျန်ရစ်ပါတယ်။ အဲသည်အချိန်မှာ ဦးလေးကြီး၀၀ကြီးတစ်ယောက် ရောက်လာပါတယ်။ ဦးလေးကိုမြမောင်ကို မြမောင်လို့ သူကခေါ်ပါတယ်။ ကိုယ့်ကို ဦးလေးက ဒါမမရင်သမီးလေလို့ မိတ်ဆက်ပေးတော့ ဪ မယ်ရင့်သမီးလား။ လာဟေ့သမီး ဘကြီးက သမီးတို့ အမေ့ဘက်က အစ်ကိုတော်တယ်၊ နောက်ကိုမှတ်ထားနော်လို့ ပြောပါတယ်။ ကိုယ်က စားရင်းသောက်ရင်း ပြုံးပြီးခေါင်းညိတ်ရတာပေါ့။

အဲသည်လိုနဲ့ အသက်လေးငါးနှစ်အရွယ် ကိုယ်နားမလည်တဲ့ ပွဲကို ဆက်ကြည့်နေကြရင်း ဦးလေးကိုမြမောင်က အိပ်ချင်ပါလေရော။ ကိုင်း အမှုန်ရေ ပြန်ကြစို့ဆိုတော့ ကိုယ်က ဟင့်အင်းပေါ့။ ခက်လိုက်တာနော်၊ ကလေးများ။ အဲသည်အချိန်မှာ နောက်ရောက်လာတဲ့ ဘကြီးက ဟေ့ မြမောင် ငါလည်းကြည့်ဦးမှာပဲ၊ ကလေးကို ထားခဲ့လေ။ ပွဲပြီးတော့ ပြန်လိုက်ပို့မှာပေါ့လို့ ဝင်ပြောပါတယ်။ ဦးလေးကိုမြမောင်က လည်း အဲသည်လိုဆိုရင် ပြီးရောပေါ့။ အစ်ကို ပြန်လိုက်ပို့လိုက်နော်လို့ ပြောပြီး ပြန်ပါတယ်။

တကယ်တော့ ပွဲကနေတာကလည်း ဘာမှန်း ရေရေရာရာမသိတဲ့အပြင် ပွဲပြီးပြီဆိုတော့ ကိုယ်က ဘကြီးပေါင်ပေါ်မှာ အိပ်ပျော်နေလို့ ဘကြီးကနိုးပြီး ခေါ်သွားရပါတယ်။ မှတ်ဉာဏ်များလည်း ကောင်းချင်တာတော့ တယ်ကောင်းပါတယ်။ ဘကြီးက သီချင်းတအေးအေးနဲ့ ကိုယ့်ကိုချီပိုးပြီး သွားနေရင်းက ဆိုင်တစ်ဆိုင်ဝင်ပါတယ်။ ပဲခြမ်းကြော်ကို ကြက်သွန် ဆီ ငံပြာရည်တို့နဲ့သုပ်ပြီး သံပရာရေဆမ်းထားတာကို ရေနွေးကြမ်းနဲ့ တွဲပြီးစားရတာပါ။ နောက်ပိုင်း အသက်ကြီးမှ ပြန်စဉ်းစားမိတာကတော့ စစ်အတွင်းမှာ အကောင်းဆုံး အစားအစာ



ဖြစ်နိုင်ပါတယ်။ ကိုယ်မှတ်မိတာကတော့ ပဲခြမ်းကြော်ကို အဲသည်လို သုပ်ထားတာကို ပထမဦးဆုံးစားဖူးတာပဲ ဆိုတဲ့အကြောင်းပါပဲ။ ဘကြီးက သူလည်းစား ကိုယ့်ကိုလည်းကျွေးမွေးပြီး ကိုယ့်ကိုပြန်ချီပါတယ်။ ပြီးတော့ ဆက်သွားတဲ့နေရာက ဦးလေးကိုမြမောင်တို့အိမ်သွားတဲ့လမ်း မဟုတ်ပါဘူး။ ကိုယ်က ဦးလေးကိုမြမောင်တို့အိမ်ကို ပြန်မပို့ဘူးလားဆိုတော့ အေးလေ သိပ်ညဉ့်နက်နေပြီ။ မနက်မှ ပြန်တော့ပေါ့။ မြမောင်တို့လည်း အိပ်နေရောပေါ့လို့ ပြောပါတယ်။

ကိုယ်က ဟင့်အင်း ပြန်ပို့၊ ဦးလေးကိုမြမောင်တို့အိမ်ကိုပဲ ပြန်ချင်တယ်လို့ ပြောလိုက်ပါတယ်၊ ပြီးတော့ ပြောရပါဦးမယ်။ ကိုယ့်ကို ချီလာတော့ ဘကြီးပါးစပ်က ထန်းရည်နံ့ရတယ်။ ကိုယ်က အဲသည်လို အနံ့နံတဲ့လူကြီးတွေကို အမေတို့အဖေတို့ မကြိုက်မှန်း သိထားတော့ ကိုယ်လည်းမကြိုက်ဘူး။ ကိုယ်က ပြန်မယ်လို့ပြောတုန်း အိမ်ကလေးတစ်အိမ်ရှေ့ကို ရောက်တော့ ဘကြီးက ဟေ့ သမီးတို့ရေ လာကြပါဦးဟ၊ ဒီမှာ ညီမကလေးတစ်ယောက်ပါလာတယ်ဆိုပြီး အိမ်ပေါ် တက်သွားပါတယ်။ မိန်းမပျိုကလေးနှစ်ယောက် ထွက်လာပြီး ပျာပျာသလဲနဲ့ ညီမလေး ညီမလေးနဲ့ခေါ်ပြီး ချော့ကြပါတယ်။ ကလေးက အိပ်ချင်နေတာလို့ အဒေါ်ကြီးတစ်ယောက်က ပြောပါတယ်။ အခုန ဘကြီးရဲ့ဇနီး ဖြစ်မယ်ထင်ပါရဲ့။ ကလေးက အိပ်ချင်နေတာဆိုတဲ့စကား ဆုံးလည်းကြားရော အခုန မမနှစ်ယောက်က ခေါင်းအုံးကလေးတစ်ခုကို ယူလာတယ်။ မဲသဲနံ့စော်လို့ပေါ့။ ကိုယ်က အာခေါင်ကို ခြစ်ခြစ်ပြီး အော်နေတာက အမေ့ဆီပြန်မယ် ဟီး ဟီး ဆိုတာပါပဲ။ နောက်တော့ ဘကြီးက မလွယ်ဘူးဟေ့ မယ်ရင့်သမီးက ဇွဲကခပ်ကြီးကြီးရယ်လို့ဆိုပြီး ကိုင်း လာ လာ မြမောင်တို့ဆီကို ဘကြီး ပို့ပေးမယ်ဆိုပြီး ပုခုံးပေါ် ထမ်းပြီး ခေါ်ပါတယ်။ ကိုယ်ကတော့ တအီအီနဲ့ အသံထွက်နေတုန်းပဲ။ အသံတိတ်သွားမှာစိုးလို့ များလှသောင်းသောင်း ကလေးအပေါင်းသာ နားလည်နိုင်တဲ့နည်းနဲ့ အငိုကိုဆက်ပြီး ထိန်းထားပါတယ်။

www.burmeseclassic.com



ဦးလေးကိုမြမောင်တို့နေတဲ့ တိုက်ရှေ့ရောက်တော့လည်း မြမောင်ရေ၊ အေးခင်ရေနဲ့ ခေါ်ရတာ အကြာကြီးပါပဲ။ နောက်တော့ ဦးလေးကိုမြမောင် နိုးလာပါတယ်။ ဘကြီးက မယ်ရင့်သမီး တယ်လည်းငိုသကိုးကွာလို့ပြောပြီး ဦးလေးကိုမြမောင်လက်ထဲကို ကလေးပြောင်းထည့်ပေးပြီး ပြန်သွားပါတယ်။ အဲသည်ကလေးက ကိုယ်ပဲလေ။ ဦးလေးကိုမြမောင်အိမ်မှာ ကိုယ်အိပ်နေကျအခန်းက သပ်ရပ်သန့်ရှင်းလို့ပါပဲ။ ဒါပေမဲ့ ကိုယ်က အိပ်ချင်နေပါလျက်နဲ့ အမေ့ဆီပြန်ပို့ဆိုတဲ့ စကားကိုသာ ထပ်တလဲလဲ ပြောပြီး အီလေးဆွဲကာ ငိုနေလိုက်တာ။ ဦးလေးကိုမြမောင်က လက်အုပ်ကလေးတချီချီနဲ့ မအေးခင် နိုးသွားမှာစိုးလို့ မငိုပါနဲ့။ ရှိကြီးခိုးပါရဲ့ဆိုတဲ့စကားကို ထပ်တလဲလဲပြောပြီး တောင်းပန်ပါတယ်။ ကိုယ်က သူလက်အုပ်ချီတာကိုလည်း မကြိုက်တော့ လက်အုပ်ချီလေအော်လေလုပ်ပါတယ်။ နောက်တော့ သူလည်း လက်အုပ်မချီတော့ပါဘူး။ ကိုယ်လည်း မောပြီးအိပ်ပျော်သွားပါတယ်။

နောက်တစ်နေ့ မနက်အစောကြီးမှာ ကိုယ့်ကို အိမ်ပြန်ပို့ကြပါတယ်။ ကိုယ့်အစ်မက အံ့အားသင့်လို့ပေါ့။ ဦးလေးနဲ့ ဒေါ်လေးက ဖြစ်သမျှအကြောင်းကို ပြောပြကြပါတယ်။ မမရင်ရယ်၊ အမှုန် ငိုကြီးလိုက်တာ မပြောပါနဲ့တော့လို့ ဆိုကြပါတယ်။ နောက်ပိုင်းမှာ သူတို့လာလာပြီး ခေါ်ကြပါသေးတယ်။ ကိုယ်က အမေ့အိမ်ကလွဲလို့ ဘယ်အိမ်ကိုမှ လိုက်မအိပ်တော့ဘူးလေ။

အထက်ပါအကြောင်းကို နှုတ်နဲ့ပြောတာ အခါပေါင်းများစွာရှိခဲ့ပြီ။ ဘာကြောင့် အမှုန်ကလေးဟာ ဘကြီးထွန်းစိန် (အမေပြောလို့သိတဲ့နာမည်) အိမ်ကို ရောက်သွားပြီးတဲ့နောက် ဦးလေးကိုမြမောင်တို့အိမ်မှာတောင်မှ မနေတော့ဘဲ အမေ့အိမ်ကို ပြန်ခဲ့တာလဲဆိုတာ မတွေးမိခဲ့ဘူး။ ဖြစ်ရပ်ကလေးသာ ပြောခဲ့တာပဲ။ ကြီးလာမှ စဉ်းစားမိတာကတော့ ဦးလေးကိုမြမောင်ဟာ အမေ့မောင်ဝမ်းကွဲ တော်တယ်ဆိုတာကို



သိထားပါတယ်။ သူတို့အိမ်မှာ ဆယ်ရက်လောက်သွားနေတယ် ဆိုပေမယ့် အမေနဲ့ ကင်းကွာမသွားတဲ့ အသိနဲ့ခံစားမှုကြောင့် လုံခြုံနေခဲ့ပါတယ်။ ဘကြီးထွန်းစိန်ကိုတော့ မသိတဲ့အပြင် အနံ့အသက် အနေအစားကအစ ကိုယ်နဲ့ဘယ်လိုမှ မရင်းနှီးတဲ့ ပတ်ဝန်းကျင် ဖြစ်နေပါတယ်။ ဘကြီးထွန်းစိန်အိမ်ကို ရောက်သွားခြင်းဟာ အမေနဲ့ အဆက်အသွယ်ပြတ်သွားသလိုပဲလေ။ အမှုန်ကလေးဟာ အမေနဲ့ အဆက်ပြတ်သလိုဖြစ်သွားလို့ ဒီလောက်ငိုတာ ဖြစ်နိုင်ပါတယ်။ ပြီးတော့ စိတ်ချရအောင် အမေ့ဆီကို ပြန်ချင်တာပါပဲ။

www.burmeseclassic.com

# ၈။ လူသားအုပ်မ

ကိုယ်တို့ငယ်ငယ်တုန်းက တောမြို့ကလေးမှာလည်း နေရတယ်။ အချိန်တော်တော်ကြာအောင် စစ်အတွင်းမှာလည်း နေခဲ့ရတယ်ဆိုတော့ ဆော့စရာကလည်း ဖုန်ထူထူမှာ ထုပ်ဆီးတိုးတာ ဖန်ခုန်တာတွေလောက်ပဲ ကစားတတ်ခဲ့ကြပါတယ်။ ပတ်ဝန်းကျင် လေ့လာခြင်းကျတော့ရောတဲ့။ ပုတ်သင်ညို၊ အိမ်မြှောင်၊ ခွေးနဲ့ကြောင်စတဲ့ အကောင်များလောက်သာ ရင်းနှီးခဲ့ရတာပါပဲ။ အမေက ခွေးဆိုရင် အလွန်သတိထားခိုင်းပါတယ်။ အမှုန်ရေ ဘကြီးတင့်တို့အိမ်က ခွေးမကြီးမိနီက ခွေးသားအုပ်မ ဖြစ်နေပြီနော်။ ခါတိုင်းလို သူ့နားကို မကပ်နဲ့၊ ကိုက်လိမ့်မယ်လို့ သတိပေးပါတယ်။ ခွေးသားအုပ်မဆိုတာကို ကိုယ်ကစပြီးကြားဖူးတော့ မေမေ ခွေးသားအုပ်မဆိုတာ ဘာလဲဟင် လို့မေးရတာပေါ့။ အမေက ခွေးသားအုပ်မဆိုတာ သားပေါက်ထားတဲ့ ခွေးမလို့ပြောတော့လည်း သားပေါက်တာဆိုတာကို နားမလည်နိုင်သေးတော့ သားပေါက်တယ်ဆိုတာ ကလေးမွေးတာ။ ခွေးဆိုတော့ ကလေးတွေအများကြီးမွေးတာလို့ ပြောမှပဲ။ ဪလို့ နားလည်သလိုလိုဖြစ်တဲ့ လေသံနဲ့ ပြန်ပြီးဖြေဖြစ်တာပါ။

နောက်တော့လည်း အမှုန်ဆိုတာ တယ်ပြီးအမေးအမြန်းထူတယ်လို့ နာမည်ကြီးတဲ့သူပီပီ အမေ မိနီက ကလေးတွေမွေးတာနဲ့ ဘာဖြစ်လို့ ကိုက်ချင်နေရတာလဲလို့ မေးလိုက်ပြန်ပါတယ်။ အမေက ဪ သမီးကလည်း သူ့ကလေးတွေကို ထိခိုက်မှာစိုးလို့ သူကအရင် ရန်လိုထားတာပေါ့ကွယ်လို့ ပြန်ပြီးဖြေမှပဲ၊ နားလည်သွားပါတယ်။

ဒါတောင်မှ ကလေးပီပီပဲလို့ ဆိုကြပါစို့ရဲ့။ မိနီရှိတဲ့ ဘကြီးတင့်တို့အိမ်ကို သွားဖြစ်အောင်သွားပြီး တကုကု တအုအုဖြစ်နေတဲ့



ခွေးပေါက်ကလေးတွေဆီကို ကဲကြည့်လိုက်ပါသေးတယ်။ မိနီဟာ အမှုန့်ဆီက ထန်းလျက်ကို လက်ပေါ်ကနေပြီး ယူစားနေကျဟာကို အခုတော့ မစားတော့ပါဘူး၊ သူ့ကလေးတွေနားကို အမှုန်ကပ်သွားရင်တောင်မှ မာန်ဖီနေပြီဖြစ်ပါတယ်။ ဘကြီးတင့်ဇနီးက အမှုန်နော်၊ အရုံမကိုးနဲ့။ မိနီက ခွေးသားအုပ်မလို့ သတိပေးပါတယ်။

အလွန်ကြာတဲ့ကာလတစ်ခုမှာ အမှုန်က ကောလိပ်ကျောင်းသူဖြစ်နေပါပြီ။ နေမကောင်းလို့ ကျောင်းက ခွင့်တိုင်ပြီး အိမ်ကိုပြန်လာရတဲ့အချိန်တစ်ချိန်မှာ အဖေက ဘာဖြစ်လို့ တဆိတ်ရှိ အိမ်ကိုပြန်ပြန်လာရတာလဲ။ စာတွေနောက်ကျမှာပေါ့လို့ ပြောလိုက်ပါတယ်၊ အမှုန်က ဘာမှတော့ မပြောပါဘူး။ စိတ်ထဲကတော့ ကောက်သွားပြီး ခပ်ငြိမ်ငြိမ်ပဲ လုံနေလိုက်ပါတယ်။ တကယ်တော့ အဖေက အခုခေတ်စကားနဲ့ပြောရရင် ဖိစီးမှု (Stress) တွေများနေတာပါပဲ။ အလုပ်ရုံနဲ့ အိမ်ကိုကူးပြီး ဆူလိုက်ပူလိုက်နဲ့ ဖြစ်နေပါတယ်။ အမှုန်ကတော့ သူပြန်လာတာကို အဖေက ဆန့်ကျင်တယ်လို့ထင်ပါတယ်။ ညနေဘက်မှာ အမေက ကျောင်းမှာ အစားကောင်းကောင်းမစားရတဲ့ သမီးအတွက် ကြာဆန်တွေ မှိုခြောက်ပန်းခြောက်တွေနဲ့ ကြက်သားတွေကို သုပ်ထားပါတယ်။ အခါတိုင်းတော့ အိမ်မှာ အမှုန်က ကူညီနေကျ။ အခုတော့ မကူညီဘဲ လှဲပြီးနေတာကို အဖေက သဘောမကျပါဘူး။ အမှုန် အမေကို ကူလုပ်စမ်း။ အမေပင်ပန်းနေပြီလို့ အဖေကပြောတော့ အမေက ကလေးက နေမကောင်းဖြစ်နေတာ နားပါစေလို့ပြောပါတယ်။ အဖေက ဘာမှမပြောပါဘူး။ ထမင်းစားကြတော့ အဖေက မျက်နှာသုန်သုန်မှုန်မှုန်နဲ့ စားရင်းတစ်ယောက်ကိုမှ ကြည့်လို့မရဘူးလို့ ပြောပါတယ်။ အမှုန်ဟာ ထမင်းစားလို့မဝင်တော့ဘဲ ထမင်းစားပွဲက ထပြီးထွက်လာခဲ့ပါတယ်။

အဖေက အမှုန့်ကို အလွတ်မပေးသေးဘဲ ထမင်းစားပြီးတဲ့အချိန်မှာ အမှုန်ရေ အမှုန်လာစမ်း၊ အမေ့ကိုလာပြီးကူလှည့်လို့ ပြောပါတယ်။

www.burmeseclassic.com



အဲသည်အချိန်မှာ အမေဟာ စက်သေနတ်နဲ့ပစ်သလို အဖေ့ကို ရန်တွေ့တော့တာပါပဲ။ ကလေးက နေမကောင်းလို့ ပြန်လာတာ။ အားလည်းနည်း၊ အားလည်းငယ်နေတာ။ ရှင်က ရှင့်အလုပ်ရုံကိုပဲ တစ်ကမ္ဘာထင်နေရသလား။ ရှင် ဘယ်သူ့ကိုမှ ကြည့်မရတာကို ကလေးစိတ်ငယ်နေတုန်းမှာ ပြောရသလားစတဲ့ စကားတွေကို ပြောတော့တာပါပဲ။ အမှုန်ကလည်း အဲသည်တော့မှ ခက်ခဲပင်ပန်းစွာ ရှိုက်ရှိုက်ပြီး ငိုတော့တာပါပဲ။ မေမေက ဖေဖေ့ကို ဘာတွေထပ်ပြီး ပြောတယ်ဆိုတာတော့ မသိတော့ပါဘူး။ အမှုန်သိလိုက်တာကတော့ အမှုန်လှဲပြီး ငိုနေတဲ့နေရာကို ဖေဖေရောက်လာပြီး အမှုန့်လက်ကလေးကိုကိုင်ကာ ဖေဖေတောင်းပန်ပါတယ် သမီးကလေးရယ်၊ ဖေဖေက အလုပ်ရုံထဲမှာ အဆင်မပြေတာတွေကို အရေးတကြီးလုပ်ပြီး ငါ့သမီးနေမကောင်းတာကို ဂရုမစိုက်မိဘူး။ ဖေဖေ့ကိုခွင့်လွှတ်ပါနော်လို့ ပြောပါတယ်။ မေမေကတော့ တကယ့်ကိုစိတ်ဆိုးနေတဲ့ပုံနဲ့ ဖေဖေ့ကို ကြည့်နေပါတယ်။

အမှုန်ကတော့ အဲသည်အချိန်မှာ အတော်ကလေး အငိုတိတ်သွားပါပြီ။ အိမ်ပေါ်တက်တော့မယ်၊ အိပ်တော့မယ်လို့ ပြောတော့ မေမေရော ဖေဖေပါ အမှုန့်ကိုတွဲကြပါတယ်။ နောက်တစ်နေ့ကျတော့ အမှုန်သက်သာပါပြီ။ မေမေက အဲသည်တော့မှ အမှုန်နားလည်အောင် ဖေဖေက အမှုန့်ကို စိတ်ဆိုးနေတာမဟုတ်ဘူး။ သူစိတ်ဆိုးနေတုန်း အမှုန်နေမကောင်းဖြစ်တာကို သူသတိမထားမိလို့ ကျောင်းက အိမ်ကို လွှမ်းတိုင်း ခွင့်တိုင်ပြီး ပြန်လာတယ်လို့ ထင်နေတာလို့ ပြောပါတယ်။

အမှုန်ကတော့ မေမေ့ကို သေသေချာချာ ကြည့်နေမိပါတယ်။ မေမေဟာ ဘယ်တော့မှ စကားကို မာမာပြောဖူးတာ မဟုတ်ပါဘူး။ လေအေးကလေးနဲ့ ရှင်းတတ် ပြောတတ်တာပါ။ မနေ့ညကတော့ ဖေဖေ့ကို ရန်တွေ့လိုက်တာ၊ ဖေဖေက ဖေဖေမှားပါတယ် သမီးရယ်လို့ အမှုန့်ကို မတောင်းပန်ဘူးဆိုရင် ဖေဖေတော့ မသက်သာဘူးမှတ်လို့



အမှုန်တွေးမိသွားတာနဲ့ ပြုံးမိသွားပါတယ်။ မေမေက ဘာပြုံးတာလဲတဲ့။ အမှုန်က မေမေ မနေ့ညကရန်တွေ့တာကို ပြောတော့ မေမေက ရယ်ပါတယ်။ ပြီးတော့ မေမေက လူသားအုပ်မကြီးကိုး သမီးရဲ့လို့ ရယ်သံဗလုံးဗထွေးနဲ့ ပြောပါတယ်။

ဟုတ်ပါတယ်။ သားသမီးကို ဘယ်သူပဲထိထိ သူကကာကွယ်ဖို့ အသင့်ဖြစ်နေတာ အမေပါပဲ။ အဖေများခမျာ သားသမီးကို သူလည်း ဆိုင်ပေမယ့် အမေက သူသာလျှင် တကယ်ဆိုင်ပြီး ကာကွယ်ပိုင်ခွင့် အပြည့်အဝရထားသူလို့ မှတ်ယူတတ်ပါတယ်။ ဒေဖတို့လည်း သတိထားတတ်ကြဖို့ လိုပါတယ်နော်။ သားသမီး သားမယားစားဖို့ ရှာဖွေရင်း သားသမီး သားမယားများကို ပေးသင့်တဲ့ အယုယ အကြင်နာ ချစ်ခြင်းမေတ္တာများကို မပေးမိအောင် ဖိစီးမှုတွေ မများနဲ့လေနော်။

www.burmeseclassic.com

# ၉။ အသက်ကိုရင်း၍ ရှင်ခြင်းကိုပေးသူ

မြန်မာတွေမှာ မီးနေသည် တစ်နည်းဆိုရင် မီးဖွားနေတဲ့ မိခင်လောင်းတွေနဲ့ပတ်သက်လို့ အစဉ်အလာ ယုံကြည်ချက်တစ်ခု ရှိပါတယ်။ တစ်နေ့မှာ သချိုင်းကို မျက်စောင်းသုံးခါထိုးတယ်တဲ့။ ဆိုချင်တာက ကလေးတစ်ယောက်ကို မွေးဖွားရတာ သေခြင်းတရားနဲ့ သိပ်နီးတယ်လို့ ဆိုချင်တာဖြစ်ပါတယ်။

အဲသည်လို နေထိုင်ကောင်းတဲ့သူတွေတောင်မှ သေခြင်းတရားနဲ့ ပွတ်ကာသပ်ကာ တိမ်းရှောင်ပြီး ကလေးတစ်ယောက် မွေးရတယ်ဆိုတော့ မူလကတည်းက သိပ်နေမကောင်းတဲ့ အိမ်ထောင်သည်တွေဆိုရင် ကလေးမယူသင့်တော့ဘူးပေါ့နော်။ ဒါပေမဲ့ ဆရာမတစ်ယောက်ဟာ နှလုံးရောဂါကို ပြင်းပြင်းထန်ထန် ခံစားနေရတဲ့ကြားထဲက သမီးကလေးတစ်ယောက်ကို ဖြစ်မြောက်အောင် မွေးခဲ့တာကို ကြားရဖူးပါတယ်။ အဲသည်ဆရာမကိုလည်း တွေ့ခဲ့ဖူးပါတယ်။ အခုတော့လည်း သမီးကလေးကို ခင်ပွန်းသည်အတွက် အဖော်အဖြစ် ချန်ရစ်ပြီး ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါတယ်။

အခုတလောမှာ သတင်းတွေမြင်ရနိုးတဲ့ ဂြိုဟ်တုအစီအစဉ်တွေကို လိုက်ကြည့်မိပါတယ်။ အဲသည်တော့ ပြင်သစ်စကားလည်း မတတ်ဘဲနဲ့ ပြင်သစ်အစီအစဉ်ကိုလည်း ကြည့်ဖြစ်ပါတယ်၊ အဲသည်လိုနဲ့ စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်ကားတစ်ကားကို အင်္ဂလိပ်စာတန်းလည်း ထိုးထားတာကြောင့် တစ်ပိုင်းတစ်စကနေပြီး ကြည့်ဖြစ်ခဲ့ပါတယ်။ စိတ်ဝင်စားစရာကောင်းလိုက်တာနော်။ ဘာဖြစ်လို့လဲဆိုတော့ အမျိုးသမီး တစ်ယောက်ဟာ ကလေးရှိမှန်းလည်းသိရော သူ့မှာ သားမြတ်ကင်ဆာ



ည်း ဖြစ်နေပြီ။ အတော်တောင်မှ ရင့်နေပြီဆိုတာကို သိလိုက်ရလို့ပဲ ပါတယ်။ အဲသည်မိန်းကလေးကို ဆရာဝန်များက ဝိုင်းပြီးအကြံပေး ပါတယ်။

ပထမဆရာဝန်ကတော့ ကလေးကိုဖျက်ထုတ်ပစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကင်ဆာရောဂါကုထုံးများကို စတင်တော့မယ်ဆိုရင် ကလေးရဲ့ကြီးထွားနှုန်းကလည်း ရပ်သွားမယ်။ မရပ်လည်း ကလေးဟာ မှာ ဒုက္ခရောက်မှာပဲ။ ပြီးတော့ မွေးလာတဲ့အခါ ကိုယ်လက်အင်္ဂါ င်တဲ့ကလေး ဖြစ်လာနိုင်သေးတယ်လို့ ပြောပါတယ်။ အဲဒါကြောင့် သမီးဟာ အိမ်ကိုပြန်လာပြီး တော်တော်ကလေး စိတ်ဆင်းရဲခဲ့ပါ တယ်။ ပြီးတော့ သူနဲ့သူ့ခင်ပွန်းဟာ ငွေကြေးပြည့်စုံတဲ့သူတွေ မဟုတ် ပါဘူး။ ရုန်းကန်လှုပ်ရှားနေရတဲ့သူများ ဖြစ်ပါတယ်။

အမျိုးသမီးဟာ ဆရာဝန်ပြောင်းပြီး ပြခဲ့ပါတယ်။ နောက်ဆရာ များကို ကလေးကို ဖျက်မချနိုင်ပါဘူး။ သူလိုချင်ပါတယ်လို့ ပြောပါ တယ်။ တကယ်တော့ သူ့အကျိတ်ဟာ ကင်ဆာကျိတ်ဖြစ်နေတယ် ဆာ သူသိထားပါပြီ။ စိတ်ဝင်စားစရာကောင်းတာက ကင်ဆာအထူး ဆရာဝန်များက ကလေးကို ဖျက်မချချင်လည်း ထားခွင့်ပေးမယ်လို့ တာပါပဲ။ အမျိုးသမီးက မေးပါသေးတယ်။ ကင်ဆာဆေးသွင်းရင် လေးကိုထိခိုက်မှာလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဆရာဝန်များက ကင်ဆာဆေးသွင်းရုံဆိုရင် ကလေးကိုမထိခိုက်နိုင်ပါဘူး။ ကင်ဆာကုထုံး ဓာတ်ကင်တာနဲ့ပဲ တွဲသိထားတဲ့သူများကတော့ ကလေးကို ဓာတ် ကင်ရင် ထိခိုက်လိမ့်မယ်လို့ ပြောကြတာပေါ့။ ဒါပေမဲ့ ကလေးကို သွားနိုင်ခွင့်ရနိုင်သမျှ ရအောင်ပေးမယ်။ ကလေးကို မွေးခွင့်ပေးပြီးမှ ကင်မယ်လို့ ဆုံးဖြတ်ကြပါတယ်။ အဲသည်လိုနေရင်း အမျိုးသမီးရဲ့ ကင်ဆာကျိတ်က ကြီးထွားလာပါတယ်။ အဲသည်တော့ ဆရာဝန်များက ကလေးကို ဆက်ပြီးမထားနိုင်တော့ပါဘူး။ ကင်ဆာကျိတ်ကို မကြီး

www.burmeseclassic.com



ထွားအောင် ဓာတ်ကင်မှုဖြစ်တော့မယ်ဆိုတော့ ဆရာဝန်များက ကလေးကို ခွဲပြီးမွေးပေးမယ်။ ပြီးရင် ကလေးအမေရဲ့ ကင်ဆာကျိတ်ကိုခွဲစိတ်ပြီး ထုတ်ပစ်မယ်။ ပြီးရင်တော့ ဓာတ်ကင်တဲ့ကုထုံးကို သုံးမယ်လို့ ပြောကြပါတယ်။ ကလေးအမေဟာ ဆရာဝန်များကို စောဒကမတက်နိုင်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆရာဝန်များက သေသေချာချာ စဉ်းစားပြီး ကလေးရော ကလေးအမေပါ အဆင်ပြေအောင် စီစဉ်ပေးတာကိုး။

ကလေးအမေက မပြောသာပြောသာနဲ့ တောင်းဆိုတဲ့စကား တစ်ခုကို ပြောကြပါသေးတယ်။ အဲသည်စကားကတော့ ကလေးကို နောက်တစ်လအထိ အမိဝမ်းထဲမှာပဲ ကြီးထွားခွင့်ပေးဖို့နဲ့ ကလေးမွေးပြီး ကလေးနဲ့အတူ အိမ်ပြန်ခွင့်ပေးဖို့ ပြီးမှ သူ့ကိုခွဲစိတ်ကုသဖို့ ဖြစ်ပါတယ်။ ဆရာဝန်များက သူ့တောင်းဆိုချက်ကို ငြင်းဆန်လိုက်ပါတယ်။

အဲသည်လိုနဲ့ ခွဲကြစိတ်ကြပါလေရော ဆိုကြပါစို့။ ကလေးက ပုံမှန်ကြီးထွားနှုန်းနဲ့ ကြီးထွားပါတယ်၊ ဆံပင်ကလည်း ထူမှထူလို့ ဆရာဝန်များ ပြောတာကို ကြားရပါတယ်။ ကလေးအမေကတော့ သူ့ကလေးကို ကြည့်ပြီးမှ ခွဲစိတ်ဖို့ မေ့ဆေးပေးခံရပါတယ်။ ကလေးအမေနဲ့ ကလေးကို မြင်သာအောင်ထားပေးပါတယ်။ ကလေးအမေဟာ သတိရတာနဲ့ သူ့ကလေးကလေးကို တကြည့်တည်း ကြည့်နေတာပါပဲ။ နောက်တော့ အိမ်ကိုပြန်ခွင့်ရပါသေးတယ်။ သနားစရာ သိပ်ကောင်းတာက ကလေးအမေဟာ ဆေးသွင်းခံနေရတာတောင်မှ သူ့ကလေးလေးကို ပခုံးပေါ်မှာတင်ရင်း ဆေးသွင်းခံတာပါပဲ။ အိမ်ပြန်တော့လည်း ကလေးကို ကလေးအမေရဲ့အမေ ကလေးအဘွားက ပြုစုပေးပါတယ်။ အမျိုးသမီးက သူမရှိတော့တဲ့အချိန်မှာ ကလေးကလေးကို စောင့်ရှောက်ပါလို့ မှာပါတယ်။ မှာစရာမလိုပါဘူးအေလို့ ပြောသည့်တိုင် ကျွန်မ မှာတဲ့အတိုင်း လုပ်ပါ့မယ်လို့ ပြောပါ။ ကျွန်မက အဲသည်တော့မှပဲ စိတ်အေးမှာပါလို့ ဆိုပါတယ်။



နောက်ဆုံးတော့ ကလေးအမေဟာ ကင်ဆာရောဂါသည်များအတွက် နည်းသစ်နဲ့ ကုသတဲ့ဆေးရုံကို တက်ရပါတယ်။ ဘယ်သူနဲ့မှ တွေ့ရဘဲ ဆေးရုံမှာနေရပါတယ်။ သူ့အတွက် အသက်တစ်မျှင်ကတော့ သမီးကလေးပါပဲ။ တယ်လီဖုန်းနဲ့ သမီးအဖေဆီကို ဆက်ပြီး သမီးကလေးအကြောင်းကို မေးရပါတယ်။ ကလေးအဖေကလည်း ကလေးကိုပွေ့ပြီး နို့ဘူးတိုက်နေရင်း သမီးကလေးက မင်းနဲ့သိပ်တူတယ်၊ အေးလေ ဆံပင်ရှိတုန်းက မင်းနဲ့တူတာလို့ ပြောပါတယ်။ ကလေးအမေက ကင်ဆာရောဂါသည်ဆိုတော့ ဆံပင်တွေ မရှိတော့ဘူးလေ။

ဇာတ်လမ်းကို အဲသည်နေရာမှာတွင် အဆုံးသတ်ပေးထားပါတယ်။ ပရိသတ်အနေနဲ့ ကြိုက်သလို ဆက်တွေးပေတော့ပေါ့။ ကိုယ်ကတော့ ကလေးအမေ ပြောတဲ့စကားတွေကို သတိရနေပါတယ်။ ကျွန်မကို ဓာတ်ကင်လို့လည်း ကျွန်မ မသေဘူးလို့ မပြောနိုင်တဲ့အတွက် ကလေးကိုခွဲပြီး မမွေးဘဲ လရင့်တဲ့အထိ ထားလို့မရဘူးလားဟင်ဆိုတဲ့ စကားကလေးပါပဲ။ ကလေးအဖေက ကလေးဟာ မင်းမရှိလည်း ပြည့်စုံတဲ့ဘဝကို ရမှာမဟုတ်ဘူး။ ကိုယ်မရှိလည်း ပြည့်စုံတဲ့ဘဝကို ရမှာ မဟုတ်ဘူး။ အဲသည်တော့ ကလေးကိုခွဲပြီး မွေးလိုက်ပါ။ နောက်ပြီးတော့ ဓာတ်ကင်တာပေါ့လို့ ပြောပါတယ်။ စဉ်းစားလိုက်ရင် ကလေးကလေး တစ်ယောက် အသက်ရှင်ဖို့ ကလေးအမေက သူ့အသက်နဲ့ရင်းခဲ့တာကိုး သဘောပေါက်လာပါတယ်။

www.burmeseclassic.com

# ၁၀။ အဖေ့နာမည်ကို သုံးရတာ ကျေးဇူးကြီးတယ်

ကျွန်မနဲ့ခင်တဲ့ အမျိုးသမီးတစ်ယောက်အကြောင်းကို ပြောပြချင်ပါတယ်။ သူက ကလေးသုံးယောက်အမေ မြေး ခုနစ်ယောက်ရဲ့အဘွား ဖြစ်ပါတယ်။ သူက စကားလည်းပြောတတ်ပါတယ်။ ရွှာလည်းရွှာပါတယ်။ ပြတ်လည်း ခပ်ပြတ်ပြတ်၊ ဆတ်လည်းခပ်ဆတ်ဆတ်ပါပဲ။ အဲသည်စရိုက်ကြောင့်လည်း သူဟာ သမီးအထွေးဆုံး ငယ်ငယ်ကတည်းက အိမ်ထောင်ပျက်ခဲ့ပါတယ်။

သူဟာ သူ့ဘဝကိုသူ ထူထောင်ဖို့ ပညာသင်ယူခဲ့ပါတယ်။ အခုတော့ ဆရာတစ်ဆူဖြစ်နေပါပြီ။ ကျွန်မပြောချင်တာက သူ့ပညာအကြောင်းမဟုတ်ပါဘူး။ သမီးသုံးယောက်ကို သူဘယ်လိုစောင့်ရှောက်တယ်ဆိုတာကို ပြောချင်တာပါ။ သမီးတွေက အိမ်ထောင်သည်တွေ ဖြစ်ပါတယ်။ အလတ်တစ်ယောက်ကတော့ အိမ်ထောင်ပျက်သွားပြီး ကလေးလေးယောက်နဲ့ဆိုတော့ အစောကြီးကတည်းက ကျွန်မမိတ်ဆွေကပဲ အတူနေစေပါတယ်။

ကျွန်မမိတ်ဆွေကို အေးလို့ခေါ်ကြပါစို့။ အေးက သမီးကိုရော မြေးတွေကိုရော စောင့်ရှောက်ကျွေးမွေးပါတယ်။ နောက်တော့လည်း အိမ်ထောင်နဲ့သမီးများကိုပါ အေးကပဲ သူနဲ့အတူနေစေပါတယ်။ အိမ်ထောင်ပျက်တဲ့ ကလေးမလေးကို ခေါ်ထားတာနဲ့ပတ်သက်ပြီး အေးပြောတာက သနားကရုဏာ ဖြစ်ချင်စရာပါပဲ။ ကျွန်မလေ စိတ်သဘောချင်း မတိုက်ဆိုင်လို့ ခင်ပွန်းနဲ့ကွာလိုက်ပေမယ့် သူ့ကိုစိတ်ဆိုးပြီး မနေပါဘူး။ ကိုယ့်ဘာသာ ဝမ်းစာရှာစားနေရတော့လည်း မအားဘူးလေ။ သမီးအလတ်မကာ အသက် ၁၆ နှစ်မှာ ကျွန်မအတန်တန်တားပါလျက်



နဲ့ ယောကျ်ားနောက်ကို လိုက်ပြေးတယ်။ အဲသည်တော့မှ သူတို့အဖေကို ကျွန်မသိပ်ပြီးစိတ်ဆိုးခဲ့ပါတယ်။ ကြည့်စမ်းပါဦး၊ သူသာ အဖေနေရာမှာ မြဲမြဲရပ်တည်ပြီး အဖေ့တာဝန်ကျေပွန်ခဲ့ရင် ငါဟာ အခုလို သမီးတွေကို ထိန်းပြီး ဝမ်းစာရှာနေရမှာ မဟုတ်ဘူး။ အမေပီပီ အုပ်အုပ်စီးစီး နေနိုင်မှာပဲလို့ တွေးမိပြီး စိတ်ဆိုးလိုက်တာ အလွန်ပဲလို့ ပြောပါတယ်။

မမရယ် ကျွန်မသမီးကလေးကို နားချလို့မရလွန်းလို့ ငယ်ငယ်တလေးနဲ့ အိမ်ထောင်ပြုတာကို ကြည့်နေလိုက်ရတာ မမရဲ့။ အခုလို ဖြစ်တော့ နင့်အပြစ်နဲ့နင်လို့ ပစ်ထားလိုက်ရင် ကျွန်မသမီးကလေး နစ်မွန်းသွားမှာပေါ့။ ကလေးတွေလည်း ကလေကချေတွေ ဖြစ်ကုန်မယ်လေ။ အဲသည်တော့ ကျွန်မက စောင့်ရှောက်ထားရတာပေါ့တဲ့။ အေးက အငယ်ဆုံးသမီးကို ဘွဲ့ရတဲ့အထိ ပညာသင်ပေးပြီး ကလေးမလေး နှစ်သက်တဲ့ကလေးနဲ့ တင့်တောင်တင့်တယ် ထိမ်းမြားပေးလိုက်ပါတယ်။ ပြီးတော့လည်း ကလေးတစ်ယောက်ရတာနဲ့ သမီးရောသမက်ရော အမေ့ဆီကို ရောက်လာပြန်တာပါပဲ။

အေးရဲ့အင်ပိုင်ယာကြီးကလည်း တယ်ပြီးကျယ်ပြန့်တာကိုး။ ကျွန်မတို့သာဆိုရင်တော့ ဒီလောက်လူအုပ်ကြီးကို ကျွေးလည်းကျွေး၊ ပညာလည်းသင်၊ အဝတ်လည်းဆင်ဆိုသလို ထောင့်စေ့အောင် လုပ်နိုင်မှာ မဟုတ်ပါဘူး။ အေးပြောပြတာကတော့ အားရှိစရာပါပဲ။ မနက်မနက် ဆိုရင် ထမင်းဘူးတွေ တန်းစီပြီး စားပွဲပေါ်ကိုတင်ထားလိုက်ရပါသတဲ့။ ကျောင်းယူနီဖောင်းတွေနဲ့ ကလေးတွေက ထမင်းဘူးတွေကို တစ်ယောက် တစ်ဘူးစီ ယူပြီး အိမ်ပေါ်က ဆင်းသွားတာကို ကြည့်ရတာ ကျွန်မဖြင့် သိပ်ပျော်တာပဲတဲ့။ အဲသည်လိုဆိုတော့ အေးဟာ ငွေကြေးအစုအပုံကို ပိုက်ထားတဲ့သူလို့ ထင်ရင်မှားပါတယ်။ သူ့ပညာနဲ့ နေ့စဉ် စီးပွားရှာနေရတဲ့သူ ဖြစ်ပါတယ်။

အေးမှာ ချစ်စရာကောင်းတာကတော့ ကျေးဇူးသိတတ်တဲ့စိတ်ပဲ

www.burmeseclassic.com



ဖြစ်ပါတယ်။ ကလေးတွေငယ်ငယ်တုန်းက သူအချိန် အတော်ကြာ ဆေးရုံတက်ရပါတယ်။ အဲသည်လိုအချိန်တုန်းက ကလေးတွေကို အမျိုးသားဘက်က အဘွားတွေက စောင့်ရှောက်ထားတာကို အေးက တဖွဖွ ပြောပါတယ်။ ပြီးတော့ အဲသည်အဘွားများကို သူတတ်အားသမျှ စောင့်ရှောက်ပါတယ်။ ကျွန်မနဲ့အေးနဲ့က မကြာခဏ တွေ့တာတော့ မဟုတ်ပါဘူး။ သို့ပေမယ့် တွေ့လိုက်တာနဲ့ သူ့ဆွေကိုစွ မျိုးကိုစွများကို သူက ပြောပြပြီး ကျွန်မကနားထောင်ရင်း မုဒိတာပွားရပါတယ်။ အေးက သူ့အမေတွင်မက ကလေးတွေအဖေရဲ့အမေ ယောက္ခမကိုပါ အိမ်ပေါ် တင်ပြီး ဆေးကုပေးလိုက်၊ အဝတ်အစားတွေကို ပြည့်စုံအောင်လုပ်ပေး ပြီးမှ သူ့သားသူ့သမီးတွေဆီကို ပြန်ပို့ပေးလိုက်နဲ့ လုပ်တတ်ပါတယ်။ အခုတော့လည်း ယောက္ခမကြီးက ဆုံးပါးသွားပြန်ပါပြီ။ ယောက္ခမကြီး အသက်ရှင်စဉ်က အိမ်ပေါ်ကို ခေါ်တင်ထားပေမယ့် ဆုံးပါးတော့ ကလေးတွေကိုသာ လွှတ်ပါတော့တယ်။ ကလေးတွေအဖေနဲ့ အေးက မတွေ့ချင်ဘူးလေ။ အေးနေမကောင်းတော့လည်း ယောက္ခမက အဝတ်တွေပါ ဖွပ်လျှော်ပေးပြီး ပြုစုခဲ့တာ မမရဲ့။ အဘိုးကြီးကဆိုရင်လည်း ကလေးတွေကို ချီပိုးပြီး ထိန်းခဲ့တာ။ အေးပစ်မထားနိုင်ဘူးတဲ့။ အဲသည် အချိန်မှာ အေးယောက္ခမရဲ့သားအရင်း အေးရဲ့ခင်ပွန်းဟောင်းကဆိုရင် နေသာသပ လေညာကဆိုသလို တစိုးတစိမှ ကျေးဇူးမသိတတ်ပါဘူး တဲ့။

အေးသဘောက ပြောရခက်ကြီးပါပဲ။ ကလေးတွေအဖေကို သူက ခါးခါးသီးသီးပါပဲ။ သို့ပေမယ့် သမီးများက ခိုးပြီးတွေ့တာကို အဖေ့အတွက် ပုဆိုးကအစ လိုအပ်တာကလေးတွေကို ဝယ်ပြီးကန်တော့ တာတို့ကိုတော့ အေးက မသိချင်ယောင်ဆောင် နေပါတယ်။ တိတ်တိတ် လင်းလင်းလည်း ခွင့်ပေးတာတို့ တိုက်တွန်းတာတို့ မလုပ်ပေမယ့် သမီး အကြီးနှစ်ယောက်က အဖေ့ကို မှတ်မိတဲ့အရွယ်ကိုး။ သူတို့အဖေကို သတိရကြ လွမ်းကြမှာပေါ့လို့ ပြောပါတယ်။ သမီးငယ်ကတော့ အဖေ့ ကို သိပ်မမှတ်မိချင်ဘူးပေါ့။ သူသိပ်ပြီးငယ်တဲ့အချိန်က အမိအဖ ကွဲခဲ့ ကြတာကိုး။



နောက်ပိုင်းမှာ သမီးများကိုစောင့်ရှောက်ခဲ့တဲ့ အဘွားတွေက အသက်လည်းကြီးပြီး ငွေကြေးလည်းချို့တဲ့ကာ မကျန်းမမာ ဖြစ်လာ တော့ အေးက အဲသည်အဘွားများအတွက် ဝါယမစိုက်ပြီး စားစရာတွေ ဆောင်းတွင်းဆိုရင် ဆောင်းတွင်းဝတ်၊ နွေဆိုရင် နွေဝတ်ဆိုသလို တတ်နိုင်သမျှ ပြည့်စုံအောင်စီစဉ်ပြီး သမီးတွေကို သွားပို့နိုင်းပါတယ်။ သမီးများကိုလည်း အေးကပြောပါတယ်။ သမီးတို့ကို သိပ်စောင့်ရှောက် ခဲ့တဲ့ ဘွားဘွားတွေနော်။ သမီးတို့ကိုယ်ပိုင်ဝင်ငွေနဲ့ သမီးတို့က ကျေးဇူး ဆပ်ဖို့ကောင်းပြီ။ သမီးတို့က အဲသည်လိုမတတ်နိုင်သေးလို့ မေမေက အစစအရာရာကို စီစဉ်ပေးခဲ့တာ။ သမီးတို့က သတိထားပြီး အဘွားတွေ ဆီကို သွားကြပါ။ မလစ်ဟင်းပါစေနဲ့လို့ ပြောရပါသတဲ့။

ပြီးတော့ အေးကဆက်ပြောပါတယ်။ မမရယ် အဘွားတွေက သူတို့ခါးချပ်ထဲမှာ ဆယ်ပြားစေ့ငါးပြားစေ့ကလေးတွေ ထည့်ထားပြီး ကလေးတွေကျောင်းအသွားကို တိတ်တိတ်ကလေး စောင့်နေကြတာ မမရဲ့။ ကလေးတွေက သူတို့အဖေရဲ့ မိဘများနဲ့ နေနေတာလေ။ အေးက ဆေးရုံမှာပေါ့။ အဲသည်လို တိတ်တိတ်ကလေးစောင့်နေပြီး ကလေးတွေအိမ်က ထွက်လာတာနဲ့ သူတို့က သူတို့အိမ်ရှေ့ရောက်ရင် ထမင်းဘူးတွေဘာတွေကို ဖွင့်ကြည့်တယ်၊ ဟင်းက သိပ်မကောင်းရင် သူတို့ခါးချပ်ထဲက အကြွေစတွေကို များများပေးလိုက်တာပေါ့။ ဟင်း ကောင်းရင် နည်းနည်းပေးတာပေါ့။ မမရယ် အဲသည်ခေတ်က များများ ပေးတယ်ဆိုတာလည်း တစ်မတ်ထက်မပိုပါဘူး။ ဒါပေမဲ့ တစ်မတ်ရဖို့ ကောင် ခက်လှတဲ့ ခေတ်မဟုတ်လား။

အေးက စကားအပြောကောင်းကောင်းနဲ့ ပြောတာ ကျွန်မဖြင့် မျက်စိထဲတောင် မြင်လာပါတယ်။ အဖေအမေနဲ့ ဝေးနေတဲ့ကလေးတွေ

www.burmeseclassic.com



ကို စောင့်ရှောက်တဲ့ မေတ္တာ စေတနာဆိုတာက မုန့်ဖိုးနည်းတာများတာထက် ပိုအရေးကြီးပါတယ်။

နောက်ဆုံးတော့ အဘွားတစ်ယောက်ပြီးတစ်ယောက် ဆုံးပါးသွားပါတယ်။ တစ်နေ့မှာ အေးက စားစရာတွေ ငွေတွေနဲ့ သမီးအငယ်ကို နောက်ဆုံးကျန်နေတဲ့ အဘွားရှိရာ ပဲခူးကိုသွားဖို့ လွှတ်လိုက်ပါတယ်။ အေးလို စားအိုးကြီးတဲ့သူအဖို့ ငွေ ၅၀၀၀ လောက်တန်တဲ့ စားစရာတွေနဲ့ ငွေ ၅၀၀၀ လောက်ကိုလည်း ထည့်ပေးလိုက်တယ်ဆိုတော့ အတော်ကလေးများပါတယ်။ အေးက သမီးငယ်ကို မှာလိုက်သေးတာတဲ့။ မီးရထား စောင့်မနေနဲ့။ ကားကို ခေါင်းခန်းထဲက ပိုက်ဆံပိုပေးပြီး လိုက်သွားလို့ မှာလိုက်သေးတာပါတဲ့။ သမီးငယ်ကတော့ မီးရထားနဲ့သွားလိုက်ပါတယ်။ အဘွားအိမ်ကိုလည်း ရောက်ကရော အဘွားဆုံးသွားတာ ကိုယ်က နွေးနွေးပဲရှိပါသေးသတဲ့။

အဲသည် အသုဘကိုလည်း အေးရဲ့သမီးများကပဲ ကိုယ်ဖိရင်ဖိ ဆောင်ရွက်ရတာပေါ့။ ငွေကိုတော့ အေးက စိုက်ရတယ်လေ။ ဆွေမျိုးတွေကတော့ လာပါတယ်။ ကလေးတွေအဖေကတော့ မလာပါဘူး။ ဆွေမျိုးတွေက မေးတယ်တဲ့။ ရန်ကုန်က ဘယ်သူလာသလဲဆိုတော့ ကျွန်မတို့ ဦးစိန်အောင်သမီးတွေပါ။ ရန်ကုန်ကလာပါတယ်လို့ ဖြေရတာပေါ့။

အေးစိတ်ညှိုညင်မှာစိုးလို့ ထင်ပါရဲ့။ ကလေးတွေက မေမေ့ကိုလည်း သိပါတယ်မေမေလို့ ပြောကြပါသတဲ့။ အေးကတော့ သိပ်ဆန်းတဲ့မိန်းမပဲ။ အေး သမီးတို့ရေ၊ အဖေဆိုတာ နာမည်ပဲ သုံးခွင့်ရတယ်ထားဦး။ ကျေးဇူးကြီးလှပြီ။ အဖေ့နာမည်ကိုမပြောဘဲ အမေ့နာမည်ကို ပြောနေရင် ဘယ်သူပါဆိုတာကို ရှင်းနေရဦးမယ်။ အခုတော့ အဖေ့နာမည်ကို ပြောလိုက်တာ အမေ့ကိုပါ သိသွားရောမဟုတ်လား။ အဖေကို နာမည်သုံးရတာနဲ့တွင် ကျေးဇူးတင်ရတယ်၊ ဘယ်တော့မှ ကျေးဇူးမကန်းနဲ့လို့ အေးက ပြောလိုက်ရတယ်မမရဲ့ တဲ့။

## ၁၁။ အမေ့ကို သနားလိုက်တာ

သဘာဝကျတဲ့သူတိုင်း အဖေနဲ့အမေအကြောင်းကို ပြောဖို့ရာ ဝန်လေးမယ်မဟုတ်ပါဘူး။ ပြောတာကတော့ အသက်အရွယ်အလိုက် ပြောင်းသွားမှာ ဖြစ်ပါတယ်။ အခုလည်း ကျေးရွာသူ အမျိုးသမီးကလေးတစ်ယောက်ပြောတဲ့ စကားကို နားထောင်ကြည့်ပါဦး။

သမီးက ငယ်ငယ်တုန်းက အဖေ့ကိုပိုချစ်ပါတယ်။ အဖေက စာတတ်တယ်။ ကျေးရွာကိစ္စတွေကို တက်တက်ကြွကြွ ဆောင်ရွက်တတ်တယ်။ ရွာသားအများက အဖေ့ကို ကိုးစားအားထားတာကို မြင်တဲ့အခါ သမီးက သိပ်ဂုဏ်ယူတာပါပဲ။ အဖေ့ကိုအထင်ကြီးတော့ အဖေ့နောက်ကို လိုက်ချင်တယ်။ အဖေက ညတိုင်ဆိုရင် ရွာတစ်ဖက်ဖျားမှာရှိတဲ့ အိမ်တစ်အိမ်ကို သွားသွားပြီး ရေဒီယိုနားထောင်ပါတယ်။ သမီးက တစ်နေ့ အိမ်အောက်မှာ တိုင်ကွယ်ပြီး အဖေ့ရိပ်ကိုကြည့်နေပါတယ်။ အဖေအိမ်ပေါ်ကဆင်းလာပြီး ရွာတောင်ဖျားကအိမ်ကို သွားတဲ့အခါမှာ သမီးက အဖေမသိအောင် နောက်နားကခွာပြီး လိုက်သွားပါတယ်။ အဖေက အိမ်ပေါ်ကိုတက်သွားတော့ သမီးက လိုက်ပြီးတက်ရဲတာမဟုတ်ဘူး။ လှေကားအောက်ဆုံးက ခွေးကတက်မှာ ထိုင်ကျန်ရစ်ပါတယ်။ အဖေတို့ကတော့ အိမ်ပေါ်မှာ စကားတွေပြောလို့ပေါ့။ သမီးတစ်ယောက်တည်း အကြာကြီးထိုင်နေရပါတယ်။ နောက်တော့ အဖေတို့စကားဝိုင်းထဲက လူကြီးတစ်ယောက်က ထလာပြီး ရေနွေးခွက်ထဲက ရေနွေးကျန်ကိုပက်ပြီး သွန်လိုက်တယ်။ သမီးက သမီးကိုထိမှာစိုးလို့ ထိုင်နေရင်း ကိုယ်ကိုယိမ်းလိုက်တာပေါ့။ အဲသည်လူကြီးက ဟဲ့ ဘာကောင်လေးတုံးလို့ ပြောပြီး ဆင်းကြည့်တော့ သမီးဖြစ်နေတာနဲ့

www.burmeseclassic.com



အဖေ့ကိုခေါ်လိုက်ပါတယ်။ အဖေက သမီးတင်ပါးကို နှစ်ချက်သုံးချက် ချလိုက်ပါတယ်။ ပြီးတော့လည်း ငိုနေတဲ့သမီးကို ကိုင်း လာ လာလို့ ခေါ်ပြီး အိမ်ပေါ်ကို ရှိသွားပါတယ်။ တကယ်တော့ အဖေတို့နားထောင် နေတဲ့ ရေဒီယိုထဲက ဘာတွေပြောနေမှန်းလည်း သမီးနားမလည်ပါဘူး။ သမီးက အဖေ့ရင်ခွင်ထဲမှာ ထိုင်ပြီး ရှိုက်ရှိုက်နေတာပါပဲ။

အဲသည်လို အဖေ့ကို ပိုချစ် ပိုအထင်ကြီးပြီးနေရာက အသက် ကြီးလာလေလေ အမေနဲ့ပိုရင်းနှီးလေလေ အမေ့ကို ပိုပြီးသနားလေလေ ဖြစ်လာရပါတယ်။ အမေက အိမ်ကစားဝတ်နေရေး ကိစ္စအားလုံးကို တာဝန်ယူပြီး အဖေ့အနေနဲ့ လူပုံလယ်မှာ တင့်တယ်နေအောင် ကျားကန် ပြီး အားခဲနေခဲ့ရတာကိုး။ အဖေက စာစောပိုင်းက သောက်ပါတယ်။ နောက်သားသမီးတွေကြီးလာမှ မသောက်တော့တာပါ။ အဖေသောက် တုန်းက အဖေ့အရက်ကြွေးတွေကို အမေကပဲ ဆန်နဲ့ဆပ်ပေးရတာပါ။ တကယ်တော့ ကိုယ်စားဖို့ဆန်ထဲကနေပြီး အရက်ကြွေးတွေကို ဆပ်ခဲ့ရ တာပါ။ အဖေ အရက်သောက်တုန်းက အမေပင်ပန်းတာက ငွေကုန်တာ တွင် မကပါဘူး။ အရက်အမူးလွန်ပြီး အန်ရင်လည်း ကျုံးရတာက အမေပဲလေ။ တကယ်တော့ ဘယ်အမေမှ ကလေးတွေရှေ့မှာ အဖေ ယိုင်ထိုးယစ်မူးနေတာကို မြင်ချင်မှာ မဟုတ်ဘူး။ အဖေဆိုတာ တည် ကြည်ပြီး ကြည်ညိုဖွယ်ရာပဲ ဖြစ်ချင်မှာပေါ့နော်။

ရပ်ရေးရွာရေးကိစ္စတွေကို အဖေဝင်လုပ်ရင် အမေက နောက်က ဆပ်စရာရှိတာတွေကို လိုက်ဆပ်ရတာပဲ။ သမီးတို့တော့ ရပ်ရေးရွာရေး ကိစ္စလုပ်ပြီး စားခဲ့ရတယ်ဆိုတာ မရှိပါဘူး။ အမေဆပ်နေတယ်ဆိုတာ ကို မသိခင်တုန်းကတော့ ငါတို့အဖေ တော်လိုက်တာပေါ့။ ကြီးလာ တော့မှ အဖေတော်နိုင်အောင် အမေက နောက်ကစိတ်ဆင်းရဲ လူဆင်းရဲ နဲ့ ဖြည့်ဆည်းပေးနေခဲ့ရတာမှန်း သိလာပါတယ်။ သြော် ကြီးတော့လား၊ ကြီးတော့ အဖေ့ကိုနိုင်မယ့်သူ ပေါ်လာတယ်လေ။ ညီမလေးပေါ့၊



ညီမလေးက အဖေ အင်းကိုလေလံဆွဲပြီး လုပ်လိုက်တာ တကတဲ ငါးရဲ့သားနဲ့ လုံးဝမမြတ်ဘဲ ကြွေးတင်သွားတာကို သိထားတော့ နောက်တစ်ခါ အင်းလေလံဆွဲတော့မယ်ဆိုတော့ ဖျက်တော့တာပေါ့။ အဖေက အပေါင်းအသင်းတွေကို ခင်တယ်လေ။ ဘကြီး ဘကြီးနဲ့ အင်းထဲလာသမျှကို ဧည့်ထောက်ခံပြီး ကျွေးမွေးနေတော့ ကိုယ့်တွက် မကျန် ဖြစ်ကုန်တော့တာပေါ့။ အဲ ပြောရဦးမယ်။ အဖေသွားရာကို လိုက်ချင်တဲ့ သမီးက အဖေတို့ အင်းထဲကိုသွားတော့လည်း လိုက်တာ ပါပဲ။ အင်းမရောက်ခင် ကွင်းကြီးထဲမှာ အရက်ရောင်းတဲ့ တဲတစ်တဲ ရှိတယ်။ အဖေနဲ့သူ့မိတ်ဆွေတွေက အရက်ဝင်သောက်တော့ သမီးက စောင့်နေရင်း ငိုချင်လာပါတယ်။ နည်းနည်းတော့ ငိုသေးတယ်။ အရက်သည်မိန်းမကြီးက ကြံသကာအချပ်အကြီးကြီးတစ်ချပ်ကို ချကျွေး တော့ သမီးက ကျေနပ်သွားပါတယ်။ အင်းထဲကိုရောက်တော့ ငါးရံ့ ကြီးတစ်ကောင်ကို ပါလာတဲ့ ဦးကြီးတစ်ယောက်က ပြုတ်ပြီးကျွေး တယ်။ သမီးက ပိုပြီးကျေနပ်သွားပါတယ်။ အဲဒါကတော့ ငယ်တုန်းက မသိတတ်တုန်းက ကျေနပ်တာကိုပြောတာပါ။

အဲသည်ညီမလေးကပဲ အဖေ့ကို ရပ်ရွာက ဘယ်နေရာမှာ ဥက္ကဋ္ဌ ခန့်မယ်ဆိုရင် လိုက်ပြီးတားတော့တာပဲတဲ့။ နို့မဟုတ်လို့ကတော့ အိမ်ကလူတွေ အဖေ့ကြွေးကို ဆပ်လို့မဆုံးဖြစ်ဦးမှာပေါ့။ အဖေက လူချစ်လူခင်များတယ်လေ။ လူချစ်အောင်ဆိုတာက ကြွေးနိုင်မှလည်း ဖြစ်တာကိုး။ အခုတော့ အမေ စကားမပြောခဲ့လေသမျှ ပြောတတ်တဲ့ ညီမလေးက အဖေ့ကို တာဝန်ယူထားပါတယ်။ အဲသည်လိုပြောလို့ သမီးတို့က အဖေ့ကိုဖယ်တာ မဟုတ်ပါဘူး။ အဖေ့ကိုရော အမေ့ကိုပါ လုပ်ကျွေးနေကြတာပါပဲ။ တစ်ခုတော့ ရှိပါတယ်။ အဖေ့ကိုသာ လုပ် ကျွေးနိုင်မှာပေါ့။ သူ့အပေါင်းအသင်းအမျိုးမျိုးကိုတော့ လုပ်မကျွေးနိုင်ဘူး ပေါ့နော်။ အဖေနဲ့ပတ်သက်သမျှကို အစအဆုံး သည်းခံနိုင်တာက အမေပဲဖြစ်မှာပေါ့။

www.burmeseclassic.com



အမေဟာ သိပ်ရိုးတာပါပဲ။ စကားကို လေးလုံးကွဲအောင် သူတစ်ပါးနားလည်အောင် မပြောတတ်ရှာပါဘူး။ အဲဒါကြောင့် အမေက ဆေးခန်းတို့ ဆေးရုံတို့ကို သွားရတဲ့အခါ အဖေ့ကို လိုက်ခဲ့စေချင်ပါတယ်။ အဖေက မလိုက်ဘူး။ သားသမီးတွေက ငယ်သေးတော့ လိုက်ရမှန်းလည်း မသိဘူး။ လိုက်ရမှန်းသိတော့လည်း အမေဟာ သနားစရာကြီးကို ဖြစ်လို့ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အမေက သူဘယ်လိုခံစားရတယ်ဆိုတာကို မပြောတတ်လောက်အောင် ဖြစ်နေတာကြောင့် ကလေးကြီးလို သူ့အကျီကို သူကိုင်လိုကိုင် ဟိုကြည့်သည်ကြည့် ဖြစ်လိုဖြစ်နဲ့ နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေက ရှက်နေပြီး ဘယ်ကိုမှ မသွားဖူးပဲကိုး။ လူမြင်ရင် ကြောက်ဖို့ပဲသိတာကိုး။

အမေလေ သိပ်ကိုအိုစာသွားပါပြီ။ ကလေးတွေအများကြီး မွေးခဲ့ရတယ်။ အဖတ်တင်တာလည်း တင်။ မတင်တာလည်း မတင်နဲ့ပေါ့။ ဘယ်ကလေးပဲဆုံးဆုံး ဆုံးသွားတဲ့ကလေးအတွက်လည်း အမေက ပူဆွေးရပါတယ်။ ကျန်ရစ်သူများအတွက်လည်း စိုးရိမ်သောက ရောက်ရပြန်တာပါပဲ။ သမီးလေ အမေ့ကိုသိပ်သနားတာပါပဲ။ အမေက အခုတော့ မြေးတွေကို ကြောင့်ကြစိုက်နေရပြန်ပြီလေ။

## ၆။ အဖေနဲ့လိုက်မယ်

ကျွန်မရဲ့မောင်လေးကမွေးတဲ့ သားအငယ်ကောင် သုံးနှစ်သားလောက်က ကျွန်မနဲ့ တူအရီးနှစ်ယောက် တော်တော်ကလေး လေပေးဖြောင့်ပါတယ်။ ကလေးကို ဒါဘယ်သူ့သားကလေးလဲလို့ မေးလိုက်ရင် ကြီးကြီးသားလို့များ ဖြေလိုက်လို့ကတော့ ဝမ်းသာလို့မဆုံးပါဘူး။ အဲသည်အမေးနဲ့အဖြေဟာ ကျက်စာများလို မပြောင်းလဲဘဲ ပုံသေဖြစ်နေတာကြာလှပါဘူး။ တူကလေး အိမ်ကိုလာလည်ရင် ကျွန်မက ဒါဘယ်သူ့သားကလေးလဲလို့မေးလိုက်တာနဲ့ ကျွန်တော့ဖေဖေနဲ့ မေမေ့သားလို့ ပြတ်သားစွာ မှန်ကန်စွာ ရဲရင့်စွာဖြေတဲ့ အဖြေနဲ့ချည်း တိုးတိုးနေလာတော့တယ်။ အဲသည်လို အမှန်ကိုအမှန်အတိုင်း ကလေးကဖြေတာကို ကြီးကြီးဖြစ်တဲ့ ကျွန်မက မကြိုက်နိုင်တော့ ပြန်ဖြေစမ်း၊ ပြန်ဖြေစမ်းနဲ့ချည်း ပြောတတ်ပါတယ်။ ဘယ်သူ့သားကလေးလဲလို့ ပြန်မေးလိုက်၊ ကျွန်တော့မေမေနဲ့ ဖေဖေ့သားလို့ ပြန်ဖြေလိုက်၊ ကျွန်မက ဒေါသတွေဖြစ်လိုက်နဲ့ လုံးလည်ချာလည်လိုက်နေတာကို ကျွန်မဖေဖေက တစ်နေ့တော့ စိတ်ညစ်လာဟန်တူပါတယ်။

ကလေးက အမှန်ကို ပြောနေတာပဲ။ သမီးက ဘာကြောင့်စိတ်ဆိုးနေတာလဲ။ အမှန်ပြောတာကို အေးအေးဆေးဆေး လက်ခံလိုက်စမ်းလို့ အေးဆေးတဲ့အသံနဲ့ ကျွန်မဖေဖေက ဝင်ပြောပါတယ်။ ကျွန်မက ဖေဖေ့ကို မကျေမနပ် မျက်နှာထားနဲ့ ပြန်ကြည့်လိုက်မိပေမယ့် ပြောစရာစကားက ရှာမရပါဘူး။ အဲသည်တော့လည်း မကျေနပ်တဲ့စိတ်ကို မျိုသိပ်ပြီး နှုတ်ဆိတ်နေလိုက်ရပါတယ်။ အမှန်တရားကိုမကျေနပ်ပေမယ့် ငြင်းဆန်လို့မှ မရဘဲကိုး။

www.burmeseclassic.com



လိုပါပဲ။ အပြင်လည်းတွဲပြီး မထွက်ကြပါဘူး။ စကားထိုင်ပြောဖြစ်ကြတယ်။ သူများထက်ပိုတာကတော့ ထိုင်တဲ့အချိန် ကြာတာပါပဲတဲ့။ သူ့မိဘများက သိပ်ရိုးတဲ့သူတွေဆိုတော့ အဲသည်လောက်ကိုပဲ အနေရအထိုင်ရ ကျပ်နေကြပါတယ်တဲ့။ စိတ်လည်းဆိုးတာပေါ့လေ။ ခဏခဏလာလည်ရမလား။ အကြာကြီး ထိုင်ရမလားနဲ့ပေါ့။ အဲသည်လိုဖြစ်လာတော့ သူငယ်ချင်းက စဉ်းစားပါတယ်တဲ့။ အဖေနဲ့အမေတို့ကို ငါဖွင့်ပြောထားမှ ဖြစ်မယ်။ လူကောင်းသူကောင်းလည်းဖြစ်တယ်။ တည်တည်ကြည်ကြည် အိမ်ထောင်ပြုမှာလည်း ဖြစ်တယ်။ ဖွင့်မပြောစရာဘာအကြောင်းမှမရှိဘူး။ ငါကျောင်းပြီးရင် လက်ထပ်လို့ အဆင်ပြေတာပဲဆိုတဲ့အတွေးမျိုးနဲ့ သူဖွင့်ပြောဖို့ စဉ်းစားပါတယ်တဲ့။ သမီးမိန်းကလေးကသူအိမ်ထောင်ပြုချင်တဲ့သူနဲ့ တွေ့ပါပြီဆိုတာကို ဘယ်သူ့ကိုဖွင့်ပြောမလဲ။ သိပ်စဉ်းစားစရာ မလိုပါဘူး။ အမေ့ကို ဖွင့်ပြောရမှာပေါ့။

သူငယ်ချင်းက ပြောပါတယ်။ ငါဖြင့် အမေနဲ့အဖေ တစ်ယောက်စီ ရှိနေမယ့်အချိန်ကို စောင့်ရတာ တစ်နေ့လုံးပဲ။ အမေနဲ့အဖေ ခဏလောက် တစ်ယောက်စီဖြစ်သွားတာကတော့ အမေဘုရားရှိခိုးပြီးတဲ့အချိန်မှာ အဖေဘုရားရှိခိုးနေတုန်းပေါ့။ အဲသည်လို တစ်ယောက်စီဖြစ်သွားတုန်းမှာ အမေက မှတ်မှတ်ရရ သရက်သီးတွေစားနေတယ်။ ငါက အပြစ်မရှိဘဲ အပြစ်ရှိနေသလိုနဲ့ အမေ့နားကို ကပ်သွားပြီး ငါ့မှာ ချစ်သူရှိနေတယ်။ အဲသည်လူကတော့ လာနေကျဆရာဝန်ပဲဆိုတာကိုလည်း ပြောလိုက်ရော။ အမေရယ် သရက်သီးစားလျက်တန်းလန်းက ရပ်သွားတယ်။ ခဏလောက် အံ့အားသင့်သွားသလိုတွေနေတယ်။ နောက်တော့ အမယ်လေး ငါ့ကို ဗေဒင်က ဟောထားတယ်။ တနင်္ဂနွေသားသမီးကြောင့် စိတ်ဆင်းရဲရမတဲ့။ နင့်အကောင်က တနင်္ဂနွေသား မဟုတ်လား။ အမယ်လေးလေး ဆိုပြီး အော်ငိုတော့တာပါပဲ။



အဖေဟာ ဘုရားရှိခိုးရာက ရုတ်တရက်ရပ်သွားတယ်။ ပြီးတော့ ပြေးဆင်းလာတယ်။ ငိုကြီးချက်မဖြစ်နေတဲ့ အမေ့ကို ချော့တယ်။ နင်တို့သိထားတဲ့အတိုင်း အဖေက အမေ့ကိုသိပ်ချစ်တယ်။ သိပ်အလိုလိုက်တယ်ဆိုတော့ အမေက အဖေ ချော့လေ၊ ပိုငိုလေနဲ့ ငါဖြင့်ဘာလုပ်ရမှန်းကို မသိတော့ဘူး။ ငါ့မှာ ရည်းစားရှိနေပြီလို့ပြောတာဟာ အဖေမဖော်နိုင်တဲ့ကလေး ရှိနေပြီလို့ ပြောလိုက်တာကျနေတာပါပဲ။ အမေက အော်လိုက်ငိုလိုက် သူ့ကိုယ်သူ ထုလိုက်ရိုက်လိုက်နဲ့။ စိတ်ဆင်းရဲလွန်းလို့ ငါတော့ သမံတလင်းပေါ်မှာ ထိုင်ပြီး ရှိခိုးနေရတယ်။

အဖေက အမေ့ကို ချော့မော့ပြီး အိမ်ပေါ်ထပ်ကိုခေါ်သွားတယ်။ အိမ်အောက်ထပ်မှာ ငါထိုင်မြဲတိုင်းထိုင်ပြီး ကျန်ရစ်ခဲ့တယ်။ ခဏကြာတော့ အဖေ အိမ်အောက်ထပ်ဆင်းလာတယ်။ သောက်ရေတစ်ခွက်ခပ်လာပြီး သမီး ရေကလေးသောက်လိုက်ဦး။ ရင်အေးသွားအောင်လို့ ပြောလိုက်တယ်။ ပြီးတော့မှ သမီးရယ် ဘာဖြစ်လို့သမီးအမေကို သွားပြောရတာလဲ။ သမီးအမေက လောကကြီးအကြောင်းလည်း နားမလည်ဘူး။ သူ့သားသမီးကိုလည်း အခုအချိန်အထိ အရွယ်ရောက်နေပြီ ဆိုတာကို လက်သင့်မခံချင်ဘူး။ အဲဒါကြောင့် ခုလိုဖြစ်တာပါ။ သူလုပ်တာများပေမယ့် သူ့စိတ်ကတော့ ရိုးသားပါတယ်လို့ ပြောတယ်ဟာ။ ငါကလည်း ဒီလိုကိစ္စကို အမေ့ကို အရင်ပြောရမယ်လို့ သိထားလို့ အမေ့ကို အရင်ပြောတာပါလို့ဆိုတော့ အဖေက တခြားမိသားစုမှာဆိုရင်တော့ အဲသည်လို ပြောရတာ ဟုတ်မယ်။ အဖေတို့မိသားစုမှာတော့ အမေ့ထက် အဖေက သားသမီးကို ပိုပြီးနားလည်ပေးနိုင်ပါတယ်။ အဲသည်တော့ သမီးရယ် ဒီကစပြီး ရှေ့ကို ဘာပဲပြောစရာရှိရှိ အဖေ့ကိုသာ အရင်ပြောပါ။ အဖေ့ကို အမေလို့မှတ်လိုက်ပါ လို့ပြောတယ်ကွာ။ ငါဖြင့် အဖေ့ကိုသိပ်သနားတာပါပဲလို့ သူငယ်ချင်းကပြောရင်း မျက်ရည်ကျပါတယ်။ ကျွန်မတို့လည်း ဘာမှမပြောနိုင်ကြတော့ပါဘူး။ သူငယ်ချင်းကို မငိုပါ

www.burmeseclassic.com



နဲ့ကွာလို့ပြောတော့ ငါက အမေ့ကိုသနားလွန်းလို့ပါကွာလို့ ပြန်ပြောပါတယ်။

နောက်တော့လည်း သူ့အဖေကို သူပြောစရာတွေ ရှိလာသေးလားဆိုတာ ကျွန်မတို့မသိတော့ပါဘူး။ သူငယ်ချင်းက စာတော်တော့ နိုင်ငံခြားတွေဘာတွေ သွားရပါတယ်။ သူ့ချစ်သူနဲ့လည်း သူမရပါဘူး။ သူရတဲ့သူနဲ့ပတ်သက်ပြီး သူ့အမေ ဘယ်လိုတုံ့ပြန်တယ်ဆိုတာကိုလည်း ကျွန်မတို့ မသိတော့ပါဘူး။

အဲသည်လို အတောင်စုံလို့ အရပ်လေးမျက်နှာကို ပျံသန်းသွားကြတဲ့ ငှက်တွေလို ကွဲသွားလိုက်ကြတာ ပြန်တွေ့မယ်လည်း မထင်ခဲ့ပေမယ့် တက္ကသိုလ် စိန်ရတုပွဲကြောင့် ပြန်တွေ့ရပါတယ်။ အခုတော့ သူတစ်ယောက်တည်း ဖြစ်နေပါပြီ။ ထင်ရှားတဲ့ပညာရှင်ဖြစ်နေပြီဖြစ်တဲ့ သူငယ်ချင်းကို ငယ်ငယ်တုန်းကအကြောင်းတွေ ပြန်မေးသင့်မသင့် စဉ်းစားရင်း ကျွန်မတို့မိသားစုအကြောင်းကို ပြောပြနေမိပါတယ်။ သူကပဲ နွဲခါနီးမှာ စကားတစ်ခွန်းပြောသွားပါတယ်။ သူငယ်ချင်း၊ အမေတစ်ယောက်ရဲ့ အရေးအကြီးဆုံး အရည်အချင်းတစ်ခုက သားသမီးကို နားလည်ပေးတာပဲ။ နားလည်ပေးလိုက်တာနဲ့ သားသမီးကလည်း အမေမကြိုက်တာ မလုပ်ဖြစ်တော့ဘူးတဲ့။ အမေဘက်က နားလည်ပေးနိုင်ခြင်းဆိုတာ အလျှော့ပေးတာကို ပြောတာမဟုတ်ဘူး။ အမေဘက်က နားလည်ပေးနိုင်ခြင်းမရှိရင် သားသမီးက အမေကြိုက်တာရော မကြိုက်တာရော ပြောင်လုပ်လို့မရရင် ခိုးလုပ်တတ်တယ်တဲ့။ ကျွန်မသူငယ်ချင်းက ကျွန်မကိုပေးခဲ့တာဟာ သူ့ဘဝနဲ့ရင်းပြီး သိလာတဲ့ အသိကိုပေးခဲ့တာ ထင်ပါရဲ့။

## ၁၃။ တုံ့လှည့်ကာ စာခွံ့ပေးကြတယ်

နေ့က ကျွန်မထမင်းစားပြီးတာနဲ့ အမေတော့ရေချိုးပစ်မှ ဖြစ်မယ်။ အစားစားတာ ပေပွနေတာပဲလို့ ပြောလိုက်မိပါတယ်။ သမီးက ဘယ့်နှာကြောင့် ပေပွရတာလဲလို့မေးလိုက်တော့ အရည်တွေ ရွှတ်ပက်ဖြစ်နေတဲ့ ကြက်သားသုပ်က စားရင်း လက်မှာ အရေ့ရွဲလာတယ်။ ထမင်းစားပြီးချိန်မှာ စားတဲ့ဒိုးနပ်ကလည်း အရည်ကျသေးတယ်လို့ပြောတော့ သမီးက အမေအသက်ကြီးလာရင် သမီးခွံ့ကျွေးမယ်လို့ ပြောလိုက်ပါတယ်။

ကျွန်မစိတ်ထဲ ဖေဖေ့ကိုသတိရလိုက်တာလေ။ ဖေဖေက အလုပ်သိပ်များပေမယ့် ကျွန်မတို့နဲ့ နေနိုင်တဲ့အချိန်များမှာ မေမေ့ကိုယ်စား ရေချိုးပေးတာ၊ အင်္ကျီအဝတ်အစားလဲပေးတာ၊ ပြီးတော့ ထမင်းခွံ့ကျွေးတာတွေကို လုပ်ပေးတတ်ပါတယ်။ ကျွန်မ ပထမတန်းတက်နေတုန်းက ဖေဖေက အင်္ကျီပန်းရောင်ကလေးကို လဲပေးပြီး ကျောင်းမီအောင် ထမင်းခွံ့ပေးတာ အမှတ်ရသေးတော့တယ်။ ဖေဖေဟာ ကျွန်မကို ထမင်းခွံ့နေတဲ့တစ်လျှောက်လုံး သူ့ပါးစပ်ကို စေ့လို့ကိုမရတော့ဘူး။ ကျွန်မကို ပါးစပ်ဟ ပါးစပ်ဟလို့ပြောရင်း ဖေဖေ့ပါးစပ်က ကျယ်ကျယ်ဟလိုက် နောက် ကျဉ်းကျဉ်းဟလိုက်နဲ့ဖြစ်နေတာ ငယ်ငယ်တုန်းက ရယ်ခဲ့တာပေါ့။ ထမင်းစားရင်း ဖေဖေ့ကို ကြည့်ပြီးရယ်တဲ့ နောက်အကြောင်းရင်းတစ်ခုကတော့ ဖေဖေကိုယ်တိုင် ထမင်းခွံ့ကျွေးလို့ ဖြစ်ပါလိမ့်မယ်။ ဖေဖေထမင်းခွံ့ကျွေးတာကြောင့် ပျော်နေခဲ့တာပေါ့။

အဲသည်ကျွေးဖူးရှင် အဖေကြီး အသက်ကြီးလာကာ ရောဂါစုံလာတော့ ကိုယ်ကတစ်ဖန် ပြုစုရပြန်ပါတယ်။ ပထမပိုင်းပြုစုတော့ ကျောက်ကပ်ရောဂါဖြစ်တာကြောင့် ဆေးပြင်းတွေလည်း ကျွေး၊ တစ်နေ့ကို

www.burmeseclassic.com



အသား ငါးဆယ်သား၊ နွားနို့ ငါးဆယ်သား၊ ကြက်ဥ ငါးလုံးလောက်ကို ဆားမပါဘဲ ဝင်အောင်ကျွေးပါလို့ပြောတော့ ချော့မော့ယုယပြီး မဝင် ဝင်အောင် ကျွေးရပါတယ်။ အရသာမှမရှိတာ ဘယ်စားချင်ပါ့မလဲ။ ချော့မော့ကျွေးတော့ စားရရှာတာပေါ့။ ဆေးရုံကဆင်းပြီး အိမ်ပြန်သွားတော့ သားတွေ သမီးတွေကို ကြောက်လို့သာ စားရတာ၊ မစားချင်ဘူးလို့ မေမေ့ကို တိုင်ပါသတဲ့။ အသားတွေစားရတာ များလွန်းလို့ ရင်ပြည့်တယ်ဆိုတော့ မေမေက သနားတာနဲ့ စားချင်သလောက် စားနိုင်သလောက် စားခိုင်းပါတယ်။ နောက်တစ် ကြိမ်ဆေးရုံပြန်တက်တော့ ဆားစားခွင့် မရသေးဘူး၊ အသားဓာတ်က မပြည့်မီဘူးလို့ ဆရာဝန်ကြီးက ပြောတာနဲ့ ဆားစားခွင့်ရအောင် အသားများများ ကျွေးရပြန်တာပေါ့။

နောက်တော့ ဖေဖေ ဆားပါတဲ့အစားအစာများကို ပြန်စားခွင့်လည်း ရသွားပါတယ်။ ဘယ်လိုမှကုလို့မရတော့ဘူးလို့ ထင်တဲ့ရောဂါလည်း ကုလို့ပျောက်သွားပါတယ်။ ငါးနှစ်လောက်တောင်မှ အသက်ရှင်ပါသေးတယ်။ လူကြီးမိဘများ သိပ်သနားစရာကောင်းတာပါပဲ။ အစားကောင်းကောင်း ကြိုက်တတ်ရှာတဲ့သူဟာ မကျန်းမာလို့ မစားရတာနဲ့ စားရပြန်တော့လည်း တစ်ချိန်က အစားကောင်းကောင်း ဝယ်လို့မရဖြစ်နေခဲ့သေးတာကိုး။ ရန်ကုန်ကနေပြီး မုန့်အဆန်းအပြားကလေးတွေရလို့ အိမ်အပြန်မှာ ယူသွားရင် ကလေးကလေးလို သိပ်ပျော်ရှာတာပါပဲ။

ဖေဖေကြည့်ရတာ အာရုံကြောတွေ အားနည်းနေတယ်ထင်တယ်ဆိုပြီး ဆရာဝန်ပြဖို့ ရန်ကုန်ကိုခေါ်လာတော့ အခြေအနေက သိပ်အခိုးကြီး မဟုတ်ပါဘူး။ ဒါပေမဲ့ ဆရာဝန်နဲ့ပြပြီး ဆေးစားရင်း သိပ်နေမကောင်းပြန်ပါဘူး။ တစ်နေ့တော့ ဖေဖေသိပ်ကြိုက်တဲ့ ဒံပေါက်ထမင်းကို ဝယ်ကျွေးပါတယ်။ ကြွေရည်သုတ်ဇလုံကြီးကြီးတစ်လုံးနဲ့ ဒံပေါက်တစ်ထုပ်လုံးကို ဖြည်ထည့်ပြီး ကျွန်မကိုယ်တိုင် လက်နဲ့နွှံပြီး ကျွေးပါ



တယ်။ မြိန်ရေရှက်ရေ စားလိုက်တာလေ။ နောက်တော့ ကောင်းကောင်းကြီးအိပ်ပါတယ်။ ညနေပိုင်းမှာ အိပ်ရာကနိုးတော့ ငါ့ကို ထမင်းမကျွေးကြသေးဘူးလားလို့ မေးပါတယ်။ ဖေဖေ့ကို သမီးကိုယ်တိုင် နွှံ့ကျွေးတာလေလို့ဆိုပြီး ပြောတော့ အောင်မယ် တစ်ဆုပ်တစ်လုတ် ပက်ယက်ကျွေးပြီးတော့ ပြောမနေနဲ့ လို့ဆိုပါတယ်။ ဖေဖေဟာ အဲသည်လိုစကားမျိုးကို ပြောလေ့မရှိရှာပါဘူး။ အသက်လည်းကြီးပြီ၊ နေထိုင်လည်းကောင်းဘူးဆိုတော့ အဲသည်လို ဖြစ်ပြီပေါ့လေ။ ကျွန်မလည်း အသက်ကြီးတဲ့သူတွေရှိတဲ့ မိသားစုထဲက အမျိုးသမီးတွေ ပြောပြောပြတာကိုကြားဖူးထားပါတယ်။ ထမင်းစားပြီး မေ့လို့ ထပ်တောင်းတဲ့ အသက်ကြီးသူတွေ အများကြီး ရှိပါတယ်။ အဲသည်တော့ ဖေဖေ့စကားကိုကြားရတဲ့အခါ ထပ်ပြီးကျွေးမှာ ပေါ့ဖေဖေရယ်၊ စားမယ်နော်လို့ပြောပြီးကျွေးပါသေးတယ်။ ကျွန်မကိုယ်တိုင်ပဲ လက်နဲ့နွှံ့ကျွေးတာပါ။ မြိန်ရေရှက်ရေ စားရှာပါတယ်။ တစ်ခုပဲရှိပါတယ်။ ဝမ်းမသွားဘဲ မဆလာတွေပါတဲ့ ဒံပေါက်ထမင်းကို ကျွေးရတာ မဟန်ဘူးလို့ ကိုယ့်ဘာသာကိုယ်တွေးပြီး ဝမ်းချုတောင့်နဲ့ ဝမ်းချုပေးလိုက်ပါတယ်။ ဝမ်းတွေသွားပြီးအလွန်နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရှာပါတယ်။ ဆရာဝန်ကတော့မေးပါတယ်။ ဟောက်တဲ့အသံလိုမျိုး လည်ချောင်းထဲက ထွက်နေတာဘယ်တုန်းက စတာလဲတဲ့။ ကြာပြီ၊ တစ်လလောက်တောင်ရှိရောပေါ့။ နှာခေါင်းမှာကတည်းက အဲသည်လို အသံထွက်နေတာလို့ ပြောရပါတယ်။ ဆရာဝန်ကလည်း သြော် သြော်လို့ ပြောပြီး ဆေးရုံတင်မလားလို့မေးပါတယ်။ မတင်ချင်ဘူး၊ ဖေဖေ့စိတ်ထဲမှာ တစ်မျိုးဖြစ်သွားမှာစိုးတယ်။ အိမ်မှာပဲပြုစုချင်တယ်လို့ ပြောလိုက်ရပါတယ်။

နောက်တစ်နေ့ကျတော့ သတိလစ်သွားတာကြောင့် ဆေးရုံကိုတင်လိုက်ရပါတယ်။ နောက်တစ်နေ့မှာ သတိပြန်ရလာတဲ့ ဖေဖေကငါးရည်ချိုဟင်းကလေးနဲ့ ထမင်းစားချင်တယ်လို့ ပြောပါတယ်။ ကျွေး

www.burmeseclassic.com



မယ်ဖေဖေ၊ ကျွေးမယ်လို့ပြောပြီး ဆရာဝန်များနဲ့တိုင်ပင်တော့ စွပ်ပြုတ်တောင်မှ မတိုက်ရတော့ပါဘူး။ ဆေးကိုပဲသွင်းရပါတယ်။ ဟောလစ်ကိုပဲ ပိုက်နဲ့ တိုက်ရပါတော့တယ်။

ငါးရက်အကြာမှာ ဖေဖေဆုံးပါးသွားတော့ ကျွန်မက ရန်ကုန်ကို ခေါ်ခဲ့မိလို့များလားဆိုပြီး ပူဆွေးသောက ရောက်ခဲ့ပါတယ်။ အဲသည်တော့မှ ဆရာဝန်က လည်ချောင်းထဲက ဟောက်သလိုအသံ မအိပ်ဘဲနဲ့ ထွက်နေတာ တစ်လကြာပြီဆိုကတည်းက ဆုံးမယ်ဆိုတာကို သိတယ်။ အဲသည်လိုဖြစ်လာရင် ကိုယ်တွင်းက အက်ဆစ်ဓာတ်တွေ မချေဖျက်နိုင်တော့ဘူးဆိုတဲ့ သဘောပါပဲလို့ ပြောပါတယ်။ အဲဒါကြောင့် ဆေးရုံကိုတင်စေချင်တာ၊ ဆုံးပါးတော့မှာပေမယ့် အောက်စီဂျင်ပေးနိုင်တယ်။ ချွဲစုပ်ပစ်နိုင်တယ်လို့ ပြောပါတယ်။

ကျွန်မတော့ ကိုယ်တိုင် လက်နဲ့နှိုက်ကျွေးခွင့် အကြိမ်ကြိမ်ရခဲ့ပေမယ့် ငါးရည်ချိုချက်ကလေးကို မကျွေးလိုက်ရလို့ အခုအထိ စိတ်ထဲမှာ ခံစားနေရတုန်းပါပဲ။ အဖေ့အတွက်ရည်စူးပြီး လတိုင်းဆွမ်းကျွေးတုန်းကလည်း ငါးရည်ချိုချက် ပါတာပါပဲ။ အခုနှစ်လည်များမှာလည်း ငါးရည်ချိုချက် ပါပြန်တာပါပဲ။ စာဖတ်သူရေ ရည်စူးပြီး ဆွမ်းလှူတာလည်း လှူတာပေါ့။ ဒါပေမဲ့ မိဘကို သူတို့စားနိုင်တုန်းမှာ ဘာလေးများစားချင်တုံးလို့မေးပြီး ကျွေးနိုင်တာ အကောင်းဆုံး ဖြစ်ပါတယ်။ မေးပြီးကျွေးလိုက်ပါနော်။

## ၁၄။ ကျွန်တော့မေမေက ဆရာမ

ညီထွေးက စကားပြောတတ်တယ်။ အဖေကဘယ်လို အမေကဘယ်သို့စတဲ့ စကားတွေကို စကားတတ်တယ်ဆိုကတည်းက ပြောတတ်တာ။ စကားတော်တော်ကလေး ပြောတတ်တဲ့အချိန်လည်း ရောက်ကရော ကျွန်တော့မေမေက ဆရာမလို့ ပြောလာပါတယ်။ အဲသည်လိုပြောရတာက စာသင်တာကိုး။ ဘယ်မှာ စာသင်ပါလိမ့်၊ အိမ်မှာပါပဲ။ ဘယ်သူ့ကိုသင်တာလဲဆိုတော့ ကိုကိုကြီးကို သင်တာလေ။

အခုခေတ်မှာ မိဘဝတ္တရားထဲမှာ အတတ်သင်စေဆိုတဲ့အပိုဒ်က ကျယ်ဝန်းပါတယ်။ ကျောင်းထားပေးရုံမက ကျူရှင်လည်းထားပေးဦး။ အိမ်မှာလည်း တစ်နိုင်တစ်ပိုင် သင်ပေးဦးဆိုသလို လုပ်နေကြရတာကိုး။ ညီထွေးငယ်ငယ်တုန်းက ကြီးကြီးတို့ဆီမှာ လာနေပါလားဆိုတော့ သူက ပြန်မေးတာက ကြီးကြီးတို့ရန်ကုန်မှာ ကျူရှင်ရှိလို့လားတဲ့။

ပထမတော့ ကိုကိုကြီးကို စာသင်ပေးတာက ဖေဖေပါ။ ကိုကိုကြီးက လူကြောက်၊ ဖေဖေ့ကို ပိုပြီးကြောက်တယ်။ ဖေဖေကလည်း သူ့သားကြီးကို သိပ်ချစ်ပေမယ့် စိတ်တိုတတ်တဲ့သူဆိုတော့ စာသင်တယ်ဆိုကတည်းက ဟိန်းသံ ဟောက်သံတွေက ပါလာတော့တာပါပဲ။ မင်းအသုံးကိုမကျဘူးဆိုတဲ့စကားနဲ့လည်း ကိုကိုကြီးကို နာလန်မထူနိုင်အောင် ပစ်အားတွေ ပေးနေပါတယ်။ ကိုင်း ဒီဘာသာရပ်အတွက်ကတော့ သင်လို့ပြီးပြီ။ နက်ဖြန်ကာ ကောင်းကောင်းဖြေခဲ့နော်။ ဖေဖေပြန်ကြည့်မယ်ဆိုတဲ့စကားနဲ့ နိဂုံးချုပ်လိုက်တော့ ကိုကိုကြီးက မျက်လုံးကြီး ပြူးကြည့်နေရာက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပါတယ်။

နောက်တစ်နေ့မှာ စာမေးပွဲပြီးတဲ့အချိန်လောက် ဖေဖေ အိမ်ပြန်

www.burmeseclassic.com



လာပါတယ်။ ကိုယ်ပိုင်အလုပ်ရုံပေမယ့် ဘိုးဘိုးစည်းကမ်းကြောင့် အလုပ်ခွင်မှာ အိမ်ပြန်တဲ့ထုံးစံ မရှိခဲ့ပါဘူး။ အခုဟာက ကိုကိုကြီး စာမေးပွဲဖြေလို့ရရဲ့လားဆိုတာကို သိချင်လို့ ဖေဖေက ပြန်လာတာပါ။ စာမေးပွဲမေးခွန်းကို မြင်လိုက်ရင်ပဲ ဖေဖေက ဟာ ငါသင်ပေးလိုက်တာတွေ အကုန်ပါတာပဲ၊ ငါ့သားကြီး ဖြေနိုင်မှာပေါ့ဆိုတော့ ကိုကိုကြီးက ခေါင်းညိတ်တယ်။ ကဲ ဘာတွေဖြေသလဲလို့ မေးလိုက်ပါတယ်။ ကိုကိုကြီးက ပထမမေးခွန်းရဲ့ ပိုဒ်ခွဲ (က) ကို သူ့လက်ချောင်းကလေးနဲ့ ထောက်ပြပါတယ်။ ဒါတွင်ပဲလားလို့မေးတော့ ကိုကိုကြီးက မျက်လုံးကြီးပြူးပြီး ခေါင်းညိတ်ပါတယ်။ အဲသည်မှာတွင် ဖေဖေပေါက်ကွဲတော့တာပါပဲ။ စာမေးပွဲမေးခွန်းမှာ မေးခွန်းကြီးလေးပုဒ် မေးထားတယ်။ ကြိုက်ရာတစ်ပုဒ်ဖြေဆိုပါလို့လည်း ပါတယ်။ ဖြေရမှာက အပုဒ်ကြီးတစ်ပုဒ်ကို ရွေးပြီး အဲသည်တစ်ပုဒ်မှာပါတဲ့ အပိုဒ်ခွဲတွေကို အကုန်ဖြေရမှာ။ ကိုကိုကြီးက ပထမမေးခွန်းရဲ့ အပိုဒ် (က) တွင် ဖြေခဲ့တာဖြစ်ပါတယ်။

ဖေဖေက မရိုက်ပေမယ့် ရိုက်တာထက် ကြောက်စရာကောင်းအောင် ဆူပါတယ်။ ညံ့လိုက်တာ ငါ့သားမဟုတ်ဘူး။ မင်းငါ့ရှေ့မှာ မနေနဲ့ဆိုတာမျိုးတွေပြောတော့ မူလတန်းကျောင်းသား ၁၀ နှစ်အရွယ်ကလေးက ဖေဖေ့ရှေ့က ထွက်ပြေးသွားပါတယ်။ ဖေဖေလည်း ရေနွေးအိုးကြီးလို တရှူးရှူးမြည်ပြီး အလုပ်ခွင်ပြန်သွားပါတယ်။

မေမေက ဖေဖေထွက်သွားတော့မှ သားကိုလိုက်ရှာတော့ ဘယ်မှာမှ မတွေ့တော့ဘူး။ နယ်မှာ အိမ်သာက ကျင်းနဲ့ဆိုတော့ အိမ်သာကျင်းထဲ ကျသွားသလားလို့ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တော့လည်း မတွေ့ဘူး။ ခြံတံခါးကိုများဖွင့်ပြီး ထွက်ပြေးသွားပလားလို့ တွေးတောမိလို့ အရပ်ထဲလိုက်ပြီး အော်ခေါ်ကြည့်တော့လည်း မထူးဘူး။ အဲဒါနဲ့ ဘွားဘွားကို လာပြီးပြောတော့ ဘွားဘွားက မြင်းရထားကြီးစီးပြီး လိုက်သွားရတယ်။ ဘွားဘွားက ခြံထဲဝင်တာနဲ့ ငါ့မြေးရေ ဘွားဘွား



လာတယ်ဟေ့လို့အော်ပြီး ဟိုဟိုသည်သည်လိုက်ရှာတော့မှ ဝင်းထရံနဲ့ အိမ်သာကြားက မြောင်းမြောင်းကလေးရှိတဲ့ နေရာမှာ ဝင်ပုနေတဲ့ ကိုကိုကြီးက တိုးထွက်လာပြီး ဘွားဘွားဆီကိုလာတယ်။ မေမေကလည်း အဲသည်တော့မှ ငိုနိုင်တာပါ။ ညနေကျတော့ သူ့သားကို ဘွားဘွားက ဆုံးမပါတယ်။

အဲသည်ညမှာ ဖေဖေစာဆက်သင်မယ်ဆိုတော့ ဖြစ်ပါ့မလားဆိုပြီး မေမေက အနားမှာ လာစောင့်နေပါတယ်။ ဖေဖေက စိတ်ဝင်စားစွာ သင်ပါတယ်။ စိတ်ဝင်စားလွန်းတော့ သိပ္ပံဝေါဟာရတွေကို အင်္ဂလိပ်လိုပြောပြီး သင်ပြန်ပါတယ်။ ပြီးတော့ နားလည်လား နားလည်လားလို့လည်း တရစပ်မေးပါတယ်။ ကိုကိုကြီးက နားမလည်လို့ ခေါင်းမညိတ်နိုင်၊ ဖေဖေ့ကြောက်လို့ ခေါင်းမခါနိုင်ဘဲဖြစ်နေတော့ ဖက်ကြီးကခိုင်ခိုင် လူကငိုင်ငိုင်နဲ့ ဖြစ်နေပါလေရော။ နောက်တော့ မေမေ နေပါဦး ရှင်က အင်္ဂလိပ်လိုပြောပြီး သင်နေတာ ကျုပ်တောင်မှ နားမလည်ဘူး။ မြန်မာလိုပြောပါဦးလို့ ပြောလိုက်ပါတယ်။ ဖေဖေလည်း အဲသည်တော့မှ သူသင်တဲ့အကြောင်းအရာမှန်ပေမယ့် သင်ကြားနည်းက မှားနေတယ်ဆိုတာကို သိလိုက်ပါတယ်။ နောက်တော့ ဖေဖေက ကိုကိုကြီးကို စာမသင်တော့ဘူး။ မေမေက ဖေဖေ့ဆီမှာ ကျူရှင်ယူပါတယ်။ ပြီးတော့မှ ကိုကိုကြီးကို သင်ပေးပါတယ်။ အားလုံး အဲသည်တော့မှ ပုံမှန်ဖြစ်လာပါတယ်။ ကိုကိုကြီးကို မေမေက လေအေးအေးနဲ့သင်ပေးပြီး စာမေးပွဲမှာ ဘယ်လိုမေးရင် ဘယ်လိုဖြေရတယ်ဆိုတာပါ သင်ပေးပါတယ်။ အဲသည်တော့ ကိုကိုကြီးလည်း စာမေးပွဲကို ကောင်းကောင်းဖြေတတ်သွားပါရော။ ဖေဖေကလည်း သူတို့သားအမိ စာသင်တာ အောင်မြင်တယ်ဆိုတာကိုပဲ ဝမ်းသာနေတာပါ။ အဲသည်လိုနဲ့ ကိုကိုကြီး ၁၀ တန်းကို ရောက်လာပါတယ်။

ကိုကိုကြီးကို ကျူရှင်ထားပေမယ့် မေမေကတော့ စာသင်တုန်း

www.burmeseclassic.com



ပါပဲ။ ဟိုဟိုသည်သည်လိုက်ပြီး ခန့်မှန်းမေးခွန်းတွေကို တောင်းရတာနဲ့ သူ့သားစာကျက်နိုင်အောင် လက်ဖက်ရည်တွေ၊ ကော်ဖီတွေ၊ လက်ဖက်သုပ်တွေ အဆင်သင့်လုပ်ပေးရတာနဲ့ သိပ်ကိုကြိုးစားတာပါပဲ။ ကိုကိုကြီးက ကြိုးစားတာ မဟုတ်ပါဘူး။ မေမေက ကြိုးစားတာပါ။ ကိုကိုကြီးကတော့ အဲသည်နှစ် စာမေးပွဲမှာ မအောင်ပါဘူး။ နောက်နှစ်ကျတော့လည်း မေမေက နည်းမျိုးစုံကိုသုံးပြီး သိပ်ကြိုးစားတာနဲ့ ကိုကိုကြီး ၁၀ တန်း အောင်ခဲ့ပါတယ်။ ကိုကိုကြီး ကောလိပ်ကျောင်းကိုတက်တော့ မေမေလိုက်ပြီး မကြိုးစားနိုင်တော့ပါဘူး။ ကိုကိုကြီးကကားတစ်စင်းနဲ့ လည်နေပြီလေ။ အဲသည်လိုနဲ့ ကိုကိုကြီးဘွဲ့မရခဲ့ပါ။

## ၁၅။ မေမေ စိတ်နေမြင့်လွန်းတယ်

အဖေအမေတို့အကြောင်း ပြောရတာ ပြောလို့ကုန်နိုင်ဖွယ် မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူ့လောကကြီးရဲ့အစက မိသားစု ဖြစ်ပါတယ်။ မိသားစုကို အဖေနဲ့အမေက စကြရတာဖြစ်ပါတယ်။ အဲသည်တော့ လူအမျိုးမျိုး နတ်အထွေထွေလို့ဆိုသလို လူတွေအမျိုးမျိုးထဲမှာ မေမေ ဖေဖေတွေကလည်း အမျိုးမျိုးဖြစ်နိုင်တာပေါ့။

ဒေါ်အုန်းပွင့်ဆိုတော့ ပင်မြင့်မှာပွင့်တဲ့ပန်းလို့ ဆိုကြပါစို့ရဲ့။ မေမေပွင့်က သိပ်စိတ်နေမြင့်ပါတယ်။ သူက မွေးထားတဲ့ သားနဲ့သမီးကိုလည်း စိတ်နေမြင့်အောင် သွန်သင်ပါတယ်။ မကောင်းတာ မလုပ်နဲ့၊ ရိုးရိုးကျင့် မြင့်မြင့်ကြံရတယ်ဆိုတဲ့ စကားမျိုးနဲ့ စိတ်နေမြင့်အောင် သင်တာမဟုတ်ပါဘူး။ မေမေတို့က သားတို့သမီးတို့ကို ဘဝအခြေအနေမြင့်မားအောင် ထားတာ၊ သားတို့သမီးတို့ကလည်း မြင့်အောင်နေကြ။ ဆင်းရဲတဲ့သူတွေနဲ့ ထွေးရောယှက်တင် မပေါင်းကြနဲ့။ အားကိုယ်ကခိုင်းတာကို လုပ်ပေးမယ့်အထိ ကိုယ့်အောက်နိမ့်ရင် ပေါင်း။ ကိုယ်က အားကိုးနိုင်တဲ့သူဆိုရင် ပေါင်း။ နို့မဟုတ်လို့ကတော့ မပေါင်းနဲ့လို့ ပြောတတ်ပါတယ်။

ဖေဖေကတော့ လူအေးကြီး၊ သူ့စီးပွားကို သူရှာမယ်။ မိသားစုအပေါ်မှာ သစ္စာရှိမယ်။ ဘယ်သူ့ကိုမဆို ပြုံးပြုံး ပြုံးပြုံးနဲ့ ဆက်ဆံတတ်တယ်။ မေမေ့သွန်သင်ချက်တွေကို ဖေဖေကြားတော့ မပွင့်ရယ်၊ လူဆိုတာ သီလ သမာဓိရှိရင် ပေါင်းထိုက်ပါတယ်ကွယ်။ မင်းဟာတာလူကိုပေါင်းတာပဲ ကိုယ့်ဘက်ကအမြတ်ရဖို့သာ ကြည့်ပေါင်းရမယ်ဆိုတော့ မဟုတ်သေးပါဘူးလို့ တရားချပါတယ်။ မေမေက မရပါဘူး

www.burmeseclassic.com



လူပီပီနေနေတာ၊ ဥပုသ်ဆောင်ထဲက စကားတွေလာမပြောနဲ့လို့ ပြောပါတယ်။ ပဇ္ဇည်းဥစ္စာပြည့်စုံတာနဲ့အမျှ သားသမီးကို ပစားပေးပြီး သားတို့သမီးတို့က ဒါမျိုးဆိုရင် မစားဘူး။ တစ်သက်လုံး အကောင်းစားလာတော့ မကောင်းရင် မျိုလို့တောင်မှ မရဘူးလေဆိုတဲ့ လေသံမြင့်မြင့်နဲ့ စကားပြောတတ် တော့ မေမေနဲ့ပေါင်းမှ အကျိုးရှိမယ့်သူလောက်ကသာ မမပွင့်ရယ် ဟုတ်တာပေါ့၊ မမပွင့်တို့က မျိုးနဲ့ရိုးနဲ့ ချမ်းသာလာတာကိုးလို့ ခပ်ပင့်ပင့်ကလေးပြောပြီး ပေါင်းတတ်ပါတယ်။ အနီးအနားက သူ့ဘာသာသူ ခပ်မှန်မှန်နေတတ်ကြတဲ့သူများကတော့ မေမေပွင့်ကို ခပ်ရှောင်ရှောင်နေတတ်ပါတယ်။ မဟုတ်ရင် လာစမ်း၊ ဘာလုပ်ပေးစမ်းလို့ အနိုင်းခံထိမယ်၊ ပြီးရင် တော်လိုက်တာဟယ်၊ ဆင်းရဲသားဆိုတော့လည်း မွေးကတည်းက အရိုးမာသကိုးလို့ ခပ်နှိမ်နှိမ် ပြောချင်သေးတာပါ။

လောကဓံဆိုတာ မေမေပွင့်တို့လို အမြင့်ပန်းများလည်း မလွတ်စတမ်း ခံရတတ်တာကိုး။ ခေတ်တွေကလည်း ပြောင်းလိုက်တာ မပြောပါနဲ့တော့။ မေမေပွင့်တို့ ဆွေစဉ်မျိုးဆက် တစ်ဆက်မှမကြုံဖူးတဲ့ အနေအစားများနဲ့ ကျေနပ်ရတဲ့အချိန်များနဲ့လည်း ကြုံလာခဲ့ပါတယ်။ မေမေပွင့်ရဲ့ ခင်ပွန်းလည်း ဆုံးပါးသွားပါတယ်။ မေမေပွင့်ကတော့ စကားကို မလျှော့နိုင်သေးပါဘူး။ ဒါမျိုးတွေကို မစားတတ်ဘူး။ ဒါမျိုးတွေကို မဝတ်တတ်ဘူး။ တော်ပါသေးရဲ့ အဝတ်အစားတွေ အများကြီး စုဆောင်းထားတာ ဒီတစ်သက်တောင် ဝတ်လို့ကုန်မှာမဟုတ်ဘူးဆိုတဲ့စကားမျိုးကို ပြောပြီး သူ့စိတ်ကိုသူ မြင့်အောင် မြှင့်နေဆဲပါပဲ။ သူ့စိတ်တော့ မြင့်မမြင့် မသိတတ်တော့ပါဘူး။ သားနဲ့သမီးရဲ့ စိတ်ဓာတ်ကတော့ မြင့်မလာပါဘူး။ အပေါင်းအသင်းကလည်း နည်းပါးပြီး သူတို့ကို စာတော်အောင် အလုပ်လုပ်ချင်အောင် မတိုက်တွန်းဘဲ စိတ်ကို မြင့်မြင့်ထားဖို့ပဲ တိုက်တွန်းတတ်တဲ့မေမေပွင့်ကြောင့် စာလည်း ကောင်း



ကောင်းမတတ်ပါဘူး။ လုပ်ငန်းကြီးတစ်ခုကို ချန်ထားရစ်ပြီး ဆုံးပါးသွားတဲ့ ဖေဖေ့နေရာကိုလည်း မဆက်ခံနိုင်လေတော့ အားလုံးယောင်ချာချာနဲ့ ကျန်ရစ်ခဲ့ပါတယ်။ မေမေပွင့်ကို အလုပ်လုပ်ဖို့ ခွင့်တောင်းတဲ့သမီးကိုလည်း မေမေပွင့်က မျက်လုံးကြီးပြူးကြည့်ပြီး ညည်းကို ငါကထမင်းဝအောင် မကျွေးနိုင်လို့ အလုပ်ရှာချင်တာလားလို့ မေးလိုက်တာနဲ့ ငယ်ကြောက်ဖြစ်တဲ့သမီးက ဘာမှဆက်မပြောဖြစ်ပါဘူး။

မကြာခင်မှာတော့ မေမေပွင့်တို့ အိမ်ပြောင်းခဲ့ရပါတယ်။ အိမ်ကို သားကြီးဖြစ်သူက ဖဲရှုံးပစ်လိုက်လို့ပါပဲ။ အခုပြောင်းတဲ့အိမ်လည်း ကောင်းပါတယ်။ ကိုယ်ပိုင်တိုက်အိမ်ကြီးပါပဲ။ မြို့စွန်ကျတာမို့ လူသူလေးပါး အသွားအလာကို မြင်နေရပါတယ်။ အဲသည်တွင် မေမေပွင့်မြင်လိုက်တာကတော့ ကားကိုကိုယ်တိုင်မောင်းသွားတဲ့ မိန်းကလေးတစ်ယောက်ပါပဲ။ ချောလို့ပဲ။ မေမေပွင့်က ချောလိုက်တာလို့မပြောဘဲ ချောလို့ပဲလို့ပြောလိုက်တာက သူမြင်ဖူးတုန်းက အဲသည်ကလေးမကအိမ်အလုပ်ကို ကိုယ်တိုင်လုပ်ရတယ်။ အမေကြီး မုန့်ဟင်းခါးရောင်းဖို့ကူညီပြီး ပြင်ဆင်ပေးရတယ်။ မဲမဲသဲသဲလေးပဲ။ သူက ကျောင်းကိုလည်း ပြေးတက်လိုက်သေးတယ်။ မေမေပွင့်သမီး သည်းဦးခင်က အဲသည် မနုနုက စာသိပ်တော်တယ်လို့ပြောတော့ မေမေပွင့်က အမယ်လေး ကျွန်းတောမနဲ့ နာမည်နဲ့ကတော့လို့ ပြောလိုက်သေးတယ်။ ကြည့်စမ်း၊ ဒင်းက အခုဘာများလုပ်နေပါလိမ့်။ ကားကို ကိုယ်တိုင်မောင်းလို့ပဲ။ အေးလေ သူတို့က ဘာပဲလုပ်ရလုပ်ရ ရှက်တတ်တာမှ မဟုတ်တာ ခါတော်မီ ကြီးပွားသွားနိုင်တာပေါ့လို့ ပြောလိုက်သေးတယ်။ သည်းဦးခင်ကို အဲသည်အကြောင်းပြောတော့ မေမေရေ အဲသည် မနုနုက ဆရာဝန်မှ အသည်းရောဂါ အထူးကုဖြစ်နေပြီလို့ ပြောပါတယ်။ မေမေပွင့် မျက်လုံးကြီးများပြူးလို့။ မယုံလို့ကလည်း မရ။ မယုံလည်း မယုံချင်။

လောကမှာ မဖြစ်ချင်တာမှ ပိုပြီးဖြစ်တတ်သေးတာကိုး။ တစ်နေ့

www.burmeseclassic.com



မှာ သားဖြစ်သူ မင်းသူခင် အော်ဟစ်နေရလောက် ဗိုက်နာတယ်ဆိုလို့ ဆေးရုံကို တင်ရပါတယ်။ ဒေါက်တာခင်နုနု တာဝန်ကျတဲ့အခန်းမှာ တင်ခဲ့ရပါတယ်။ မင်းသူခင် ရောဂါသက်သာပါတယ်။ နောက်ရောဂါ တစ်ခု တိုးလာတာပဲ ဆိုးပါတယ်။ ဒေါက်တာခင်နုနုကို လိုချင်ပါတယ်တဲ့။ မေမေပွင့်စိတ်ထဲမှာ မသက်မသာတော့ ခံစားရပါမယ်။ သူ့သားကို ဘယ်သူနဲ့မှ တူတယ်တန်တယ်မထင်ရတဲ့အထဲ မုန့်ဟင်းခါးသည်သမီး ဆရာဝန်ကိုမှ ယူချင်ပါတယ်ဆိုတော့ ခက်လှတယ်၊ အင်းလေ အခုတော့ မက်လောက်စရာလေးပါပဲ။ ပစ္စည်းတော့ သိပ်ရှိပုံမရပါဘူး။ ဘာမှကောင်းကောင်းဝတ်နိုင်တာမှ မဟုတ်ဘဲ။ သို့သော်လည်း ရုပ်ကလေးက သနရုပ္ပကလေး ဖြစ်နေပြီလေ။ ကိုယ့်ထက်နိမ့်တဲ့သူဆိုတော့ နာခံမှာပေါ့လေလို့ မေမေပွင့်က တွေးလိုက်သေးတာပါ။ မင်းသူခင် အိမ်ကိုပြန်ရောက်တော့ မေမေပွင့်က စကားကမ်းလှမ်းဖို့ ကြိုစည်ရပါတယ်။ ပစ္စည်းရှိနေသေးတော့ အကူအညီတောင်းဖို့ လူတွေကလည်း ရှိနေသေးတယ်လေ။

မေမေပွင့် အကူအညီတောင်းတဲ့သူ ပြန်လာတော့ မေမေပွင့်က ခပ်ခန့်ခန့်ပဲ မေးပါတယ်။ ဘယ့်နှယ် ဟန်ခဲ့ရဲ့မဟုတ်လားလို့ပေါ့။ အကူအညီပေးတဲ့ ကြီးကြီးသန့်က အားနာစရာပါပဲ မမပွင့်ရယ်။ နုနုက ဒီဝါကျွတ်မှာ နိုင်ငံခြားကပြန်လာမယ့် သူ့ချစ်သူဆရာဝန်ကြီး ဒေါက်တာ မင်းဟိန်းနဲ့ လက်ထပ်တော့မှာတဲ့လို့ လေသံသဲ့သဲ့နဲ့ ပြောပါတယ်။ မင်းဟိန်းဆိုတာနဲ့ သားနဲ့သမီးကလည်း သံယောင်လိုက်ပြီး မင်းဟိန်းလို့ အော်လိုက်ကြပါတယ်။ မင်းဟိန်းဆိုတာက သည်းဦးခင်ကို ပိုးပန်းဖူးတဲ့ သူငယ်လေးလေ။ ရာရာစစ နာမည်ကလည်း လူနဲ့မတန်အောင် မှည့်ထားတယ်။ မုဆိုးမ အမေနဲ့လည်း နေရတယ်ဆိုပြီး မေမေပွင့် သောင်းကျန်းလိုက်တာ မင်းဟိန်း တစ်ခါတည်းပျောက်သွားတော့တာပဲ။ အခု သူ့အမည်ကို ကြားမယ့်ကြားတော့ ဆရာဝန်ကြီးဒေါက်တာမင်းဟိန်းတဲ့။



အခုပြောခဲ့တာ သိပ်ဝတ္ထုဆန်ပါတယ်၊ တကယ်တော့ လူ့လောကမှာ ဒီထက်ဆန်းတာတွေတောင် ရှိပါသေးတယ်။ မေမေပွင့်ခမျာ မြင့်မြင့်ကြီးလို့ သူထင်တဲ့နေရာမှာနေရင်း အေးကျကျသွားလိုက်တာ၊ လှုပ်တောင်မှ မလှုပ်နိုင်တော့ပါဘူး။

www.burmeseclassic.com

## ၁၆။ အဖေတို့များ အဲသည်လို

အခုနှစ်သီတင်းကျွတ်လပြည့်နေ့မှာ ကျွန်တော်တို့ အောင်လံကို ပြန်ပါမယ်။ အဲသည်ကမှတစ်ဆင့် ညောင်ပင်ဆိပ်ကို သွားကြမှာပေါ့။ ညောင်ပင်ဆိပ်ရောက်ပြီး နောက်တစ်နေ့မှာ ကထိန်ခင်းပါမယ်။ အဖေနဲ့ အမေ့ကို မြို့ကလူတွေက သက်ကြီးပူဇော်ပွဲမှာ ပါစေချင်ကြတာကြောင့် ကြာကြာမနေနိုင်ပါဘူး။ ကထိန်ခင်းပြီး နောက်တစ်နေ့မှာ ပြန်ခဲ့ရမှာပါ။ အဖေရောအမေပါ အသက် ၈၅ နှစ်တွင်းကို ရောက်နေကြပြီ။ ဒီအသက်အရွယ်ကိုရောက်တဲ့အထိ အသက်ရှည်ကြတာရယ်၊ လင်စုံမယားဖက် အတူတူရှိနေကြတာရယ်က ရှားတယ်လေ။

အဖေ့အကြောင်းပြောစရာတွေလည်း များပါတယ်။ အဖေတို့များ တာဝန်ဝတ္တရားနဲ့ပတ်သက်လာရင် ဘယ်လိုလူစားလဲဆိုတာကို ပြောပြချင်ပါတယ်။ ကျွန်တော်ငယ်ငယ်တုန်းက တစ်နေ့မှာ ကျွန်တော်တို့အိမ်နားကပ်ပြီး မီးလောင်ပါတယ်။ နေ့လယ်ကြောင်တောင်မှာ မီးညွန့်ကို မြင်ရတယ်ဆိုတာ သိပ်နီးတဲ့မီးဖြစ်လို့ပေါ့။ ကျွန်တော်တို့က ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေလို့ အော်ကြဟစ်ကြနဲ့ ဖြစ်နေတုန်း အဖေက စက်ဘီးကို အပြင်းနင်းလာပါတယ်။ အဲသည်လို အဖေ စက်ဘီးအပြင်းနင်းလာတာလည်း မြင်ရော အားရှိသွားလိုက်တာလေ။ အဖေလာပြီ၊ အဖေလာပြီနဲ့ အော်ပြီးကြိုကြတာပေါ့။ အဖေက အိမ်ထဲကို ကမန်းကတန်း ဝင်သွားပါတယ်။ ကလေးတွေလည်း နောက်ကလိုက်တာပေါ့။ အဖေက ဘာတွေကို သယ်သလဲသိလား။ အဲသည်တုန်းက အဖြေစာရွက်တွေကို အိမ်ယူပြီး စစ်ခွင့်ရပါသေးတယ်။ အဲသည်အဖြေစာရွက်ထုပ်တွေကို အဖေက သူ့စက်ဘီးကယ်ရီယာပေါ်မှာ သေသေချာချာတင်



ကြိုးနဲ့တုပ်ပြီး ကျောင်းကို ပြန်စီးသွားတော့တာပါပဲ။ အဖေတို့များ အဲသည်လို။

သူအိမ်ပြန်လာတာက မနေ့တစ်နေ့က အိမ်ကိုသယ်လာတဲ့ အဖြေစာရွက်ထုပ်တွေ မီးထဲပါသွားမှာစိုးလို့ပါပဲ။ ချက်ချင်း ကျောင်းကို ပြန်သွားတာကတော့ ကျောင်းမှာ စာမေးပွဲချိန်ဖြစ်နေတာကိုး။ သူ့အနေနဲ့ တာဝန်ယူရမယ့် အဖြေစာရွက်ထုပ်တွေများ အိမ်မှာရှိမနေလို့ကတော့ အိမ်ကိုပြန်ခဲ့မှာ မဟုတ်ပါဘူး။ အဖေတို့များ အဲသည်လို။

အဖေက ကျွန်တော်ငယ်ငယ်တုန်းက ၆ တန်းမှာ သင်္ချာသင်ပါတယ်။ ကျွန်တော် ၆ တန်းကိုရောက်လာတဲ့အခါ စာမေးပွဲမေးခွန်းတွေ ထုတ်ချိန်ရောက်တာနဲ့ အဖေတော့ ဒီအချိန် မေးခွန်းထုတ်ပြီးလောက်ပြီ။ အိမ်မှာထုတ်တာဆိုတော့ တစ်နေရာရာမှာ ရှိမှာပဲလို့ဆိုပြီး ရှာလိုက်တာလေ။ အဖေက သူ့ပစ္စည်းတွေကို လှန်လျှောရှာထားတာ သိမှာပေါ့။ တစ်နေ့တော့ ကျွန်တော့ကိုခေါ်ပြီး အဲသည်တုန်းက သုံးတဲ့ငွေစက္ကူတစ်ချပ်ကို ပြပါတယ်။ အဲသည်ငွေစက္ကူပေါ်မှာ လက်မှတ်နှစ်ခုပါပါတယ်။ တစ်ခုက မောင်ကောင်းတဲ့။ အဖေက ကျွန်တော့ကို မောင်ကောင်းဆိုတဲ့လက်မှတ်ပြပြီး အဲသည်ပုဂ္ဂိုလ်ဟာ ပညာမင်းကြီး ဖြစ်လာတယ်။ သတ္တမတန်းစာမေးပွဲ မေးခွန်းကို အိန္ဒိယမှာ သွားပြီးရိုက်ရင်း မတော်တဆ ကားတိုက်မိလို့ ဆုံးပါးသွားရတယ်။ မင်းမွေးတဲ့နှစ်က ဆုံးခဲ့တာပေါ့။ ငါ့သား စာမေးပွဲ မေးခွန်းဆိုတာ အဲသည်လောက် လုံခြုံအောင် မပေါက်ကြားအောင် ကြိုးစားကြရတယ်။ ငါ့သား မေးခွန်းထုတ်တဲ့သူဟာ မေးခွန်းကိုလုံခြုံအောင် သိမ်းရတယ်လို့ ပြောပါတယ်။ ကျွန်တော်ဟာ အဲသည်အချိန်ကစပြီး စာမေးပွဲမတိုင်မီ မေးခွန်းရဖို့ စိတ်မဝင်စားတော့ပါဘူး ဘယ်မေးခွန်းကိုမှ မရှာတော့ပါဘူး။

ကျွန်တော် ကျောင်းဆရာဖြစ်လာတာလည်း မဆန်းပါဘူး။ ကျွန်တော် မော့ကြည့်ရမယ့်အဖေက ကျောင်းဆရာကိုး။ ကျွန်တော်

www.burmeseclassic.com



မူလတန်းပြဆရာ ဖြစ်တဲ့အခါတုန်းက လူငယ်ခေါင်းဆောင်သင်တန်းတစ်ခုကို တက်ခဲ့ရပါတယ်။ သင်တန်းကို ပို့ချတဲ့သူကလည်း ကျောင်းဆရာပဲ။ သူက တစ်နေ့မှာ ကျောင်းဆရာရဲ့ အခန်းကဏ္ဍတစ်ခုနဲ့ ပတ်သက်ပြီး ဟောပြောပါတယ်။ သူအလယ်တန်းပြဆရာဖြစ်တဲ့ အချိန်တုန်းက ရွာတစ်ရွာကို တာဝန်ကျလို့သွားလိုက်တော့ ရွာက ရွာကြီး၊ စီးပွားရေးကလည်း ကောင်းတယ်။ အားလုံးလည်း ညီညွတ်တယ်။ တစ်ရွာသားဆရာများကို ထမင်းတောင်မှ အလှည့်ကျ တာဝန်ယူပြီး ကျွေးထားလိုက်ကြပါသေးတယ်တဲ့။ အဲသည်ရွာမှာ ပျော်လည်း ပျော်တယ်။ အလုပ်လုပ်ရတာလည်း အဆင်ပြေပါတယ်တဲ့။ သို့ပေမယ့် မကြာခင်မှာ ပြောင်းရွှေ့မိန့်တစ်ခုကို သူလက်ခံရရှိခဲ့ပါတယ်တဲ့။ သွားရမယ့်ရွာက သူရောက်နေတဲ့ရွာလိုလည်း မကြီးဘူး။ မဖွံ့လည်း မဖွံ့ဖြိုးဘူး။ သူဟာ ပြောင်းရွှေ့မိန့်ကို လက်ထဲကိုင်ပြီး မျက်ရည်ဝဲဝဲနဲ့ သူအလုပ်လုပ်လက်စကျောင်းက ဆရာကြီးကို သွားတွေ့ပါတယ်။

ဆရာကြီးက အကျိုးအကြောင်းကိုသိတဲ့အခါ လေအေးအေးနဲ့ စကားပြောပါတယ်။ ဆရာကြီး ပြောတာကတော့ အမှုထမ်းဆိုတာ ကောင်းတဲ့နေရာကိုပဲ ပို့ပို့၊ မကောင်းတဲ့နေရာကိုပဲ ပို့ပို့ မငြင်းဆန်သင့်ဘူး။ တကယ်လို့ အဆင်ပြေတဲ့နေရာကနေပြီး အဆင်မပြေတဲ့နေရာကို အပို့ခံရမယ်ဆိုရင် သွားလိုက်ပါ။ သွားပြီးတော့ အဆင်မပြေတဲ့နေရာကို အဆင်ပြေလာတဲ့အထိ ကိုယ်အား ဉာဏ်အား စေတနာအားများ ထုတ်ပြီး ကြိုးစားလိုက်ပါ။ အဆင်မပြေတဲ့နေရာဟာ အဆင်ပြေပြီး တိုးတက်သွားတဲ့အခါကျမှ အဲသည်နေရာက ထွက်ခဲ့ပါ။ အဆင်မပြေနိုင်ဘူးဆိုပြီး ကြိုတင်မပြေးပါနဲ့။ အထူးသဖြင့် ကျောင်းဆရာများအနေနဲ့ အဆင်မပြေသေးတဲ့ မတိုးတက်သေးတဲ့ နေရာဒေသကို အဆင်ပြေတိုးတက်တဲ့ ပတိရူပဒေသဖြစ်အောင် ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်လို့ပြောလိုက်ပါသတဲ့။ အဲသည်စကားကို ကြားလိုက်ပြီးတဲ့နောက်



ကျွန်တော်ဟာ ချက်ချင်းစိတ်အားတက်ကြွသွားခဲ့ပါတယ်လို့ သင်တန်းပို့ချနေသူ ဆရာက ပြောလိုက်ပါတယ်။

ကျွန်တော်က အဲသည်အဆိုအမိန့်ကလေးကို ကောင်းလိုက်တာလို့ စဉ်းစားပြီး လိုက်ကူးနေမိပါတယ်။ သင်တန်းပို့ချသူ ဆရာက သူ့စကားကိုဆက်ပြီး ပြောနေပါတယ်။ ကျွန်တော့ကို အဲသည်လို စိတ်အားတက်လာအောင် ဆုံးမလိုက်တဲ့ ဆရာကြီးဟာ အခုအချိန်အထိ သက်ရှိထင်ရှားရှိနေပါတယ်။ အဲသည်ဆရာကြီးဟာ အခုအောင်လံမှာ နေပါတယ်။ သူ့အမည်ကတော့ ဆရာကြီး ဦးကျော်ဒင်ပါပဲခင်ဗျာလို့ ဆိုတော့ ကျွန်တော်လိုက်ရေးနေရာက လက်တုံ့သွားပါတယ်။ ပြီးတော့ ဆက်ပြီးရေးရင်း ဩော် အခု ငါလိုက်ရေးနေတဲ့ အကြောင်းအရာတွေကို ပြောခဲ့တာ ငါ့အဖေကိုးလို့ တွေးလိုက်မိပါတယ်။ ဝမ်းလည်းသာ ဂုဏ်လည်း ယူမိတာပေါ့။ အဖေတို့များ အဲသည်လိုပါဆို။

www.burmeseclassic.com

# ၁၅။ သားသမီးအပေါ်ထားတဲ့ စေတနာကြောင့် အပင်ပန်းခံနိုင်တာ

အဖေဟာ သူ့အလုပ်ကို သူသိပ်စိတ်ဝင်စားတာ လူတကာပြောစမှတ်တွင်တဲ့ သူတစ်ယောက်ပဲ။ ရေနံချောင်းမြို့မှာ ဘိုးရိန်းစက်လို့ ခေါ်တဲ့ အင်ဂျင်ကို အပေါက်ဖောက်တဲ့စက် မရှိသေးခင်က ကိုယ်လိုချင်တဲ့ အရွယ် သစ်သားကို အလုံးလိုက်ချောထားရပါတယ်တဲ့။ အဲသည်သစ်လုံးကို ကော်ပတ်စတွေပတ်ပြီး လက်နဲ့အပေါက်ထဲကိုထည့်ပြီး လိုသလို ချောယူရတာပါတဲ့။ ဖေဖေဟာ အဲသည်လို အပေါက်ဖောက်တဲ့ ချောတဲ့ စက်ကို နိုင်ငံခြားကမှာယူနိုင်တဲ့ အနေအထားရှိတယ်ဆိုတာကို သိတော့ ကက်တလောက်မှာယူပါတယ်။ အဲသည်ကက်တလောက်ကို ဖေဖေက သေသေချာချာ လေ့လာပါတယ်။ ဖေဖေက အင်္ဂလိပ်စာကို ကောင်းကောင်းမတတ်ဘူးလေ။ အင်္ဂလိပ်စာတတ်တဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အကူအညီနဲ့ ကက်တလောက်ထဲက သူလိုချင်တဲ့ အရွယ်အစားနဲ့ ဈေးနှုန်းစသည်တို့ကို တွက်ဆပြီး သူငယ်ချင်းအကူအညီနဲ့ အမှာစာ ရေးပြီး မှာပါတယ်။

အဲသည် ဘိုးရိန်းစက်ရလာတဲ့ အချိန်ကစပြီး ဖေဖေအလုပ်ရုံဟာ တိုးတက်လာတာပါပဲ။ မူလကတည်းက စီးပွားအား ကြီးမားတဲ့သူ ဆိုတော့ ပိုပြီးကြီးစားတာပေါ့။ နောက်တော့ စက်တစ်ခုပြီးတစ်ခု မှာယူနိုင်ခဲ့ပါတယ်။ စီးပွားတွေတက်လာတော့လည်း အဖေက အလုပ်ကြိုးစားမြဲ။ အနေအထိုင် ရိုးသားမြဲ။ မိသားစုဘဝ ကျစ်လျစ်ဆဲပါပဲ။

အိမ်မှာ လူနည်းတော့ ညဘက်မှာ လူစုံပါမှ အားလုံးပေါင်း လေးယောက်ပဲရှိတာကိုး။ အငယ်ဖြစ်သူက ယောက်ျားလေးဆိုတော့



အိမ်မှာ အချိန်ပြည့်မရှိပါဘူး။ သမီးဖြစ်သူက အဖေအမေတို့ကို သူသိပ်ကြိုက်တဲ့စာတွေ ပြန်ဖတ်ပြတတ်ပါတယ်။ သူက တစ်နေ့တော့ ဦးပုည မေတ္တာစာကို ဖတ်ပြပါတယ်။ ဦးပုညမေတ္တာစာဟာ သိပ်ရယ်ရတာပဲ၊ ဖတ်ပြမယ်နော်လို့ပြောပြီး ဖတ်ရင်း သူကရယ်ပါတယ်။ အမေကလည်း လိုက်ပြီးရယ်ပါတယ်။ အဲသည်လို ရယ်နေတဲ့အသံထဲမှာ အသံတစ်ခု လိုနေပါတယ်။ သတိထားမိတာနဲ့ သမီးဖြစ်သူက ဟင် ဖေဖေ ရယ်လည်း မရယ်ဘူး၊ ဘာဖြစ်လို့လဲ။ ဒီလောက် ရယ်စရာကောင်းနေတဲ့ဟာကိုလို့ ပြောလိုက်ပါတယ်။ ငြိမ်ငြိမ်သက်သက်ကြီး ထိုင်နေတဲ့ အဖေက အင်း ဖေဖေဖြင့် သမီးဖတ်ပြနေတာတွေကို သတိတောင်မှ မထားဖြစ်ဘူး၊ အဖေ့အလုပ်အကြောင်းကို စဉ်းစားနေလို့လို့ ပြောလိုက်ပါတယ်။ သမီးဖြစ်သူက မကျေမနပ်နဲ့ ဟင့် ဖေဖေကလည်း အလုပ်ကို သိပ်ချစ်တာပဲလို့ စူအောင့်အောင့်အသံနဲ့ ပြောလိုက်ပါတယ်။

ဖေဖေက အလုပ်ကို သိပ်ရိုသေတာပါပဲ။ အလုပ်ရုံကိုလည်း သန့်ရှင်းသပ်ရပ်အောင် ထားတတ်ပါတယ်။ မနက်လင်းတာနဲ့ တံမြက်စည်း လှည်းကြရပါတယ်။ မြေသိပ်အောင် ရေဖျန်းရပါတယ်။ ဖုန်သုတ်ကြရပါတယ်။ အလုပ်ရုံဟာ ကွေးကွေးကောက်ကောက် စက်ပစ္စည်းတွေကို သူ့အစုနဲ့သူ သပ်ရပ်အောင်ထားတတ်တော့ ဝင်လာသူများအတွက် စိတ်ဝင်စားစရာ ကောင်းနေပါတယ်။ မျက်စိမရှုပ်ပါဘူး။ အလုပ်အပ်တဲ့ သူရဲ့အမည် အင်ဂျင်နံပါတ် ရရှိမည့်နေ့စွဲစသည်တို့ကို တစ်ခါတည်း ရေးထားပါတယ်။ ဘယ်သူ့ကိုမှ ကျော်ပြီးလုပ်မပေးပါဘူး။ အလုပ်အပ်တဲ့သူ လာရင် အပ်မယ့်ပစ္စည်းကို ကားပေါ်က မချပါနဲ့ဦး။ ပစ္စည်းကို အချောလုပ်ပြီးမယ့်အချိန်နဲ့ပတ်သက်ပြီး တိုင်ပင်ပါရစေဦးလို့ အရင်ဆုံး ဖိတ်ခေါ် တတ်ပါတယ်။

တစ်ခါတော့ အလုပ်လာအပ်တဲ့သူက ဆရာကြီး အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ လိုသလောက်အချိန် ကိုယူပါခင်ဗျာ။ ကျွန်တော်က အင်ဂျင်နှစ်လုံးထားပါတယ်။ အခုတစ်လုံးပျက်တော့ တစ်လုံးကို ဆင်

www.burmeseclassic.com



ထားခဲ့ပြီး ပျက်တဲ့အလုံးကို ဆရာကြီးဆီမှာ လာအပ်တာပါ။ ဆရာကြီးဆီမှာ ပြင်တာတွေက သူများတွေပြင်တာနဲ့စာရင် အချိန်ကြာကြာ ပိုပြီးသုံးလို့ရပါတယ်။ စိတ်ချမ်းသာရတာပေါ့ခင်ဗျာ။ အဲဒါကြောင့် နှစ်လုံးထားပြီး တစ်လုံးပျက်တာနဲ့ ဒီကိုပို့တာပါပဲလို့ ပြောပါတယ်။

အဲသည်လိုလူတွေလည်း ရှိသလို မြန်မြန် မြန်မြန်လို့ လောတဲ့သူတွေလည်း ရှိပါတယ်။ အဖေကတော့ အခုလောလောဆယ် စိတ်ချမ်းသာဖို့အတွက် ကျွန်တော်တို့က ဘယ်နေ့ ဘယ်ရက်လာယူပါလို့ ပြောလိုက်တယ် ဆိုပါတော့၊ လာယူတဲ့နေ့မှာ မရရင် မိတ်ဆွေမှာ ငွေလည်း ကုန်ပါမယ်။ လူလည်းပန်းပါမယ်။ စိတ်လည်းတိုရပါမယ်။ ကျွန်တော်က စက်ပစ္စည်းများကို အကောင်းဆုံးဖြစ်အောင်ပြင်ပြီး လာယူတဲ့အခါ ချက်ချင်းကားပေါ်တင်ပေးနိုင်အောင် ကြိုးစားပါတယ်။ စဉ်းစားပါခင်ဗျာ။ အပ်ထားမိလို့သာနော်။ ရက်ချိန်းလည်းမမှန်၊ စက်ပစ္စည်းတွေကိုလည်း ကောင်းကောင်းပြင်မထားနဲ့၊ နောက်တစ်ခါတော့ တော်ပါပေါ့လို့ ကျွန်တော်တို့ အပြောမခံနိုင်ပါဘူး။ လက်တွေ့အလုပ်လုပ်လို့ရအောင် ကျွန်တော်ကြိုးစားပါတယ်လို့ အဖေက ပြောတတ်ပါတယ်။

အဲသည်လို အလုပ်နဲ့ပတ်သက်ပြီး သိပ်တော်တဲ့အဖေကို လူတွေက ဘယ်လိုထင်နေသလဲဆိုတာ သမီးဖြစ်သူက တက္ကသိုလ်ကျောင်းကအပြန် ခရီးတစ်ခေါက်မှာ သိခဲ့ရပါတယ်။ အဲသည်တုန်းက ခရီးသွားရတာ အခုနှယ် အဆင်ပြေတာမဟုတ်ပါဘူး။ ယင်းချောင်းကိုဖြတ်တဲ့ တံတားရှိဖို့ဆိုတာ အိပ်မက်တောင်မှ မက်နိုင်သေးတာ မဟုတ်ပါဘူး။ ရန်ကုန်က ကားနဲ့ခရီးထွက်လာပြီး ယင်းချောင်းနားအရောက်မှာ ယင်းချောင်းကျနေတယ်။ အထက်ဘက်မှာ မိုးကောင်းနေတယ်ဆိုရင် ယင်းချောင်းတစ်ဖက်ကမ်းမှာ စောင့်နေကြရပါတယ်။ အိမ်က လူကြီးတွေက ကလေးတွေ ကျောင်းကပြန်လာမယ့်ရက် ယင်းချောင်းကျပြီဆိုရင် ယင်းချောင်းအထိ လိုက်လာကြပါတယ်။ ရေသံ တဟဲဟဲကြားကနေပြီး သိပ်မကျယ်တဲ့ချောင်းပြင်ကိုကျော်ကာ အော်ပြီး စကားပြောကြ၊ အားပေး



ကြနဲ့ပေါ့။ အသံမကြားရသည့်တိုင် အိမ်ကလူတွေကို လှမ်းမြင်ရရင် ခရီးပန်းလာတဲ့သူတွေ စိတ်ညစ်နေတဲ့သူတွေ စိတ်ပျော်သွားပါပြီ။ တချို့အခေါက်မှာတော့ ကားကူးလို့မရပေမယ့် ဖောင်ကြီးတွေနဲ့ လူကူးလို့ရတတ်တယ်။ အခု သမီးတို့စောင့်ရတဲ့အခေါက်က ဘာမှကူးလို့မရသေးပါ။

ပထမနေ့မှာ သမီးနဲ့အတူပြန်လာတဲ့ အစ်ကိုဝမ်းကွဲနှစ်ယောက်ရဲ့ ဖေဖေ ဘာဘာထွန်းနဲ့အဖွဲ့ လာပါတယ်။ တော်တော်ကြာကြာ ချောင်းရေကိုစောင့်ကြည့်ပြီး ပြန်သွားကြပါတယ်။ အဲသည်အချိန်မှာ အစ်ကိုလေးက ဟဲ့ ညည်းအဖေကတော့ မလာပါလား။ ဘယ်လာမလဲ။ သူက သူ့အလုပ်ကလွဲပြီး ဘာမှစိတ်ဝင်စားတာ မဟုတ်ဘူး။ သူများက ချောင်းကျနေတယ်လို့ပြောလည်း သူကတော့ သူ့စက်ကိုကြည့်နေရာက မော့ကြည့်မှာမဟုတ်ဘူး။ ငါ့ညီမလေးကို သနားလိုက်တာဟယ်လို့ အစ်ကိုလေးက စပါတယ်။ တကယ်တော့ စရုံနောက်ရုံသာမက အစ်ကိုလေးကိုယ်၌က လောကမှာ အဖေစိတ်အဝင်စားဆုံးက သူ့အလုပ်လို့ ယူဆပါတယ်။ သမီးကလည်း စိတ်အားငယ်ပြီး မျက်ရည်လည်နေတာပေါ့။ မိုးက ရွာရတဲ့အထဲ ကားပေါ်မှာ အိပ်ရတာ အဆင်မပြေဘူးလေ။ ညကျတော့ ရွာမှာသွားအိပ်မယ့် မိန်းမဖော်ဆရာမတွေနဲ့ လိုက်သွားဖို့ အစ်ကိုလေးက အတင်းထည့်ပါတယ်။ သမီးက ဒီလောက်ချောင်းကျနေတာ မနက်ကျရင် အဖေလာမှာပဲ။ လွဲသွားမှာစိုးတယ်လို့ စိတ်ထဲမှာ တွေးမိပေမယ့် မပြောဝံ့ဘူး။ သမီးကိုယ်တိုင် အဖေ့ကို အလုပ်ကို သိပ်ချစ်တဲ့သူလို့ သိထားတာကိုး။ မလာခဲ့ရင် ပိုပြီး အစခံရမယ်လေ။

အဲသည်ညက မိန်းမဖော်များနဲ့ လိုက်ခဲ့တဲ့အချိန်ကတည်းက ငိုလိုက်တာ တစ်ညလုံးငိုတာပါပဲ။ မိန်းမဖော်များက သူတို့တော့ မပြန်သေးဘူး။ ဒီရွာနားမှာ လျှောက်လည်ဦးမယ်လို့လည်း ပြောရော သမီးက ယင်းချောင်းပြန်မယ်လို့ ပူဆာတာနဲ့ မနက်ဝေလီဝေလင်းမှာ

www.burmeseclassic.com



ကားတစ်စင်းနဲ့ ထည့်ပေးလိုက်ပါတယ်။ လမ်းမှာ အစ်ကိုလေး မောင်းလာတဲ့ကားနဲ့ ဆုံပါတယ်။ ကားက ရှေ့မီးတွေ မလင်းတော့လို့ ဆောနက်ပေါ်မှာ အစ်ကိုငယ်တစ်ယောက် လက်နှိပ်ဓာတ်မီးတစ်လက်ကိုကိုင်ပြီး ထိုင်လို့ပေါ့။ ကားပေါ်ရောက်တော့ အစ်ကိုလေးက ငါ့ညီမလေးကို ငါတကယ်သနားတာကွာ၊ ညက အိပ်လို့မရဘူး။ ဒါကြောင့် အခုပြန်ခေါ်ဖို့ လိုက်လာတာတဲ့။ မနက်လင်းတော့ ချောင်းတစ်ဖက်ကမ်းမှာရောက်နေတဲ့ လူအုပ်ထဲမှာ အဖေ့ကို မြင်ရပါတယ်။ အဖေ အဖေ ဟောဒီမှာ အဖေလာတယ်တော့လို့ သမီးကအော်တော့ အဖေက လက်ဆဲ့ပြီး ယမ်းပြတယ်။ အစ်ကိုလေးကတော့ မလာလို့မှ မကောင်းတော့တာကိုး။ လာမှာပေါ့လို့ ပြောသေးတာပါ။

ကားတွေကူးလို့ရတော့ သမီးတို့ကားကူးပြီး တစ်ဖက်ကမ်းကိုရောက်တာနဲ့ သမီးက အဖေ့ဆီကိုပြေးသွားပါတယ်။ အဖေက အဖေ့အလုပ်ကိုပဲ စိတ်ဝင်စားလို့ အခုမှလာတာလားလို့ မေးပါတယ်။ အဖေက သမီးရယ်၊ အဖေ အခုမှရောက်လာပေမယ့် စိတ်ကတော့ သမီးကလေးဆီကို ရောက်နေတာကြာပြီ။ သူများတွေသွားတုန်းမှာ ကားဆုံမဆုံလည်း ကြည့်ရသေးတော့ အဖေ မလိုက်နိုင်ခဲ့ဘူးပေါ့။ အလုပ်ကိုပဲ စိတ်ဝင်စားတယ်ဆိုတာလည်း သမီးတို့ဖို့ပါပဲ။ အလုပ်လုပ်ရတာ ပင်ပန်းတယ် သမီးရဲ့။ သားသမီးအပေါ်မှာ ထားတဲ့စေတနာကြောင့်သာ အဖေ ဒီလောက်အပင်ပန်းခံနိုင်တာလို့ အဖေက ပြောပါတယ်။

အစ်ကိုလေးကတော့ ချွဲပိုနေလိုက်တာ သူ့အဖေကဖြင့် အခုမှလာတာလို့ စပြန်နောက်ပြန်ပါတယ်။ သမီးကတော့ အဖေ့ကို နားလည်သွားပြီဖြစ်လို့ သူ့အစ်ကိုလေးကိုလည်း စိတ်မဆိုးတော့ပါဘူး။ အဖေ့ကိုလည်း စိတ်မဆိုးတော့ပါဘူး။ ပင်ပန်းကြီးစွာ လုပ်ကိုင်ကျွေးမွေးတဲ့ အဖေ့ကို သနားနေပါတယ်။

(ချစ်လှစွာသော အစ်ကိုလေး ဦးတုတ်လှိုင်သို့)

## ၁၈။ သားသမီးအားကို ယူခဲ့ရတယ်

အဖေနဲ့အမေကတော့ကွာ စံပါပဲ။ ရုပ်ရှင်တောင်မှ ရိုက်လို့ရမယ်။ အသက် ၇၀ ကျော်ပြီ။ ချစ်လိုက်ကြတာ တပူးတွဲတွဲနဲ့လို့ မောင်ငယ်က ပြောလေ့ရှိပါတယ်။ အမေတို့အဖေတို့က ဘုရားသွားအတူတူ ကျောင်းသွား အတူတူဆိုသလို နယ်မြို့ကလေးဆိုတော့ ဘုရားကိုလည်း ခြေကျင်တက်လေ့ရှိပါတယ်။ ဘွားဘွားက တုံ့နှေးတုံ့နှေးဖြစ်နေရင် ဘိုးဘိုးက စောင့်ရင်း ငါ့အမယ်ကြီးကတော့ အိုသွားပြီ။ ငါတို့ကတော့ သန်တုန်းမာတုန်း လုပ်ဖို့ရှိုးတယ်ဟောလို့ စတတ်ပါတယ်။ အမေက ဘယ်သူကရှုံးတာလဲလို့ ကောက်ကာငင်ကာမေးလိုက်ရင် ငါကရှုံးတာပေါ့ကွာ၊ မင်းကလည်း သိရဲ့သားနဲ့ဆိုတော့ အားလုံးက ရယ်မောကြရပါတယ်။ အခုအသက်ကြီးလို့ ပင်စင်စားဖြစ်မှ အဖေက စိတ်လက်ပေါ့ပါးလာပုံပေါ်ပါတယ်။ ဟာသတွေ ဘာတွေနှောပြီး စကားပြောတတ်ပါတယ်။ ငယ်ငယ်က လူတကာကြောက်ရသတဲ့။ တည်တည်ကြီးနေတတ်သတဲ့ ဆိုတဲ့စကားတွေဟာ ကားများကားပြီး ပြောတာလေလားလို့ ထင်စရာပါပဲ။ မကြီးကတော့ အမေနဲ့တိုးတိုးဖော်ကိုးကွဲ့။ အမေက ပြောထားလို့ အဖေကငယ်တုန်းက ထန်ထန်မာမာ သိပ်ပြီးလုပ်တတ် ပြောတတ်တယ်ဆိုတာ သိထားခဲ့ပါတယ်။

ဘုရားက ပြန်လာရင် အမေဝယ်လာခဲ့တဲ့ တို့ဟူးကြော်တို့ ဘူးသီးကြော်တို့စတဲ့ အကြော်တွေကို ရေနွေးကြမ်းနဲ့ စားကြသောက်ကြတော့လည်း တတွဲတွဲပါပဲ။ အမေက ဖြူဖြူသေးသေး၊ အဖေက ထွားထွားကျိုင်းကျိုင်း ညှိညှိုရယ်။ ဒါပေမဲ့ သူတို့ရဲ့ တစ်ယောက်အပေါ် တစ်ယောက်ထားတတ်တဲ့ ချစ်ခင်မှု လေးမြတ်မှုတွေကြောင့် မြင်ရတာ

www.burmeseclassic.com



ကြားရတာ သိပ်ပြီးလိုက်ဖက်ညီတာပါပဲ။ ထမင်းစားသောက်ပြီးရင်လည်း မျက်စိမကောင်းတဲ့ အဖေ့ကို အမေက စာဖတ်ပြနေတတ်ပါတယ်။ ညနေကျတော့လည်း အမေ ဘုရားအိုးလဲရင် အဖေက ကူညီလို့ပါပဲ။ သူက မေးတတ်တယ်။ ကိုလင်း ဘုရားပန်းကို ဖြတ်လိုက်ရမလားဟင်။ သောက်တော်ရေခွက်တွေက ဆေးပြီးသားလား စသည်ဖြင့်ပေါ့။ မမြတ်ရေ မမြတ်ရေလို့ အဖေက အမေ့ကို ခဏခဏ ခေါ်တတ်ပါတယ်။

မကြီးက အမေနဲ့အဖေတို့ကို ကြည့်ပြီး မောင်ငယ်နဲ့တကွ ပတ်ဝန်းကျင်က ခင်မင်တဲ့သူအပေါင်းနဲ့အတူ ပျော်ရွှင်နေတတ်ပါတယ်။ ဒါပေမဲ့ ဟိုစာကြည့်ခန်းထဲက ဗီရိုထဲမှာ သူငယ်ငယ်က တွေ့ခဲ့ဖူးတဲ့ သူဖတ်ဖူးခဲ့တဲ့ မှတ်စုစာအုပ်ထဲက စာတစ်စောင်ကို သတိရမိပါတယ်။ ဖေဖေရေးထားတာက ဒီလိုပါ။ စိတ်ထဲမှာ သူမရဲ့ညို့အားကို ရုန်းထွက်လို့မရတော့ ဘူးလို့တောင် ကိုယ်ထင်မိတယ်။ ကိုယ့်ကိုတော့ ပင့်ကူကြီးလို စေးကပ်တဲ့အမျှင်များနဲ့ ဆွဲယူဖမ်းစားခြင်း မပြုပါနဲ့လား ပင့်ကူခင်ရယ်။ မင်းမှာလည်း သားကောင်တွေက အများသားပဲဆိုတဲ့ စာသားလေးကို သူ့မှတ်စုလေးထဲမှာထည့်ပြီး ရေးထားပါတယ်။ အဲသည်စာမျက်နှာမှာပဲ ညှပ်လျက်သားတွေ့ရတာက အမေ့လက်ရေးနဲ့ စာကလေးတစ်စောင်၊ တိုတိုပါပဲ။ သားသမီးကလေးတွေရဲ့ မျက်နှာကိုထောက်ထားပြီး သည်းခံနေရပါတယ်။ ရင်ထဲမှာတော့ မချိပါဘူး။ ကိုယ်တစ်ယောက်တည်းဆိုရင်ဖြင့် အသိမ်ငယ်မခံဘဲ ထွက်သွားခဲ့ပြီတဲ့။ အဖေလည်း ဖတ်မိမှာပါ။ အဲသည်စာကို ဖယ်မပစ်တာက အဖေကိုယ်တိုင် သဘောကျလို့ ဖြစ်ပါလိမ့်မယ်။

မကြီးက အဲသည်စာကလေးတွေကို ဖတ်မိတော့ နားလည်းမလည်တာနဲ့ အမေ့ကိုမေးမိတယ်။ အဲသည်တုန်းက အိမ်မှာ ဘယ်သူမှမရှိပါဘူး။ အမေက မျက်နှာနီနီနဲ့ ဇာတ်စုံခင်းပြပါတယ်။ ဖေဖေ့ဘဝထဲကို အမျိုးသမီးတစ်ယောက် တိုးဝင်လာခဲ့ဖူးတယ်။ အိမ်နဲ့ဝေးနေတဲ့



မင်းပျိုမင်းလွင်များကို ပင့်ကူခင်လို့ အမည်ပေးထားတဲ့ မိန်းမမျိုးတွေက ညို့ယူတတ်တယ်။ အဖေလည်း ဘာသားနဲ့ထုထားတာလဲ။ သာယာမိတာပေါ့။ အမေ့ကို တောသူမ ဘာမှနားမလည်ဘူးဆိုတဲ့ စကားတွေနဲ့ မကျေနပ်တဲ့စကားတွေကို ပြောပြောနေတာ ကြာလာတဲ့တစ်ချိန်မှာ အမေက အဖေ့စာအုပ်ထဲက စာကိုဖတ်မိတာ။ အမေကြေကွဲလိုက်ရတာ၊ အစောပိုင်းကတော့ သူကပဲ စွဲလမ်းပါတယ်၊ တန်ဖိုးထားပါတယ်နဲ့။ အခုတော့လည်း တောသူမ ဖြစ်ရပြန်ပြီ။ ကိုယ့်သားကိုယ့်သမီးများကို ကိုယ့်ဘာသာ လုပ်ကျွေးမွေးမြူမယ်လို့တောင်မှ စဉ်းစားလိုက်သေးတယ်။ အဲသည်လိုဆိုရင် အမေလည်း ကလေးတွေနဲ့အဝဲ့ လူလုံးမလှဖြစ်မယ်။ ငွေကြေးမပြည့်စုံနိုင်ဘူးလို့ ပြောတာမဟုတ်ပါဘူး။ အဖေဆိုတဲ့အရိပ်ကွယ်ခဲ့ရင် သားသမီးများ ပူဆာလောင်ကျွမ်းကြတော့မယ်။ အမေလား၊ အမေလည်း ကွဲကြေသွားမှာပါပဲ။ အဖေလား အစောပိုင်းမှာတော့ စိတ်ချမ်းသာကောင်း ချမ်းသာမယ်။ ဒါပေမဲ့ သူဟာ သားသမီးကိုချစ်တဲ့သူပဲလေ။ သားသမီးအပေါ်မှာ သိပ်မျှော်လင့်ချက်ကြီးကြီးထားတာ။ သားနဲ့သမီးကလည်း စာတော်ကြတယ်လေ။ အဖေက သားသမီးတွေနဲ့ ခွဲနေရရင် ဘယ်လိုမှ တိုးတက်ရှင်လန်းနိုင်မယ့်သူ မဟုတ်ဘူးဆိုတာ အမေသိတယ်။

နောက်တော့ အဖေက ကိုယ်ရှိန်သတ်လာတယ်။ ဘာကြောင့်လဲဆိုတော့ အမေက ဘာမှမပြောဘဲ ဘုရားတရားနဲ့ နေမြဲတိုင်းနေပါတယ်။ သားနဲ့သမီးကိုလည်း အဖေကြီးကို ရိုသေမြဲရိုသေအောင် သွန်သင်ပါတယ်။ ကလေးကလေးများက အဖေရေ အဖေရေလို့ အသံညံစာစာ ကလေးတွေနဲ့ ခေါ်ရင်း သူတို့ရတဲ့အမှတ်တွေပြတာတို့၊ သူတို့ ရွတ်တတ်လာတဲ့ ကဗျာကို ရွတ်ဆိုပြတာတို့စတဲ့ လုပ်နေကျအလုပ်ကလေးတွေကိုလုပ်တော့ အဖေလည်း တစ်ခါတလေ ငူငူငေါင်ငေါင် ဖြစ်နေတာတောင်မှ ရွှင်ပျလာရပါတယ်။

www.burmeseclassic.com



အမေကတော့ အစင်းသိဆိုတော့ အဖေမှာ ပင့်ကူဆိပ် သိပ်မပြယ်သေးဘူးဆိုတာကို သိနေပါတယ်။ သို့ပေမယ့် သားသမီးဆိုတဲ့ အားဆေးကို အမေက အားထားတယ်၊ ကိုးစားတယ်လေ။ သားသမီးကလေးများကို တွယ်တာတဲ့ အဖေ့စိတ်နေသဘာဝကို သိတယ်လေ။ အဲသည်လိုနဲ့ နောက်တော့ ပင့်ကူလိုတစ်မျိုး တောက်တဲ့လိုတစ်သွယ် တွယ်ကပ်နေတဲ့ အမျိုးသမီးကို အဖေက ပြတ်အောင်ပြောခဲ့တယ်တဲ့။ ရတနာသုံးပါးကို တကယ်ကြည်ညိုပြီး ဘာမှမသိနားမလည်ရှာတဲ့ ငါ့မိန်းမ သူတော်ကောင်းမကြီးကို ငါမပစ်မှားပါရစေနဲ့။ မင်းငါ့ကို ချမ်းသာပေးပါ။ ငါမင်းနဲ့ မငြိတွယ်နိုင်ပါဘူးလို့ ပြောခဲ့တယ်တဲ့။

အမေ့စကားတွေကို နားထောင်ရင်း မကြီး သိပ်ခံစားသွားရပါတယ်။ မကြီးက အသက် ၁၃ နှစ်။ သိပ်ခံစားတတ်ပါပြီ။ မကြီးခံစားသွားရပြီဆိုတာ အမေသိတော့ သမီးရယ်၊ သမီးက စာတွေကိုတွေ့လာခဲ့လို့သာ အမေပြောဖြစ်တာပါ။ အဖေကလည်း လုံးဝကောင်းပါတယ်။ တကယ်လို့ သားသမီးအားကို အမေ မယူနိုင်ဘူးဆိုရင်တော့ အမေက အဖေ့ကို လက်လွှတ်ကောင်း လွှတ်ရမှာပေါ့။ တကယ်တော့ သားတို့သမီးတို့ရှိနေတာ အမေ့အတွက်လည်း အားပဲ။ အဖေ့အတွက်လည်း ညှို့ဓာတ်က ရုန်းနိုင်ဖို့အားပဲ။ အမေက စကားကိုလက်စသတ်ခါနီးမှာ သားသမီးကိုချစ်တဲ့ အဖေနဲ့ပတ်သက်လို့ သမီးဘယ်တော့မှ မလေးမစား မတွေးနဲ့၊ မပြောနဲ့၊ မကြံစည်နဲ့၊ မလုပ်နဲ့။ သားသမီးမှာ ကောင်းတဲ့ခွန်အားရှိတာကလည်း အဖေတော်လို့ပဲလို့ ပြောခဲ့ပါတယ်။

## ၁၉။ သစ္စာမပြုရင်ဖြင့် ကြေကွဲစရာ

တစ်ခါတုန်းက ဘွားဘွားတို့နေတဲ့အိမ်နဲ့ မျက်နှာချင်းဆိုင်အိမ်မှာ ငှားနေတာက ရုံးစာရေးကြီးတစ်ယောက်ရယ်၊ သူ့မိန်းမငယ်ငယ်ချောချောရယ်၊ သမီးမိန်းကလေးနှစ်ယောက်ရယ်။ ပြီးတော့ ရံဖန်ရံခါမှာ လာလာနေတတ်တဲ့ မိန်းမမောင်ဆိုတဲ့ လူငယ်တစ်ယောက်ရယ်တို့ ပါဝင်တဲ့ မိသားစုဖြစ်ပါတယ်။

အမျိုးသားကြီးကို ဦးပြည့်စုံလို့ မှတ်သားထားရအောင်ပါ။ ကလေးတွေက ဖေဖေလို့မခေါ်ဘဲ ပြည့်ပြည့်လို့ ခေါ်ကြတာကလည်း အဆန်းပါပဲ။ မိန်းမဖြစ်သူကို မှုမှုလို့ပဲ မှတ်ရအောင်ပါ။ နှစ်ပေါင်း ၆၀ က အဖြစ်အပျက်ပေမယ့် အမည်မှန်တွေကို မဖော်ပြသင့်ဘူးလေ။ ဟို မိန်းမမောင်ဆိုတဲ့ လူငယ်က အထွန်း။ ကိုင်း ဒီလောက်ဆိုရင် ဆက်ပြောလို့ရလောက်ပါပြီ။ အဲသည်တုန်းက စာရေးကြီးလစာနဲ့ စားလို့သုံးလို့ရတဲ့ခေတ် ဖြစ်ပါတယ်။ အခုခေတ်လိုလည်း သုံးစရာ စွဲစရာတွေက မများသေးဘူးလေ။ မိသားစုဟာ စားဝတ်နေရေးအတွက်လည်း ဘာမှပူပန်ကြောင့်ကြစရာ မလိုပါဘူး။

ဦးပြည့်စုံကလည်း မိန်းမကို သူ့ထက်ငယ်လို့ထင်ပါရဲ့ အလိုလိုက်ပါတယ်။ ရေကအစ ခပ်ပေးပါတယ်။ အဲသည်ခေတ်က ရေဘုံဘိုင်တွေဘာတွေ မရှိသေးဘူးလေ။ မိန်းမကတော့ အလှပြင်ပြီး ကြော့ကြော့ကလေး နေတတ်ပါတယ်။ ကလက်သလိုလိုပါပဲ။ သမီးကလေးတွေက ၆ နှစ် ၈ နှစ်အရွယ် သိပ်ငယ်သေးပေမယ့် အမေကို အတုခိုးလို့ထင်ပါရဲ့ ဆတ်ကော့လတ်ကော့ကလေးတွေ ဖြစ်နေပါတယ်။

ကလေးကတော့ ကလေးပဲလေ။ ပြောချင်ရာပြောတယ်။ [illegible]

www.burmeseclassic.com



သင့်မသင့် မသိဘူးပေါ့။ အိမ်နီးချင်းတစ်ယောက်က ဟဲ့ ကလေးတွေ ကိုယ့်အဖေကိုများ ပြည့်ပြည့်တဲ့။ ဖေဖေလို့ ဘာဖြစ်လို့မခေါ်တာလဲလို့ မေးလိုက်တော့ ကျွန်မတို့က ပြည့်ပြည့်သမီးတွေမှ မဟုတ်တာ။ အထွန်း သမီးတွေလို့ ပြောလိုက်ပါတယ်။ အိမ်နီးချင်းတွေအားလုံးကလည်း အို ဟယ်နဲ့ ဖြစ်ကုန်တာပေါ့။ ဘွားဘွားက သူတို့အိမ်ရှေ့မှာ ခေါင်းရွက်ဈေးသည်ရဲ့ဈေးတောင်းကိုချပြီး ဝယ်ရင်း ပြောကြတာဆိုတော့ စိတ်ဆင်းရဲသွားပါတယ်။ စကားတံတွေရှည်ပြီး သက်ဘရှင်းကြရရင် မရင်လေး နာမည်ပါသွားမှာလည်း စိုးပါတယ်၊ မမြမေ တော်တော့နော်။ စကားကြောမရှည်နဲ့လို့ ဟန့်တားလိုက်ပြီး ကလေးတွေကိုလည်း ကိုယ့်အိမ်ကိုယ်ပြန်လို့ ပြောကာ လူစုခွဲလိုက်ပါတယ်။

ညနေတိုင် ဦးပြည့်စုံက ရုံးကပြန်လာပြီး ရေခပ်တာတို့ တံမြက်စည်းလှည်းတာတို့စတဲ့ အိမ်အလုပ်တွေကို လုပ်နေတာ ဘွားဘွားက လှမ်းမြင်ရတော့ စိတ်စက်မချမ်းမသာ ဖြစ်မိပါတယ်တဲ့။ ဦးပြည့်စုံကလည်း ကလေးတွေကို သမီးစု သမီးပုနဲ့ ယုယုယယ ခေါ်ပြောဆက်ဆံနေတော့ စဉ်းစားရကျပ်စရာပဲ။ သူ့မိန်းမကိုလည်း အလိုလိုက်နေတာပဲ။ အမှန်ပြောတာဆိုရင် သူ့ယောက်ဖဖြစ်မယ့် အထွန်းနဲ့လည်း ဦးပြည့်စုံက ပြေပြေလည်လည်ပါပဲတဲ့။ အထွန်းနဲ့ မူမူကလည်း အတူထွက်လိုက်ကြ။ မိသားစုတွေ ဟိုဟိုသည်သည်သွားတော့လည်း အထွန်းက ပါနေတာပဲဆိုတော့ ဘယ်လိုမှ စဉ်းစားလို့မရ ဖြစ်နေပါတယ်တဲ့။ ဦးပြည့်စုံကလည်း တစ်နေ့တော့ မိန်းမကြီးတစ်ယောက်ကို အိမ်ခေါ်လာပါတယ်တဲ့။ တရားရုံးမှာ အလုပ်လုပ်တဲ့သူဆိုတော့ အမှုသည်ကို ခေါ်လာတာ ဖြစ်ပါတယ်။ ကလေးတွေက ဟိုကချောင်း သည်ကချောင်းနဲ့ မြင်လို့လည်း မကောင်းပါဘူးတဲ့။ အဲသည်တော့ အိမ်ပေါ်ကို ခဲကျတော့တာပေါ့။ နယ်ကမြို့တွေမှာ သိပ်အကဲမရရင် အိမ်ကို ခဲနဲ့ဝိုင်းပေါက်တာပဲလေ။



ဦးပြည့်စုံဟာ အနေအထိုင်မပျက် အသွားအလာမပျက်ပေမယ့် သူ့ကိုခေါ်ချင် ပြောချင်တဲ့သူတွေလည်း နည်းလာတော့တာပေါ့။ အဲသည်အချိန်မှာ တကယ့်ကိုကြေကွဲစရာ အဖြစ်ဆိုးကြီးနဲ့ တိုးကြပါတယ်တဲ့။ မူမူဟာ အိမ်ပြူတင်းပေါက်ကနေပြီး ရေဇလားထဲကရေတွေကို လှမ်းအပက်လိုက်မှာ ကိုယ်တိုင်အားလွန်ကျတာနဲ့ ခြံကိုကာထားတဲ့ ဝါးချွန်စတွေစူးပြီး အသေဆိုးနဲ့ သေရှာပါလေရောတဲ့။ မူမူကိစ္စကို ပြီးအောင်စောင့်ပါရစေ၊ သူ့အိမ်ပြောင်းပါတော့မယ်လို့ ဦးပြည့်စုံကတော့ ပြောတော့ နာရေးကလည်းဖြစ်နေချိန် ကိုယ်ချင်းစာစိတ်လည်း ထားတတ်ကြသူတွေဆိုတော့ ကိုယ့်အခြေအနေကိုသာ ကိုယ်ကြည့်ပါ ဦးပြည့်စုံရေ။ ကျွန်မတို့ကတော့ မထောင်းသာပါဘူးရှင်လို့ အိမ်ရှင်က ပြောပါသတဲ့။

ဦးပြည့်စုံက မျက်နှာသိပ်မကောင်းပေမယ့် ဘာမှတော့ မပြောပါဘူးတဲ့။ မူမူ ရက်မလည်ခင်မှာပဲ ဦးပြည့်စုံတစ်ယောက် လေကားက ချော်ကျပြီး ဦးခေါင်းထိကာ ဆေးရုံမှာ ကွယ်လွန်သွားတော့တာပါပဲတဲ့။ အထွန်းဆိုတဲ့ ကောင်လေးကတော့ ဘယ်ကိုပျောက်သွားမှန်း မသိဘူးတဲ့။ ကလေးတွေကို သူ့ကလေးတွေမှန်း ဦးပြည့်စုံရော သူပါ သိနေကြတာပဲ။ ဘာဖြစ်လို့ အဲသည်လို ကလေးတွေကို မစောင့်ရှောက်ဘဲ ခြေလွတ်လက်လွတ် ထွက်သွားနိုင်သလဲတော့ မသိပါဘူး။ ဘွားဘွားတို့လို အိမ်နီးချင်းတွေကပဲ ကလေးတွေကို ဆွေမျိုးတွေလာမခေါ်ခင် ထိန်းသိမ်းပေးထားရပါတယ်တဲ့။

ကလေးကလေးတွေရဲ့ ဘဝကတော့ ဆည်လို့ရပါတော့မလား တောင်မှ မသိတော့ပါဘူး။ လူကြီးသုံးယောက်က တစ်ယောက်တမှ သစ္စာမရှိကြဘူးလေ။ အမေဖြစ်သူကလည်း သူဖောက်ပြန်တာကို ရှက်ရကြောက်ရကောင်းမှန်းမသိဘဲ ကလေးတွေကိုတောင် ဖွင့်ပြောထားပါတယ်။ ကလေးတွေဟာ မကောင်းမှုကို ရှက်စရာလို့မမြင်ဘဲ ကြီးပြင်းလာကြတော့ မကောင်းမှုကို လွယ်လွယ်နဲ့ ကျူးလွန်ကြတော့မှာပဲပေါ့

www.burmeseclassic.com



အဖေနဲ့အမေလို့ သတ်မှတ်ထားတဲ့ လူကြီးနှစ်ယောက် သေဆုံးရတာက လည်း ကြောက်စရာ လန့်စရာတွေ။ ကလေးတွေ ကြီးပြင်းလာရမှာက လည်း ရင်လေးစရာတွေ။ အင်း သစ္စာမမြဲရင်ဖြင့် ကြေကွဲစရာချည်းပါ ပဲလေ။

## ၂၀။ သားတွေကိုတောင် မချိုခဲ့ရင် မြေးကိုမချိုချင်နဲ့

မိမိကြည်ဆိုတာက ဖြိုးတို့ တိုးတို့ရဲ့မေမေ ဖြစ်ပါတယ်။ ဖေဖေ့အမည်ကို တော့ မပြောတော့ပါဘူးလေ။ ဖေဖေက သိပ်ကျော်ကြားတဲ့ ဩဇာ ကြီးမားတဲ့ အရာရှိကြီးတစ်ယောက် ဖြစ်ခဲ့ပါတယ်။ အခုတော့လည်း ပင်စင်စား အဘိုးကြီးတစ်ယောက် ဖြစ်နေပါပြီ။ ဖေဖေ အတော် အသက်ရမှ အဲလေ ရာထူးလည်းရမှ မေမေ့ကို ဘိုးဘိုးဘွားဘွားတို့ဆီက တောင်းယူခဲ့တာပါတဲ့။ အဲသည်လို တောင်းယူတယ်လို့ပြောတိုင်း ဖြိုးက မခံချင်ပါဘူး။ ယမင်းရုပ်ကလေး လိုချင်တယ်လို့ တောင်းယူသလို နေမှာပေါ့လို့ ပြောတတ်ပါတယ်။ ဖြိုးက လူပျိုပေါက်ကလေး ဖြစ်လာ တော့ အထေ့အငေါ့တွေ တယ်ပြီးတတ်လာပါတယ်။ ကြီးကြီးအိက ဖြိုးနော်၊ သိချင်တယ်လို့လည်း မေးသေးတယ်။ စကားနာတွေထိုးနေရင် ကြီးကြီး မပြောတော့ဘူး။ တော်ပြီဆိုတော့ ဖြိုးက ကြီးကြီးအိကိုဖက်ပြီး ချော့တယ်။ ကဲပါ ပြောမှာသာပြောစမ်းပါလို့လည်း ချော့သံနဲ့ပြောပါ တယ်။

ကြီးကြီးအိက သက်ပြင်းချလိုက်တယ်။ ဖြိုးအမူအရာတွေက သူ့အဖေလိုကျားကျားလျားလျား မဟုတ်ဘူး။ လူပုံကချောပြီး အမူ အရာက မိန်းမဆန်နေတာ မကောင်းဘူး။ သားနှစ်ယောက်စလုံးဟာ အဖေဖြစ်သူကို အကြောက်ကြီး ကြောက်ရတော့ သိပ်မကပ်ချင်ပါဘူး။ အမေဖြစ်သူကိုပဲကပ်၊ အမေဖြစ်သူကိုပဲ ချစ်နဲ့ ငါ့တူကလေးတွေ မိန်းအ ဆန်လာတာ မကောင်းဘူးလို့ တွေးနေမိပါသေးတယ်။ ဖြိုးကိုထိန်းရတဲ့ မခင်ကဆိုရင် ဖြိုးမျက်လုံးတွေ ပြူးနေတာက အမေနဲ့အဖေ ရုပ်ပြင် တိုင်း မျက်လုံးတွေပြူးပြူးပြီး ကြည့်ရင်း ပြူးလာတာပဲလို့ ပြောတယ်

www.burmeseclassic.com



သေးတာပါ။ မခင်က ကလေးတွေအကြောင်းပြောရင် မျက်ရည်ကျချင်တယ်။ ဖြိုးကလေးဟာ အဖေက သူ့အမေကိုရိုက်နေရင် မျက်လုံးကလေးတွေ ပြူးပြီးကြည့်မယ်။ နောက်တော့ ခုတင်အောက်ကို ပြေးပြီးဝင်သွားရောတဲ့။ မမကို ဆရာကြီးကရိုက်နေရင် ကျွန်မက ကလေးကိုသွားမခေါ်ဝံ့ဘူးလေ၊ အဲသည်တော့ ခုတင်အောက်ရောက်နေတဲ့ ဖြိုးကို ..နှပ်ပွဲပြီးမှပဲ သွားခေါ်ရတယ်လို့ ပြောပါတယ်။

အဲသည်လိုနဲ့ မိမိကြည်ကိစ္စကို ကြီးကြီးလည်း ဆက်မပြောမိပါဘူး။ တကယ်တော့ ဖြိုးတို့ဖေဖေက မိမိကြည်ကို တကယ့်ကိုချစ်ပါတယ်။ လိုလေသေးမရှိအောင် ထားပါတယ်။ လူပုံလယ်မှာလည်း တင့်တယ်စေပါတယ်။ မိမိကြည်ဟာ စိန်တွေ ရွှေတွေ ညှတ်နေအောင်ဝတ်ပြီး ပွဲလယ်တင့်တဲ့ ကတော်မယားအဖြစ် ပရိသတ်အလယ်မှာရောက်နေလို့များ လူတကာနဲ့ စကားလက်ဆုံကျမနေလေနဲ့ ပွဲကအပြန်မှာ မင်းနဲ့စကားပြောရင်း ရယ်မောနေတဲ့အကောင်က ဘယ်ကလဲကွလို့မေးပြီး ရန်ပွဲစတော့တာပါပဲတဲ့။ မိမိကြည်ကလည်း သူ့ကိုလာပြီးနှုတ်ခွန်းဆက် စကားပြောတဲ့သူတိုင်းကို ဘယ်မှာသေသေချာချာ သိပါ့မလဲ။ ယောကျ်ားရဲ့ဂုဏ်ကြောင့် သူ့ကိုလာပြီး နှုတ်ဆက်တာပဲ၊ ပြန်မပြောလို့ကော ဖြစ်မလားတဲ့။ သူပြောတာက အကြောင်းနဲ့အကျိုးဘယ်လောက်ပဲညီနေပါစေ သူ့ယောကျ်ားကတော့ ရန်မဖြစ်ဘဲ မနိုပ်စက်ဘဲ လက်မခံလိုပါဘူး။

တစ်ခါမှာတော့ တော်တော်ကလေး ပြင်းထန်တဲ့ရန်ပွဲ ဖြစ်ပါတယ်။ သားနှစ်ယောက်က သိပ်ကြီးသေးတာမဟုတ်ပေမယ့် သူ့အဖေကို ထွက်ပြီးဆွဲပါတယ်။ အငယ်ကောင်က သူ့လက်သီးနဲ့ နောက်ကနေပြီး ထိုးပါတယ်။ အကြီးကောင်က ဖယ်စမ်း ဖယ်စမ်းလို့ ပြောနေတဲ့ကြားက သူ့အဖေရိုက်တာကို အမေ့အစားဝင်ခံတယ်။ ရှုန်းရင်းဆန်ခတ်ဖြစ်သွားတာပါပဲ။ အကြီးကောင်လည်း မျက်နှာထိသွားတယ်။ အဖေ



ကြီးက ချက်ချင်းလက်ရပ်ပြီး ထွက်သွားပါတယ်။ အဲဒါနောက်ဆုံးပိတ်ပွဲပါပဲ။ နောက်တော့လည်း မဖြစ်တော့ပါဘူး။ မိမိကြည်ကတော့ နာကြည်းနေတဲ့သားတွေကိုလည်း ဖျောင်းဖျရပါတယ်။ သူ့ယောကျ်ားကိုလည်း အခါတိုင်းလိုပဲ ပြုစုယုယနေတာပါပဲ။ မိဘပေးစားတဲ့ ယောကျ်ားပေမယ့် သူလည်း ဘယ်သူ့ကိုမှ မတွယ်တာခင်ကတည်းက လက်ဆက်ခဲ့တဲ့သူပဲ။ ချစ်ရှာ အားကိုးရှာပါတယ်။

ဖြိုးတို့များ သူ့အဖေရဲ့သားအဖြစ် အဖေ့ဂုဏ်ကို သူမယူချင်တော့ဘူး။ ဪ အစ်ကိုကြီး ဘယ်သူ့သားပါလားဆိုပြီး အဆင်သင့်ဖြစ်အောင် ကူညီချင်တဲ့သူများကို ရှောင်ကွင်းတော့တာပါပဲ။ သူ့အဖေလုပ်စေချင်တဲ့ ဆရာဝန်အလုပ်ကိုလည်း ဝါသနာမပါဘူးလို့ ခါးခါးသီးသီး ငြင်းဆန်ခဲ့တယ်။ မိမိကြည် မင့်သားတွေက ငါ့ကိုတော်လှန်နေတာလားဆိုတဲ့ မေးခွန်းကို မိမိကြည်က မဟုတ်ရပါဘူး အစ်ကိုကြီးရယ်၊ အစ်ကိုကြီးသားကိုက ခေါင်းမာတာပါ။ အဖေတူကလေးလေအစ်ကိုကြီးရဲ့လို့ လေပြေကလေးနဲ့ ချော့ပါတယ်။ သားတွေက အလုပ်နဲ့အကိုင်နဲ့ ဖြစ်လာပြီး အဝေးကိုထွက်သွားကြတာလည်း သူတို့အဖေကိုသူတို့မချစ်တော့တာလည်း ပါမှာပါပဲ။ ငွေကိုလည်း အိမ်သုံးစရိတ်လောက်လောက်ငငဖြစ်အောင် ပို့ကြပါတယ်။ တစ်ခုပဲရှိပါတယ်၊ ငွေပို့လွှာမှာတော့ အမေ့အမည်ပဲ တပ်ပါတယ်။ မိမိကြည်က မိန်းမလေး၊ အမေလည်း အမေ။ သိပ်ပြီးအနေရကျပ်တာပဲပေါ့။ ကလေးတွေအဖေကအသက်ကြီးပြီ။ ရာထူးကလည်း လက်မဲ့ဖြစ်ပြီ။ အဲသည်အချိန်တ[illegible] သူ့ကိုတကယ်ချစ်သင့်တဲ့ သားတွေကတောင် သူ့ကိုမချစ်နိုင်ဘူး[illegible] ဆိုတာကို သိနေတော့ သနားစရာကြီး ဖြစ်နေတာပေါ့။ မိမိကြည်[illegible] သူ့ယောကျ်ားကို အရင်တုန်းကလိုပဲ အလိုကျဖြစ်အောင် ပြုစု[illegible]

သားကို သခင် လင်ကိုဘုရားဆိုတာ မိမိကြည်တို့လို[illegible] ထားတတ်တဲ့သဘောထားပါပဲ။ သူ့ယောကျ်ားကတော့ [illegible]

www.burmeseclassic.com



ကောင်းကောင်းလည်း စားတယ်။ ခါတိုင်းလိုပဲ ဂေါ့ဖ်သွားရိုက်တယ်။ အဆင့်မြင့်မြင့်လည်း နေတယ်ဆိုတော့ သားတွေကသာ ငွေမပို့ရင်ဖြင့် သည်လောက်တော့ လောက်ငလိမ့်မယ်မထင်ပါဘူး။ ဒါပေမဲ့ သည်အကြောင်းတွေကို သူ့ယောက်ျားမသိအောင် မိမိကြည်က နေပါတယ်။ နေလို့လည်း ရပါတယ်။ ငွေတွေရောက်တာက သူ့အမည်နဲ့ကိုး။

တစ်ခုခုတော့ မှားနေပြီဆိုတာကို အဘိုးကြီးလို့ လူတကာ ညွှန်းဆိုခြင်းခံရပြီဖြစ်တဲ့ မိမိကြည်ရဲ့ ယောက်ျားက သိပါတယ်။ တစ်နေ့တော့ မိမိရေ ငါမြေးချိချင်တယ်ကွာလို့ ပြောပါသတဲ့။ မိမိကြည်ကတော့ သူ့ယောက်ျားကိုကြည့်ရင် အပြုံးနဲ့ကြည့်တတ်ပေမယ့် ဒီတစ်ခါတော့ မပြုံးနိုင်တော့ပါဘူး။ အစ်ကိုကြီးရယ် သားတွေတောင်မှ အစ်ကိုကြီး မချီခဲ့ဘဲနဲ့ မြေးကိုချီချင်လို့ ဘယ်ရမလဲရှင်လို့ ပြောလိုက်ပါသတဲ့။

## ၂၁။ ဘဝတစ်ခြမ်းပဲ့မိန်းကလေး

ဒေါ်လေးကို သမီးပြောပြချင်တဲ့ စကားရှိပါတယ်။ များသောအားဖြင့် သမီးက သမီးအကြောင်းကို ပြောပြလောက်အောင် ဘယ်သူနဲ့မှ ရင်းရင်းနှီးနှီး မပေါင်းပါဘူး။ သမီးစိတ်ထဲမှာ ရှိတာတွေကိုလည်း ဘယ်သူ့ကိုမှ မပြောဖြစ်ဘူး။

သမီးတော်တော်ကိုငယ်သေးတဲ့အရွယ် စိတ်ထင်တော့ ၃ နှစ် ၄ နှစ်ထက်မပိုတဲ့အရွယ်မှာ ဖြစ်ခဲ့တာက သမီးကို ဂါဝန်လှလှကလေး ဝတ်ပေးပြီး လူကြီးတွေ အများကြီးရှိတဲ့အခန်းထဲကို ခေါ်သွားကြပါတယ်။ အဲသည်မှာ မတွေ့ရတာကြာလို့ သမီးလွမ်းနေတဲ့ ပါပါ့ကိုတွေ့ရပါတယ်။ သမီးမသိတဲ့ လူကြီးတစ်ယောက်က သမီးကိုမေးပါတယ်။ သမီးကလေး မကြောက်နဲ့၊ သမီးဘယ်သူနဲ့ နေချင်သလဲ လို့မေးတာပါ။ သမီးကလည်း လွယ်လွယ်ပဲ၊ ပါပါနဲ့နေမယ်လို့ ဖြေလိုက်ပါတယ်။ အဲသည်လိုဖြေလိုက်ကတည်းက သမီးဟာ ဘဝတစ်ခြမ်းတည်းရှိတဲ့ မိန်းကလေး ဖြစ်သွားတော့တာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သမီးဘဝမှာ ပါပါနဲ့မေမေရယ် သမီးရယ် မဟုတ်တော့ဘဲ၊ ပါပါနဲ့သမီးပဲ ရှိတော့တာကိုး။

ပါပါက သမီးကိုချစ်ပါတယ်။ သိပ်လည်းအလိုလိုက်ပါတယ်။ ဘာဖြစ်လို့ ပါပါနဲ့နေချင်တာလဲဆိုတော့ ပါပါက အေးအေးနေတတ်တယ်။ ဆွေမျိုးတွေနဲ့ မရှုပ်ဘူး။ မေမေက ဆွေတွေမျိုးတွေနဲ့ သိပ်ချစ်တာပဲ။ သမီးကလည်း ပါပါနဲ့ တူတယ်တဲ့။ အေးအေးနေချင်ပါတယ်။ အဲဒါကြောင့် ပါပါနဲ့နေမယ်လို့ ပြောတာ။ ဒါပေမဲ့ [illegible]

www.burmeseclassic.com



ထားခဲ့ချင်တာ မဟုတ်ဘူး။ သမီးတို့နဲ့ခေါ်ခဲ့ချင်တာ။ သမီးတော်တော် ကလေးကြီးမှ မေမေနဲ့ပါပါ ကွဲကြတဲ့အခါ ကလေးကို ဘယ်သူက အုပ်ထိန်းမလဲဆိုတဲ့ပြဿနာနဲ့ ရင်ဆိုင်ကြရတယ်။ နောက်တော့ လူကြီးတွေက သမီးကလေးကိုမေးပြီး ကလေးက အတူနေချင်တယ်လို့ ပြောတဲ့ဘက်ကို ထည့်ပေးလိုက်တာကို သိခဲ့ရပါတယ်။

သမီးနဲ့ ပါပါတို့ တူတူနေရင်း ပါပါက နောက်မိန်းမယူရော။ သမီးလည်း အေးအေးဆေးဆေး မနေရတော့ပါဘူး။ နောက်မိန်းမက ကလေးတစ်ယောက် မွေးပါတယ်။ ပါပါ့အတွက်တော့ မိန်းမရယ်၊ ပါပါရယ်၊ သားကလေးရယ် သုံးယောက် ပြည့်စုံသွားပေမယ့် သမီးက သမီးရထားတဲ့ပါပါကို အပြည့်အဝ မရတော့ဘူးဆိုတော့ သမီးဟာ တစ်ခြမ်းထဲက ထပ်ပြီးအနုတ်ခံရသလို ဖြစ်သွားပါတယ်။

မေမေဆီကိုတော့ အတော်စောစောကတည်းက တစ်ရက်တလေ အလည်သွားခွင့်ရခဲ့ပါတယ်။ မေမေကလည်း နောက်အိမ်ထောင်နဲ့ ကလေးလည်းရပြီဆိုတော့ မေမေ့ဆီမှာလည်း သမီးက တစ်ခြမ်းတောင်မှ ပြန်မရနိုင်တော့ဘူးလေ။ အဲသည်လိုဖြစ်နေတဲ့အချိန်မှာ ပါပါက သမီးကိုခေါ်ပြီး သူ့နှမတွေဆီကို သွားအပ်ပါတယ်။ သူ့နှမတွေက အပျိုကြီးတွေပါပဲ။ သို့ပေမယ့် သူတို့မှာက တခြားမောင် တခြားညီမတွေကမွေးတဲ့ ကလေးတွေရှိနေတယ်လေ။ သမီးက နောက်ပေါက်ဖြစ်နေတာပေါ့။ ကြီးဒေါ်တွေနဲ့အတူနေတဲ့ သမီးရဲ့ဝမ်းကွဲ မောင်နှမတွေကလည်း သမီးကို သူတို့နဲ့သွေးမျိုးတော်တယ်လို့ မမှတ်ကြဘူး။ အယူလည်းမတူ သွေးလည်းမတူသလို ဖြစ်နေပြန်ပါတယ်။ ကလေးချင်းတော့ တည့်ပါတယ်။ သို့သော် တစ်ခါမှ နှစ်နှစ်ကာကာ မချစ်မိကြပါဘူး။

သမီးက ဒီဘက်ကိုရောက်ရင် ဟိုဘက်က အယူကိုယူတယ်လို့ ပြောထားလိုက်ပါတယ်။ ဟိုဘက်လို့ပြောရမယ့် မေမေ့ဆီရောက်ရင်လည်း ဒီဘက်က အယူကိုယူတယ်လို့ ပြောလိုက်ပြန်ပါတယ်။ တကယ်



တော့ ဘယ်ဘက်ကအယူမှ သမီးမယူဘူး။ သမီးမှာ ဘာမှကိုယ်ပိုင် မရှိတော့ပါဘူး။

သမီးဟာ ဘယ်နေရာကိုပဲသွားသွား အရင်းအချာမဟုတ်တဲ့ သူတွေကိုပဲ တွေ့တွေ့နေရပါတယ်။ ကြီးဒေါ်တွေကလည်း သမီးကို သူတို့ဆီမှာ အရင်ရောက်နေတဲ့ တူတွေတူမတွေလောက် မချစ်ပါဘူး။ ပါပါကလည်း သမီးကို မချစ်တော့သလို မေမေမှာလည်း သမီးထက် ပိုချစ်ရမယ့်သူတွေ ရှိနေပါပြီ။ ဒေါ်လေးရေ သမီးဟာ သမီးနာမည်ကို ပြောင်းပစ်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သမီးနာမည်ထဲမှာ ချစ်ပါနေလို့ပါပဲ။ နာမည်မှာသာ ချစ်ပါနေတာ ငါ့ကိုချစ်မယ့်သူမှ မရှိဘဲလို့ တွေးလိုက်မိလို့ ဖြစ်ပါတယ်။ သမီးကြီးဒေါ်ကြီးက စည်းနဲ့ကမ်းနဲ့ ထားပါတယ်။ သမီးကို ကျောင်းထားပေးပါတယ်။ အတူနေတူတစ်ယောက်က ဆေးကျောင်းကိုဝင်တဲ့ အမှတ်တွေရတော့ ကြီးဒေါ်ကြီးက သိပ်ဂုဏ်ယူပါတယ်။ သမီးက စာမတော်ဘူးလေ။ စာတော်ချိန် ဘယ်မှာရပါ့မလဲ ဒေါ်လေးရယ်၊ ကျောင်းမနေခင်ကတည်းက သမီးရဲ့ ဘဝကို တစ်ခြမ်းစီ အခြမ်းခံလိုက်ရတာပဲလေ။

နောက်တော့ သမီးဟာ ကိုယ်ပိုင်ဆိုလို့ ဘာမှမရှိတော့ဘူး၊ ငါဟာ တစ်ခြမ်းတောင်မှ အပြည့်မရှိတော့ဘူးဆိုပြီး နေလာတာ ကြာပါပြီ။ စိတ်က သိပ်ပေါ့တာပဲ။ ပေါ့ပါးတာမဟုတ်တဲ့ ပေါ့ခြင်းပါပဲ။ ဆွဲငင်အားမှမရှိတော့တာ ဒေါ်လေးရယ်၊ ပေါ့တော့မှာပေါ့။ ပေါ့လို့လည်း ဘယ်တုန်းကမှမသိတဲ့ ဒေါ်လေးဆီကို လွယ်လွယ်နဲ့ ရောက်လာတာပဲပေါ့။

ပါပါကတော့ အနုတစ်ယောက်တည်း ဖြစ်သွားပြန်ပါပြီ။ အဲသည်လိုဖြစ်တာ ကြာပဲကြာလှပြီဆိုပါတော့။ နောက် အိမ်ထောင်နဲ့လည်း မမြဲပါဘူး။ သူ့သားကလေးလည်း အမေနဲ့လိုက်သွားတယ် ထင်ပါရဲ့။ သမီးနဲ့ပါပါ အကြာကြီးနေမှ တစ်ခါတွေ့ကြရပါတယ်။

www.burmeseclassic.com



ပါပါက သမီးကို မုန့်ဖိုးတောင်မှ မပေးနိုင်ပါဘူး။ တခြားလိုအပ်တာတွေကို ပေးဖို့ဆိုတော့ ဝေလာဝေးပေါ့။ သမီးက ပါပါ အဲသည်လို ဆင်းရဲနေတာကို သနားပါတယ်။ ဒါပေမဲ့ သမီးလည်း ဘာမှမလုပ်နိုင်ဘူးလေ။ ကြီးဒေါ်ကြီးတွေက ပါပါသူတို့ဆီလာရင်လည်း သူတို့ကပဲ ပေးရတာဆိုတော့ သမီးလည်း တာဝန်ယူရသေးတယ်။ သူ့လည်း ထောက်ပံ့ရသေးတယ်ဆိုတဲ့ စကားတွေကို ပြောကြတာပေါ့။ ဟုတ်ကလည်း ဟုတ်နေတော့ မငြင်းသာပါဘူး။ စိတ်ကတော့ မကောင်းဘူးလေ။

မေမေက သမီးသွားတဲ့အခါဆိုရင် ဟဲ့ သမီးလာတယ်။ သမီးကြိုက်တဲ့ ကြက်သား ချက်ကျွေးမယ်နော်ဆိုပြီး သမီး ကြိုက်တတ်တာတွေကို ချက်ကျွေးတတ်ပါတယ်။ ဒါပေမဲ့ သမီးက မစားချင်ပါဘူး။ မေမေ့နောက်အိမ်ထောင်က အေးစက်စက်နဲ့ တည်တည်ကြီး လုပ်နေတာကို မြင်ရရင် သမီးမပျော်ဘူး။ မေမေ့သမီးကလေးတွေက မေမေ့ကို စကားနာထိုးတတ်တယ်။ သူ့သမီးကြီးလာမှ ဟင်းကောင်းကျွေးကောင်း ချက်တယ်တော့တဲ့။ သမီးမှာ အမေ့အိမ်ကိုသွားလည်း ပိုင်ပိုင်နိုင်နိုင်မရှိပါဘူး။ အဲဒါပါပဲ ဒေါ်လေးရယ်၊ သမီးမှာက ဘယ်ဘက်ကိုပဲသွားသွား တစ်ပိုင်းတစ်စပဲ ပိုင်ဆိုင်မှုရှိပါတယ်။ အဲသည်တော့ သမီးက ဘဝတစ်ခြမ်းနဲ့ မိန်းကလေးပေါ့။ အဲလေ ခုနကပြောသလို တစ်ခြမ်းတောင်မှ မရှိတော့တဲ့ မိန်းကလေးဆိုမှ ပိုပြီးမှန်မယ်ထင်ပါတယ်၊ ဟုတ်တယ်မဟုတ်လား နော်။

## ၂၂။ ဒုတိယတန်းစား နိုင်ငံသားကလေး

အခုခေတ်အခုအချိန်မှာ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလို့တောင် ပြောကြရတော့မလို အသွားအလာ အကူးအလူး များလာပါပြီ။ အဲသည်လို အကူးအလူးများလေလေ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းသား ကြိုးချင်းငြိတာတွေကလည်း ပြောစမှတ်တွင်တဲ့ ကိစ္စကြီးသယ်တွေ ဖြစ်လာပါပြီ။

ကျွန်မတို့ မော်စကိုမှာ ပညာသွားသင်ရတာက အချိန်ကကြာပါတယ်။ ဘာသာစကားအသစ်တစ်ခုကို သင်ပြီးမှသာ ကိုယ်လေ့လာရမယ့်ဘာသာကို စတင်လေ့လာရတာဆိုတော့ ကြာတာ မဆန်းလှပါဘူး။ ဆန်းသွားတဲ့ကိစ္စက သံယောဇဉ်ကြိုးတွေ ငြိကုန်ကြတဲ့ကိစ္စ များလာတာပါပဲ။

အစောပိုင်းကတော့ ကျောင်းသွားအတူတူ ထမင်းစားအတူတူက စခဲ့တာပါပဲ။ နောက်တော့လည်း သံယောဇဉ်နှောင်ကြိုးက တင်းသည်ထက် တင်းလာတော့တာပါပဲ။ မော်စကိုရောက်ခါစက မြန်မာပြည်မှာကတည်းက သူငယ်ချင်းဖြစ်ခဲ့သူ ကျောင်းသားတစ်ယောက်ဟာ ရုရှကျောင်းသူတစ်ယောက်နဲ့ ချစ်ကျွမ်းဝင်နေကြတယ်ဆိုတော့ ကျွန်မက ဖျက်ပါတယ်။ တို့နိုင်ငံကို တိုးတက်အောင် လုပ်ပေးမယ့်သူတစ်ယောက် လျော့ပါးသွားရင် နိုင်ငံအတိနာပါတယ်။ ရပ်နိုင်ရင် ရပ်လိုက်ပါတော့ဟာ လို့ပြောတော့ အင်း ဒီကိစ္စ ဒီလောက်အရေးကြီးမယ်တော့ မထင်ပါဘူးဗျာတဲ့။ မြန်မာကျောင်းသားတွေကလည်း သူ့ကောင်မလေးကို သိပ်မကြိုက်ပါဘူး။ ကျောလွန်းလို့ပါပဲ။ မြန်မာနဲ့ရုရှဓလေ့စရိုက်က မတူကြပါဘူး။ ကောင်မလေးက သူ့ကောင်လေးကို အကြောင်းအမျိုးမျိုး

www.burmeseclassic.com



ရှာပြီး မယဉ်ကျေးဘူး မယဉ်ကျေးဘူးနဲ့ပြော နေတာကို မြန်မာများက ခံပြင်းနေကြတာကိုး။

ကျွန်မ ဘွဲ့ယူကျမ်းတင်ရတော့မယ်ဆိုတော့ မြန်မာပြည်ကို ပြန်လာပြီး သုတေသနလုပ်ပါတယ်။ အဲသည်ခရီးမှာ သူငယ်ချင်းနဲ့ သူ့ကောင်မလေး လက်ထပ်ခွင့်လျှောက်လွှာကို ကျွန်မသယ်ဆောင်ပြီး ပြန်လာခဲ့ပါတယ်။ ကျွန်မကိုယ်တိုင်လည်း အဲသည်မိန်းကလေးကို မနှစ်မြို့ပါဘူး။ ကျောတယ်၊ မောက်မာတယ်လို့ ထင်လို့ပါပဲ။ လက်ထပ်ဖို့ ခွင့်တောင်းပေးတဲ့ကိစ္စကို တာဝန်ယူခဲ့တာကတော့ သူတို့နှစ်ဦး လက်ထပ်မှဖြစ်တော့မှာမို့ပါပဲ။ ကျွန်မတို့အားလုံးရှေ့မှောက်မှာ သူတို့ လက်ထပ်ခဲ့ကြပါတယ်။ သူတို့ သားဦးကလေးမွေးတော့လည်း ကျွန်မတို့ မြန်မာများက သည်းသည်းလှုပ်ကြပြန်ပါတယ်။ ကလေးအမေကတော့ လက်မဆေးဘဲ ကလေးကိုချီပြန်ပြီ။ နမ်းကြပြန်ပြီနဲ့ တော်တော် တိုပါတယ်။ ကလေးအဖေကလည်း သားကိုကြည့်မဝ ရှုမဝ ဖြစ်နေပါ တယ်။ အဲဒါကြောင့်ပဲ ထင်ပါတယ်၊ ပြည်တော်ပြန်ခရီးမှာ ကျွန်မတို့ ထက် ပိုစောရမယ့်အစား ကလေးအဖေက နောက်ကျနေပါတယ်။ ကလေးကို မခွဲနိုင်လို့ပါဘဲ။

မြန်မာပြည်ကို ကလေးအဖေက တစ်ယောက်တည်းပြန်လာပြီး မကြာခင်မှာ ခွင့်တိုင်ကာ ကလေးအမေနဲ့ကလေးကို ပြန်ခေါ်ပါတယ်။ ကလေးအမေကလည်း တော်တော်ထက်မြက်တဲ့ မိန်းမဖြစ်ပါတယ်။ တက်လမ်းအများကြီးရှိတဲ့ မိန်းမဖြစ်ပါတယ်။ ပါရဂူဘွဲ့ရထားတယ်။ အလုပ်ကောင်းရထားတယ်။ မြို့တော်မှာ တိုက်ခန်းရထားတယ်ဆိုတော့ သူကလည်း တော်တဲ့အပြင် အသက်ကလည်း ငယ်သေးတယ်ဆိုတော့ မျှော်လင့်ချက်များများ ထားနိုင်ပါတယ်။

သူလည်း ကျွန်မတို့သူငယ်ချင်းကို ချစ်လွန်းလို့ သျှောင်နောက် ဆံထုံးပါဆိုသလို ဘိုကေနောက် ဆံတိုပါလာခဲ့ရှာပါတယ်။ လွန်ခဲ့တဲ့



အနှစ်သုံးဆယ်လောက်က နိုင်ငံက အခုလောက်လည်း မတိုးတက် မဖွံ့ဖြိုးသေးပါဘူး။ လူနေမှုအဆင့်လည်း သိပ်မမြင့်သေးပါဘူး။ သျှောင် နောက်ကိုပါလာတဲ့ ကလေးအမေဟာ တော်တော်ကလေး ကြိုးစားပြီး နေခဲ့မှာ ဖြစ်ပါတယ်။ သူဟာ ဟိုမှာတုန်းက သူ့ယောကျ်ားကို မြန်မာ ပြည် မပြန်ဖို့ ကျွန်မရှေ့မှာတွင် ပြောလို့ ကျွန်မစိတ်ဆိုးခဲ့ရဖူးပါတယ်။ မြန်မာပြည်ကို လိုက်မလာခင် ဘယ်လိုသဘောတူညီမှုမျိုးတွေ ရှိခဲ့သလဲ တော့ မသိပါဘူး။ သေချာတာကတော့ ကလေးကို မြန်မာစကားလုံးဝ သင်မပေးတာပါပဲ။ ကလေးလေးက တယ်လီဖုန်းလာရင်လည်း စကား ပြောချင်ရှာပါတယ်။ လမ်းမှာတွေ့ရင်လည်း ပြုံးပြုံးလေး နှုတ်ဆက်တတ် ပါတယ်။ ကလေးက သိပ်လည်းချောတာပါပဲ။

ပထမ ကလေးအမေနဲ့ကလေးတို့ ပြန်သွားကြပါတယ်။ နောက် တော့ ကလေးအဖေ လိုက်သွားပါတယ်။ ပြန်လာမှာ ပြန်လာမှာနဲ့ အမြဲပြောသလို ခဏတစ်ဖြုတ်ဆိုသလို ပြန်ပြန်လာတတ်ပါတယ်။ စာ သိပ်တော်တဲ့သူငယ်ချင်းလည်း ကလေးနောက်ကိုလိုက်နေရတာကြောင့် တောင်မရောက် မြောက်မရောက် ဖြစ်ရပါတယ်။ ကလေးအမေလည်း အဲသည်လိုပဲ ဖြစ်မှာပါပဲ။ ကလေးအဖေက ကျွန်တော့သား ဟက္ကသိုလ် က ဘွဲ့ရရင် ပြန်လာခဲ့ပါမယ်လို့ပြောပေမယ့် မလာခဲ့ပါဘူး။ သူ့ကလေး ဟာ ဘယ်လောက်ပဲ စာတော်သည်ဖြစ်စေ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များကို တက်ခွင့်မရခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့သား ကလေးဟာ မြန်မာပြည်မှာ ဒုတိယတန်းစား နိုင်ငံသားဖြစ်သလို ရုရှမှာ လည်း ဒုတိယတန်းစား နိုင်ငံသားဖြစ်နေလို့ပါပဲ။ ဒါကတော့ နိုင်ငံတိုင်း က တိုင်းရင်းသားများရဲ့ အကျိုးအခွင့်ကို ကာကွယ်ဖို့ ပြဋ္ဌာန်းသတ်မှတ် ထားတဲ့အတိုင်း ဖြစ်ရတာကိုး။ ကိုယ့်အမိမြေကို တောက်လျှောက်အတိုင်း ပြုနေခဲ့သူတွေဟာ အခွင့်အရေးကောင်းကို ရမယ်ကြံတိုင်း တိုင်းတစ်ပါး ကလာတဲ့ သူတစ်ပါးက သုတ်ယူသွားတာခံရသလို ဖြစ်မသွားအောင် သတ်မှတ်ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ကျွန်မသူငယ်ချင်းနဲ့ ထပ်

www.burmeseclassic.com



ခေါက် ပြန်တွေ့တော့ သူ့သားအကြောင်းကို ကျွန်မက မေးပါတယ်။ မျက်နှာမကောင်းစွာနဲ့ သူပြင်သစ်ကို သွားတယ်ဆိုတာကိုပဲ ပြောတော့တယ်။ သူ့ဇနီးလည်း ဆေးရုံတက်နေရတယ်လို့ ဆိုပါတယ်။ စိတ်ရောကိုယ်ပါ မလန်းဆန်းနိုင်တော့ပြီလို့ ပြောရမှာဖြစ်ပါတယ်။

သိပ်မကြာခင်က ဂေါ့ဖ်ကစားတဲ့ တိုက်ဂါးဝုဒ် အင်တာဗျူးတစ်ခုမှာ သူ့အဖေနိုင်ငံ သူ့အမေ့နိုင်ငံတို့နဲ့ ပတ်သက်လို့ ဘယ်လိုသဘောထားသလဲဆိုတာကို အမေးခံရပါတယ်။ သူ့အဖေက အမေရိကန် နိုင်ငံသား သူ့အမေက ထိုင်းနိုင်ငံသူ ဖြစ်ပါတယ်။ တိုက်ဂါးဝုဒ်ကတော့ သူဟာ ဘယ်နိုင်ငံမှာမှ ပထမတန်းစားနိုင်ငံသား မဖြစ်နိုင်ပါဘူး၊ ဒုတိယတန်းစားနိုင်ငံသားပဲ ဖြစ်နေတော့မှာဆိုတဲ့စကားကို ပြောခဲ့ပါတယ်။ သားသမီးက ဖြစ်လာတဲ့အခြေအနေကို ရွေးချယ်ပိုင်ခွင့် မရှိပါဘူးလေ။

အဖေဖြစ်မယ့်သူ အမေဖြစ်မယ့်သူ နှစ်ဦးတို့ကတော့ ကြိုကြိုတင်တင် စဉ်းစားပြီး ဆင်ဆင်ခြင်ခြင် သိုသိုသိပ်သိပ် နေထိုင်သင့်တာပေါ့လေ။ ချစ်လွန်းလို့ ရွှေမြင်းမိုရ် တစ်တောင်လုံးကို တုံးမှတ်လို့ ခုန်တယ်လို့ဆိုတာဟာ တင်စားပြီး ပြောတာဖြစ်ပါတယ်။ ရွှေမြင်းမိုရ်တောင်ကို ခုန်တာဟာ လွတ်သွားတယ်လို့လည်း ဘယ်သူမှမပြောပါဘူး။ တကယ့်တကယ်ဆိုရင်လည်း လူမှုရေးအတားအဆီးများဟာ မမြင်ရတဲ့ မြင်းမိုရ်တောင်လိုပါပဲ။ လွတ်မြောက်အောင် ခုန်ပျံကျော်လွှားနိုင်ဖို့ ခက်ခဲလှပါတယ်။

ဘဝချင်း ပေါင်းစပ်ခြင်း မပြုခင်ကတော့ ချစ်သူ၊ ပေါင်းစပ်ပြီးတော့လည်း ဇနီးခင်ပွန်း အဲသည်လိုအချိန်မှာ ဖြစ်ပျက်သမျှ ရင်ဆိုင်ရတာက တူနှစ်ကိုယ်အတွက်သာ ဖြစ်ပါတယ်။ သားသမီးရလာရင် အဖေနဲ့အမေ ဖြစ်လာပါပြီ။ ကိုယ့်ကို ရွေးချယ်ပိုင်ခွင့်မရှိဘဲနဲ့ လက်ခံရမယ့်*သားသမီးကလေးတွေဟာ ပထမတန်းစား ကလေးတွေ* ဖြစ်စေချင်ရင် ရင်ခုန်တဲ့ကိစ္စကို သတိထားလိုက်ပါ။

## ၂၃။ အဖေက သဘောကောင်းတာတော့ မှန်ပါရဲ့

ကျွန်မတို့ အဖေအကြောင်းပြောတဲ့အခါတိုင်း လူတွေက ဪ ဆရာဦးတိုးအောင်လား၊ သိပ်သဘောကောင်းတာပဲနော်လို့ ပြောလေ့ရှိကြပါတယ်။ ဟုတ်ပါတယ်၊ အဖေက သိပ်သဘောကောင်းတာကတော့ အမှန်ပါပဲ။ အမေကလည်း အဖေကသဘောကောင်းလို့ ယူခဲ့တာပဲလို့ ပြောပါတယ်။ သူ့မှာ သူတကာအတွက် အဆင်ပြေအောင် လုပ်ပေးချင်တဲ့စိတ်က သိပ်များနေတော့ လူပျိုဘဝမှာ ဘာမှစုစုဆောင်းဆောင်းလည်း မရှိခဲ့ဘူး။ စည်းကမ်းကလနားတောင်မှ မရှိခဲ့ဘူး။ သူနဲ့ပါလာတာတွေကတော့ စာအုပ်တွေပါပဲ။ စာအုပ်တွေကတော့ တော်တော်များတယ်။ စာအုပ်တွေများလိုက်တာလို့ ပြောတော့ အစက ဒါ့ထက်များတယ်တဲ့။ အတူတူနေတဲ့ကောင်လေးက စာအုပ်ကြိုက်တော့ တစ်အုပ်ယူနှစ်အုပ်ယူနဲ့ ယူယူသွားတာ။ အဲဒါကြောင့် စာအုပ်က မရှိတော့တာလို့ ညည်းတို့အဖေက ပြောတယ်။

အမေကလည်း အဖေနဲ့ပတ်သက်ရင် သဘောကောင်းတာကိုပဲ ဝိတ္ထာရချဲ့ပြောတတ်ပါတယ်။ ဒါပေမဲ့ ကြာကြာမပြောနိုင်တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဖေက ရန်ကုန်မှာ သူ့ဝင်ငွေနဲ့ အိမ်ထောင်စုကို မထိန်းနိုင်တော့လို့ အမေ့ကို နယ်ကမိဘထံမှာ ပြန်နေလို့ ပြောတာနဲ့ အမေနဲ့ကလေးငယ်နှစ်ယောက် နယ်မှာပြန်နေရပါတယ်။

ကျွန်မလည်း အဖေ့သမီးဆိုတော့ အဖေ့ဆီက အားနာတတ်တို့ သူများလိုတယ်ဆိုရင် ပေးချင်တာတို့စတဲ့ စိတ်ကောင်း စေတနာတွေကတော့ ရှိနေပါတယ်။ သို့ပေမယ့် ကိုယ်လည်း အလုပ်လုပ်နေတာပဲ။ စားဝတ်နေရေးအတွက် ရုန်းကန်နေတာပဲ။ ပိုတယ်လျှံတယ်လည်း

www.burmeseclassic.com



မရှိလှဘူးလေ။ အဲသည်လို အနေအစားမှာမှ သူငယ်ချင်းတစ်ယောက်က ငွေလိုလှချည်ရဲ့ဆိုလို့ ကျွန်မက အဖေ့သမီးပီပီ ကိုယ့်မှာ ရှိတာကလေးကို ထုတ်ပေးလိုက်ပါတယ်။ ငွေပိုကလေး ရှိနေအောင်ကလည်း ကျစ်ကျစ်ပါအောင် စုထားရတာပါ။ ကျွန်မက အမေ့ဆီကို ငွေပို့ပေးနိုင်အောင် အလုပ်ကိုပိုပြီး လုပ်ချင်ပါတယ်။ အဲသည်တော့ ကွန်ပျူတာသင်တန်းတက်နိုင်အောင် မစားရက်မသောက်ရက် ငွေစုလာတာကြာပါပြီ။

တခြားသူငယ်ချင်းတစ်ယောက်ကို ကျွန်မက အိအိခင် ငွေလိုလို့ ထုတ်ချေးလိုက်ရတဲ့အကြောင်းကို ပြောဖြစ်ပါတယ်။ အဲသည်လို ထ… ပြောဖြစ်ရတာကလည်း သူနဲ့ကွန်ပျူတာသင်တန်း အတူတက်မယ်လို့ ချိန်းထားကြတာကြောင့်ပါပဲ။ အဲသည်တော့ မိပုတ်လို့ ကျွန်မတို့ ခေါ်ကြတဲ့ သူငယ်ချင်းက ဘာရယ် နင်ကများ အိအိခင်ကို ငွေထုတ်ချေးရတယ်။ ကွန်ပျူတာတက်ဖို့ စုထားတဲ့ငွေနဲ့ ဟုတ်လား။ နင်တို့သားအဖကတော့လေ ကိုယ်ကျိုးစီးပွားကို အထိနိုက်ခံပြီး သဘောကောင်းနေကြတာ၊ ပုံမှန်မှ ဟုတ်ရဲ့လားလို့ ပြောပါတယ်။ ကျွန်မမှာ မျက်နှာကို လက်ပြန်ချတာခံလိုက်ရသလို ဖျဉ်းခနဲဖြစ်သွားပါတယ်။ မိပုတ်က အဖေ့ကိုပါထည့်ပြောလို့ပါပဲ။ နောက်တော့ မိပုတ်က ဆက်ပြောပါတယ်၊ အိအိခင်က အဲသည်ငွေကို မရရင် သူ့မှာ အဆောင်ကဆင်းပြေးရတော့မယ်၊ အဆောင်ကြေးက မသွင်းနိုင်တာကြာပြီ။ အမေက ငွေလိုလို့ သူ့အလုပ်ရှင်ဆီက ချေးထားတာကြာနေပြီ။ နောက်တစ်ခါထပ်ချေးလို့ မရမှာစိုးလို့ ဖွဲ့ဆပ်ထားချင်တယ်ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ လူတကာဆီက ငွေတွေလှည့်ချေးနေတာ ကြာခဲ့ပြီ။ အခုနင့်ဆီက ချေးတဲ့ငွေနဲ့ ခေါက်မြင့်ဖိနပ် အထူကြီးတစ်ရံ ဝယ်တာဟဲ့။ ထောင်ကျော်ပေးရတယ်ဆိုတာ နင့်ငွေတွေပဲ။ သူက အဲသည်လို လူတကာဆီက ငွေတွေနဲ့ ကြော့ကြော့ကလေးနေနေတာ၊ နင်ကပင်ပန်းကြီးစွာ စုထားရ



တာ ငါမခံနိုင်ဘူး၊ အဲသည်မိန်းမကို သွားပြောမယ်ဆိုတော့ ကျွန်မက ဆွဲထားမိတယ်၊ အိအိခင်ကို အားနာစရာကြီးဖြစ်သွားပြီလို့ တွေးမိတယ်။ မိပုတ် သိအောင်ပြောလိုက်မိလို့ပေါ့။ မိပုတ်ကတော့ ကျွန်မ ဘယ်လောက်ပဲတားတား အိအိခင်ဆီကိုသွားပြီး ပြောတာပါပဲ။ ပြီးတော့ ကျွန်မငွေတွေကို ပြန်ယူလာပါတယ်။ ရော့ မိအေး နင့်ငွေတွေ။ အဲသည်လို သွားတောင်းလို့ရတာကို အထင်ကြီးမနေနဲ့ဦး။ သူ့ကောင်တစ်ကောင်ဆီက ဘာဝယ်ချင်တယ်လို့ ပြောတောင်းထားတဲ့ ငွေလည်း မသိဘူး။ ရလာခဲ့တာကြောင့် နင့်ငွေကို ငါတောင်းလို့ရတာ။ မိအေး နင်စဉ်းစားစမ်း တကယ့်ကို စားရမဲ့သောက်ရမဲ့ ဖြစ်နေတဲ့သူတွေကို ပေးတာ၊ ဝတ်သင့်တာတောင်မှ မဝတ်ရတဲ့သူ၊ ဆေးကုသဖို့ သိပ်လိုတဲ့ သူများကို ကူညီတာကိုတော့ ငါမပြောလိုပါဘူး။ အခုတော့ နင်တို့သားအဖတွေဟာ ရသမျှငွေကို ကိုယ့်ငွေပဲ၊ သူများလိုတာကို ထောက်ပံ့တာပဲလို့ အောက်မေ့နေတယ်။

အမှန်က နင်တို့ရသမျှငွေဟာ နင်တို့အနေနဲ့ ပြုစုကျွေးမွေးဖို့တာဝန်ရှိတဲ့မိသားစုအနေနဲ့လည်း ပိုင်ဆိုင်ခွင့်ရှိတဲ့ငွေ ဖြစ်တယ်။ သူတို့က အိအိခင်တို့လို သူများဆီက ချေးတာငှားတာတွေ လုပ်မှာမဟုတ်ဘူး။ မစားရရင် အငတ်ခံနေမှာ။ နင်တို့အဖေက လူပျိုဘဝက သဘောကောင်းခဲ့တာကို အပြစ်ပြောစရာမလိုဘူး။ ဒုက္ခခံရမှာက သူတစ်ယောက်တည်းလေ။ အခုကတော့ သူ့မှာ တာဝန်ရှိတဲ့ နင်တို့လိုကလေးတွေရှိနေပြီ။ တကယ်တော့ ဆရာ့ငင်ငွေဟာ သိပ်ကောင်းတာပဲ။ နင်ကွန်ပျူတာတက်ချင်တာများ နင်ကိုယ်တိုင်တောင်မှ ငွေစုနေစရာ မလိုဘူး။ နင့်အဖေက ထုတ်ပေးရမှာ။ အခုတော့ ညာစားနေတဲ့ သူငယ်ချင်းလိုလို တပည့်လိုလိုလူတွေကြောင့် ဝင်ငွေကောင်းတဲ့ နင့်အဖေမှာ အဝတ်အစားလည်း ကောင်းကောင်းမရှိဘူး။ နယ်ကမိသားစုကိုလည်း ပိုပိုလျှံလျှံထောက်ပံ့သင့်ပါလျက် မထောက်ပံ့နိုင်ဘူးလို့ မပုတ်က လေရှည်ကြီး

www.burmeseclassic.com



နဲ့ဆူသလို ပူသလိုပြောပါတယ်။ ကျွန်မစိတ်ဆင်းရဲပေမယ့် မိပုတ်ပြောတာ မှန်နေတော့ ငြိမ်နေရပါတယ်။ မိပုတ် ပြောတဲ့စကား မှန်တာထက် မိပုတ်စေတနာ မှန်လို့လည်း ကျွန်မက စောဒကမတက်တာပါ။

အဲသည်လိုဖြစ်တာ သုံးလေးနှစ်တော့ ရှိပါပြီ။ အခုတော့ မိသားစုပြန်လည်ပေါင်းစည်းကာ နေနေကြပါပြီ။ အဖေကလည်း ပျော်နေပါတယ်။ အမေကလည်း အခုမှပဲ စိတ်အေးတော့တယ်လို့ ပြောပါတယ်။ သို့ပေမယ့် ကျွန်မတို့မှာ အိမ်ပိုင်မရှိသေးပါ။ အဖေ့ဝင်ငွေနဲ့ဆိုရင် အနည်းဆုံး တိုက်ခန်းကို ဝယ်ချင်ဝယ်၊ မဝယ်နိုင်သေးရင်လည်း စပေါ်ကောင်းကောင်းပေးပြီး ငှားနေလို့ရပါတယ်။ အခုလို အဖေ့မိတ်ဆွေအိမ်ထဲမှာ တဲလိုမျိုးထိုးပြီး နေစရာမလိုဘူးပေါ့။ အားလေ တဲနဲ့နေတာလည်း ကောင်းပါတယ်။ နယ်ကလူတွေက လာပြီးတည်းနေတာက တဲကျဉ်းကျဉ်းကလေးထဲမှာတောင်မှ ပြတ်တယ်ပဲ မရှိဘဲကိုး။ ကျွန်မတို့ကလည်း အဖေ့သမီးတွေ၊ အမေကလည်း အဖေ့ဇနီးဆိုတော့ အဖေ့သဘောတရားတွေကို လက်ခံရမိသလောက်တော့ ရပါတယ်။ အိမ်မှာလာပြီးတည်းနေတဲ့သူတွေက ဆေးကုဖို့ဆိုရင်လည်း အဖေက ကူညီတာပါပဲ။ အလုပ်ရှာဖို့ဆိုရင်လည်း ကူညီတာပါပဲ။ တချို့များ ဘာမှမလုပ်ဘဲ အားအားရားရား အိမ်မှာလာတည်းပြီး စားသောက်နေတာပါ။ အဖေကတော့ ငြိုငြင်ပုံပြဖို့မဆိုထားနဲ့ မရှိတာကို မရှိဘူးလို့တောင်မှ ဧည့်သည်ကို မသိစေရပါဘူး။ သူတို့အားနာမှာစိုးလို့ ဖြစ်ပါတယ်။

အဖေကတော့ ပကတိ သဘောတွေကောင်းနေတာပါပဲ။ ကျွန်မတို့မှာလည်း လိုအပ်ချက်များက စာရင်းရှည်လာပါတယ်။ တစ်ခါတလေလည်း အဖေက ကျွန်မတို့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ငွေတွေယူလာပေးပါတယ်။ ဘယ်လိုရတာလဲဆိုတော့ သုံးမှာသာ သုံးစမ်းဟာ၊ စကားမများနဲ့တဲ့။ ဪ အဖေ့နယ် အားမနာတမ်းလာပြီး ထိုင်စားတဲ့ ဧည့်သည်တွေ အားနာမှာစိုးလို့ သိဝှက်သလို သိပြန်ဝှက်ပြန်ပါပြီလို့ အောက်မေ့လိုက်ပါတယ်။



အတော်ကြီးကြာမှ သူများက သူ့ထံမှာ အလုပ်အပ်တာကို လုပ်မပေးနိုင်ဘဲနဲ့ ငွေယူလာပြီး သုံးပစ်လိုက်တာလို့ သိရပါတယ်။ အဖေလေ သဘောကတော့ ကောင်းတာအမှန်ပါပဲ။ သဘောကောင်းလွန်းတော့လည်း သဘောလွယ်ကာ ကျွန်မတို့မိသားစုတွေ ဖြစ်သလိုနေတာကိုလည်း ကြည့်နေနိုင်လာပါတယ်။ တစ်ခါတလေကျတော့လည်း ယူသင့်သုံးသင့်တဲ့ငွေ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ သုံးလိုက်တော့တာပါပဲ။ သူ့စည်းနဲ့သူ နေတဲ့သူတွေနဲ့တွေ့တော့ အဖေနာမည်ပျက်ပြန်ရောပေါ့။

www.burmeseclassic.com

## ၂၄။ ပါးစပ်ပါရင် ရွာရောက်တယ်

အဖေနဲ့အမေအကြောင်းကို ပြောချင်လို့ သားသမီးအကြောင်းကို ပြော ပြောနေရတာ ဖြစ်ပါတယ်။ အခုလည်း ကျွန်မ အမေအကြောင်းကို ပြောချင်လို့ ကျွန်မအကြောင်းကစပြီး ပြောချင်ပါတယ်။ အခုပြောမယ့် စကားကလည်း ကမ္ဘာမြေပုံပေါ်က ပျောက်ကွယ်သွားပြီဖြစ်တဲ့ ဆိုဗီယက် နိုင်ငံက လီနင်ဂရတ်မြို့ကို ကျွန်မသွားလည်စဉ်က အတွေ့အကြုံကလေး တစ်ခုဖြစ်ပါတယ်။ တကယ်လို့ အခုလို ၂၁ ရာစုဆန်းစ အခုလိုအချိန်မှာ တစ်ခါက ဆိုဗီယက်လို့ခေါ်ပေမယ့် နာမည်သာ ပြောင်းတာပါလေ၊ ရုရှားနသဟာယနိုင်ငံဖြစ်နေလည်း ဘာဖြစ်သေးလဲ၊ အခုစိန့်ပီတာစဘတ် လို့ခေါ်နေလည်း လွန်ခဲ့တဲ့အနှစ် ၃၀ ကျွန်မသွားလည်တဲ့ လီနင်ဂရတ်ကို အမည်ပြောင်းထားတာပဲ။ တည်နေရာလည်း မပြောင်း ရာသီဥတုလည်း မပြောင်းမှ မပြောင်းဘဲနဲ့ သွားလည်လို့ရတာပဲ။ ထူးပြီးလွမ်းစရာမလိုပါ ဘူးလို့ ပြောရင်တော့ ပြောင်းခဲ့ပြီလေ။ လူမှုရေးက တကယ့်ကိုပြောင်းခဲ့ ပါပြီ။ ဟိုတုန်းက အသက် ၃၀ အရွယ်များစွာ လုပကြော့ရှင်းတဲ့ မိန်းကလေးတစ်ယောက် အဖော်လည်းမပါ လိုက်ပြမယ့်သူလည်း မရှိဘဲနဲ့ မြေပုံတစ်ခုကိုကိုင်ကာ ၁၁ ရက်တိုင်တိုင် လီနင်ဂရတ်မှာ လည်ပတ်ခဲ့သလို အခုအချိန်မှာ ယောကျ်ားကလေးတွေတောင် လည် ပတ်လို့ မလုံခြုံတော့ပြီတဲ့။ အဲဒါကြောင့် ဟိုတုန်းကအကြောင်းကို ပြောပြချင်ပါတယ်။

ကျွန်မ လီနင်ဂရတ်သွားလည်တာက ၁၉၇၀ ဇွန်လ နောက်ဆုံး ပတ်မှာ ဖြစ်ပါတယ်။ မြန်မာပြည်ကိုပြန်တော့မှာမို့ နောက်တစ်ခေါက် လာလည်ဖို့ဆိုတာ မဖြစ်နိုင်မှန်းသိတာနဲ့ လီနင်ဂရတ်ကို အရောက်



သွားခဲ့ပါတယ်။ အဖော်ကလည်း မပါပါဘူး။ ဟိုရောက်တော့ လီနင် ဂရတ် ပညာရေးတက္ကသိုလ်က ပိတ်ထားချိန်ရောက်နေပြီဖြစ်လို့ လိုက်ပြ ပေးမယ့် ကျောင်းသူကို ရှာရဦးမယ်လို့ ဆိုပါတယ်။ အဖော်မရသေးခင် ထိုင်စောင့်နေဖို့ဆိုတာ မဖြစ်နိုင်လို့ ကျွန်မဘာသာ ကျွန်မလည်ပါတယ်၊ မြေပုံစာအုပ်ကိုတော့ အိတ်ထဲမှာထည့်ထားတာပေါ့လေ။ ကျွန်မမှာ သူငယ်ချင်းရဲ့ သူငယ်ချင်း (သူငယ်ချင်းတစ်ဝမ်းကွဲ) ဆရာမ အသိ တစ်ယောက် လီနင်ဂရတ်မှာရှိပေမယ့် သူတို့နိုင်ငံဆိုတာ အိမ်ရှင်ကို အမြဲမှီခိုလို့ မရပါဘူး။ ပြီးတော့ ဆရာမက ခြေတုနဲ့သွားလာနေရတာပါ။ အဲသည်တော့ ကျွန်မက အဆောင်မှာနေပြီး မနက်အစာကြီးစာကို ဝအောင်စားရပါတယ်။ ပြီးတော့ ချောကလက် ချိုချဉ်စတဲ့ သရေစာတွေ ကို အများကြီးဝယ်ပြီး အိတ်ထဲထည့်သွားပါတယ်။ တစ်နေကုန် ပြတိုက် တွေသွားပြီး ကြည့်ရှုလေ့လာခဲ့တာဟာ ညနေကျတော့ အဲသည်ချိုချဉ် တွေ ချောကလက်ထုပ်တွေ ကုန်သွားတာပါပဲ။ ရေကိုတော့ ပြတိုက်ထဲ မှာ စက်ထဲ ငွေအကြွေထည့်ပြီး သောက်ပါတယ်။

ညနေစောင်း ပြန်တဲ့အချိန်ကျတော့ အဆောင်ကို ဝင်ခါနီးမှာ လမ်းဘေးဆိုင်ကလေးတွေက သခွားသီးနဲ့ ခရမ်းချဉ်သီး ဝယ်သွားပြီး အဆောင်ရောက်လို့ အိပ်ခါနီးမှာ စားရပါတယ်။ နေ့လည် နေ့ခင်း ထမင်းဆိုင်တွေ့တိုင်းလည်း ဝင်မစားဖြစ်ပါဘူး။ မိန်းကလေးတစ်ယောက် တည်းဆိုတော့ အမ်းနေတာပေါ့။ တကယ်ဆိုတော့ အဲသည်ခေတ်က နေ့လည်မှာ ထမင်းနဲ့အတူ အရက်ဝယ်လို့မရပါဘူး။ ညနေရောက် မှ အရက်ရောင်းပါတယ်။ အဲသည်အချိန်မှာတော့ မိန်းကလေး တစ်ယောက်တည်း လာစားလည်း ဆိုင်ထဲကို အဝင်မခံပါဘူး။ ဘာပဲ ပြောပြော ဆိုင်သေးသေး လူနည်းနည်းနဲ့ကြုံမှ ကျွန်မ နေ့လည်စာ ဝင်စားဖြစ်ပါတယ်။

တစ်နေ့တော့ ကျွန်မထမင်းဆိုင်တစ်ဆိုင်မှာ ဝင်စားပါတယ်။

www.burmeseclassic.com



စားချင်တာကို မှာထားတုန်း ကျွန်မက ကဗျာစာအုပ်တစ်အုပ် ဖတ်နေပါတယ်။ ပွတ်ရှကင်ရဲ့ ကဗျာများဖြစ်ပါတယ်၊ ရုရှလိုဖတ်နေတာပါ။ ကျွန်မထိုင်နေတဲ့စားပွဲပေါ်မှာ အုဇယ်ချင်းဆရာမကိုပေးဖို့ ပန်းစည်းတစ်စည်း တင်ထားပါတယ်။ ကျွန်မက မြန်မာရင်ဖုံးလက်ရှည် ပန်းရောင်၊ မြန်မာချိတ်ပန်းရောင်ကို ဝတ်ထားပါတယ်။ ဆံထုံးက ဆံမြိတ်ချလို့ပါ။ ဆံထိုးထိုးထားပါသေးတယ်။ အဲသည်မြင်ကွင်းကို ဖော်ပြနေရတာက ကျွန်မဟာ ထမင်းဆိုင်သေးသေးကလေးထဲမှာ ဘယ်လောက်များ ထင်းနေမလဲဆိုတာကို သိစေချင်လို့ ဖြစ်ပါတယ်။ ကဗျာစာအုပ်ကို ဖတ်နေတုန်းမှာ လူနှစ်ယောက်က ထိုင်ပါရစေလို့ ခွင့်တောင်းပါတယ်၊ ကျွန်မ ထမင်းစားချိန်ကလည်း ရုံးတွေ အလုပ်ဌာနတွေက ထမင်းစားချိန် ဖြစ်နေပါတယ်။ လူပြည့်နေတော့ ကျွန်မထိုင်တဲ့စားပွဲမှာသာ နေရာလွတ်ရှိနေသေးတာကြောင့် ခွင့်တောင်းတာပါ။ ကျွန်မက ထိုင်ပါရှင်၊ ထိုင်ပါလို့ပြောပြီး စာဆက်ဖတ်နေပါတယ်။

မှာထားတဲ့ စားစရာတွေရတော့ စာအုပ်ကိုချပြီး စားမယ်လို့ ပြင်ပါတယ်။ နောက်ရောက်တဲ့လူနှစ်ယောက်က ကျွန်မကိုမြင်ရတာ သူတို့အတွက် ထူးဆန်းလွန်းလို့ ကျွန်မကိုငေးကြည့်နေတာနဲ့ ပြုံးပြလိုက်ပါတယ်။ သူတို့က တစ်ယောက်ပြီးတစ်ယောက်ဆိုသလို စကားပြောပါတယ်။ ပွတ်ရှကင်ရဲ့ ကဗျာစာအုပ်ကို ဖတ်နေတော့ ရုရှလိုကောင်းကောင်း တတ်မှာပဲလို့ထင်ပါတယ်ကစပြီး ဘယ်ကလာတာလဲ။ ဘာလူမျိုးလဲစတဲ့ မေးခွန်းတွေကို မေးတော့တာပါပဲ။ စကားပြောတာဆိုတာ အလွန်ရည်မွန်ပါတယ်။ နောက်တော့ ပြောရင်း ပြောရင်း မော်စကိုက ကျွန်မနေတဲ့အဆောင်နားက ဆေးကျောင်းကဆင်းတဲ့ ဆရာဝန်တွေမှန်း သိလာရပါတယ်။ သူတို့က အသက် ၃၀ အရွယ်ရှိနေပြီဖြစ်တဲ့ ကျွန်မကို ၂၀ တောင်မှ မပြည့်တတ်သေးဘူးလို့ ထင်ထားပါတယ်။ ကျွန်မတို့ အရှေ့တိုင်းသူတွေက အရိုးအဆစ်သေးပြီး အသားအရေ



ညက်တာကြောင့်လည်း သူတို့မျက်စိထဲမှာ နုနေတာဖြစ်ပါလိမ့်မယ်။ အဲဒါကြောင့်လည်း ဒီလိုအရွယ်ငယ်ငယ်ကလေးနဲ့ အဝေးကြီးကလာပြီး ပညာသင်တယ်။ ပြီးတော့ တစ်ယောက်တည်း လီနင်ဂရတ်ကို လာလည်တယ်ဟုတ်လားလို့ မေးမေးပြောပြော ပြောကြပါတယ်။

ကျွန်မကလည်း အသက် ၃၀ တောင်ရှိပြီ။ ပြီးတော့ ပါရဂူဘွဲ့ကိုလည်း မကြာခင်က ရပြီးပြီ။ မြန်မာပြည်မပြန်ခင် လီနင်ဂရတ်ရဲ့ အလှကို လာကြည့်တာဖြစ်တယ်။ ကျွန်မကို အမေက ပါးစပ်ပါရင် ရွာရောက်တယ်လို့ သင်ထားဖူးတယ်။ ကျွန်မက ရုရှလိုကောင်းကောင်း ပြောနိုင်တယ်လေ။ အဲဒါ ပါးစပ်ပါတာပေါ့။ လီနင်ဂရတ်ကလည်း သာမန်ရွာ မဟုတ်ဘူး။ ကမ္ဘာ့ရွာကြီးလေလို့ ပြုံးပြုံးရွှင်ရွှင်ပြောဆိုရင်း စားရသောက်ရပါတယ်။ သူတို့ကလည်း ဟာ ကျွန်တော်တို့ ရုရှစကားပုံနဲ့ တူတယ်။ ကီးယက်ဗ်မြို့ကို လျှာက အရောက်ပို့လိမ့်မယ်ဆိုတဲ့ စကားပုံရှိတယ်။ ကောင်းလိုက်တာနော်လို့ ပြောကြပါတယ်။ ကျွန်မက ဆက်ပြီး ပြောမိပါတယ်။ ကျွန်မအမေက သွားသင့်တဲ့နေရာကို ကိုယ့်ဘာသာကိုယ် မသွားရဲဘူးဆိုရင် အမေက ရိုက်ပို့ရလိမ့်မယ်လို့ ကျွန်မငယ်ငယ်ကတည်းက ပြောတတ်တယ်ဆိုတော့ ဟာ ပိုတောင်မှ ကောင်းပြန်ရော၊ နားလည်ပြီ၊ နားလည်ပြီ။ မိန်းကလေးတစ်ယောက်တည်း အကြောက်အလန့်မရှိ ကျွန်တော်တို့မြို့ကို လာရဲတဲ့အတွက် ကျွန်တော်တို့ ခင်ဗျားအမေကို ချီးကျူးရမယ်၊ ခင်ဗျားအမေကို ပြန်တွေ့ရင် သူစိမ်းနှစ်ယောက်က လေးစားပါတယ်လို့ မှာလိုက်ကြောင်း ပြောပေးပါလို့ ဆိုကြပါတယ်။

ကျွန်မအမေက အဲသည်လို ဂုဏ်ယူနိုင်တဲ့ အမေမျိုးဖြစ်ပါတယ်။

www.burmeseclassic.com

## ၂၅။ အဖေအမေတို့ရဲ့ ချစ်ခြင်းပြယုဂ်

ကျွန်မဟာ အငြိမ်းစား ယူပြီးတဲ့အချိန်မှာလည်း ဌာနကညီမများနဲ့ မကြာခဏဆိုသလို တယ်လီဖုန်းနဲ့စကားပြောကြ လူချင်းတွေ့ဆုံကြနဲ့ နေခဲ့ပါတယ်။ အမြဲလိုလိုတွေ့ဆုံဖို့ဆိုတာက အခုလိုခေတ်ကြီးထဲကို ရောက်နေတဲ့ လူသားများအတွက် မဖြစ်နိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ အမြန်နှုန်းနဲ့သွားနေတဲ့ လူ့လောကကြီးကို အမီလိုက်နိုင်ဖို့ ပြေးလွှားနေကြရတာကြောင့် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အဲသည်လိုဖြစ်လာတာ မကြာသေးပေမယ့် ကမ္ဘာ့အရပ်ရပ်မှာ အဲသည်လို အားအန်ထုတ်ပြီး ကြိုးကုတ်နေကြရတာ ကြာခဲ့ပါပြီ။ အငြိမ်းစားဖြစ်တဲ့ ကျွန်မကိုယ်တိုင် အဲသည်လို အဖြစ်မျိုးနဲ့ ကြုံနေရတဲ့အခါမှာ အလုပ်ခွင်ထဲက ညီမလေးတွေကို ကျွန်မဆီ မလာနဲ့ မလာနဲ့လို့ တား[illegible]ပါတယ်။ သူတို့ကလည်း ကိစ္စရှိရင် အားမနာနဲ့ လက်ထဲကအလုပ်တွေ[illegible]ချပြီး လာခဲ့မယ်လို့ ဆိုပေမယ့် ကျွန်မက သူတို့ကို စာနာလို့တစ်ကြောင်း၊ နေကောင်းထိုင်သာရှိနေလို့ တစ်ကြောင်းကြောင့် မခေါ်ဖြစ်ခဲ့ပါဘူး။

ညီမလေးတွေက မလာနဲ့ဆိုရင်လည်း လာမှာပဲလို့ ပြောတတ်တာကတော့ ဝါကျွတ်တဲ့အချိန်မှာ ဖြစ်ပါတယ်။ ကျွန်မကလည်း လူကိုသာတွေ့ချင်တာနော်၊ လက်ဆောင်က အရေးမကြီးဘူး။ မယူခဲ့နဲ့လို့ ပြောရပါတယ်။ ဟန်ဆောင်ပြောတာ မဟုတ်ပါဘူး။ လူချင်းတွေ့လိုက်ရင် လက်ဆောင်ပစ္စည်းနဲ့ မနှိုင်းယှဉ်လောက်အောင် တန်ဖိုးကြီးမားတဲ့ ချစ်ခင်ခြင်း လေးစားခြင်း အနှစ်သာရများနဲ့ ပြောတဲ့စကားများကို ကြားကြရပါတယ်။ အချင်းချင်းလည်း အမျက်အအီမရှိတဲ့ မျက်စိနဲ့ ကြည့်နိုင်ကြပါတယ်။



ကနေ့လာတဲ့ညီမလေးနဲ့ စကားပြောရာက ရလာတဲ့အကြောင်းအရာကလေးက ဘယ်လောက်အနှစ်သာရ ရှိသလဲဆိုတာ ပြောပြချင်ပါတယ်။ ညီမလေးက သူ့မိသားစုကို သိပ်တွယ်တာပြီး ကောင်းစေချင်လို့ ကောင်းရာကောင်းကြောင်း ကိစ္စများကို ပြည့်စုံအောင် ကြိုးစားပြီး လုပ်ကိုင်ဆောင်ရွက်တတ်တဲ့ မိခင်ကောင်းတစ်ယောက် ဖြစ်ပါတယ်။ သားတစ်ယောက် သမီးနှစ်ယောက်ရှိရာမှာ ကျွန်မတို့အားလုံး မုဒိတာပွားနိုင်အောင် လိမ္မာယဉ်ကျေးကြပါတယ်။

ညီမလေးက သူ့သားအကြောင်းကို ခဏခဏ ပြောပါတယ်။ နိုင်ငံရပ်ခြားကိုထွက်ပြီး စီးပွားရှာရင်း မိဘကိုလုပ်ကျွေးနေတဲ့ သားအကြောင်းက ပြောကိုပြောရမယ့်အကြောင်းလည်း ဖြစ်နေတာကိုး။ ဒီတစ်ပတ် ညီမလေးတို့လာကြတော့ ကျွန်မက အဖေနဲ့အမေအကြောင်းကို ရေးနေတယ်ဆိုပြီး မိဘများအကြောင်းကို ပြောပြတဲ့အခါ ညီမလေးက ဟုတ်ပါ့မမရယ်။ သီသီလေ အသက် ၃၀ ဆယ်ကျော်လို့ ၄၀ ရောက်တဲ့အထိ ဖေဒင်မမေးဖူးဘူးမမရဲ့။ သို့ပေမယ့် သားကြီး ပထမအခေါက် နိုင်ငံခြားထွက်တော့ စိတ်ပူတာကိုး။ သားကြီး အလုပ်အကိုင်ကလည်း စစချင်းဆိုတော့ သိပ်အဆင်မပြေလှသေးဘူးလေ။ ကိုယ်လည်း နိုင်ငံရပ်ခြားကို ထွက်ခဲ့တာပါပဲ။ နိုင်ငံခြားကို ပညာရှာဖို့ပဲသွားသွား စီးပွားရှာဖို့ပဲသွားသွား အလုံးစုံ အဆင်ပြေလှတယ်လို့ ပြောဖို့ခက်ပါတယ်။ ကိုယ့်တုန်းက ကိုယ့်ဘာသာရုန်းကန်ခဲ့ပေမယ့် သားကျတော့ နိုင်ငံခြားမှာ သိပ်များစိတ်ဆင်းရဲနေမလား ဆိုပြီး ဘာမှမလုပ်တတ်တာနဲ့ ဖေဒင်သွားမေးခဲ့မိတယ် မမရဲ့။ အမေများ အဲသည်လိုနော် သားသမီးအတွက်ဆိုရင် လိုလေသေးမရှိချင်လို့ ကိုယ့်မှုကိုယ့်ဟန်လည်း စွန့်ပြီး ကောင်းနိုးရာရာကို အကုန်လုပ်တာပဲ မမရဲ့ တဲ့။ အဲသည်လိုနဲ့ ကျွန်မတို့ ညီအစ်မ စကားထွေရာပြောရင်း စကားဆိုတာ တိမ်များလို အသွင်အမျိုးမျိုးပြောင်းသွားလိုက်တာ တစ်ပတ်ကိုတစ်ခါ ကျွန်မတို့လက်ထဲမှာ

www.burmeseclassic.com



သံဃာတော်များ ကြွတော်မူလို့ တန်းဆွမ်းလောင်းရတဲ့ အကြောင်းကို ရောက်သွားပြန်ပါတယ်။

မမရယ် သီသီတို့လမ်းထဲကို အင်္ဂါနဲ့ သောကြာနေ့တွေမှာ တန်းဆွမ်းကြွတယ်၊ အင်္ဂါနေ့က သားကြီးမွေးနေ့လေ။ သောကြာက ညီမမွေးနေ့။ သားကြီးအတွက် သေသေချာချာ လောင်းရတယ်၊ မမ မောင်ကလေ သူ့သားကြီးသွားလေရာ လာလေရာ ခလုတ်မထိ ဆူးမငြိအောင် သွားလမ်းလာလမ်း ဖြောင့်ဖြူးအောင် သံဃာတော်များ ဆွမ်းကြွတဲ့နေ့ဆိုရင် တစ်လမ်းလုံး ပြောင်နေအောင် တံမြက်စည်းလှည်းတာပဲ မမရယ်လို့ ပြောပါတယ်။ အဲသည်စကားကို ကြားရတာ ကျွန်မစိတ်ထဲမှာ ကြည်နူးသွားပါတယ်။ လမ်းကို တံမြက်စီးလှည်းတဲ့အလေ့ဟာ သိပ်ကောင်းပါတယ်။ အဲသည်လမ်းတစ်လျှောက်ကို လျှောက်လှမ်းနေကြရတဲ့ သံဃာတော်များရော၊ လူသူအများပါ စိတ်ရှင်းသွားမှာပါပဲ။ တူသောအကျိုးဆိုတာ မလိုချင်ပါဘူးဆိုလို့ မရပါဘူး။ ကောင်းတာကို အကြောင်းခံထားရင် ကောင်းတဲ့အကျိုးကို ရမှာပါပဲ။ ဖခင်ဖြစ်သူက ရတနာသုံးပါးကို ကိုင်းရှိုင်းတဲ့သူဆိုတော့ စေတနာသည် ကံဆိုတာကို ကောင်းကောင်းသိပါတယ်။ ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုးစားတဲ့ သူများလည်း ဖြစ်ကြပါတယ်။ အဲသည်လို ဖခင်က သူရရှိမယ့် ကုသိုလ်အကျိုးကို သားကြီးရပါစေဆိုတဲ့ ကိုင်းညွတ်မှုမျိုးထားပြီး ဆုတောင်း မေတ္တာပို့သကာ တံမြက်လှည်းနေတာကို ကျွန်မစိတ်ကူးနဲ့တွင် ကြည်နူးဝမ်းသာ ဖြစ်ရပါတယ်။

ကျွန်မမေမေကိုလည်း သတိရလိုက်ပါတယ်၊ သမီးမွေးနေ့တိုင်းမှာ မေမေ နှင်းဆီပန်းတွေ ဘုရားမှာ ကပ်လှူတယ်။ မနက်တိုင်း သတိရပြီး စိတ်နဲ့ရည်မှန်းပြီး ဘုရားကို ကပ်လိုက်ပါသမီး။ သာဓုလည်း ခေါ်ပါလို့ ကျွန်မအဝေးကိုရောက်နေတုန်းက မေမေရေးတဲ့စာတွေထဲမှာ ပါတတ်ပါတယ်။ မိဘများဟာ ဘယ်သား ဘယ်သမီးကိုမှ မေ့ကျန်ရစ်တယ်ဆိုတာ မရှိတတ်ပါဘူး။



မောင်လေး သေကောင်ပေါင်းလဲဖြစ်ပြီး ဆေးရုံတက်နေရတုန်းက မောင်လေးနဲ့ နံတူအပင်ဖြစ်တဲ့ ပေါက်ပန်းဖြူပင်ကို စိုက်ပြီး မေမေ ရေလောင်းလိုက်တာ နေ့တိုင်းပါပဲ။ မေမေ လောင်းတဲ့ရေက မြတ်စွာဘုရားကိုကပ်တဲ့ သောက်တော်ရေ ဖြစ်ပါတယ်။ ပရိတ်တော်တွေကို ရွတ်ဆိုပူဇော်ထားတဲ့ရေဖြစ်လို့ မေမေက ဒီကနေ့ ရေတော်ကပ်ရင် မနေ့ညက ရေတော်ကို ပုံးတစ်လုံးထဲမှာ ထည့်ထားလိုက်ပါတယ်။ ဘုရားရှိခိုးပြီးရင် ပေါက်ပန်းဖြူပင်ကို လောင်းတာပါပဲ။ ပေါက်ပန်းဖြူပင်က သုံးပင်ဖြစ်ပါတယ်။ တစ်နေ့မှာတော့ မိုးဖွဲဖွဲရွာနေပါတယ်။ မေမေက သူ့ခေါင်းပေါ်မှာ မျက်နှာသုတ်ပဝါကလေးဆောင်းပြီး ပေါက်ပန်းဖြူပင်များကို ရေလောင်းနေပါတယ်၊ ရေလောင်းတာက ရေကုန်ပြီးရော လောင်းတာမဟုတ်ဘဲ သားကလေးအတွက် ဆုမွန်ကောင်းတောင်းပြီး ရေကို ဖြည်းဖြည်းချင်း လောင်းနေတာဆိုတော့ မေမေ့ကို မိုးစိုတော့တာပေါ့။ ကျွန်မက မေမေ မိုးစိုကုန်ပြီလို့ ပြောလိုက်ချင်ပေမဲ့ သားအပေါ်မှာထားရှိတဲ့ မေမေ့စေတနာကို လေးစားလွန်းလို့ ပြောမထွက်ခဲ့ပါဘူး။ အဲသည်လို မိဘမေတ္တာစေတနာကို သားသမီးက ခံယူတတ်ရင် ပိုပြီးအကျိုးထက်မြက်မှာဖြစ်လို့ သားသမီးများအနေနဲ့ မိဘမေတ္တာကို မလေးမစားလုပ်ရာကျမယ့် အပြုအမူမျိုးကို သတိထားပြီး ရှောင်ရှားကြဖို့ လိုအပ်ပါတယ်။

မိဘများအနေနဲ့ကလည်း လုပ်စရာကိစ္စဟူသမျှကို ကိုယ်တိုင်ကိုယ်ကျ လုပ်တတ်တဲ့အကျင့် သားသမီးမှာ စွဲမြဲသွားအောင် သင်ကြားကြဖို့ မမေ့စေချင်ပါဘူး။ ဘုရား တရား သံဃာများနဲ့ ပတ်သက်တဲ့ကိစ္စဟူသမျှကို သားသမီးများကိုယ်တိုင် လုပ်တတ်အောင် သင်ထားတော့ ပိုပြီးစိတ်ချရတာပေါ့လေ။

www.burmeseclassic.com

## ၂၆။ ရေနည်းငါး

ကျွန်မတို့ငယ်ငယ်က နယ်ကမြို့ကလေးတစ်မြို့မှာ နေခဲ့ရဖူးပါတယ်။ လူတွေဟာ အချင်းချင်းရိုင်းပင်းကြပါတယ်။ တစ်ဦးဒုက္ခ တစ်ဦးက သိနိုင်ကြသလို ကူညီနိုင်ကြတဲ့ စိတ်နေသဘာဝ ရှိပါတယ်။ မိသားစု ကြီးတစ်ခုလိုပါပဲ။ တစ်အိမ်အိမ်မှာ လူမမာသည်းနေတယ်ဆိုရင် ညဦး နက်သန်းခေါင်အထိ သွားရောက်ပြီး အကူအညီပေးလေ့ ရှိပါတယ်။ တစ်ခါတလေ အိပ်ရာကထသွားတာတို့ ဘာတို့လည်း ရှိတတ်ပါတယ်။

ကျွန်မတို့အမေ ခဏခဏသွားတဲ့နေရာက အောက်ဘက်မှာ လှေထောင်ရှိတဲ့ အိမ်မြင့်မြင့်တစ်ဆောင်ပဲ ဖြစ်ပါတယ်။ အဲသည်အိမ်ပေါ်မှာ နေတဲ့သူက မေမေ့သူငယ်ချင်းရယ်၊ သူ့သားကလေးနဲ့ သမီးကလေးရယ် ခြေထောက်မှာ အနာကြီးနဲ့ ဘွားဘွားကြီးတစ်ယောက်ရယ် ဖြစ်ပါတယ်။ မေမေ့သူငယ်ချင်း ယောကျ်ားကလေးတွေရဲ့ အဖေကတော့ အိမ်ကနေပြီး စီးပွားရှာဖို့ထွက်သွားတာ ဘယ်ရောက်မှန်း မသိပါဘူး။ သူ့ညီအစ်ကိုမောင်နှမတွေကတော့ အများကြီးပါပဲ။ လူပျိုကြီးတွေ အပျိုကြီးတွေ စုပြီးနေကြပါတယ်။ မိဘများကတော့ ဆုံးပါးသွားပြီ ဖြစ်ပါတယ်။

ကလေးတွေရဲ့အဘွားက ခြေထောက်မှာ ပေါက်နေတဲ့အနာကြောင့် ဆုံးပါးသွားပါတယ်။ ဂျပန်ခေတ်မှာ လိုအပ်တဲ့ဆေး မရတာကြောင့် ကောင်းကောင်းမကုနိုင်ဘဲ ဆုံးသွားတာပါ။ အဲသည်လိုနဲ့ ကျွန်မအမေက သွားသွားပြီး စားစရာကအစ ပေးရပါတယ်။ နောက်ဆုံးတော့ ကလေးအမေလည်း ဆုံးသွားပါတယ်။ ကျွန်မ မှတ်မိပါသေးတယ်။ နေ့တစ်နေ့ရဲ့ မနက်စောစောမှာ အဲသည်အမျိုးသမီးရဲ့ သားဖြစ်သူက



ကျွန်မအမေကို လာပြောဖို့အလာ ကျွန်မနဲ့လမ်းမှာတွေ့ပါတယ်။ ငါတို့အမေ သေပြီလို့ပြောတဲ့ သူ့မျက်နှာကလေးက ငယ်ပြီးညှိုးနေတာကို ကလေးပေမယ့် သိပါတယ်။ ပြီးတော့ အနစ်နာခံနေတဲ့အချိန်မှာတောင် ပြန်ပြီးမြင်ယောင်လာသလိုပါပဲ။

မေမေက ကလေးတွေကိုရော အသုဘကိုရော ဂရုစိုက်ပါတယ်။ အဲသည်လိုအချိန်မှာတော့ ကလေးတွေအဖေရဲ့ ညီအစ်ကိုမောင်နှမတွေက ဝိုင်းပါတယ်။ ကလေးနှစ်ယောက်ကိုလည်း ခေါ်သွားကြပါတယ်။ သူတို့အိမ်က ကျွန်မတို့နဲ့ တစ်ရပ်တည်းပါ။ ညီအစ်ကိုမောင်နှမတွေက ညီညီညာညာ စည်းစည်းလုံးလုံးရှိကြပါတယ်။ ဒါပေမဲ့ ညင်သာသိမ်မွေ့တဲ့သူများ မဟုတ်ကြပါဘူး။ သူတို့ကို အပြစ်တင်လို့လည်း မရဘူးလေ။ သူတို့ကလည်း ကိုယ့်အားကိုယ်ကိုးပြီး နေကြရတဲ့သူတွေ၊ သူတို့ကိုယ်တိုင်တောင်မှ အိမ်ထောင်ရှိကြတာ မဟုတ်ပါဘူး။ အဲသည်တော့ ကလေးနှစ်ယောက်ဟာ အစားအစာတော့ မငတ်ပါဘူး။ မေတ္တာတော့ ငတ်ပါတယ်။ အငယ်မကလေးဟာ တော်တော်ကြာတော့ ဆုံးသွားပါလေရော။ သူကလေးက အငယ်လည်းဖြစ်ပါတယ်။ အမေရုတ်တရက်ပျောက်သွားပြီး ကြင်နာယုယမှုကင်းတဲ့ ပတ်ဝန်းကျင်ကိုရောက်လာတော့ ဘယ်လိုမှ မရှင်သန်နိုင်တော့ဘူး ထင်ပါတယ်။ အဲသည်လိုတွေးတာက နောက်တော်တော်ကြီးမှ တွေးမိတာ ဖြစ်ပါတယ်။

တောမြို့ကလေးမှာ စစ်ပြီးစအချိန်ရောက်တော့ ဖြိုးဖြိုးဖြောက်ဖြောက်ဆိုသလို ပျော်ပွဲရွှင်ပွဲကလေးတွေ ဘုရားပွဲတော်ကလေးတွေ ကျင်းပလာကြပါတယ်။ တစ်နေ့တော့ ကျွန်မတို့အိမ်နီးချင်း ဘွားဘွားက ကျွန်မကို ပွဲဈေးလျှောက်ဖို့ ခေါ်ပါတယ်။ ကျွန်မတို့သွားခါနီးမှာ မေမေ့သူငယ်ချင်းသား မိုးတုတ်ကလေးကိုလည်း သူ့အဒေါ်ဘွားဘွား ဆီလာပြီး အပ်ပါတယ်။ ဘုရားပွဲကို သွားတဲ့အခါ ခေါ်သွားဖို့

www.burmeseclassic.com



ပါပဲ။ ဖိုးတုတ်ကလေးက ဘိုကေတွေဘာတွေဖြီးလို့ ပုဆိုးအသစ်ကလေးနဲ့ လူကြီးကလေးလိုပါပဲ။ အသက်ကတော့ ကျွန်မတို့နှစ်ယောက်က မတိမ်းမယိမ်းဆိုတော့ ၇ နှစ်သာသာလောက် ရှိမယ်ထင်ပါတယ်။ ဖိုးတုတ်ကလေးနဲ့ ကျွန်မတို့ဘွားဘွားနဲ့အတူ ဘုရားသွားတော့ ပထမဆုံး ပွဲဈေးလျှောက်ပါတယ်။ ကျွန်မကို မေမေက မုန့်ဖိုး တစ်မူးပေးလိုက်ပါတယ်။ ကျွန်မက ဟိုမုန့်စားရကောင်းနိုး ဒီမုန့်စားရကောင်းနိုးဖြစ်နေပါတယ်။ ဘွားဘွားကြီးကလည်း သူဝယ်ကျွေးမယ်လို့ ပြောပါတယ်။ ဖိုးတုတ်ကလေးက သူဘာမုမစားချင်ဘူးလို့ အပြတ်ငြင်းနေတော့ ဘွားဘွားက မင်းမှာ မုန့်ဖိုးမပါလို့လားလို့ မေးပါတယ်။ ဖိုးတုတ်က သူ့အိတ်ကလေးထဲက ပိုက်ဆံတစ်မူးကို ထုတ်ပြပါတယ်။

အဲသည်လိုနဲ့ မတင်မကျနဲ့ ဘုရားရှေ့ရောက်သွားပြီး ဘုရားဖူးကြပါတယ်။ ပြီးတော့ ကျွန်မက ပါတဲ့ပိုက်ဆံထဲက နှစ်ပြားကို ဘုရားကို လှူပါတယ်။ ဘွားဘွားက ဖိုးတုတ်ကလေးလည်း လှူလိုက်လေလို့ တိုက်တွန်းတော့ ဖိုးတုတ်က ပြန်ပြောတာက ကျွန်တော့ကို ဒေါ်လေးလှက မှာလိုက်တယ်။ ဒီပိုက်ဆံကို ထည့်ပေးလိုက်တာက မျက်နှာမငယ်အောင် ထည့်ပေးလိုက်တာတဲ့။ သုံးဖို့မဟုတ်ဘူးတဲ့။ အဲသည်တော့ ကျွန်တော်မလှူနိုင်ဘူး။ မုန့်လည်းမစားနိုင်ဘူးလို့ ပြောပါတယ်။

ဘွားဘွားလည်း တော်တော်စိတ်ညစ်သွားတယ်နဲ့ တူပါတယ်။ ဘာမှကိုမပြောတော့ပါဘူး။ အပြန်မှာ ကျွန်မတို့ကို မုန့်တွေဝယ်ကျွေးပါတယ်။ ဖိုးတုတ်ကလည်း ကလေးပဲ။ စားချင်တာပေါ့။ အတင်းကျွေးတော့ စားတာပါပဲ။ အိမ်ပြန်ရောက်တော့ ဂုဏ်ရှိဖို့ထည့်ပေးလိုက်တဲ့ ပိုက်ဆံအကြောင်းကို ကျွန်မက မေမေ့ကိုပြောပြတော့ မေမေက တော်တော်ကလေး မျက်နှာမကောင်းပါဘူး။ အမိမဲ့သား ရေနည်းငါးပေါ့ သမီးရယ်လို့ ပြောပါတယ်။ ကျော်ကလည်း သေသည် ရှင်သည်မသိ



ဖြစ်နေတော့ ဖိုးတုတ်ဟာ အားကိုးစရာဆိုလို့ ဦးလေးတွေ အဒေါ်တွေပဲ ရှိတော့တာကိုးလို့ စိတ်မကောင်းတဲ့အသံနဲ့ ကျွန်မတို့အမေက ပြောပါတယ်။ မေမေက ဖိုးတုတ်အဖေကို ငယ်သူငယ်ချင်းဖြစ်လို့ ကျော်လို့ ခေါ်တာကိုး။

လွတ်လပ်ရေးလည်း ရပြီးရော ဖိုးတုတ်တို့ဖေဖေက ကောင်းစားနေသတဲ့။ ရာထူးတွေဘာတွေ ရနေသတဲ့။ ဖိုးတုတ်လည်း အဒေါ်တွေနဲ့အတူ သူ့အဖေ့ဆီကို လိုက်သွားမလို့တဲ့ ဆိုတဲ့ သတင်းတွေ အရပ်ထဲမှာ ပြန့်သွားပါတယ်။ ဖိုးတုတ်လည်း ပြုံးပြုံးရွှင်ရွှင်ဖြစ်လို့ပေါ့။

တော်တော်ကြာတဲ့တစ်နေ့မှာ အဒေါ်တွေနဲ့ ဖိုးတုတ် ပြန်ရောက်လာပါတယ်။ သူ့အဖေက ရာထူးတွင်မက မိန်းမပါရနေတော့ သားဖြစ်သူကို နှမတွေထံ ပြန်ထည့်လိုက်ပါသတဲ့။ ဖိုးတုတ်ဟာ ရေပြည့်နေတဲ့ ကန်ကို တွေ့ခဲ့ပေမယ့် နေခွင့်မရခဲ့တော့ ရေနည်းငါးဘဝကို ပြန်ရောက်လာတာပါပဲ။ ဖိုးတုတ်ဟာ အဲသည်နောက်ပိုင်းမှာ သူ့ဦးလေးတို့ အဒေါ်တို့နဲ့ပဲ နေခဲ့ရပါတယ်။ ဆူတာပူတာ ရိုက်နှက်တာတွေလည်း ခံခဲ့ရပါတယ်။

မကြာခင်မှာ ကျွန်မတို့ကို ရေနံချောင်းမှာ စီးပွားရှာနေတဲ့ အဖေက လာခေါ်လို့ မိသားစုတစ်စုလုံး လိုက်သွားကြရပါတယ်။ ကျွန်မ ၁၀ တန်းအောင်လို့ မကွေးကောလိပ်တက်တော့ ဖိုးတုတ်ကို ပြန်တွေ့ပါတယ်။ သူ့ဦးလေးက လိုက်ပို့ပါတယ်။ ဖိုးတုတ်ကလေးကို မေမေက လည်း တွေ့ပါတယ်၊ မေမေက ကျွန်မကိုမှာထားပါတယ်။ ဖိုးတုတ် ကလေးများ မုန့်ဖိုးပြတ်နေရင် ပေးလိုက်ပါ။ သူ့မှာလူကြီး ထောက်ပံ့မယ့်သူ ရှိတာမဟုတ်ဘူးတဲ့။ မေမေ့သူငယ်ချင်းတို့ သတိရတိုင်း သူ့သားကလေးကို စောင့်ရှောက်ပါ့မယ်လို့ မေမေ့စိတ်ထဲက ကြုံးဝါးပါ တယ်တဲ့။ တကယ်တော့ မေမေ မသိလို့ပါ။ ဖိုးတုတ်က ဝရိုးသော ကြွယ်ဝသွားပါပြီ။ သူ့ဦးလေးဆီက ပိုက်ဆံလိုချင်ရင် လူ့ဂုဏ်ယဉ်မှာ

www.burmeseclassic.com



ကောင်းတယ်တဲ့။ လူအများအမြင်မှာ အထင်ကြီးခံချင်တဲ့ ဂုဏ်ယူချင်တဲ့ သူဌေးလေးက သုံးဖို့မဟုတ်ဘူးလို့ ပြောမရတော့လို့ မပြောနိုင်ပေမယ့် ငွေကိုတော့ ပေးသွားရတော့တာပေါ့။ ဖိုးတုတ်က ဦးလေးနဲ့ အဒေါ်များကို တကယ်အရင်းအချာလို့ မမှတ်တော့ပါဘူး။ လိုတာကို တောင်းသုံးနိုင်တဲ့ တာဝန်ရှိသူများလို့ပဲ အောက်မေ့တယ်ထင်ပါတယ်။ ပိုက်ဆံသာ သုံးတယ်၊ တကယ်လည်း မကြိုးစားတော့ ဘွဲ့လည်းမရပါဘူး။ နောက်တော့ သူဌေးလေးနဲ့အဒေါ်များထံကိုလည်း မပြန်တော့ပါဘူး။

မေမေကတော့ ရေနည်းငါးလို့ မပြောတော့ပါဘူး။ တစ်ခုပဲ ပြောပါတယ်။ ရေလိုက်လွဲရှာတယ်။ အဖေအရင်းကတောင် လက်မခံတဲ့ အချိန်မှာ လက်ခံမွေးမြူပြီး ပညာသင်ပေးခဲ့တဲ့ ဦးလေးနဲ့အဒေါ်တွေကိုတော့ တွယ်တာသင့်တယ်လို့ ပြောပါတယ်။ ပြီးတော့ အေးလေ တွယ်တာတယ်ဆိုတာလည်း တွယ်တာတတ်အောင် သင်ပေးမှ ဖွံ့ဖြိုးတာပဲလို့ ဆိုပါတယ်။ အမေနဲ့အဖေရဲ့ ထွေးပိုက်ယုယမှုနဲ့ ငယ်ငယ်ကလေးကတည်းက ကင်းရတာ သနားစရာကောင်းလိုက်တာလို့လည်း မေမေက ဆက်ပြောပါတယ်။

## ၂၇။ ကျွေးချင်ပါလျက် အကျွေးခက်

လူ့လောကဟာ သိပ်ထွေပြားပါတယ်။ လူကလည်း အမျိုးမျိုး၊ စိတ်ကလည်း အထွေထွေဆိုသလို ကြီးပြင်းလာရတဲ့ ပတ်ဝန်းကျင်ကိုလိုက်ပြီး အပြောင်းအလဲကလည်း တယ်ပြီးများပါတယ်။ ကွာဟချက်ကလည်း တယ်ပြီးကြီးပါတယ်။ အခုတင်ပြမယ့်အကြောင်းကတော့ ဆရာတော်တစ်ပါး မိန့်တော်မူတဲ့အကြောင်းတွေထဲက တစ်ချက်ဖြစ်ပါတယ်။ ဆရာတော် တရားဟောသွားတဲ့မြို့မှာ တရားပွဲတစ်ပွဲကို ဇနီးမောင်နှံနှစ်ယောက်က ကမကထပြုပြီး ကျင်းပပါသတဲ့။ တရားဟောတော့ ဆရာတော်က မိဘကျေးဇူးနဲ့ပတ်သက်ပြီး ဟောတော်မူခဲ့ပါတယ်။ တရားပွဲပြီးတဲ့အချိန်မှာ ဒကာမကြီးက တော်တော်ငိုပါတယ်တဲ့။ ဆရာတော်ကလည်း ဩော် သူ့အမေ သူ့အဖေကိုလွမ်းလို့ ငိုတာပဲလို့ အောက်မေ့ရှာပါပဲတဲ့။ သို့ပေမယ့် ဒကာမကြီးက တပည့်တော်ဖြစ်အင်ကို ပြောပြပါမယ်ဘုရားလို့ဆိုပြီး အကြောင်းစုံကို လျှောက်ထားခဲ့ပါတယ်။

ဖြစ်ရတဲ့အကြောင်းရင်းက အမေ နောက်အိမ်ထောင်ပြုခြင်းနဲ့ ဆိုင်ပါတယ်။ ဒကာမကြီးအမေက နောက်အိမ်ထောင် ပြုသွားတော့ ဒကာမကြီးဖြစ်လာမယ့် ကလေးမဟာ အမေနဲ့ခွဲပြီး နေရပါတယ်။ မိကြီးမိထွေးများနဲ့နေပြီး တစ်ခါတစ်ခါတော့ အမေ့ဆီကို သွားလည်ပါတယ်။ အမေက တစ်ခါမှမုန့်ဝယ်မကျွေးပါဘူးတဲ့။ အင်မတန် ဈေးချိုတဲ့မုန့်ကိုတောင်မှ ဝယ်မကျွေးခဲ့ပါဘူးတဲ့။ ပထွေးကလည်း ခပ်တင်းတင်း၊ အမေကလည်း အေးစက်စက်ဖြစ်နေတော့ အဲသည် မိန်းကလေးကလည်း နောက်ပိုင်းမှာ အမေ့ဆီမသွားတော့ဘူးပေါ့လေ။ စိတ်ထဲကလည်း ငါ့ကိုလုံးဝမသထာတဲ့အမေဆိုပြီး စိတ်နာနေခဲ့ပါတယ်တဲ့။

www.burmeseclassic.com



အဲသည်လိုနဲ့ အဲသည်မိန်းကလေးဟာ အိမ်ထောင်ကျခဲ့ပါတယ်။ ပထမအိမ်ထောင်နဲ့ သားတစ်ယောက်ရပြီးမှ ကွဲခဲ့ပါတယ်။ ကလေးက အဖေနဲ့ပါသွားပြီး သူက နောက်အိမ်ထောင်ပြုခဲ့ပါတယ်။ နောက်အိမ်ထောင်နဲ့နေတဲ့ အမေဖြစ်သူထံကို သားကလေးက လာလည်ပါတယ်တဲ့။ အဲသည်တော့ အမေဖြစ်သူက သားကို မုန့်ဝယ်ကျွေးပါတယ်။ သူ့အမေတုန်းက ဝယ်မကျွေးတာကိုလည်း သတိရတယ်ပေါ့လေ။ အဲသည်လို ကလေးကို မုန့်ဝယ်ကျွေးရကောင်းလားဆိုပြီး ပထွေးလုပ်တဲ့သူက အမေဖြစ်သူကိုလည်း ရန်လုပ်ပါတယ်တဲ့။ ပိုဆိုးတာက သားကလေးကိုလည်း ပထွေးက ရိုက်ပါတယ်တဲ့။ အဲသည်အချိန်ကျတော့မှ ကလေးအမေဟာ သူ့အမေကို ကောင်းစွာနားလည်လိုက်တော့တာပါပဲတဲ့။ သူ့အမေက သူ့ကိုမုန့်ဝယ်မကျွေးတာဟာ သူ့ကိုမသထာလို့ မဟုတ်ဘူး။ ပထွေးကို မလွန်ဆန်နိုင်လို့ပဲ။ ပထွေးဖြစ်သူက ကိုယ့်သမီးကလေးကို ရိုက်နှက်နှိပ်စက်မှာ စိုးလို့ပဲလို့ သိလိုက်ပါတယ်တဲ့။ ကလေးကို သူ့အဖေဆီပြန်ပို့လိုက်ပြီး ကလေးအမေဖြစ်သူက ဒုတိယအိမ်ထောင်ဖြစ်တဲ့ ပထွေးနဲ့ပဲ ဆက်ပြီးနေခဲ့ပါတယ်။ သို့သော်မယ့် အနာက ရှိနေပြီလေ။ ဘယ်လိုနည်းနဲ့မှ ဒုတိယအိမ်ထောင်နဲ့လည်း ဆက်ပြီး မပေါင်းနိုင်တော့လို့ ကွဲခဲ့ရပြန်ပါသတဲ့။ အခုတရားပွဲကျင်းပတဲ့အချိန်မှာ အကြောင်းဆက် ပေါင်းဖက်နေတာကတော့ တတိယအိမ်ထောင် ဖြစ်ပါသတဲ့။ တတိယအိမ်ထောင်နဲ့တော့ အဆင်ပြေလို့ တရားပွဲတွေဘာတွေ ကျင်းပနိုင်တာပါပဲ။

ကိုယ့်သားကို ကိုယ်မုန့်ကျွေးတာကြောင့် ကလေးကို ရက်ရက်စက်စက် ရိုက်တဲ့ ဒုတိယအိမ်ထောင်နဲ့ကြုံမှ သြော် ငါ့အမေက ငါ့ကို မသထာလို့မှ မဟုတ်ပါပဲကလား။ ငါ့ကို ပထွေးဖြစ်သူက မကြည်ဖြူတာကို သိနေတာကြောင့် မကျွေးရဲဘဲ ဖြစ်နေခဲ့တာကိုး။ အဲဒါကြောင့်လည်း အမေက ငါ့ကိုမကြည့်ဘဲ မျက်နှာလွှဲထားတာကိုးလို့



သိလိုက်ပါသတဲ့။ အဲသည်လိုသိတော့ သူပစ်ထားတာကြာပြီဖြစ်တဲ့ အမေ့ကို လိုက်ရှာပြီပေါ့။ အမေ့ကိုတွေ့ရင် ကျွေးလိုက်မယ်ဟဲ့၊ ချစ်ခင်ကြင်နာစွာ ဆက်ဆံလိုက်မယ်ဟဲ့လို့လည်း တွေးခဲ့တာပေါ့။ သို့သော်မယ့် သူ့အမေကို မတွေ့ရတော့ပါဘူး။ ဆုံးသွားတာ အတော်ကြာခဲ့ပြီလို့ သိလိုက်ရပါတယ်။

ဒကာမကြီးက မျက်ရည်လည်ရွဲနဲ့ ပြောပြတဲ့ သူ့ဘဝအဆုံးသတ်မှာ အရှင်ဘုရား၊ တပည့်တော်ဟာ ဒီတရားပွဲကို ကျင်းပခဲ့တာ နှစ်အတော်ကြာပါပြီ။ တပည့်တော်က အမေ့ကို ကျွေးခွင့်မသာခဲ့တာတာ အသိနောက်ကျလို့ ဖြစ်ပါတယ်ဘုရား။ တရားနာကြတဲ့သူတွေကို အသိနောက်မကျကြပါစေနဲ့။ မိဘကျေးဇူးကို သိနိုင်ကြပါစေလို့ စေတနာထားပြီး ကျင်းပခဲ့တာပါပဲဘုရားလို့ လျှောက်ပါတယ်တဲ့။ နှစ်စဉ်လည်း ဆရာတော်ကြွပြီး တရားဟောခဲ့ရပါတယ်တဲ့။

အဲသည်လို အဖြစ်မျိုးတွေကို ကြားဖူးကြမှာပါပဲ။ အခုဟာက မယားပါ သမီးတို့သားတို့ကို ပထွေးက မသထာလို့ အမေဖြစ်သူက မကျွေးမမွေးနိုင်တဲ့ကိစ္စ ဖြစ်ပါတယ်၊ တကယ့်အဖြစ်အပျက်ပါပဲ။ တကယ့်အဖြစ်အပျက် နောက်တစ်မျိုးကတော့ လင်ပါသားသမီးကို မိထွေးက မသထာလို့ မကျွေးမမွေးဘဲ ထားတဲ့ကိစ္စများဖြစ်ပါတယ်။ ယောကျ်ားကတော့ မသိဘူးပေါ့။ သူ့နောက်အိမ်ထောင်ကို ကျွေးပါမွေးပါလို့ ပြောခဲ့မယ်။ ကျွေးတယ်မွေးတယ်လို့လည်း ထင်မယ်။ သားတွေသမီးတွေမှာတော့ မစားရတာလည်း ရှိမယ်။ စားရသည့်တိုင် ဖြစ်ကတတ်ဆန်း မဝရေစာ စားရတာလည်း ရှိနိုင်ပါတယ်။ အဲသည်လို ဇာတ်လမ်းမျိုးတွေကိုလည်း ကြားရပါတယ်။ တကယ်တော့ သားသမီးများဟာ ကိုယ့်အဖေရင်း ကိုယ့်အမေရင်းနဲ့ တူတူနေရမှသာ မရှိရှိတာကို မျှစားနိုင်ကြမှာ ဖြစ်ပါတယ်။

အိမ်မှာ တကယ်ရှိတယ်၊ မရှိဘူးဆိုတာကို သိကြရင် အတူတူပဲ

www.burmeseclassic.com



စားပြီး အတူတူပဲ အငတ်ခံကြမှာ ဖြစ်ပါတယ်။ အတူတူပဲ ရုန်းကန်ပြီး ပြည့်စုံစွာ စားနိုင်သောက်နိုင်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။ အိမ်ထောင်ကွဲသွားတဲ့ အမေနဲ့ အဖေ့ကို သားသမီးများဘက်ကလည်း မယုံကြည်နိုင်သလို ဖြစ်တတ်ပါတယ်။ မရှိဘူးဆိုရင်လည်း အမေဒါမှမဟုတ် အဖေကိုယ်တိုင်က ငါတို့ကို မကျွေးချင်လို့ပဲလို့ အထင်လွဲတတ်ကြပါသေးတယ်။ လူ့ဘဝမှာ အကြောင်းကမျိုးစုံဆိုတော့ အဖေနဲ့ အမေတို့အစား မိထွေး ပထွေးရယ်လို့ပေါ်လာရင် ဘယ်လိုမှ အဆင်ချောမွေ့မသွားနိုင်တဲ့အဖြစ်တွေ ပေါ်လာတတ်တာပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် တစ်အိမ်ထောင်က ဆုံးပါးလို့ဖြစ်ဖြစ် တစ်အိမ်ထောင်နဲ့ ကွဲလို့ပဲဖြစ်ဖြစ် နောက်အိမ်ထောင် ပြုမယ်ဆိုရင်တော့ အလွန်သတိထားပြီး ဆွေးနွေးညှိနှိုင်းကာ နားလည်မှုယူထားတာတောင်မှ ပြေပြစ်တယ်ဆိုရုံလောက်သာ ဖြစ်နိုင်ပါလိမ့်မယ်။

## ၂၈။ နေရာတိုင်းမှာ သားမျက်နှာ

ကလေးနေပူနေပြီ။ ဒီအချိန်ကြီးကျမှ ဘာလို့လာကြရတာလဲ။ အမေကြီးကတော့ ဆုတော့မှာပဲဆိုတဲ့ သမီးရဲ့ ခြံတံခါးဝက ဆူပူတဲ့ အသံကို အိပ်ခန်းထဲကနေ ကြားလိုက်ရကတည်းက လူရင်းတစ်ယောက် ကန်တော့ဖို့လာပြီဆိုတာကို သိလိုက်ပါတယ်။ ကန်တော့တဲ့ရာသီမှာ ပစ္စည်းပစ္စယများ ပါလာတဲ့အတွက် အားနာတဲ့စိတ်များ ပေါ်ပေါ်တတ်ရသလို တစ်နှစ်မှတစ်ခါ တွေ့ကြရလို့ ပြောစရာစကား ကြားစရာစကားတွေ ပြောကြ ကြားကြရတာကတော့ ဝမ်းသာစရာ ဖြစ်ပါတယ်။ အဲသည်အတွေးများနဲ့ အိပ်ခန်းထဲကထွက်လိုက်တော့ ခပ်ကျစ်ကျစ် အသားလတ်လတ်နဲ့ ၂ နှစ်သားလောက် ကလေးကလေးတစ်ယောက်ကို အရင်ဆုံးတွေ့လိုက်ရပါတယ်။ တကယ်တော့ အသက်က ၁ နှစ် ၁၀ လသာ ရှိပါသေးတယ်တဲ့။

ကလေးမျက်နှာကလေးက ချိုပြုံးနေတာပါပဲ။ ကလေးပီပီ သန့်စင်နေတဲ့အထဲ မျက်လုံးနက်နက်ကလေးတွေက တောက်နေပြီး ပါးချိုင့်ကလေးကလည်း ပါသေးတော့ ချစ်ခင်ချင်စဖွယ်ကလေးကလေး တစ်ယောက်ဖြစ်ပါတယ်။ ကျွန်မက ဟယ် ဒါကလေးက ဘယ်သူ့ကလေးလဲလို့ဆိုပြီး ချီမယ်လုပ်တော့ နောက်ဆုတ်ပြီး ပြေးပါတယ်။ တွေ့ဖူးတာက တစ်နှစ်တစ်ခါ ဆိုသလိုဖြစ်ပါတယ်။ ၂ ကြိမ်ပဲရှိသေးတော့ ကလေးက စိမ်းနေသေးတာကိုး။ ကလေးမိဘတွေက ကျွန်မရဲ့ ဓာတ်ပုံပြပြီး နာမည်ပြောထားတာရယ်။ ဒီဘွားဘွားက ဘယ်သူလဲလို့ မေးမေးနေတာရယ်ကြောင့် ကျွန်မနာမည်ကိုတော့ ကောင်းကောင်း ပြောနိုင်ပါသတဲ့။

www.burmeseclassic.com



ကလေးမိဘများက ရောက်မဆိုက် သားအကြောင်းပြောပြီး ကိုင်းကန်တော့ကြမယ်လို့ဆိုကာ ကန်တော့ကြပါတယ်။ သားကလေးက အလယ်ကနေပြီး ကန်တော့မယ်လုပ်တော့ ကလေးအဖေက ဆောင့်ကြောင့်ကလေးထိုင်လို့ သင်ပေးပါတယ်။ ကန်တော့ကြပြီး ဆုပေးတော့ ကလေးမိဘများက ပေးတဲ့ဆုနဲ့ပြည့်ပါစေလို့ ပြောကြတော့ သူက ပြည့်ပါစေလို့ လိုက်ပြောသေးတာပါ။

ကလေးအဖေနဲ့ ကလေးအမေတို့ဟာ အလုပ်ကြိုးစားတဲ့သူများ ဖြစ်ပါတယ်။ အခုနယ်ခေတ်မှာ ဝင်ငွေကဝင်တော့ စည်တီး ထွက်တော့ ခေါင်းမြီးခြုံလို့ ရှေးကလူကြီးတွေ ပြောသလိုပါပဲ။ ဝင်တော့ အထင်အရှားနဲ့ လုံးခနဲခဲခနဲ အများကြီးဝင်ပေမယ့် ထွက်တာက တတိတတိနဲ့ ထွက်မှန်းမသိ ထွက်နေတာဆိုတော့ အနေအစားကျစ်လျစ်နိုင်မှ တန်ကာကျတာကိုး။ အဲသည်လို နေရေး ထိုင်ရေး စီးပွားရေးကိစ္စများကိုလည်း မပြောရတာကြာပြီဆိုတော့ ကလေးအဖေအမေတွေကလည်း ပြောချင်ကြပါတယ်။ ကလေးကလည်း ဘုက်လက်လိုက်တာ တစ်ခါမှ ငြိမ်မနေပါဘူး။ နေသွားတဲ့ သုံးနာရီသာ..မှာ တစ်ခါမှလည်း အိပ်မငိုက် တစ်ခါမှလည်း ဂျီမကျပါဘူး။ သွက်လက်ချက်ချာပြီး ရွှင်မြူးလှုပ်ရှားနေတာပါပဲ။ ကလေးအဖေက စကားဝိုင်းထဲမှာ ဝင်ပြီးပြောနေတုန်း ဖေဖေ့လို့ခေါ်ပြီး ကျွန်မတို့ ဆက်တီစားပွဲပေါ်မှာ တင်ထားတဲ့ အန်ကုံးရုပ်ကို ကန်တော့ရမှာလားလို့ မေးပါတယ်၊ ကန်တော့လို့ရတယ်၊ ကန်တော့ဆိုတော့ မျောက်လျားကလေးထိုးပြီး လက်ရုက်ကာ ရှိခိုးပါတယ်။ ဘုရားခန်းထဲဝင်ပြီးလည်း ကန်တော့လို့ မဆုံးပါဘူး။ ကျွန်မကတော့ ကစားတဲ့နည်း (Playway Method) နဲ့ သိစရာတတ်စရာကို မနားတမ်း ဆည်းပူးနေတဲ့သူကလေးလို့ ယူဆလိုက်ပါတယ်။

ဒီကလေးကလေးက ၉ လ နဲ့ စကားပြောတဲ့သူကလေး ဖြစ်ပါတယ်။ သူ့အမည်ကိုလည်း အခက်အခဲမရှိ မြတ်ကောင်းခန့်လို့ ပီပီသသ



ပြောနိုင်ပါတယ်။ သူပြောနေတဲ့ ဝေါဟာရတွေက မနည်းပါဘူး။ စာဖတ်သူများ ယုံချင်မှသာယုံကြပေတော့လို့ စကားခံပြီးပြောရမှာက ကျွန်မတို့အိမ်က ဂြိုဟ်တုစလောင်းကိုမြင်တာနဲ့ ဖေဖေ ဘင်လာဒင်ကို ကြည့်လို့ရတယ်လို့ ပြောတာပါပဲ။ ကလေးအဖေကို ကလေးက ဘယ်လိုသိတာလဲလို့ မေးတော့ သူတို့အိမ်မှာလည်း ဂြိုဟ်တုစလောင်းမရှိပေမယ့် ဘင်လာဒင်ပုံပါတဲ့ စာစောင်တွေက အများကြီးရှိပြီး သူ့ရှေ့မှာလည်း အဲသည်နာမည်ကို ပြောပြောနေလို့ သူလည်းလိုက်ပြီးပြောတတ်ပါတယ်တဲ့။ တစ်နေ့မှာ ရပ်ကွက်ထဲက စလောင်းရှိတဲ့အိမ်ရှေ့က လမ်းလျှောက်သွားတော့ ကလေးအဖေက သားသား အဲဒီစလောင်းက ဘင်လာဒင်ကို ကြည့်လို့ရတယ်လို့ ပြောလိုက်ဖူးတယ်။ အဲဒါလောက်ပါပဲလို့ ဆိုပါတယ်။ ကလေးကလေးက သုံးနာရီလောက်အတွင်းမှာ ပြောတဲ့ဝေါဟာရတွေက မနည်းပါဘူး။ သီချင်းလည်း ဆိုပါတယ်။ အဲသည်လို ကလေးက လေးသွက်လက်နေဖို့ဆိုတာ မိဘပတ်ဝန်းကျင်ကလည်း ပြောဆိုသင်ကြားနေမှ တန်ကာကျပါတယ်။ ကျွန်မတူမလေးဆိုရင် သူ့ကို စကားပြော မသင်လို့ တော်တော်နောက်ကျမှ စကားပြောတတ်လာပါတယ်။ အခုကလေးကလေးကတော့ မိဘကစကားလည်း သင်တယ်။ သူ့ရှေ့မှာ မကောင်းတဲ့စကားကလည်း မပြောဘူးဆိုတာ သိသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့သောကလေးများဟာ ဒီအချိန်မှာ ငြိုးပြတာတို့ ဆဲတာတို့ တတ်နေကြပါတယ်။ မိဘများကို လမ်းပြလိုက်ကြတာလေ။ ကလေးကလေးက ကန်တော့တာတို့ သီချင်းဆိုတာတို့ အက္ခရာစဉ် ကိန်းစဉ်များကို ရွတ်တာတို့ကို တတ်ပါတယ်။

အခုအထိပြောလာတဲ့ အကြောင်းအရာများနဲ့ ပတ်သက်ပြီး ခြုံကာငုံကာ ကျွန်မ မြင်မိတွေးမိတာကတော့ ကလေးတစ်ယောက် လူပုံပေါက်အောင် ကောင်းတဲ့တော်တဲ့ လူပုံပေါက်အောင် မိဘ[illegible] နာရီမလပ် စက္ကန့်မလပ် ကြိုးစားရပါကလားလို့ တွေးမိပါတယ်[illegible]

www.burmeseclassic.com



တွေက ကလေးနဲ့အတူ နေနိုင်တာမှမဟုတ်တာလို့ဆိုရင် ဟုတ်ပါတယ်။ အတူမနေနိုင်တဲ့အချိန်မှာလည်း သူတို့စိတ်ကြိုက် ထိန်းပေးနိုင်မယ့် သူများကို ကြိုးစားပြီး ရှာကြရတာပေါ့။

ကဲ ပြောပြောနဲ့ဆိုဆို ကလေးတော်တဲ့အကြောင်းကို ပြောရဦးတော့မှာပဲ။ ကလေးကို မိဘများတစ်လှည့်စီ အလုပ်သွားနေတုန်း မလစ်ဟင်းရအောင်လာပြီး စောင့်ပေးတဲ့ အမေ့ဘက်က ဘွားဘွားက ခါးနာနေတော့ ခါးပတ်ကြီး ပတ်လာရတာပေါ့။ အခန်းထဲကိုရောက်တော့ ခါးပတ်လည်းချွတ်လိုက်ရော သားကလေးက ဝမ်းချိုင်းလို့ ထပြီးအော်ပါသတဲ့။ ကဲ ကျွန်မတောင်မှ သားကလေးအကြောင်းကို ပြောချင်နေပြီလေ။ အဖေဖြစ်သူက သူ့သားက အဲသည်လို ဉာဏ်ကောင်းတယ်လို့ ပြောရင်း သားရေ ဝမ်းချိုင်းက ဘယ်လိုလာသလဲလို့ မေးတော့ သားကလေးက ကုတ်ချောင်းကုတ်ချောင်းနဲ့လို့ပြောပြီး တီဗီထဲမှာပါတဲ့ ဝမ်းချိုင်းလို လျှောက်ပြပါသေးတယ်။ ကျွန်မက အခုခေတ်မှာ မီဒီယာများကြောင့် ကလေးများ တတ်လွယ်သိလွယ်တယ်။ သို့ပေမယ့် မိဘက ထိန်းသိမ်းမှသာ ယူသင့်တာကိုယူမှာဖြစ်တယ်လို့ ပြောမိပါသေးတယ်။

အဲသည်လိုနေကြတုန်းမှာ ကလေးမိဘများက သူတို့ငွေရလာရင် ဖယ်ထုတ်ပြီး စုရတဲ့ငွေက သားသားနို့မှုန့်ဖိုး ၁၂၀၀၀ နဲ့ တိုက်လခ ၁၀၀၀၀ ဖြစ်တယ်လို့ ဆိုပါတယ်၊ ပြီးတော့ သားသားကြီးလာရင် ပညာသင်ဖို့ စုငွေကလည်း စုရပါသေးသတဲ့။ အခုတလော အိမ်ရှင်က အခန်းကိုပြန်လိုချင်တော့ သူတို့စာချုပ်ထားတဲ့လ မတိုင်မီမှာ ပြောင်းနိုင်ဖို့ ကြိုးစားရတာကို ပြောတော့လည်း သားသားက ငယ်သေးတော့ မပြောင်းချင်ဘူး။ သားသား နေသားမကျမှာ သားသား မသန့်ရှင်းတဲ့ ညှော်တွေ အနံ့ဆိုးတွေ ရမယ့်နေရာမှာ နေရမှာစိုးရိမ်တယ်၊ သားသားက သားသားကနဲ့ပြောတိုင်း အားသားက တယ်ပြီးလွှမ်းမိုးကြီးစိုးတာကိုး။ သူတို့စကားကို နားထောင်ပြီး ကျွန်မငယ်ငယ်တုန်းက ကျွန်မဖေဖေ



ပြောတာကို ကျွန်မသတိရမိပါတယ်။ ဖေဖေဖြင့် သမီးငယ်ငယ်ကလေးကတည်းက ငွေရရင် သမီးကောလိပ်တက်ဖို့ဆိုပြီး စုရတယ်။ ငွေကလည်း နည်းနည်းကလေးပဲစုနိုင်တော့ သိပ်ပြီးအားမလိုအားမရ ဖြစ်တာပဲလို့ ပြောတဲ့စကားဖြစ်ပါတယ်။

အဲသည်နေ့က ကလေးမိဘများဟာ သားသားသီချင်းကိုဆိုပြီး၊ သားသားပုံပြင်ကိုပြောကာ ပြန်သွားကြပါတယ်။ သူတို့ဟာ အဆီအသားရှားပါးတဲ့သူများ ဖြစ်နေပါတယ်။ သားသားနဲ့အတူ လှုပ်ရှားနေရတော့ အဆီတက်ချိန်လည်း မရတော့ဘူးပေါ့။ တကယ်တော့ တလှုပ်လှုပ်နေတတ်တဲ့ကလေးကို ထိန်းရတာ သိပ်ပြီးမောစရာကောင်းပါတယ်၊ ကျွန်မတို့သားအမိတောင်မှ ကလေးကလေးကို ကြည့်ပြီး ရယ်မောပျော်ရွှင်ရင်း သုံးနာရီလောက်နေလိုက်ကြတာ သူတို့ပြန်သွားတော့မှ သိပ်မောနေကြမှန်း သိလာရပါတယ်။ ကလေးမိဘများကတော့ မမောဘူးလေ၊ အားဆေးတွေထဲမှာ မေတ္တာအားဆေးက တယ်ပြီးစွမ်းသကိုး။

www.burmeseclassic.com

## ၂၉။ အမေကွဲ၍ စံလွဲကြသူနှစ်ဦး

ကျွန်တော့မှာ အလွန်ရင်းနှီးချစ်ခင်တဲ့ သူငယ်ချင်းတစ်ယောက် ရှိပါတယ်။ သူက ကျွန်တော့လိုပဲ စာကြမ်းပိုး။ လူ့လောကအကြောင်းကို နားမလည်ဘဲနဲ့ အထည်ကြီးပျက် မိသားစုဝင်တစ်ယောက်နဲ့ အိမ်ထောင်ကျပါတယ်။ အလွန်ခင်မင်ဖော်ရွေတဲ့ မိန်းကလေးတစ်ယောက်နဲ့ ရတာပါပဲ။ အားလုံးကလည်း သဘောကောင်းသူကလေးနဲ့ ရတယ်ဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတယ်။

ပထမပိုင်းမှာ ဆဲတိုနောက်ကို ဘိုကေပါသွားတဲ့ သူ့ထံကစကားတွေကို ကြားရတာ ပျော်စရာတွေချည်းပါပဲ။ နောက်တော့ အီအီလာပါတယ်။ ဖြစ်ရပုံကတော့ သူကြီးပြင်းလာရတဲ့ မိဘအိမ်တုန်းက မိသားစုဝင်တိုင်းဟာ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့ မိသားစုနဲ့ပတ်သက်တဲ့ တာဝန်များကို ခွဲဝေယူတတ်ကြပါတယ်တဲ့။ လစရလာတာနဲ့ မိခင်ကိုအပ်ပြီး အမေရဲ့ စီမံမှုအောက်မှာ ခွဲဝေသုံးစွဲခဲ့ကြတာပါပဲတဲ့။ တစ်ယောက်မသိဘဲ နောက်တစ်ယောက်က မသုံးပါဘူးတဲ့။ အမေဖြစ်သူက ပြောတာကတော့ မိသားစုဝင်ချင်း ငါးပြားဆယ်ပြားကအစ မှန်ကန်နိုင်မှ စီးပွားတက်တာတဲ့။ လုပ်ငန်းစပ်တူ လုပ်သူချင်းလည်း အဲသည်လို မှန်ကန်နိုင်မှ စီးပွားဖြစ်တယ်။ အဲဒါကြောင့် သတိမထားမိဘဲ ငွေကို မသုံးရဘူး။ စာရင်းနဲ့အင်းနဲ့ စနစ်တကျသုံးရတယ်။ ဒါမှမဟုတ်ရင် စီးပွားကျတတ်တယ်လို့ ပြောပါသတဲ့။ ပြီးတော့ အိမ်ထောင်ပြုတယ်ဆိုရင် ဘဝချင်းစပ်တူ လုပ်ငန်းတစ်ခု လုပ်တာပဲ။ ပိုပြီးမှန်ကန်ရတယ်၊ ဆက်စပ်နေတာက ငွေနဲ့ချည်းမဟုတ်ဘူး။ ဘဝတစ်ခုလုံးနဲ့ ပတ်သက်နေတာလို့ ဆိုပါသတဲ့။



အခုတော့ သူ့မိန်းမ မိသားစုအကြီးကြီး စုပြီးနေကြတာ အပြင်ကကြည့်ရင်တော့ စည်းစည်းလုံးလုံးနဲ့ ပျော်စရာပါပဲတဲ့။ သို့ပေမယ့် ကြာလေလေ အကွဲအပြဲတွေကို မမြင်ချင်အဆုံး ဖြစ်လာပါတယ်တဲ့။ အကွဲအပြဲက ဘယ်လောက်များကြီးသလဲဆိုရင် အဲသည်အကွဲထဲကို ကိုယ်ကျဆင်းသွားပြီး ပြန်မတက်နိုင်မှာတောင် စိုးရိမ်ရတယ်လို့ စကားပြောကောင်းတဲ့ သူငယ်ချင်းက ပြောပါတယ်။

အမေဖြစ်သူက သားဖြစ်သူကို မေမေ့မှာ ငွေလိုနေတယ်နော်။ သားကြံဖန်ပေးဦးလို့ ပြောတတ်တာကို သူကိုယ်တိုင် ကြားခဲ့ပါတယ်တဲ့။ သူက သမက်လေ။ သားအမိတွေ ဘာပြောနေမှန်း မသိပါဘူးတဲ့။ နောက်တော့မှ အဲသည်အိမ်မှာ မနေတဲ့သားကြီးဟာ သားမယားနဲ့အတူ လာပြီး မယားသိအောင် ကန်တော့တာက သတ်သတ်၊ မသိအောင် အမေ့ရင်ခွင်ထဲ မိန်းမလစ်တုန်း ပစ်ချတာက သတ်သတ်ပါတဲ့။ အဲသည်လို ပစ်ချတာကို အမေဖြစ်သူက လုံချည်ခေါက်အောက်ကို သွင်းလိုက်ပါသတဲ့။ ကျွန်တော်တို့က ဟင် အဲသည်လိုလုပ်တာကို မင်းကမြင်လို့လားလို့ ဆိုတော့ သူငယ်ချင်းက မသက်မသာ ရယ်ပါတယ်၊ မဟုတ်ဘူး၊ ညနေလူစုံတဲ့အခါမှာ သူ့သားက မယားသိအောင်တစ်မျိုး၊ မသိအောင်တစ်မျိုး ခိုးပေးတယ်ဆိုတာကို အတူနေအိမ်သားတွေသိအောင် ကြွားပြီးပြောတာကြောင့် သိရတာတဲ့။

ကျွန်တော့ အမေသင်တာနဲ့တော့ လုံးဝဆန့်ကျင်နေတာပဲဗျာလို့ ပြောပါတယ်။ ကျွန်တော်တို့ကလည်း ဘာမှမပြောဘဲ နားထောင်နေလိုက်ပါတယ်။ ကလေးကလေးတစ်ယောက်ကလည်း ရှိနေတော့ ကွဲလို့ကွာလို့ကလည်း မဖြစ်နိုင်ပါဘူးလေ။ နောက်ပိုင်းမှာ သူငယ်ချင်းသားအိမ်ကို စောစောမပြန်ချင်ဘူး ဖြစ်ဖြစ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ယောက္ခမကြီး ပြောတဲ့စကားတွေကို နားထောင်ခါစမှ ဟုတ်မှာပါ ဩော် အံ့သြစရာပါပဲလို့ ထင်ခဲ့တာတွေဟာ အကြွား[illegible]

www.burmeseclassic.com



သိသိလာလို့ ဖြစ်ပါတယ်တဲ့။ ကလေးတွေအဖေ ရှိတုန်းက နိုင်းစရာ ပျာတာတွေကလည်း ရှိတာကိုး။ ငါတို့ကို မှီခိုနေတဲ့သူတွေကလည်း မနည်းတော့ ကလေးတွေကိုများ ကိုယ်တိုင်ထိန်းစရာတောင် မလိုဘူး။ တစ်ယောက်တစ်လက်နဲ့ မင်းကြီးသား မင်းကြီးသားဆိုပြီး ကျွေးကြမွေးကြနဲ့ စားလို့သောက်လို့တောင် မကုန်ဘူးဆိုတာမျိုးတွေဟာ အခု မဖြစ်နိုင်တော့ဘူးလေ။ အဲသည်လို လက်လွှတ်စပယ် လွှတ်ထားခဲ့လို့ သားသမီးတွေကလည်း လွှတ်နေတာထင်တယ်လို့ သူငယ်ချင်းက ဇာတ်ကြောင်း ပြန်ပါတယ်။

အိမ်ထောင်မခွဲတဲ့ သူများကလည်း သူ့အင်္ကျီ ကိုယ်ဝတ်၊ ကိုယ့်အင်္ကျီသူဝတ်နဲ့ ပူးတွဲပူးတွဲဖြစ်ချင် ဖြစ်နေကြပြန်ရောတဲ့။ မတည့်ရင်တော့ ကိုယ့်လက်ဖက်သုပ်ပုလင်းကို ကိုယ့်ခုတင်အောက်ကို သွင်းတော့တာပဲတဲ့။ သူငယ်ချင်းက ရင်ဖွင့်လွန်းတော့ အားလုံးမှာလည်း အိမ်ရှေ့မှူးအိမ့်နောက်မချမ်းသာ ဖြစ်လာတာပေါ့လေ။ အဲသည်တော့ ခင်ဗျားဗျာ ကိုယ့်အချင်းချင်း သင့်တင့်နေသားပဲ။ အိမ်ခွဲဆင်းပါလားလို့ပြောတော့ ငြိမ်နေပါတယ်။ သဘောကျသွားပြီထင်လို့ ဆက်မပြောတော့ဘဲ ရပ်ထားလိုက်ပါတယ်။ နောက်ကြုံတော့ ဘယ့်နှယ် အိမ်ခွဲဆင်းပြီလားဆိုတော့ မိန်းမက သဘောမတူဘူးဗျ။ ဒီအိမ်မှာလောက် ကလေးထိန်းပေးမယ့်သူတွေ များတာ ဘယ်ကိုမှမဆင်းနိုင်ဘူးလို့ ပြောပါသတဲ့။ ကျွန်တော်တို့ကလည်း အဲ အဲ ဆိုတာလောက်ပဲ နှုတ်ကထွက်နိုင်ပါတယ်။ အဲသည်တုန်းမှာ ညီပုလို့ ကျွန်တော်တို့အသိုက်အဝန်းမှာခေါ်တဲ့ ကောင်ကထပြီး ရယ်ပြန်ပါတယ်။ ဟာကောင် ဘာဖြစ်တာလဲဆိုတော့ ဟာကွာ သူတို့အိမ်လိုက်လည်ပါတယ်။ သူတို့လေမိလို့ ငါ့မှာဖျားတောင်မှ ဖျားတယ်။ အုန်းဆီလိမ်းရင်းလည်း မောင်လေးက သဘော်းသားလေ သူယူလာခဲ့တာ အုန်းဆီလေးက မွှေးမှမွှေးပဲ။ လက်ဖက်ရည်သောက်ပါဦး၊ လစ်ပတန်လေ၊ ဦးကြီးရစ်ချတ် နိုင်ငံခြားကပြန်လာလို့ ပါလာတာနဲ့ကွာ။



ငါဖြင့် ဘာကိုကိုင်ပြီး ဘာကိုသောက်ရမှန်းတောင်မှ မသိတော့ပါဘူး။ တစ်ခေတ်တုန်းကတော့ ရှားပါးတာကိုး။ အခုတော့ကွာ ဝယ်လို့ရနေတာပဲဟာ ကြွားတာကလွန်တယ်လို့ ဆိုပါတယ်။

နောက်ပိုင်းမှာတော့ အိမ်မှာ မိခင်ကြီးကိုယ်တိုင် ထိတ်တာလိုင်ပြီး ဖဲကစားကြတာ၊ ရေသဘင်ပွဲကို တစ်အိမ်သားလုံး ဆင်နွှဲနေကြတာကြောင့် ထမင်းကို အသက်ကြီးတဲ့အမေက ချက်ရတာ။ အဲသည်လိုချက်ရင်း ထမင်းရေငှဲ့ရာမှာ အပူလောင်လို့ ဆေးရုံသွားပြရတာ စသည်ဖြင့် ဇာတ်လမ်းကစုံတယ်ကိုလို့ ပြောရမယ့်အခန်းဆက် ဇာတ်လမ်းတွဲကြီးတစ်ခု ဖြစ်နေပါတယ်။ နောက်တော့လည်း ကျွန်တော်တို့တစ်တွေကွဲသွားကြပြီး တစ်ယောက်နဲ့တစ်ယောက် နှစ်ပေါင်းများစွာကြာမှ တစ်ခါလောက် ပြန်တွေ့ကြပါတယ်။ သူငယ်ချင်းလည်း မိန်းမနဲ့ကွဲသွားပြီဖြစ်ပါတယ်။ အခြေခံတန်ဖိုးချင်းမတူလို့လို့ ပြောရပါမယ်။ ဘယ့်နှယ်ဖြစ်ရတာလဲဆိုတော့ သူ့မိန်းမတို့မိသားစုမှာ သားစဉ်မြေးဆက် သွန်သင်တာက မမှန်တာကို လုပ်ရင်လည်း ဂုဏ်တစ်ခုလို့ သွန်သင်ခဲ့တယ်။ အပျော်အပါးမက်တယ်။ ငွေချေးပြီး ပြန်မဆပ်လည်း ရှက်ရမှန်တာ မသိနိုင်ဘူးလို့ လက်လွှတ်စပယ် ပြောတတ်တယ်။ အဲသည်လိုပြောတာ မမှားဘူးလို့ သွန်သင်တယ်။ အချင်းချင်းလည်း ဘယ်လိုကိစ္စမဆို လိမ်လည်လှည့်ဖြားပြီး ပြောတတ်ဆိုတတ်တယ်လို့ ဆိုပါတယ်။

လူလူချင်းပေါင်းသင်းဆက်ဆံတဲ့အခါ သီလ သမာဓိ သိက္ခာကို ရှေ့တန်းမတင်ဘူး။ ဘယ်သူကဖြင့် ဂုဏ်သိပ်ရှိတာ၊ ငါတို့နဲ့က ဘယ်လိုခင်တာစသည်ဖြင့် တယ်ပြီးဆွေမျိုးစပ်တတ်ပါတယ်တဲ့။ သီလဆိုတာ နေ့စဉ်စောင့်ထိန်းရတဲ့အရာ ဖြစ်တယ်လို့ သူတို့ကမထင်ဘူး။ ရိပ်သာကို သွားတာကလည်း ဖက်ရှင်လုပ်တာပဲလို့ ဆိုပါတယ်။ ကျွန်တော်က မင်းနှယ်ကွာ ပြောတတ်ပလေဆိုတော့ ငါ့သားလူပျိုဖြစ်တဲ့အထိ ငါက ခံခဲ့ရတာလို့ ပြောပါတယ်။

www.burmeseclassic.com



အဲသည်တော့ ခင်ဗျားသားရောလို့ဆိုတော့ သူ့ဘက်ပါသွားပြီလေ။ ကလေးမသိတတ်ခင်က မင်းတို့ပြောသလို အဲသည်အိမ်က ဆင်းဖြစ်အောင် ဆင်းခဲ့ရရင် ကောင်းသား။ အခုတော့ အဲသည်ကောင်ကတောင် ငါ့ကိုလက်ညှိုးထိုးပြီး ရောင်းစားတာကို ခံခဲ့ရတယ်ကွာ။ ငါကသွန်သင်ဆုံးမတော့ ငါ့မိန်းမ ကက်ကက်လန်အောင် ရန်တွေ့တယ်။ သူတို့လို ဂုဏ်ရှိသရေရှိမိသားစုမှာ သည်လိုဘိုးတော်ဘုရားခေတ်က လေပေါက်နဲ့ လာပြောမနေနဲ့ဆိုလို့ ဆင်းခဲ့တာပဲတဲ့။ အဲဗျာ အိမ်ထောင်သက်ရင့်မှ ကျော်မကောင်း ကြားမကောင်းလို့သာ ပြောလိုက်နိုင်ပါတယ်။ အစကတည်းက ကွာဟချက်က ကြီးလွန်းနေတော့ သူတို့ရင်ကြားစေ့အောင် ဘယ်သူကမှ လုပ်မပေးနိုင်ပါဘူး။ ကွာဟချက်က မိခင်နှစ်ယောက်ကစပြီး ကွာဟနေတာကိုး။ တစ်ယောက်က သားသမီးကို ဖြောင့်မှန်အောင် သင်လွှတ်လိုက်ပါတယ်။ တစ်ယောက်ကတော့ မှန်တာမမှန်တာကို အရေးမထားဘဲ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားဆိုတဲ့သဘောကို လက်တွေ့လုပ်တတ်အောင် သင်ပေးလိုက်တာကိုး။ သူတို့ချင်းကတော့ ကြာလေလေ နောက်ကျောနိုင်း၍ တရွေ့ရွေ့ခွာ ဆိုတာမျိုး ဖြစ်နေတာပါပဲ။ အိမ်ထောင်ကျရင် ကိုယ်ချင်းပေါင်းရတာ ဆွေမျိုးမိဘတွေမပါဘူးလို့ထင်တာ ဘယ်မှာဟုတ်လို့လဲ။ ဆွေမျိုးမိဘ အသွန်အသင်တွေကို ကိုယ့်ကို သူတို့နဲ့ပုံစံတူ လူသားကလေးတွေဖြစ်အောင် ဆောင်ရွက်ပေးပြီးသား ဖြစ်ပါတယ်။

## ၃၀။ သားသမီးကို ချစ်တတ်ပါ

ကျွန်မအတော်ငယ်ငယ်က ဖတ်ဖူးတဲ့စာများထဲက ဖွန်ဟာ့စ်တ်ဆိုသူ သတင်းစာသူဌေးကြီးရေးတဲ့ သူ့အဘိုးအကြောင်းကို သတိ ခဏခဏ ရတတ်ပါတယ်။ အမေရိကန်က အချမ်းသာဆုံးစာရင်ဝင် မိသားစု အကြီးအကဲဆိုတော့ သူနေနေတဲ့ မွေးမြူရေးခြံကြီးဆိုတာက မြို့ငယ် တစ်မြို့လောက် ကျယ်ပါတယ်။ သူဌေးကြီးနေဂေဲအိမ်က အခန်းက ၁၆၅ ခန်းတောင်မှ ရှိပါသတဲ့။ ဒါတောင် အိမ်ကိုထပ်ထပ်ပြီး ချဲ့နေရတယ်လို့ ဆိုပါတယ်။ အိမ်ခန်းတိုင်းမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ပန်းချီကားတွေ၊ ရုပ်တုတွေ၊ ခန်းဝင်ပစ္စည်းတွေထည့်ထားပြီး အလားတူ တန်ဖိုးမဖြတ်နိုင်တဲ့ အနုပညာပစ္စည်းများကလည်း ဂိုထောင်ထဲမှာ အပြည့်ရှိနေသေးတယ်လို့ ဆိုပါတယ်။

သူဌေးကြီးဆီကို အလည်လာတဲ့ ဧည့်သည်တွေကလည်း ကိုယ်ပိုင် ဟယ်လီကော့ပတာများကို စီးပြီး လာကြတာပါတဲ့။ အဲသည်လို အကြောင်းတွေကလည်း ပုံပြင်ထဲကအကြောင်းတွေလို ကျွန်မတို့နဲ့ သိပ်အလှမ်းဝေးတော့ စိတ်ဝင်စားစရာ ကောင်းပါတယ်၊ အဲသည်လို အလှမ်းဝေးတဲ့အကြောင်းတွေထဲက အလှမ်းနီးပြီး လူသားဆန်တဲ့ အကြောင်းတစ်ခုကြောင့်သာ ဒီစာကိုရေးဖြစ်တာ ဖြစ်ပါတယ်။

အဘိုးအကြောင်းရေးတဲ့ ဖွန်ဟာ့စ်တ်ကလေးက တစ်နေ့တော့ အပြောကျယ်လှတဲ့ ပတ်ဝန်းကျင်မှာ လျှောက်လည်ရင်း မောမော ဆာဆာနဲ့ အနုနပြောပြတဲ့ ရောမအိမ်ကြီးထဲကို ပြန်ဝင်လာပါတယ်တဲ့။ အဲသည်တော့ သူက မောလည်းမော ဆာလည်းဆာတာနဲ့ ထမင်းစားခန်းကို ရောက်အောင်မသွားဘဲ ဧည့်ခန်းကနေပြီး မီးဖိုထဲက စားပွဲထိုးမှူး

www.burmeseclassic.com



ဆီကို လှမ်းပြီး တယ်လီဖုန်းဆက်ပါသတဲ့။ သူက စားပွဲထိုးမှူးပါလား။ ကျွန်တော် ဂျွန်ပါ။ ဧည့်ခန်းထဲကို ကျွန်တော့အတွက် နွားနို့နဲ့ပေါင်မုန့် လာပို့ပါလို့ ပြောအပြီးမှာ ဖုန်းကိုချလိုက်မယ်လည်းကြံရော၊ သူ့နောက်မှာ ရောက်နေတဲ့ အဘိုးဖြစ်သူက သူ့လက်ထဲက တယ်လီဖုန်းကို လှမ်းယူလိုက်ပါတယ်တဲ့။ ပြီးတော့ စားပွဲထိုးမှူးရေ ခဏကြာရင် ဂျွန်ကိုယ်တိုင် ထမင်းစားခန်းထဲကို လာပြီးစားပါလိမ့်မယ်။ ဧည့်ခန်းကို ပို့စရာမလိုပါဘူးလို့ ပြောလိုက်ပါသတဲ့။

အဘိုးက တယ်လီဖုန်းကို ချလိုက်ပြီးတဲ့နောက် မင်းက မင်းကိုယ်မင်း ဘာထင်သလဲ။ စားပွဲထိုးမှူးကို သူ့တာဝန်မဟုတ်တာ သွားခိုင်းတာဟာ မင်းမှားတယ်။ ထမင်းစားခန်းကိုသွားပြီး စားရင်း ကျွန်တော်ဟာ မခိုင်းသင့်တဲ့အလုပ်ကို ခိုင်းမိပါတယ်။ ခွင့်လွှတ်ပါလို့ သွားပြောချည်လို့ ပြောပါသတဲ့။ ကျွန်မစိတ်ထဲစွဲသွားတာကတော့ သန်းပေါင်းများစွာ ကြွယ်ဝတဲ့ သူဌေးကြီးဟာ သူ့မြေးအရင်းခေါက်ခေါက်ဖြစ်သူ သူ့အမွေကိုဆက်ခံမယ့် သူဌေးလောင်းဖြစ်သူကို ‘မင်းက မင်းကိုယ်မင်း ဘာထင်သလဲ’ ဆိုတဲ့ မေးခွန်းကိုမေးတာဟာ စိတ်ဝင်စားစရာပါပဲ။ အင်မတန်ချမ်းသာတာကို အမွေအဖြစ်ဆက်ခံရသလို အဲသည်အမွေကို ထိန်းနိုင်ဖို့ အရည်အချင်းလည်း လိုအပ်ပါတယ်။ အရည်အချင်းဆိုတာ ရော့ အင့်လို့ ပေးလို့မှမရတာ၊ လေ့ကျင့်မွေးမြူယူရတာကိုး။ အင်မတန်ကြီးမားတဲ့ လုပ်ငန်းကြီးတစ်ခုကို အမွေဆက်ခံတဲ့အခါ အင်မတန့်ကို များပြားတဲ့အလုပ်သမားများနဲ့ ဆက်ဆံရပေမယ်။ အဲသည်လို အလုပ်သမားအမျိုးမျိုးနဲ့ ဆက်ဆံရတဲ့အခါ ငါက သူဌေးပဲ၊ ငါခိုင်းတာကို လုပ်ရမှာပေါ့ဆိုတဲ့ အပေါ်စီးနဲ့သာ ဆက်ဆံကြည့်ပါလား။ အလုပ်သမားများက အလုပ်ကိုရော အလုပ်နဲ့ပတ်သက်တဲ့ စည်းကမ်းကိုရော ဘယ်မှာလိုက်နာပါတော့မလဲ။ သူဌေးကိုပဲ ဝိုင်းဝန်းမျက်နှာလုပ်နေတော့မှာပေါ့။ ဘယ်သူ့အကျိုးစီးပွားပျက်မလဲ။



သူဌေးအကျိုးစီးပွားပဲ ပျက်မှာဖြစ်ပါတယ်။ အဲဒါကြောင့် ဂျွန်ဟာ့စ်တ်ရဲ့ အဘိုးက မင်းကိုယ်မင်း ဘာထင်သလဲလို့ မေးလိုက်တာပါပဲ။ မင်းက ဘာကောင်မှ မဟုတ်ဘူးလို့ ပြောချင်တာကြောင့် အဲသည်လိုမေးတာ မဟုတ်ပါဘူး။ မေးခွန်းထဲမှာ မင်းက အမွေဆက်ခံရမယ့်သူ၊ သူတစ်ပါးကိုလည်း မခိုင်းသင့်တာကို မခိုင်းရဘူးဆိုတာ သိရမယ့်သူဆိုတဲ့ အဓိပ္ပာယ်ပါပါတယ်။

ကျွန်မကတော့ အဲသည်လို **သူဌေးကြီးတွေနဲ့စာရင်** ဘယ်လောက်မှ မချမ်းသာတဲ့ **တချို့သောမိဘများ ဘိုးဘွားများက သူတို့** သားသမီး မြေးမြစ်များကို အမြှောက်ကြီးမြှောက် အပင့်ကြီးပင့်နေတတ်တာတွေကို သတိရမိပါတယ်။ တကယ်လို့သာ ကလေးကတစ်ယောက်ယောက်ကို ခိုင်းကြည့်ပါလား။ အောင်မယ် ငါ့မြေးက သူဌေးမြေးလို့ မပြောရဘူး၊ ခိုင်းတတ်တယ်တော့လို့ ပြောကြဦးမှာ ဖြစ်ပါတယ်။ ကလေးအနေနဲ့ကလည်း လိုတရတဲ့ ဝန်းကျင်၊ သူလုပ်တာ မဟုတ်မဟပ်ကိစ္စဖြစ်နေပေမယ့် လူတကာက အဟုတ်လို့ပြောတဲ့ဝန်းကျင်မှာကြီးပြင်းလာပြီဆိုရင် သူ့အတွက် ရေရှည်မှာ မကောင်းနိုင်ပါဘူး။ လောကဓံဆိုတာ လူတိုင်းရင်ဆိုင်ရမယ့်တရား ဖြစ်ပါတယ်။ ကောင်းလေးပါးနဲ့ကြုံပြီး ပစ္စည်းဥစ္စာတွေ လိုသလို ရမယ်၊ ကျော်စောသတင်း ရှိမယ်၊ ချီးမွမ်းခြင်းခံရမယ်၊ ချမ်းသာသုခနဲ့ ပြည့်စုံမယ်ဆိုတဲ့ ကောင်းတယ်လို့ ယူဆရတဲ့ လောကဓံနဲ့ကြုံကြစဉ်းက ကလေးကို သတိထားပြီး နေတတ်အောင် သင်ပေးရမှာဖြစ်ပါတယ်။ နို့မဟုတ်ရင်တော့ ပြည့်စုံတိုင်း မြှောက်ပြီးတော့ ပွဲထဲက မင်းသားရူးလို ဖြစ်သွားတော့မှာပေါ့။ ကလေးမှာ ဟန်ချက်ပျက်သွားတော့မှာကို ပြောတာပါပဲ။

လူတွေဟာ ကောင်းတဲ့လောကဓံကို ကြုံတဲ့အခါမှာ သိပ်သိပ်သည်းသည်း နေတတ်အောင် ကျင့်ပေးထားတယ်ဆိုရင် ဆိုးတဲ့လောကဓံကို ကြုံတဲ့အခါမှာ တည်တည်ငြိမ်ငြိမ် နေတတ်တော့မှာ **ဖြစ်ပါတယ်။**

www.burmeseclassic.com



အဲသည်လို လေ့ကျင့်မှုမရှိဘဲ ငါ့သား ငါ့မြေး ဘယ်သူက ဘာပြော့ံ သလဲ။ လုပ်ချင်တာကို လုပ်လိုက်စမ်း။ လိုချင်တာကို ယူလိုက်စမ်း။ ငါ့သားလုပ်တာ အကုန်တရားမျှတတယ်။ Might is Right တဲ့ ဆိုတဲ့သွန်သင်မှုမျိုးနဲ့သာ မွေးမြူကြည့်ပါလား။ ကလေးမှာ ကိုယ်ခံအား ပျက်သွားတော့မှာပဲ။ အခက်အခဲဆိုတာ လူ့ဘဝမှာ ရှိတယ်။ အဲသည် အခက်အခဲကို ကျော်လွှားရာမှာ ကိုယ်စွမ်းကိုယ်စ ကိုယ့်အင်ကိုယ့်အားနဲ့ ကျော်လွှားရမယ်ဆိုတဲ့ သတိနဲ့ အသိမရှိဘူးဆိုလို့ကတော့ သားသမီးဟာ အဖေအမေရှိနေတုန်းမှာတောင်မှ ဘယ်သူကမှ မဖျက်ဆီးမထိပါးဘဲ သူ့လုပ်ရပ်က သူ့ကိုပြန်ပြီးဖျက်ဆီးသွားတာတွေကို တွေ့ရတတ်ပါတယ်။

မိဘဘိုးဘွားများက မွေးမြူတဲ့နည်း မမှန်ကန်လို့ ပျက်သွားတဲ့ ကလေးတွေ မနည်းပါဘူး။ ကိုယ်စွမ်းကိုယ်စကို မွေးမြူဘဲထားတော့ အသက်သာကြီးလာတယ်။ အစွမ်းအစက မဲ့လာပါတယ်။ အစွမ်းအစ မဲ့တယ်ဆိုတာကိုလည်း သူ့ဘာသာသူမသိဘဲ အဟုတ်ကြီးထင်နေတတ်တော့ ပြောသမျှ လုပ်သမျှက ဟန်ချက်မညီတော့ဘူးလေ။ ရှိသေလေးစားရမယ့်သူတွေကိုလည်း ငါတို့အဖေ့လူပဲ။ အဖေ့စောင့်ရှောက်မှုကြောင့် သူကြီးပွားလာတာ။ ငါဖြစ်ချင်တာကို သူကလုပ်ပေးရမှာပေါ့ဆိုတာမျိုးပဲ တွေးတတ်တဲ့သူဟာ အခြေအနေ ရုတ်တရက်အပြောင်းမှာ စောင်းရုံမက မှောက်သွားတတ်ပါတယ်။ အချုပ်ကတော့ အခုခေတ်မှာ အမှန်တကယ် တိုးတက်ကြီးပွားနေတဲ့သူများဟာ ကောင်းစွာမွေးမြူခြင်းကို ခံရတဲ့သူများ ဖြစ်ပါတယ်။ သားသမီးကို ကိုယ့်ဘာသာကိုယ် ကြိုးစားပြီး တက်လာအောင် ကျင့်ပေးလိုက်တဲ့ မိဘများကျေးဇူးက ဘယ်လိုအခြေအနေ ပြောင်းပြောင်း မတိမ်းစောင်းဘဲ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ် မတ်မတ်ရပ်နိုင်တဲ့လူသားများကို ဖြစ်ထွန်းစေပါတယ်။ လူဖြစ်ပြီး ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်မရပ်နိုင်ရင် ကြေကွဲစရာတွေနဲ့ ကြုံရတတ်ပါတယ်။

## ၃၁။ ချစ်လို့နိုင်းတာ

ကျွန်မဟာ တပ်ရှိကင့်မှာ ၁၀ လ နေဖူးပါတယ်။ တပ်ရှိကင့်ဟာ ဥဇဘက်ကစ္စတန်ရဲ့မြို့တော် ဖြစ်ပါတယ်။ ခုတော့ ဥဇဘက်ကစ္စတန်ဟာ လွတ်လပ်သော သီးခြားနိုင်ငံဖြစ်ပါတယ်။ ကျွန်မတို့ရောက်တဲ့ ၁၉၆၅ တုန်းကတော့ ဥဇဘက်ကစ္စတန်ဟာ ဆိုဗီယက်ပြည်ထောင်စုရဲ့ ပြည်နယ်ကြီးတစ်နယ် ဖြစ်ပါတယ်။ ကျွန်မပြောချင်တာက အဲသည် အကြောင်းမဟုတ်ပါဘူး။

ကျွန်မပြောချင်တဲ့ ကိစ္စက ပညာတော်သင်အနေနဲ့ တကယ့်ကို မိဝေးဘဝေးသွားပြီး အချင်းချင်း နီးကပ်စွာနေလာရတဲ့အခါမှာ မိဘတွေက ဘယ်လိုပြုစု ပျိုးထောင်ထားခဲ့သလဲဆိုတာ သိသာနေတဲ့အကြောင်း ဖြစ်ပါတယ်။ ကျွန်မတို့ခေတ်က ပညာတော်သင်အရေအတွက် အတော်များများကို တစ်နေရာတည်း စုပြီးပို့ကြတော့ အချင်းချင်းရိုင်းပင်းကြပါတယ်။ သို့ပေမယ့် ကိုယ့်စာကိုလည်း ကိုယ့်ဘာသာကျက်ကြရတာဆိုတော့ စားရေးသောက်ရေးကအစ ကိုယ့်တာဝန်ကို ကိုယ်ယူနိုင်ရပါမယ်။ ကျွန်မတို့နဲ့အတူ လာတဲ့အထဲမှာ သမီးအထွေးဆုံးဘဝနဲ့ အယုယခံပြီး ကြီးပြင်းလာတဲ့ ကျောင်းသူတစ်ယောက်ပါပါတယ်။ သူဟာ ကျွန်မနဲ့အတူတူ စားတဲ့အချိန်တုန်းကလည်း ကျွန်မချက်တာကို စား၊ ကိုယ့်ပန်းကန်လောက်သာ ကိုယ်ဆေးပြီး ထမင်းလခပေးစားတဲ့သူလို နေခဲ့ပါတယ်။ နောက်တော့ သူက တခြားအုပ်စုနဲ့သွားစားမယ်။ ကျွန်မချက်တဲ့ဟင်းတွေက ငရုတ်သီးစပ်တယ်လို့ ဆိုပါတယ်။ သူပြောတာလည်း မှန်ပါတယ်။ ကျွန်မက အစပ်ကြိုက်ပါတယ်။

သူသွားပေါင်းတဲ့ ယောကျ်ားကလေးအုပ်စုကလည်း စုပြီး

www.burmeseclassic.com



ချက်စားတာဆိုတော့ အဲသည်အထွေးကလေးဟာ တစ်နိုင်တစ်ပိုင် တာဝန်ယူရတာပေါ့။ ကျွန်မတို့အနေနဲ့ ထမင်းအိုးအချမှာ ထမင်းမာနေတာကို ပြုပြင်ရတာ သိပ်လွယ်တာပါပဲ။ ရေကလေးတောက်ပြီး ထမင်းအိုးအဖုံးပိတ်ကာ တည်ထားရတယ်ဆိုတာ ငယ်ငယ်ကလေးကတည်းက သိပါတယ်။ အပျော့အမာကိုတော့ ထမင်းမတူးခင် စမ်းသပ်ကြည့်ရတာပေါ့။ ထမင်းအိုးပျော့နေလည်း လွယ်ပါတယ်။ အဖုံးကိုဖွင့်ဖွင့်ပြီး နပ်ရပါတယ်။ သိပ်ပျော့မသွားအောင်ပေါ့။ တခြားနည်းတွေတောင်မှ ရှိချင်ရှိဦးမှာပါ။ ကျွန်မသူငယ်ချင်း အထွေးလေးဟာ ထမင်းအိုးပျော့တာ မာတာနဲ့ အမြဲဒုက္ခရောက်နေတတ်ပါတယ်။ သူက ဟင်းမချက်တတ်တော့ ယောကျ်ားကလေးတွေက ချက်ရပါတယ်။ တစ်နေ့တော့ စုပြီးချက်စားတဲ့အဖော်တွေက ဟင်းအိုးကိုသိမ်းဖို့ အထွေးလေးကို တာဝန်ယူခိုင်းတာကို အထွေးလေးက [illegible]ပါတယ်။ ဟင်းအိုးက မီးဖိုထဲမှာကျန်ခဲ့ပါတယ်။ ဟင်းတွေက မဆလာတွေဘာတွေနဲ့ အကျအနချက်ထားတာကိုး။ မီးဖိုထဲမှာ ကျန်ခဲ့တဲ့ဟင်းအိုးကို တွေ့သွားတဲ့ တစ်ဆောင်တည်းနေ အာဖဂန်ကျောင်းသားများက အုပ်ပစ်လိုက်တာ ဟင်းတွေကုန်ပါလေရော။ အဲသည်ကိစ္စလည်းပြီးရော အထွေးလေးက သူ့အုပ်စုကထွက်ပြီး ကျွန်မတို့နဲ့ ပြန်လာစားရပါတယ်။ သူ့ကိုကြည့်ပြီး ကျွန်မအမေကို ကျွန်မသိပ်ကျေးဇူးတင်မိတာပါပဲ။

ကျွန်မအမေက ကျွန်မတို့ငယ်ငယ်ကတည်းက ကျောင်းမှာလည်း စာတော်အောင် ကြိုးစားခိုင်းတဲ့အပြင် အိမ်မှာလည်း အိမ်အလုပ်တွေကို ကူလုပ်ခိုင်းပါတယ်။ အဝတ်လျှော်ရင်လည်း အမေ့ကို ကူရပါတယ်။ ထမင်းဟင်းချက်တဲ့အခါမှာလည်း ကူရပါတယ်။ အိမ်သိမ်းတာကအစ ဆက်ကုန်ကူညီရပါတယ်။ အိုးတွေခွက်တွေကို ပြောင်စင်သန့်ရှင်းနေအောင်တိုက် ချွတ်ဆေးကြောတာကအစ လုပ်ရပါတယ်။

ဒါနဲ့တောင်မကသေးပါဘူး။ ဈေးသွားခိုင်းပါတယ်။ ပထမတော့



ဈေးထဲက ဘယ်သူ့ဆီကိုသွား။ မေမေက ဘာကိုလိုက်ပြီးဝယ်ပေးလိုက်ပါလို့ ပြော၊ ကိုယ်တိုင်လည်း လိုက်ပြီးကြည့် ကြိုက်တာကောင်းတာမှယူခဲ့လို့ပြောပြီး လွှတ်လိုက်တာပါပဲ။ ဈေးသွားလို့များ အဝယ်မှားလာရင် နောက်တစ်ခါမမှားစေနဲ့လို့ ပြောတာမဟုတ်ဘူး။ အခုပြန်လဲခိုင်းချည်ဆိုပြီး ဈေးကိုပြန်လွှတ်ပါတယ်။ ဝယ်ကတည်းက ကျွန်မမေမေ မကြိုက်ရင် ပြန်လဲပေးပါလို့ပြောပြီးမှ ဝယ်ဆိုတဲ့စကားကိုလည်း သင်ပေးထားပါတယ်။ အဲသည်တော့ ဈေးသွားတဲ့အခါမှာလည်း ဝယ်တဲ့ပစ္စည်းက ကောင်းမကောင်း သေသေချာချာ ရွေးတော့တာပါပဲ။ အဲသည်လို အိမ်မှာ အလုပ်လုပ်ရတာ ဈေးဝယ်ရတာတွေနဲ့ပတ်သက်ပြီး ကျွန်မကလည်း ငြိမ်ငြိမ်သက်သက်နေတာ မဟုတ်ပါဘူး။ အမေတို့များ သမီးတစ်ယောက်တည်းရှိတာ ခိုင်းလိုက်တာ လွန်ရော။ မချစ်ဘူး။ သနားလည်း မသနားဘူး။ ညှာလည်း မညှာဘူး။ ကျွန်မသူငယ်ချင်းတွေဖြင့် အဲသည်လို အိမ်အလုပ်ကို မလုပ်ရပါဘူးလို့ အတွန့်တက်ပြီး ပြောသေးတာပါ။

အဲသည်တော့ မေမေက ချစ်လို့ သနားလို့ မညှာတာ။ ချစ်လို့ သနားလို့ ရှေ့ရေးတွေကို တင်ကြိုပြီးမြင်လို့ လုပ်တတ်ကိုင်တတ်ရှိအောင် ခိုင်းတာပဲလို့ ပြောပါတယ်၊ အဲသည်စကားကို မေမေက ဆက်ပြီးပြောတာကတော့ ဒီလိုပါ။ လူဆိုတာ ဘဝခရီးကို လျှောက်လှမ်းတဲ့အခါ ဘယ်လိုအခြေအနေမျိုးတွေနဲ့ ကြုံရမယ်။ ဘယ်လိုလူမျိုးတွေနဲ့ ဆုံရမယ်ဆိုတာကို ကြိုပြီးမသိနိုင်ဘူး။ ဟိုကယ်လို့ အိမ်အလုပ်တွေကို ကိုယ့်ဘာသာကိုယ်လုပ်ပြီးမှ အလုပ်ကိုသွားရမယ့်အခြေအနေနဲ့ ကြုံရင်လည်း အမေ့သမီးက လုပ်တတ်ရမယ်။ အချိန်ကုန်သက်သာပြီး အလုပ်တွင်တဲ့နည်းများကို လုပ်ရင်းမှ တတ်လာတာ။ ထမင်းအိုးတည်ပြီး မဆူမချင်း ထိုင်စောင့်နေတဲ့မိန်းမတွေ တွေ့တယ်မဟုတ်လား။ အကြံဉာဏ်နည်းပါးကြတာလေ။ ကိုယ်က ထမင်းအိုးတည်ထားတုန်းမှာ

www.burmeseclassic.com



တခြားကိစ္စတွေ ဥပမာ ဟင်းရွက်သင်တာကအစ သားငါးဆေးတာက အစ လုပ်တတ်ရမယ်။ မီးသွေးနဲ့ချက်တယ်ဆိုရင် မီးသွေးမလေအောင် ချက်မယ့်အိုးတွေကို အသင့်ပြင်ထားပြီး တစ်ခုပြီးတစ်ခု ချက်နိုင်ရမယ်။

သူများကို ခိုင်းစေနိုင်တဲ့အနေအထား ကိုယ့်မှာရှိရင်လည်း ကိုယ် ကိုယ်တိုင်က တတ်မှ ကိုယ်ကစီဖြာနိုင်တာ။ (အမေက စီမံလို့မသုံး ပါဘူး၊ စီဖြာလို့သုံးပါတယ်) ကိုယ်က မတတ်ဘဲ သူများကိုခိုင်းတယ် ဆိုရင် အခိုင်းခံရတဲ့သူများက လူကောင်းမဟုတ်ခဲ့ရင် မလေးစားတတ် ဘူး။ တော်ရီလျော်ရီလုပ်တတ်တယ်။ ခိုးတတ်တယ်။ ပြီးတော့ ကိုယ့်ကို လည်း မလေးမစားနဲ့ နောက်ကွယ်မှာ သရော်ဦးမယ်။ ဟော ကိုယ်က တတ်ပြီး ဒီပစ္စည်းကို ဘယ်လောက်သုံးနိုင်တယ်။ လောက်အောင်သုံး စသည်ဖြင့် စီဖြာနိုင်တယ်ဆိုရင် ဖေါ့ပေါ့ဆဆ မလုပ်ဝံ့ကြတော့ဘူးပေါ့။

လူဆိုတာ ဘဝခရီးကိုလျှောက်လှမ်းရင်း ဘယ်သောင်ဘယ်ကမ်း ကို ဆိုက်မှန်း သိရတာမဟုတ်ဘူး။ ကိုယ့်တာဝန်ကို ကိုယ်ယူနိုင်အောင် တတ်သင့်တာတွေကို တတ်ထားမှ တော်ကာကျတာလို့ အမေက သင်ပါတယ်။ အမေက လက်တွေ့အားဖြင့်လည်း သင်တတ်ပါတယ်။ အစားအစာ ချက်ပြုတ်တဲ့နေရာမှာ အာဟာရဓာတ်များ မကုန်အောင် ဆေးကြောတဲ့နည်း ချက်ပြုတ်တဲ့နည်းတွေကိုလည်း အမေသင်ခဲ့တာ ပါပဲ။ အလုပ်နှစ်ခုသုံးခု တစ်ပြိုင်နက်တည်းပြီးအောင် လုပ်တဲ့နည်း တွေကိုလည်း မေမေသင်ခဲ့တာပါပဲ။

ကျွန်မကတော့ တာရှကင့်မှာ ၁၀ လ ကြာခဲ့ပြီးတဲ့နောက် မေမေ့သင်ရိုးများကြောင့် အဆင်ပြေကတည်းက မေမေ့ ကျေးဇူးကို လက်တွေ့အားဖြင့် နှစ်နှစ်ကာကာ သိလာရပါတယ်။ တပ်ရှကင့်အလွန် ဘဝအဆစ်အပိုင်းများစွာမှာလည်း အမေသင်တာတွေကြောင့် လူတွေက လိမ်ရင်လည်း သိနိုင်တာ။ ကိုယ့်ဘာသာကိုယ် တာဝန်ယူတတ်အောင် လုပ်ကိုင်တတ်တာ၊ အထူးသဖြင့် ကောင်းတဲ့အလုပ်ဟူသမျှ ဘယ်လို



အလုပ်မျိုးဖြစ်စေ လုပ်ရမှာမပျော်တာစတဲ့ အကျင့်ကောင်းတွေ ရလာပါ တယ်။ ကျွန်မတို့တော့ မတတ်ဘူးလို့ပြောတဲ့သူကို အားမကျဘဲ ကျွန်မ လုပ်တတ်တယ်။ တာဝန်ယူပါမယ်လို့ ပြောတဲ့သူများကို အားကျပြီး လေးစားအတုယူတာတွေဟာ **အမေကချစ်လို့ သင်ခဲ့တဲ့သင်ရိုးကြောင့်** တိုးတက်လာတဲ့ အရည်အချင်းများ **ဖြစ်ပါတယ်။**

www.burmeseclassic.com

## ၃၂။ ငြင်းဆိုခြင်းသတ္တိ

တစ်ခါတုန်းက ဆရာကြီးတစ်ယောက်က ကျွန်မနဲ့ ကျွန်မသူငယ်ချင်း မိန်းကလေးတစ်ယောက်ကို ဆုံးမစကား ပြောပါတယ်။ ကျွန်မတို့က စာဖတ်တာဝါသနာပါတော့ ကျောင်းစာတွင်မက အပြင်စာကိုပါ ဖတ်ကျင့်ရှိပါတယ်။ အဲသည်တော့ အင်မတန်စက်တဲ့ ဒဿနိကဗေဒ ကျမ်းတစ်ကျမ်းကို သင်ရိုးထဲမှာမပါဘဲနဲ့ ဖတ်ဖို့ကြိုးစားနေကြတာကို ဆရာကြီးတစ်ယောက်က သိသွားပါတယ်။ သိဆို သူ့ဆီက စာအုပ် သွားငှားတာကိုး။

ဆရာကြီးက ကျွန်မတို့ကို စာမေးပွဲအောင်ဖို့ အမှတ်ကောင်းဖို့က အရေးကြီးတဲ့အကြောင်း စာတွေကိုမွှေ့လျော်တိုင်း လျှောက်ပြီး ဖတ်နေရင်လည်း စာမေးပွဲကျတော့ အမှတ်မကောင်း ဖြစ်သွားတတ်ကြောင်း။ စာမေးပွဲမှာ အမှတ်မကောင်းခဲ့ရင် အလုပ်ကျတော့ ထိခိုက်သွားမှာဖြစ်ကြောင်းတို့ကို စီကာပတ်ကုံး ပြောပြပါတယ်။

အဲသည်လိုပြောအပြီးမှာ လူဆိုတာ ကိုယ့်ဘာသာတော့ ဘယ်လိုပဲ နေရစေ၊ ဘယ်လိုပဲစားရစေ စိတ်မဆင်းရဲဘူး။ ခုံဖိနပ်ကိုစီးရလည်း စိတ်မဆင်းရဲဘူး။ သားသမီးကလေးတွေကျတော့ ကိုယ့်လို ခုံဖိနပ်စီးခိုင်းရမှာ စိတ်ဆင်းရဲနေတတ်တယ်။ အဲသည်တော့ အချိန်ရှိတုန်း အောင်အောင်မြင်မြင် ပြည့်ပြည့်စုံစုံနေနိုင်တဲ့ သူများဖြစ်အောင် ကြိုးစားကြဖို့ လိုတယ်လို့ပြောပါတယ်။ တကယ်တော့ ကျွန်မတို့က မဟုတ်တာ လုပ်လို့ ဆုံးမရတာမဟုတ်ပါဘူး။ သို့သော်လည်း လောကမှာ ဝါသနာပါတာကိုလုပ်ရင်း လက်တွေ့နဲ့ကင်းကွာသွားမှာစိုးလို့ ဆုံးမတာ ဖြစ်ပါတယ်။



ကျွန်မကတော့ အဲသည်ဆရာကြီး ဆုံးမတဲ့ သားသမီးတွေကို မိဘတွေက ကိုယ်ရခဲ့တာထက် ပိုပြီးပေးချင်တယ်ဆိုတဲ့ အချက်ကို စိတ်ထဲမှာ စွဲမြဲသွားပါတယ်။ ဟုတ်တာပေါ့။ ကိုယ်ငယ်စဉ်က မရခဲ့တဲ့ အခွင့်အရေးတွေကို သားသမီးများ ရနေတယ်။ ကိုယ်မစားခဲ့ရတာ၊ ကိုယ်မဝတ်ခဲ့ရတာတွေကို သားသမီးတွေ စားနေဝတ်နေတယ်ဆိုရင် မိဘက ပျော်တာပါပဲ။ သားသမီးများ လိုချင်တာကို မငြင်းမဆန်ပေးချင်တာကတော့ မိဘများရဲ့ သဘာဝဖြစ်ပါတယ်။ သို့သော် မိဘများအနေနဲ့ သားသမီးလိုချင်တိုင်း ပေးမယ်၊ စားချင်တိုင်း ကျွေးမယ်ဆိုရင် သားသမီးဟာ လူဖြစ်လာတော့မှာ မဟုတ်ပါဘူး။ ပထမကတော့ ကလေးဟာ မစားသင့်တဲ့ အစားအစာ၊ စားလို့ရတဲ့အစာတောင်မှ မစားသင့်တဲ့ အတိုင်းအတာအထိ တောင်းလာပြီဆိုရင် မိဘများက မပေးဘူး၊ စားရ ဘူးလို့ ငြင်းဆန်ရတာပါပဲ။ ကလေးကတော့ သူလိုချင်တာ မရရင် ငိုမယ်၊ ကောက်မယ်။ သနွှဲဆိုးတဲ့ကလေးဆိုရင် သောင်းကျန်းတော့မှာ ပါပဲ။ မိဘကတော့ ကျွေးချင်ပေမယ့် မသင့်ဘူးဆိုရင် ကလေးကို ဖျောင်းဖျမယ်။ အစားထိုးပေးမယ်။ ဘယ်လိုမှမဖြစ်တာကို ထောက်ပြရ တယ်၊ သောင်းကျန်းနေတယ်ဆိုရင် ရိုက်ရပုတ်ရတဲ့အလုပ်ကို မလုပ်ချင် ပေမယ့် လုပ်ပေးရတော့တာပါပဲ။

ကလေးများကလည်း သွေးတိုးစမ်းတတ်ပါတယ်။ သူဘယ်လို လုပ်ရင် မိဘက မခံနိုင်ဘူး။ သူလိုချင်တာကို ပေးမှာပဲလို့ သိထားပြီး မိဘမခံနိုင်တဲ့အထိ သွေးတိုးစမ်းတတ်ပါတယ်။ မိဘက စိတ်ကိုခိုင်ခိုင်ထားပြီး သားတို့သမီးတို့ရေ မေမေတို့ ဖေဖေတို့သာ သားတို့သမီးတို့ကို မငြင်းဆန်ဘဲ လိုက်လျောနေရင် တစ်နေ့ကျ ဘဝကငြင်းဆန်တာနဲ့ ကြုံရင် မင်းတို့ဘယ့်နှယ်လုပ်မလဲ။ ဘဝက ပြင်းပြင်းထန်ထန် ငြင်းဆန် တာကို လောကဓံလို့ခေါ်တယ်။ အဲသည်လိုလောကဓံနဲ့ ကြုံတဲ့အခါ ကျရင် မင်းတို့ ဘယ်လိုမှသွေးတိုးစမ်းလို့ မရတော့ဘူး။ ခံရမှာပဲ။

www.burmeseclassic.com



မင်းတို့က ခံနိုင်ရည်ရှိရှိနဲ့ အံတုခြင်းမပြုနိုင်သမျှ မင်းတို့ခံရမှာပဲ။ အဲဒါကြောင့် ဖေဖေ မေမေတို့က စမ်းသပ်လေ့ကျင့်နေတဲ့ သဘောနဲ့ မသင့်တာ မတော်တာကို ငြင်းဆန်ပေးနေရတာ။ မိဘတွေမှာ စိတ်သက်သာလှတယ်လို့မထင်နဲ့လို့ နှုတ်ကမပြောရင်တောင် စိတ်ထဲက ပြောမိမှာပါပဲ။

ကလေးဟာ မသင့်တင့်တဲ့ကိစ္စဆိုရင် အဖေကရော အမေကပါ သည်းမခံဘူး။ မလိုချင်သင့်တဲ့အရာဆိုရင် ဘယ်လောက်တောင်းတောင်း မပေးဘူးဆိုတာကိုသိရင် မဆိုးတော့ဘဲ နားလည်အောင် သွန်သင်မှုနဲ့ အတူ သူတို့လည်း သူတို့ဘာသာ ရင့်ကျက်သွားတတ်ပါတယ်။

တချို့သော မိဘများဟာ ဘယ်လောက်ချမ်းသာသည်ဖြစ်စေ **ပြည့်စုံသည်ဖြစ်စေ** အလုပ်ကို ကြိုးစားပြီး လုပ်နိုင်းတတ်ပါတယ်။ ငွေကို **စည်းနဲ့စနစ်နဲ့** ချွေတာပြီးသုံးစွဲဖို့ လေ့ကျင့်ပေးတတ်ပါတယ်။ တစ်ခါ **တုန်းက မာလာဆောင်မှာ** တူတူနေခဲ့တဲ့ သူငယ်ချင်းပြောလို့ ကြားဖူးတဲ့ **အကြောင်းတစ်ခုကို** မှတ်မိနေပါတယ်။ ကျွန်မနဲ့ မတွေ့ဖူးလိုက်တဲ့ **အဆောင်သူနှစ်ယောက်**အကြောင်းကို ပြောတာဖြစ်ပါတယ်။ သူတို့မိဘများက အပ်ချုပ်စက်များကို နိုင်ငံခြားကနေ မှာယူတင်သွင်းနေတဲ့ သူဌေးကြီးတွေ ဖြစ်ပါတယ်။ သူတို့သမီးများကို အိမ်ကနေပြီး ကားနဲ့ ကျောင်းတက်စေမယ်ဆိုရင်လည်း ရနိုင်ပါလျက် အဆောင်မှာ လာထားပါတယ်တဲ့။ အိမ်မှာထက် အဆောင်မှာ လူအများနဲ့ အတူနေတဲ့ အကျင့်ရမယ်။ ကိုယ်ထူကိုယ်ထ အလုပ်လုပ်တတ်မယ်ဆိုတဲ့ စိတ်ကူးနဲ့ လာထားတာ ဖြစ်ပါသတဲ့။ အဲသည်လို လာထားတဲ့အခါမှာလည်း ငွေကို အတိုင်းအတာနဲ့ပဲ ပေးပါတယ်တဲ့။ ငွေပိုမရှိတော့ မိန်းကလေး နှစ်ယောက်စလုံးဟာ အဝတ်လျှော်လည်း ကိုယ်တိုင်၊ လိုအပ်တဲ့ရေကို ခပ်တာ၊ သောက်ရေအိုး ရေထည့်တာ၊ တံမြက်စည်းလှည်းရတာစတဲ့ အလုပ်တွေကို လုပ်ရပါသတဲ့။ မုန့်ဆိုရင်လည်း တခြားကျောင်းသူတွေလို တစွတ်စွတ် ဝယ်မစားနိုင်ပါဘူးတဲ့။



ကျွန်မကို အဲသည်အကြောင်းပြောပြတဲ့ ကျောင်းသူက ကဲ့ရဲ့လို စိတ်နဲ့ ပြောတာမဟုတ်ပါဘူး။ ချီးမွမ်းလိုစိတ်နဲ့ ပြောတာပါ။ သူက ပြောပါတယ်။ ဝင်းရယ် အဲသည်**သူ့အစ်မတပ်ထားတဲ့** စိန်နားကပ်တွေက ဖက်ထုပ်စိန်အကြီးကြီးတွေပဲ။ **သူတို့မိဘက စည်းနဲ့စနစ်နဲ့** နေတတ်အောင် အဆောင်ကိုပို့လိုက်တာ။ **အငယ်မကတော့ မုန့်ဖိုးနည်းလို့** အော်နေတာပဲ။ သူက သူ့အစ်မကို သောက်**ရေအိုးထည့်ပေးပြီး တစ်ခေါ်** ယူလို့ မမကလည်း မမရေအိုးကိုထည့်နိုင်ပြီး **တစ်မတ်ထပ်ပေးလိုက်** တော့ သူက ဆီချက်ခေါက်ဆွဲ သွားဝယ်စားတယ်လို့**ပြောပြီး ရယ်** နေပါတယ်။

အဲသည်မိန်းကလေးများရဲ့ မိဘများဟာ သားသမီးကို **စည်းနဲ့** စနစ်နဲ့ နေနိုင်းပေမယ့် အိမ်ထောင်ပြုတဲ့အခါမှ အိမ်ထောင်မှုပစ္စည်းတွေရော အတွင်းပစ္စည်းတွေရော လက်ဖွဲ့လိုက်တာ အများကြီးပါပဲတဲ့။ အဲသည်အချိန်မှာ သမီးတွေက ရင့်ကျက်သွားကြပြီဆိုတော့ ဘာကိုမဆို စနစ်တကျ သုံးတတ်ကြပြီလေ။

ဘဝက မငြင်းဆန်ခင် သားသမီးကို မိဘက ငြင်းဆန်သင့်တာတွေကို ငြင်းဆန်တာဟာ သားသမီးကို ပညာပေးနည်းတစ်မျိုး ဖြစ်တာကတော့ သေချာပါတယ်။ ကျွန်မသိတဲ့ မိသားစုတစ်စုမှာ သားသမီးတွေကို ပေးနိုင်ကျွေးနိုင်တဲ့ အခြေအနေရှိတိုင်း စားချင်တိုင်းစား သုံးချင်တိုင် သုံးဖို့ ခွင့်ပေးထားလိုက်တာ၊ ကလေးတွေက စာလည်းမကြိုးစား၊ အသုံးအစွဲကလည်း စည်းမရှိတော့ မိဘမဆုံးပါးခင်မှာပဲ မသင့်တင့်တဲ့သူတွေနဲ့ အိမ်ထောင်ကျသွားကြပါတယ်။ သူတို့ကိုလည်း သင့်တင့်တဲ့ အရည်အချင်းရှိတဲ့သူတွေက အိမ်ထောင်ဖက်အဖြစ် ဘယ်မှာရွေးမလဲ။ သားသမီးများဟာ အနေအစားပြောင်းရမှာလည်း မသိတော့ ဝတ်လိုက် စားလိုက်နဲ့ ဆင်းရဲသည်ထက်ဆင်းရဲတော့ ဆွေမျိုးတွေဆီကိုလိုက်ပြီး တောင်းပြန်ပါတယ်၊ ဆွေမျိုးထဲမှာ ပစ္စည်းရှိတယ်ဆိုတဲ့**သူများဟာ**

www.burmeseclassic.com



သူတို့ကိုယ်တိုင် ချွေတာစုဆောင်းလို့ ပစ္စည်းရှိနေတာကိုး။ အဲသည်တော့ တစ်ခါက နှစ်ခါထက်ပိုပြီး မကူညီနိုင်ကြပါဘူး။ အဲသည်အဖြစ်ကို ရောက်ရတာဟာ ငြင်းဆန်ခြင်းနဲ့အတူ စည်းကမ်းတကျနေကျင့်ကို မပေးတတ်ခဲ့တဲ့ မိဘများကြောင့်ဆိုတာ ရှင်းနေပါတော့တယ်။

## ၃၃။ မျိုးစေ့လည်းမှန် အပင်လည်းသန်ပါ

အဖေနဲ့အမေအကြောင်းကို ရေးရတာဟာ မပြီးဆုံးနိုင်တဲ့ ဇာတ်လမ်းတစ်ခုကို ရွေးမိတာပါပဲ။ လောကမှာ လူအမျိုးမျိုး နတ်အထွေထွေဆိုသလို ရှိကြလေတော့ အဖေအမေကလည်း အမျိုးမျိုးရှိတာပေါ့။ တူးတူးမာတို့ အဖေတို့ မိသားစုကဆိုရင် အင်မတန်ချမ်းသာသလောက် သူများနဲ့ဆိုရင် မတူမတန်ဘူးရယ်လို့ မျက်နှာပင့်ပင့် မာန်ဝင့်ဝင့်နဲ့ နေခဲ့ကြတာတဲ့။ ဟုတ်မှာပါပဲ။ ကြီးဒေါ်တို့ နားတောင်းကြီးများကလည်း စိန်ကြီးတွေက ပြူးနေလေတော့ သူတို့ခေါင်းကိုပင့်ပြီး ခပ်ခါခါ စကားပြောလေလေ လက်ကနဲ လက်ကနဲနေလေလေကိုး။

တူးတူးမာတို့အမေကျတော့ ဆင်းရဲပါတယ်။ သို့ပေမယ့် ချစ်စရာ သိပ်ကောင်းပါတယ်။ ဆင်းဆင်းရဲရဲ အလုပ်လုပ်ရပေမယ့် ပြည့်ပြည့်ကလေး ဖြူဖြူကလေးပါပဲ။ အဲသည်လို အလုပ်လုပ်ရတာက အဖေတို့မိဘများပိုင်တဲ့ ပဲခွဲစက်ထင်ပါရဲ့။ အဲသည်မှာ သူဌေးသား တက္ကသိုလ်ကျောင်းသားက ကျောင်းကအပြန် စက်ထဲဝင်ပြီး အလုပ်လုပ်ပါတယ်။ တူးတူးမာတို့ အမေက စက်ထဲကကျတဲ့ပဲကို လက်နုပ်ကလေးနဲ့ ကျုံးပြီး သူဌေးသားကို သွားပြရပါတယ်။ အဲသည်လက်အုပ်ဖောင်းဖောင်းအစ်အစ်ပိုင်ရှင် ချစ်ခင်စဖွယ် မိန်းကလေးကို သူဌေးသားက တွယ်တာမိလို့ နောက်ဆုံးတော့ ညားကြလေသတည်းလို့ ဆိုတဲ့အခြေအနေအထိ ဆိုက်ရောက်ခဲ့ပါတယ်။

အို ကြီးတော်ကြီးတို့ကတော့ ဆူလိုက်ပူလိုက်နဲ့ စက်မှာ အလုပ်လုပ်နေတဲ့ တူးတူးမာတို့အမေ့ဘက်က လူတွေဆိုရင် အကုန်ကိုပဲ အလုပ်ပြုတ်ကြပါလေရောတဲ့။ တူးတူးမာတို့ မောင်နှမတွေက များပါ

www.burmeseclassic.com



တယ်။ သူတို့ကို အဖေ့ဘက်က ပြန်ခေါ်တဲ့အခါမှာတောင်မှ ကြီးတော်ကြီးတစ်ယောက်က အမယ်လေးလေ မျိုးစေ့မှန် အပင်သန်တာတော့လို့ ပြောပါသတဲ့။

တူးတူးမာတို့ဟာ အဖေ့ဘက်က အဘိုးအဘွားများထံမှာ သွားနေရတော့ အစားအသောက် အနေအထိုင် ပြည့်စုံကောင်းမွန်ပါတယ်။ သို့ပေမယ့် စိတ်ကတော့ မလုံခြုံတော့ပါဘူး။ စိတ်မလုံခြုံဆုံး ပုဂ္ဂိုလ်ကတော့ အဖေပါပဲ။ အဖေဟာ အဆင်းရဲလည်း မခံနိုင်ပါဘူး။ သူ့ကို သူ့ပတ်ဝန်းကျင်က သက်သောင့်သက်သာ အနေအစားနဲ့ နေထိုင်ကြီးပြင်းခွင့်ကို အိမ်ထောင်ကျတဲ့အထိ ပေးခဲ့လေတော့ သူဟာ စိတ်ထဲမှာ ဘာကိုမှ လေးလေးနက်နက် မထားတော့ပါဘူး။ သနားတတ်တယ်။ လူတွေအပေါ် ကောင်းတယ်။ သို့သော် မြဲမြဲစွဲစွဲ တည်တည်ကြည်ကြည် စိတ်ဓာတ်ကတော့ ရှိလည်းမရှိ။ ရှိအောင်လည်း မကြိုးစားနိုင်ပါဘူး။ အဲသည်တော့ ပိုက်ဆံကိုင်ပြီး သူလိုသမျှ ထုတ်ပေးနေတဲ့ အစ်မကြီးတွေစကားက သူ့ကိုလွှမ်းမိုးလာပါတယ်။ ပထမတော့ မမကြီးတို့ကို ဘာမှမဆန့်ကျင်နဲ့နော်။ သူတို့က ကိုယ်တို့ကို ကောင်းကောင်းကူညီမှာဆိုတဲ့ စကားမျိုးကိုစပြီး ပြောပါတယ်။ နောက်တော့ အစ်မကြီးတွေရဲ့ လေအတိုင်း မင်းတို့ တကယ်အောက်တန်းကျတယ်ဆိုတာကို လက်ကိုင်စကားအဖြစ်ထားပြီး သုံးတတ်လာပါတော့တယ်။

တူးတူးမာတို့ဟာ တစ်ခြံတည်းမှာတည်ရှိတဲ့ အိမ်နှစ်အိမ်မှာ ခွဲနေရပါတယ်၊ အမေနဲ့သားသမီးများက တစ်အိမ်၊ အဖေနဲ့ သူတို့မိသားစုက တစ်အိမ်ပေါ့။ အမေကတော့ သားသမီးတွေမျက်နှာကို ထောက်ပြီး ခပ်အေးအေးပဲနေပါတယ်။ စိတ်ကိုအေးအောင်ထားပြီး နှုတ်ကိုစောင့်စည်းပြီးနေပေမယ့် အလုပ်များကတော့ ဇယ်စက်သလို လုပ်နေရပါတယ်။ ငွေကြေးမရတဲ့ အလုပ်သမ ဖြစ်နေတော့တာပါပဲ။

တူးတူးမာတို့ ကျောင်းနေတဲ့အချိန်မှာ ကြီးတော်များက ခပ်ခန့်



ခန့်နေဖို့ သွန်သင်ပါတယ်။ အမိန့်ပေးတယ်ဆိုမှ ပိုပြီးမှန်ပါမယ်။ တူးတူးမာတို့ဘဝက ကျောင်းမှာဆိုရင် ဟန်ဆောင်ပြီး ခပ်ခန့်ခန့်နေရမယ်။ အိမ်ကျရင်တော့ တခြားသော ဝမ်းတွဲညီအစ်ကိုမောင်နှမများထက် တစ်ဆင့်နိမ့်ပြီး သူတို့စိတ်ကြိုက် နေပေးရမယ်ဆိုသလို ဖြစ်နေပါတယ်။ အဲသည်လိုနေကြရင်း ကလေးပီပီ သူငယ်ချင်းကို မင်းတို့ချမ်းသာလားလို့ မေးပြီးတော့ ပေါင်းတယ်ဆိုတာ ဘယ်မှာရှိပါ့မလဲ။ ပေါ့ရှင်းတစေရင်း စာတွေကိုလုပ်ရင်း ခင်မင်သွားတာကတော့ ဆင်းရဲတဲ့ကလေးများ ဖြစ်နေပါတယ်။ အဲသည်ကိစ္စကိုလည်းသိရော ကြီးတော်များက ဖွတ်လေ ရိုက်ပါလေရော။ အစကတည်းက မပြောလား။ အောက်တန်းကျတဲ့ အမေကမွေးတာ ကလေးတွေက အောက်တန်းကျတဲ့သူတွေနဲ့ပဲ ပေါင်းချင်ကြတယ်။ မောင်မောင် မင်းမိန်းမယူတာဟာ ငါတို့အမျိုးတွေ အောက်တန်းကျကုန်တော့တာပါပဲ စသည်ဖြင့် မပြီးနိုင်မစီးနိုင် မြည်တွန်ကြတော့တာပါပဲ။

အမေက မျက်စိမျက်နှာပျက်နေတဲ့ သားသမီးများကို ကြည့်ပြီးတော့ ဘာတစ်ခွန်းမှလည်း မပြောဘဲနဲ့ ပစ္စည်းအနည်းအကျဉ်း ရှိသမျှကလေးတွေကို သိမ်းတော့တာပါပဲ။ ပြီးတော့ အဖေ့ဆီသွားပြီးတော့ ကိုမောင်ရေ ကျွန်မတော့ သားသမီးများရဲ့ အမေပဲလုပ်တော့မယ်။ ကိုမောင့်မိန်းမ မလုပ်တော့ဘူး။ တကယ်လို့ ရှင်က ကျွန်မယောကျ်ားလည်း ဖြစ်ချင်သေးတယ်၊ ကလေးတွေ အဖေဖြစ်ချင်သေးရင် လိုက်ခဲ့ပေတော့ ရက်ကြာရင်တော့ ကွာစာပေးလိုက်မယ်လို့ အတိုချုံးပြောပြီး လာဟော့ သားနဲ့သမီးတွေလို့ခေါ်ကာ ကလေးသုံးယောက်နဲ့အတူ လက်တွဲပြီး အဖေတို့အမျိုးမှန်တဲ့ခြံကြီးထဲက ထွက်ခဲ့တော့တယ်။ တူးတူးမာကတော့ အမေ့လက်ကိုဆွဲထားတော့ အားရှိပေမယ့် အဖေ့ကို လှည့်လှည့်ပြီး ကြည့်မိနေသေးတယ်။ အခုပဲ လိုက်လာမလားလို့ပေါ့။

အဖေလိုက်လာပါတယ်။ အဖေဟာ တကယ်တော့ စာတတ်ပါ

www.burmeseclassic.com



တယ်။ ဘွဲ့မှ နှစ်ဘွဲ့တောင်ရတာပါ။ ဒါပေမဲ့ အမေနဲ့ ကလေးတွေဟာ အမွေရှာစာကို ဟုတ်တိပတ်တိ မစားခဲ့ရဘူးပါဘူး။ အမေက နောက်ထပ် တလေးရပါသေးတယ်။ ကလေးလေးယောက်နဲ့ အမေက ရုန်းကန် လှုပ်ရှားခဲ့ရပါတယ်။ အကြီးနှစ်ယောက်ကတော့ အမေ့ကိုကူညီနေရလို့ ပင်ပန်းပါတယ်။ ဒါတောင်မှ တစ်ဖက်က အလုပ်လုပ်ရင်း တစ်ဖက်က ဘွဲ့ရအောင် ကြိုးစားခဲ့ကြပါတယ်။

အငယ်နှစ်ယောက်ကတော့ ပိုပြီးကံကောင်းတယ်လေ။ ဘွဲ့လွန် တွေ ဘာတွေရတယ်။ အလုပ်ကောင်းကောင်းလည်း ရပါတယ်။ အမေ က ကြည့်စမ်း ငါ့အပင်တွေက သန်လိုက်တာ အမျိုးမှန်သောမမှန်သော မပြောနဲ့တော့လို့ ဆိုပါတယ်။ တကယ်တော့ အမေရော ကလေးတွေ ရော အဖေ့ကို ကြီးတော်တွေပြောသမျှ လက်စားချေတဲ့အနေနဲ့ ပြော ဆိုရင် အဖေဟာ ခေါင်းဖော်နိုင်မှာတောင် မဟုတ်တော့ဘူး။ ဘာဖြစ်လို့ လဲဆိုတော့ ကြီးဒေါ်များကိုယ်တိုင်ရော သူတို့သားသမီးတွေရော သူများ ကို အမီမလိုက်နိုင်တော့ အဘက်ဘက်မှာ ပင်ပန်းကြပါတယ်။ အဲဒါ ကြောင့် တူးတူးမာတို့က အဘက်ဘက်က သာသွားတော့တာပါပဲ။

အမေကတော့ အမျိုးယုတ်တယ်၊ အမျိုးမြင့်တယ်ဆိုတာ ကိုယ် ကျင့်တရားအနေနဲ့သာ တိုင်းတာလို့ရမယ်။ ရာထူး စည်းစိမ်ဥစ္စာနဲ့ ဆွေသားမျိုးသား လောကီပညာအားတို့ကို အားကိုးပြီးတော့ တိုင်းတာလို့ မရနိုင်ဘူးလို့ တူးတူးမာတို့ကို သွန်သင်ပါတယ်။ အဖေ့ကို ဘယ်လို ပြောသလဲဆိုတော့ သားတို့သမီးတို့ မင်းတို့စာတော်တာဟာ မင်းတို့ အဖေကိုတူလို့ တော်တာ။ အဲဒါကြောင့် ဘယ်တော့မှ အဖေ့ကို မကောင်းမပြောမိကြစေနဲ့လို့ သွန်သင်ပါတယ်။ အဖေက အမေ့ကို ငယ်ငယ်တုန်းက သိပ်အထင်မကြီးလှပေမယ့် ကြီးလာလေလေ တွယ် တာ ကိုးစားလာလေလေပါပဲ။ တစ်ခါတလေမှာတော့ အမေက ကျွန်မလိုအမျိုးယုတ်ကိုသာ ရှင်မယူဖြစ်ရင် ရှင့်ကို ဘယ်သူက ဒီလိုပြုစု



မလဲလို့ ကျီစယ်ပါတယ်။ သားသမီးများက ဟုတ်တယ်အဖေ ဟုတ် တယ်လို့ ဝိုင်းပြောကြတော့ အဖေက ဟုတ်တာပေါ့။ မင်းတို့အဖေ ငါကိုယ်တိုင်က သူ့ကိုမပစ်နိုင်တာ ဒါတွေကြောင့်ပဲလို့ ပြောရှာပါတယ်။ အဖေဟာ သူ့ဇနီးသည်ကို အားနာနေသလို ကံကောင်းလို့ ဒီလိုမိန်းမကို ရပလေတယ်လို့ တွေးနေမှာသေချာပါတယ်။

www.burmeseclassic.com

# ၃၄။ အဖေ့ကို နောက်ဆုံးစကားပြောခြင်း

သော်တာခင်တစ်ယောက်ဟာ သူ့အဖေကို ယပ်လေးခတ်ပြီး စူးစိုက်ကြည့်နေတာကို အားလုံးက ဝိုင်းပြီးကြည့်နေပါတယ်။ သော်တာခင်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်ပါဘူး။ သူဟာ အကြာကြီးရပ်ပြီး အဖေ့ကိုကြည့်နေရင်း အဖေ သမီးကိုခွင့်လွှတ်ပါ။ အမေ့အနေနဲ့ အဖေ့သားအဖေ့သမီးများကို ထင်ထင်ပေါ်ပေါ် နေရာမပေးဘူးဆိုပြီး စိတ်ဆိုးရဲကောင်း ဆင်းရဲပါမယ်။ ကလေးတွေကလည်း သူတို့အတွက် အဘက်ဘက်က စဉ်းစားပေးတဲ့ ဒကျူးဖူးတွေ နင့်နေတဲ့ သော်သော့်ကို မလှန်ရဲတာလည်း ပါပါမယ်။ ချစ်ကြောက်ရိုသေ စိတ်ထားတာလည်း ပါပါမယ်။ အဲသည်လိုကြောင့်သာ နောက်ဆုံးအချိန်မှာ အဖေရေ အဖေရဲ့လို့ အော်ဟစ်တမ်းတချင်တဲ့စိတ်တွေကို ထိန်းထားကြရတာ ဖြစ်ပါတယ်။ သော်သော့်ကို ခွင့်လွှတ်ပါအဖေ။ သော်သော့်က ဒီအသိုင်းအဝိုင်းမှာတော့ ဘယ်လိုမှ တစ်ဦးတည်းသော သမီးဘဝကနေ ဆင်းမပေးနိုင်ပါဘူး။ အဲသည်လို အခွင့်အရေးကို အဖေ့ဆီက သော်သော်ရနိုင်တဲ့ နောက်ဆုံး အမိုးတန်အမွေအဖြစ် သော်သော် ယူပါရစေအဖေ။ အဖေ့သား အဖေ့သမီးတွေက အဖေနဲ့တစ်သက်လုံးမခွဲဘဲ နေခွင့်ရခဲ့ပြီးပြီလေ။ အဲဒီတော့ သော်သော်က တစ်ဦးတည်းသောသမီးအဖြစ် နေရာယူထားတာကို တရားတယ်လို့ သော်သော်ထင်ပါတယ်။ တကယ်တော့လည်း သော်သော့်အမေနဲ့အဖေတို့ဟာ သော်သော်တစ်ယောက်တည်းကိုပဲ မွေးခဲ့တာနော်။ တစ်ဦးတည်းသောသမီး သော်သော်ပေါ့။ အဲသည်လို သော်သော်စိတ်ထဲက အခုလောလောဆယ် အသုဘချခါနီးမှာ



စကားတွေပြောသလို့ အရင်ကလည်း အဖေ့ကို စကားတွေပြောခဲ့ဖူးပါတယ်။ အခုလို စီကာပတ်ကုံးတော့ မဟုတ်ပေဘူးပေါ့နော်။

သော်သော် သိတတ်တဲ့အချိန်မှာတော့ မေမေ့ဘက်က ဘိုးဘိုးက တစ်ဦးတည်းသော မြေးသော်တာခင်ကို သည်းသည်းလှုပ်ဖြစ်နေပါပြီ။ မြေးကလေးကို လိုချင်တယ်ဆိုရင် ချက်ချင်းပေး၊ စားချင်တယ်ဆိုရင် ချက်ချင်းကျွေးနဲ့ အလိုလိုက်လိုက်တာ။ အဘွားဒေါ်မြခင်ကြီးကတောင်မှ လွန်လွန်းတယ်တော်ရေ့လို့ ပြောယူရတဲ့အထိ ဖြစ်ပါတယ်။

အဲသည်အကြောင်းတွေကို အဖေကတော့ ဘယ်သိမှာလဲ။ အဖေက အမေ့မှာ သော်သော့်တို့ ကိုယ်ဝန်ရှိနေပြီဆိုတာ သိရဲ့သားနဲ့ မေမေ့ကိုပစ်ပြီး ထွက်သွားခဲ့တာကိုတော့ အဖေသိမှာပါနော်။ အဖေက လည်း သူ့မွေးသား၊ အမေကလည်း သူ့မွေးသမီး စိတ်လိုလက်ရှိပါနဲ့ ထွက်ပြေးကြပြီးတဲ့နောက် အဖေက ယောက်ျားကလေးဆိုတော့ စိတ်လွတ်လက်လွတ် ထွက်သွားနိုင်ခဲ့ပေမယ့် အမေက သော်သော့်ကို မွေးရဦးမှာ၊ မမွေးခင်မှာလည်း ဘိုးဘိုးတို့နဲ့ ပြန်ပြီးမတွေ့ချင်ပါဘူးတဲ့။ အမေ ပြောပြတာတွေလေ။ ဘိုးဘိုးတို့ကလည်း ယူချင်တယ်ဆိုရင် နားတောက် ရမှာဖြစ်လျက်နဲ့ ရုတ်တရက် ထွက်ပြေးကြတယ်ဆိုတော့ ယောက်ျားကလေးဘက်ကိုလည်း စိတ်ဆိုးတာနဲ့ သေခန်းဖြတ်တယ်ဆိုတဲ့ စကားကို သက်ဆိုင်သူတွေ ပြန်ကြားလောက်အောင် ပြောနေတော့ အမေက မပြန်ရဲဘူးတဲ့ အဖေရဲ့။

အမေဟာ သူ့ကို အဖေထားပစ်ခဲ့တယ်ဆိုတာ သေချာတဲ့အထိ သိမ်သိမ်ငယ်ငယ်နဲ့ စောင့်နေသေးတာပါတဲ့။ နောက်တော့ သော်သော့်ကို လည်း မွေးရဦးမှာဆိုတော့ အဖွားဒေါ်မြခင်ဆီကို သွားပြီးကပ်ရတာပေါ့။ အဘွားဒေါ်မြခင်က အဘိုးတို့မြို့နားက မြို့ကလေးမှာနေတဲ့ အဘွား သူငယ်ချင်းလေ။ သူတို့သူငယ်ချင်းချင်းက သိပ်ချစ်ကြတာဆိုတော့ အမေဒုက္ခရောက်နေတဲ့အချိန်မှာ အဘွားကိုယ်စား စောင့်ရှောက်ခဲ့ပါ

www.burmeseclassic.com



တယ်တဲ့။ အဘွားဒေါ်မြခင်ဟာ ဒီလို အမေခိုလှုံနေတဲ့သတင်းကို ဘိုးဘိုးတို့ထံကို အပေါက်ကြားမခံဝံ့ပါဘူးတဲ့။

အဲသည်လို နေလာရင်းနဲ့ သော်သော် သုံးနှစ်သမီးလောက်ရောက်တော့ ဘိုးဘိုးတို့ဆီကို အလည်သွားတဲ့အခါ သော်သော့်ကို အဘွားဒေါ်မြခင်က ခေါ်သွားပါသတဲ့။ အဖေသည်းခံနော်။ အဖေ့ကို သော်သော် ပြောရမယ်။ ဒါနောက်ဆုံးပြောခြင်းပဲလေ။ ဘိုးဘိုးတို့အိမ်မှာ သုံးရက်လောက်နေခဲ့ပါတယ်တဲ့။ အဘိုးက မမြခင်နှယ်၊ အပျိုကြီးဖြစ်ပါလျက်နဲ့ ဘယ်နှယ် မြေးတစ်ယောက် ကောက်ရခဲ့သလဲလို့ နောက်ပြောင်ပြီး မေးသေးတာတဲ့။ အဘွားဒေါ်မြခင်ကလည်း တော်သလို ပြောခဲ့ပါတယ်တဲ့။ ဘိုးဘိုးဟာ သော်သော့်ကို သုံးရက်အတွင်းမှာ သံယောဇဉ် တော်တော်တွယ်ပြီး လက်ပေါ်ကမချ ဖြစ်သွားတော့တယ်တဲ့။ အဲသည်လို အချိန်ကောင်းမှာ ဘွားဘွားဒေါ်မြခင်က သော်သော့်ကိုခေါ်ပြီး ပြန်ခဲ့ပါသတဲ့။ နောက်အခေါက်တွေမှာတော့ သော်သော်ဟာ ဖတာဆိုးကလေးတစ်ယောက်ဆိုတာကို အရိပ်အမြွက်ပြောခဲ့ပါတယ်တဲ့။ သော်သော်လည်း ပါသွားတယ်လေ။ သော်သော့်ကို ပေါင်ပေါ်မှာထားပြီး ထိုင်ရင်းနဲ့ စကားပြောနေကြတာဆိုတော့ ဘိုးဘိုးက သူတို့ သော်သော့်ကိုမွေးစားချင်ပါတယ်လို့ ပြောလာပါတယ်တဲ့။

နောက်တော့ အဘွားဒေါ်မြခင်က မအောင့်နိုင်တော့ဘဲ သော်သော်ဟာ ဘိုးဘိုးရဲ့မြေးအရင်းပဲဆိုတာကို ပြောချလိုက်ပါရောတဲ့။ ဘိုးဘိုးဟာ သော်သော့်ကို သေသေချာချာစိုက်ကြည့်ပြီး ငိုပါတယ်တဲ့။ ပြီးတော့မှ လုလုခင်နဲ့တူတယ်လို့တော့ ထင်သား။ သွား လုပုခင်ကို ခေါ်ချေလို့ ပြောပြီး သော်သော့်ကို ကျစ်ကျစ်ပါအောင် ဖက်ထားရှာသတဲ့။

သော်သော်လေ အဲသည်လို ဘိုးဘိုးက စိတ်ပြေသွားပြီး အမေ့ကို ပြန်ခေါ်တဲ့အချိန်ကစပြီး လိုချင်တာ အကုန်ရခဲ့ပါတယ် အဖေ။ အဖေ့ကို [illegible] မလိုချင်ပါဘူး။ [illegible]



ရှိနိုင်တယ်လို့ သော်သော်သိတာလည်း နောက်ကျနေတာတစ်ကြောင်း၊ သိလာတော့လည်း စိတ်နာဖွယ်အကြောင်းနဲ့ ဆက်စပ်ပြီးမှ သိလာတာတစ်ကြောင်းဖြစ်လို့ အဖေ့ကို သော်သော် မလိုချင်ခဲ့ပါဘူး။ အမေကလည်း သော်သော် တက္ကသိုလ်ရောက်ခါစက အဖေလိုက်ရှာတယ်ဆိုလို့ ဘူးသီးသီးမှ အရိုးမတော်နဲ့။ တော့သမီးကို ဆက်ပြီးလိုက်ရှာနေဦးမယ်ဆိုရင် ကျုပ်က ကလေးစာမတတ်ချင်နေပါစေ။ ကျောင်းထုတ်ပစ်လိုက်မှာလို့ ကြိမ်းထားတယ်ဆိုတာကိုလည်း သော်သော်သိတာ အတော်နောက်ကျပါတယ်။

အဖေကသာ နောက်အိမ်ထောင်နဲ့ သားသမီးပွားစီးပြီး ကလေးတစ်ယောက်မက ရခဲ့ပေမယ့် အလုံကြိုက်တဲ့အမေဟာ လုလည်းလှနေသေးပါလျက် နောက်အိမ်ထောင်မပြုခဲ့ပါဘူး။ သော်သော် ဘွဲ့လွန်သွားတက်ဖို့ နိုင်ငံခြားကို သွားရခါနီးမှာ အမေဆုံးပါတယ်။ အဖေအဖေကတော့ သိမှာမဟုတ်ပါဘူး။ အမေတစ်ယောက်တည်းနဲ့ ကြီးရတဲ့သော်သော်ဟာ ဘိုးဘိုးတို့ ဘယ်လောက်ပဲကောင်းကောင်း အမေ့ကို သိပ်တွယ်တာထားတာဆိုတော့ ရပ်တည်မှုနိုရာ မရနိုင်လောက်အောင် စိတ်ဆင်းရဲခဲ့ရပါတယ်။

သော်သော်ဟာ နာမည်ကြီးပါရဂူကြီး ဖြစ်လာတဲ့အချိန်မှာ အဖေတစ်ယောက် ကလေးတွေတစ်လှေကြီးနဲ့ ဒုဆင်းရဲကြီး ဆင်းရဲနေပြီဆိုတာကို သိလာရတယ်။ အဘွားဒေါ်မြခင်ကပဲ ပြောတာပါပဲ။ အဖေ သော်သော်ဟာ အဖေ့ကို မချစ်ခဲ့ပါဘူး။ သို့ပေမယ့် ရေကိုသား၍ အကြားမထင်ဘူးပေါ့လေ။ အဖေ့သားသမီးများကို သော်သော် ကောက်ယူမွေးစားခဲ့တယ်။ စာသင်ပေးခဲ့တယ်။ သို့သော် စည်းကမ်းကြီးကြီးထားခဲ့ပါတယ်။

အဖေ့ကိုလည်း သော်သော်တတ်နိုင်တဲ့ ဆေးဝါးကုသခြင်းနဲ့ ပက်သက်လို့ လိုလေသေးမရှိ တာဝန်ယူခဲ့တာပါပဲ။ သို့ပေမယ့်

www.burmeseclassic.com



သော်သော်ဟာ အဖေ့ကိုဆက်ဆံတဲ့နေရာမှာ မောက်မာသလို ဖြစ်နေခဲ့ပါတယ်။ သော်သော်က မယုယတတ်ဘူးလေ။ အမေ့အနားက သော်သော့်ကို ကူးစက်လိုက်တာ။ သော်သော်ဖြင့် အိမ်ထောင်လည်း မပြုနိုင်။ ချစ်လည်း မချစ်တတ်။ ယုလည်းမယုယတတ်တော့ဘူး အဖေ။ သော်သော်ဟာ အဖေနဲ့အမေတို့ကြားမှာ ပိုက်ထွေးယုယခြင်းကို ခံယူပြီး ကြီးပြင်းလာရသူမဟုတ်တော့ လုပ်စရာရှိတာကို လိုလေသေးမရှိ လုပ်ပေးနေပေမယ့် စကားနဲ့ရော အမူအရာနဲ့ရော ယုယရမှာ မတတ်တော့ပါဘူး။ ခွင့်လွှတ်ပါအဖေ။ သော်သော်ကန်တော့ပါတယ်။ သော်သော့်ကို တလွဲတော့ မထင်ပါနဲ့။ အဖေပဲ စိတ်ဆင်းရဲမှာစိုးလို့ သော်သော်က သတိပေးရတာပါ။ အဖေ့သားသမီးများကို ပွဲမထုတ်နိုင်ပေမယ့် သော်သော် တစ်သက်လုံး စောင့်ရှောက်သွားမှာပါ။ သော်သော့်ဘဝမှာ အဖေ့သမီးအဖြစ် အဖေကိုပြုပြီး ဒါသော်သော့်အဖေလေလို့ ပြောရတဲ့ အချိန် နည်းပါတယ်။ အဲဒါကြောင့် အမေ့ကို တစ်ဦးတည်းသောသမီး အထူးကုဆရာဝန်ကြီး ဒေါ်သော်တာခင်ရဲ့အဖေအဖြစ်နဲ့သာ သော်သော် အပိုင်းစီးလိုက်ပါရစေတော့ အဖေ။ သူတို့ အဖေ့ကို လာယူနေကြပြီနော်။ နောက်နောင်ဘဝများမှာ အဲသည်လိုအဖြစ်ဆိုးနဲ့ သမီးလည်းမတိုးချင်ဘူး။ အဖေလည်း အဲသည်လိုအဖြစ်ဆိုးအောင် မလုပ်တဲ့သူဖြစ်ပါစေ။

## ၃၅။ တစ်ဖက်စောင်းနင်း

ကျွန်မဟာ အသုဘတစ်ခုကို ရောက်နေခဲ့ပါတယ်။ ကွယ်လွန်သူရဲ့ ဂုဏ်ပုဒ်များကို ဈေးတော်စဉ်းစားပြီး အသုဘရှုနေခဲ့ပါတယ်။ အဲသည်အချိန်မှာ ကျွန်မဘေးက အမျိုးသမီးကြီးတစ်ယောက်က ပြော်အမျိုးမြတ်တယ်ဆိုတာလည်း သေတော့ ပျောက်ပျက်သွားတာပါပဲလို့ သံဝေဂသံနဲ့ ပြောပါတယ်။ ကျွန်မတို့လို စာရေးတဲ့သူများအတွက်တော့ အဲသည်စကားကလေးတစ်ခွန်းဟာ ကုန်ကြမ်းဖြစ်သွားတော့တာပါပဲ။ သံဝေဂသံနဲ့ စကားပြောတဲ့အမျိုးသမီးကြီးကို အချိန်အတော်ကြာကတည်းက သိလာခဲ့တာဆိုတော့ သူဟာ သံဝေဂရလို့ အဲသည်စကားကို ပြောတာမဟုတ်ဘူးဆိုတာကို သိလိုက်ပါတယ်။ ဘာဖြစ်လို့ ပြောတာလဲဆိုတော့ ငါမသေသေးဘူး။ ငါဟာ အမျိုးအားဖြင့် မြင့်မြတ်တယ်ဆိုတဲ့အချက်ကို ငါသေမှ လက်လွှတ်ရမှာဆိုတဲ့ အတွေးမျိုးနဲ့ ဈေးမိပြီး ပြောတာလို့ ကျွန်မက အတပ်သိလိုက်ပါတယ်။

လူတွေကတော်တော်ခက်ပါတယ်။ အမျိုးမြတ်တယ်ဆိုတာဟာ အကျိုးပေးကောင်းလို့ သတ်မှတ်ခြင်းခံရတာ ဖြစ်ပါတယ်။ ရိုသေထိုက်သူ လေးစားထိုက်သူများကို မလေးမစားလုပ်တယ်။ မရိုမသေလုပ်တယ်ဆိုရင်ဖြင့် ပေးထားတဲ့ အကျိုးပေးကောင်းခြင်းဟာ ပျက်ပြယ်သွားနိုင်ပါသေးတယ်။ တကယ်တမ်း မြင့်မြတ်တယ်၊ လေးစားစရာကောင်းတယ်လို့ ဆိုနိုင်တာကတော့ ကိုယ်ကျင့်တရားပေါ်မှာသာ တည်ပါလိမ့်မယ်။

အဲသည်အမျိုးသမီးကြီးဟာ အမျိုးမြတ်တယ်ဆိုတာ-ချ[illegible] ကြားတာနဲ့ သိအောင် အမည်ပေးထားခြင်းခံရသူ ဖြစ်ပါတယ်။ [illegible]

www.burmeseclassic.com



တော့။ ကျွန်မတို့ကတော့ သူ့ကို မမမြတ်လို့ပဲ နာမည်လွှဲပြီး ခေါ်ကြတာပေါ့။ မမမြတ်ဟာ အမျိုးမြတ်တယ်ဆိုတဲ့ သတ်မှတ်ချက်ကို တကယ်တမ်းအနှစ်သာရရှိအောင် လုပ်ရမယ့်အစား သူများကို တယ်ပြီး ပုတ်ခတ်တတ်ပါတယ်။ ဘယ်သူဟာ သူဟာ ငါတို့နဲ့ တန်းတူမဟုတ်ဘူး။ ဘယ်လိုမှ အဲသည်လူမျိုးဟာ ငါတို့နဲ့မယှဉ်နိုင်ပါဘူးလို့ ပြောတတ်ပါတယ်။ သူတို့မျိုးရိုးဟာ တစ်ချိန်တစ်ခါတုန်းက ကျွန်များကိုပိုင်ခဲ့ကြသူများ ဖြစ်ပါတယ်။ အိမ်ကျွန်ပေါ့လေ။ သူတို့စကားနဲ့ပြောရရင် ငယ်မွေးခြံပေါက်တွေပေါ့။ ၂၀ ရာစုအတွင်းမှာတောင် ကျွန်ပိုင်သေးတယ်ဆိုတော့ မမမြတ်တို့က သိပ်ဂုဏ်ယူတာပါပဲ။ နောက်တော့ ခေတ်တွေ လျင်လျင်မြန်မြန်ပြောင်းပြီး စီးပွားရေးတွေကျသွားလည်း သူတို့ကတော့ သူများနဲ့မတူဘူးလို့ ထင်နေတုန်းပါပဲ။ အဲသည်အချိန်မှာ မမမြတ်ရဲ့မောင်က မိန်းကလေးတစ်ယောက်ကို ကောက်ယူလိုက်ပါတယ်။ မမမြတ်ကဆိုရင် ဆွေ့ဆွေ့ခုန်နေအောင် စိတ်ဆိုးတာပါပဲ။

အဲသည်မိန်းကလေးက သူတို့ကျွန်လောက်ပဲ အဆင့်ရှိတယ်ဆိုပြီး မကွဲကွဲအောင် ခွဲမဟဲ့လို့ ကြိမ်းဝါးနေခဲ့ပါတယ်။ မမမြတ်စိတ်တိုင်းကျ ဖြစ်လာတာကတော့ ရေပေါ်ဆီနေလာတဲ့ မောင်ဖြစ်သူက သူ့အဖွားအစနဲ့သူ မနေနိုင်တော့ သားနဲ့မယားကိုပါ အပါခေါ်ပြီး မိဘအိမ်ပေါ် ပြန်တက်လာတာပါပဲ။ မမမြတ်ရဲ့ လုပ်ထုံးလုပ်နည်းအမျိုးမျိုးကြောင့် မောင်ဖြစ်သူရဲ့မိန်းမ အိမ်ပေါ်ကဆင်းသွားပြီးတဲ့နောက်မှာ တူကလေးဖြစ်သူကို မမမြတ်က ကောင်းကောင်း ကျွေးမွေးပြုစုပြီး အမျိုးမြတ်သူများရဲ့ အနေအထိုင်အစားအသောက် အသွားအလာ အပြောအဆိုတွေကို သင်ပေးတော့တာပါပဲ။ သူ့မောင်ကတော့ ခပ်လေလေနေတုန်းပါပဲ။

ကလေးကလေးကိုလည်း 'မိုး' လို့သာ မှတ်ထားကြပါစို့။ မိုးလောက်မြင့်တဲ့အမည်ကိုသာ ပေးထားတာကိုး။ အဲသည် ကလေးကလေးဟာ ရုပ်ရည်အားဖြင့် ချစ်စရာကောင်းပါတယ်။ အဝတ်အစား



လည်း အဆင့်မြင့်ပါတယ်။ သို့ပေမယ့် မျက်နှာကလေးက အမြဲလိုလို ရှုမ်းနယ်နေပါတယ်။ စကားတစ်ခုံတစ်ရာကို ပြောတော့မယ်ဆိုရင် ဒေါ်ဘိကို လှည့်ကြည့်ပြီးမှ ပြောတတ်ပါတယ်။ ကျောင်းမှာလည်း ဉာဏ်ရည်ကောင်းတဲ့သူကလေးဖြစ်သလို နာမည်ကြီးမျိုးရိုးက ဆင်းသက်လာသူဖြစ်တာကြောင့် ဂရုစိုက်တဲ့သူများပါတယ်။ ကလေးက သဘာဝကျကျ ကြီးပြင်းရတာမဟုတ်ဘဲ အထိန်းသိမ်း အကွပ်ညှပ်လွန်လွန်းခံရတော့ ကိုင်းကိုဖြတ်ပြီး ပုံသွင်းခံရတဲ့ ဘွန်ဆိုင်းပင်များလို ပုံတော့ဝင်မှာပါပဲ။ ကြီးထွားရှင်သန်ခြင်းတော့ မရှိတော့ပါဘူး။

အဲသည်လိုနေလာရင်းနဲ့ မိုးကလေးဟာ သူငယ်ချင်းများကို သူ့စိတ်ကြိုက် ပေါင်းသင်းလာပါတယ်။ အိမ်က ပေါင်းရမယ်လို့ ပြောတဲ့သူကို မိုးနဲ့မှမခင်ဘဲ။ သူက မိုးကိုအနိုင်ကျင့်တာ မိုးမခံနိုင်ပါဘူးလို့ ခါးခါးသီးသီး ပြောလာပါတယ်။ မမမြတ်တစ်ယောက်ဟာ ဟဲ့ လူမှာအမျိုး ကြက်မှာအရိုးတဲ့ဟဲ့။ အမေဖြစ်သူက အမျိုးညံ့တာဟာ ငါတို့ ဘယ်လိုပဲကြိုးစားကြိုးစား မပြောင်းဘူးဟဲ့။ သူနဲ့မျိုးတူ ရိုးတူတွေကိုပဲ ပေါင်းချင်မှာပေါ့ဆိုတဲ့စကားနဲ့ မိုးကို နှိပ်ကွပ်တော့တာပါပဲ။ ဇာတ်လမ်းရုပ်ရှင်များထဲက အတိုင်းပါပဲ။ မိုးကလေး ထွက်ပြေးပါတယ်။ သူ့အမေနဲ့ အဆက်အသွယ်ရပါတယ်။ အမေဖြစ်သူက အနေအစား အဆင့်မြင့်မြင့်တော့ မထားနိုင်ပါဘူး။ သို့ပေမယ့် သူ့ပညာကလေးနဲ့သူ လုပ်ကိုင်စားသောက်တဲ့ သူနာပြုဆရာမကလေးတစ်ယောက်ဟာ ကလေးကို ကောင်းစွာမွေးမြူနိုင်ခဲ့ပါတယ်။ မမမြတ်တို့ဘက်ကလည်း ပစ်ထားလိုက်စမ်းမယ်။ ဘာဖြစ်မလဲဆိုတာမျိုးပြောပြီး ပစ်ထားကြည့်လိုက်တာ မိုးဟာ နာမည်ကြီးတဲ့ တက္ကသိုလ် ဆရာကြီးတစ်ယောက် ဖြစ်သွားပါတယ်။ မမမြတ်ကတော့ စောင့်ကြည့်ရသေးတာပေါ့ဆိုပြီး ဘာကိုစောင့်ကြည့်မှန်းမသိ ကြည့်နေတုန်းမှာ သူ့မောင်ဖြစ်သူက သားမယားဆီကို ပြန်သွားကြည့်ပါတယ်။ မရတော့ပါဘူး။ တစ်ချိန်လုံး

www.burmeseclassic.com



ကိုယ့်မိခင်ကို အမျိုးယုတ်တယ်၊ အမျိုးညံ့တယ်လို့ အပြောခံခဲ့ရတဲ့ အဖြစ်ကို နာကြည်းနေတဲ့ မိုးက အဖေဖြစ်သူကို ပြန်ပြီးလက်မခံတော့ပါဘူး။ အမျိုးသိပ်မြင့်တဲ့သူများနဲ့ ဆက်ဆံရမှာ ရှက်တယ်လို့ ပြောလိုက်ပါတယ်တဲ့။

မမြတ်ကတော့ အမယ် မိုးက အဲသည်လိုမဟုတ်ဘူး။ သူ့အမေဟိုအမျိုးယုတ်တဲ့မိန်းမက သင်ပေးတဲ့စကားတွေ ဖြစ်မှာလို့ ပြောနေတုန်းပါပဲ။

တကယ်တော့ လူပျိုကလေး အပျိုကလေးများဟာ အချစ်ရေး အိမ်ထောင်ရေးနဲ့ပတ်သက်ရင် ကိုယ်ချင်း ကိုယ်ချင်းပေါင်းရတာပဲ၊ မိဘဆွေမျိုးတွေကို ထည့်တွက်စရာမလိုဘူးလို့ ထင်တတ်ကြပါတယ်။ တကယ်တော့ ဘယ်မှာ အဲသည်လို ဟုတ်ရမလဲ။ သူ့ကိုပေါင်းရင် သူ့မိဘ သူ့ဆွေမျိုး သူ့အပေါင်းအသင်းများနဲ့ပါ ပေါင်းရတာပါပဲ။ တကယ်လို့ ကိုယ်ခန္ဓာအရ ရောဂါကြီးကြီးမားမားရှိနေတဲ့ မိဘဆွေမျိုး အသိုက်အဝန်းထဲကို ရောက်သွားရင်လည်း ရောဂါကူးစက်တတ်ပါတယ်။ မကူးစက်အောင်လည်း အတော်ကြိုးစားယူရမှာပါပဲ။ ဘဝင်လေဟပ်ပြီး ခေတ်ကာလအပြောင်းအလဲကိုရော သာသနာရေးအဆုံးအမများကိုရော မလေ့လာနိုင် နားလည်ကျင့်သုံးခြင်းမပြုနိုင်ဘဲ အမျိုးမြတ်တယ်ဆိုတဲ့ တံခွန်ကို ကိုယ့်ဘာသာကိုယ်ထူနေတတ်တဲ့ အသိုင်းအဝိုင်းထဲကို ရောက်သွားရင်တော့ သေရျာပါပြီ။ မိုးနဲ့ မိုးအမေလို တစ်ဖက်စောင်းနင်း နာကြည်းတဲ့အထိ ဖြစ်သွားမှာပါပဲ။

[illegible]

[illegible]

[illegible]